

လမင်းပိုပို
အရိပ်မောင်း





# လမင်းမိုမို

## အရိပ်ဟောင်း

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ





## ၁

အိတ်လေးစလွယ်သိုင်းက ဘတ်စ်ကားပေါ်က တိုးဆင်းလာသော တံခွန်သည် လက်ကနာရီလေးကို တစ်ချက်ကြည့်ကာ ပလက်ဖောင်းတစ်လျှောက် ခပ်သွက်သွက် သုတ်ခြေတင်သည်။ ဒီဘတ်စ်ကားဂိတ်ကနေ မမတာ အိမ်ရောက်အောင် ဆယ်မိနစ်လောက် လျှောက်ရဦးမှာ။ မမတာ အိမ်က လမ်းမတန်း ဘတ်စ်ကားပြေးတဲ့နေရာမှာမှ မဟုတ်တာ။ ဘတ်စ်ကား မပြေးတဲ့ရပ်ကွက်အတွင်းဘက် လမ်းတွေမှာမို့ ပြေးနိုင်မှ ဆယ်မိနစ်နဲ့ ရောက်မည်။

နတောင် နောက်ကျချင်နေပြီ။ ချိန်းထားတဲ့အချိန် နောက်ကျလို့ကတော့ မမတာရဲ့ ဆူပူကြိမ်းမောင်း ထုရိုက်ရန်လုပ်မှုကို ခံရပြီသာမှတ်။ မမတာတ လက်သံလည်းပြောင် နှုတ်သံလည်းပြောင်။ မမတာကို ရှင်းရှင်းဝန်ခံရလျှင် တံခွန်ကကြောက်ပါသည်။ ချစ်ကြောက်ရိုသေပေါ့။

ပလက်ဖောင်းပေါ်မှာ ကိုယ့်ကိစ္စနဲ့ကိုယ် အလျင်လိုနေကြတဲ့ လူတွေသည် ဘယ်သူကမှ ဘယ်သူ့ကို ဦးစားပေးအလျှော့ပေးကာ ရှောင်မပေးချင်ပါ။ ကိုယ်လည်းလောလော သူလည်းလောလောတွေချည်းသာ။

"ဟေ့ကောင် ... တံခွန်"

တံခွန်သည် တံတောင်ဆစ်တစ်ဖက် ဆွဲထားခံလိုက်ရ၍ ခြေလှမ်းတုံ့သွားရပြီး ငဲ့ကြည့်လိုက်ပါသည်။ ဖြိုးအောင်။ လေကြောရှည်။ တံခွန်က မျက်နှာအနည်းငယ် ရှုံ့သွားရပါသည်။ နောက်ကျနေပါတယ်ဆိုမှ။

"ဟေ့ကောင် ... တံခွန်၊ ဘယ်လဲ"

"ဒီနား"

"ဘယ်လာတာလဲ ... အလုပ်လား"

"မဟုတ်ပါဘူးကွာ၊ ကိစ္စတစ်ခုရှိလို့ပါ"

"ဟေ့ကောင် ... မင်း အခု ဘယ်လိုလဲ"

"ဘယ်လိုရမလဲကွ၊ ဘာကိုလဲ၊ ဒီလိုပဲပေါ့"

"မင်းကလည်းကွာ ငါတွေ့တာ ကြွေးရှင်တွေ့တဲ့ရုပ်နဲ့ ဖြစ်နေလိုက်တာ၊ ဘာဖြစ်နေတာလဲ ဟေ့ကောင်"

"ဘာမှမဖြစ်ပါဘူးကွာ၊ ငါအရေးကြီးတဲ့ကိစ္စလေး ချိန်းထားတာရှိလို့ စိတ်လောနေလို့ပါ၊ အချိန်မရတော့လို့ကွ"

"ဘာလဲ ... မင်း အလုပ်ရပြီလား၊ ဘယ်မှာအလုပ်ဝင်နေလဲ"





"အလုပ်ရပြီလား" ဆိုတဲ့စကားဟာ တံခွန့်ဘဝအတွက် ရန်စကားပင်။ အဲဒီမရနိုင်လွန်းတဲ့ အလုပ်ကို စိတ်ပေါက်နေတာကြာပြီ။ အဲသလို အလုပ်မရ အလုပ်မရှိလို့ပဲ မမတာရဲ့ နိုင်ထက်စီးနင်း နှိမ်ပြောနေတာတွေကို ငုံ့ခံနေရတာလေ။

"အလုပ်မရသေးပါဘူးကွာ၊ ရှာတုန်းပါ"

"ဟာ ... ဟုတ်လား။ ငါက မင်း အလုပ်တစ်နေရာရာ ဝင်နေပြီတောင် ထင်နေတာ တံခွန်ရ၊ နေဦး ... ငါတို့ သူဌေးမှာ အလုပ်ခေါ်စရာတွေ ရှိသေးတယ်၊ ဒီတစ်ခါခေါ်ရင် ငါ မင်းကို အကြောင်းကြားမယ်ကွာ"

"အေးပါ"

ခရီးကြုံလမ်းကြုံ အကူညီစကားမို့ တံခွန်က အလေးအနက်ကြီးတော့ မထားမိတော့ပါ။ ပြောတဲ့သူကလည်း အလွယ်ပေါ့ပေါ့ ပြောလိုက်တာဖြစ်နိုင်၍ တံခွန်ကလည်း အလွယ်ပေါ့ပေါ့သာ ခေါင်းညိတ်လိုက်ပါသည်။

"ငါတို့သူဌေးက သဘောလည်းကောင်းတယ်ကွ"

"အေးပါကွာ"

စကားမပြတ်နိုင်တဲ့ ဖြိုးအောင်ရဲ့ပခုံးကို တစ်ချက်ရိုက်ရင်း ...

"ကဲ ... ဟေ့ကောင်၊ ငါ သွားလိုက်ဦးမယ်"

"မင်းကလည်း လောလိုက်တာ၊ သွား ... သွား၊ ဩော် ... ဟေ့ကောင် ... ဒါနဲ့ ..."

"ဘာလဲ"

ဖြိုးအောင်က စပ်ဖြဲဖြဲလေးနှင့် ...

"မင်းရော မင်းအန်တီကြီးနဲ့ပဲလား ... ဟဲ ဟဲ"

"ဘာမင်းအန်တီကြီးလဲ၊ မင်းတော့ နာတော့မယ်နော်"

"တကယ် ခုထိမြဲတုန်းလား၊ အံ့ဩပါရဲ့ တံခွန်ရာ ... မင်းတော့"

ဖြိုးအောင်က ခေါင်းတယမ်းယမ်း။ အဲလိုအခါတွေတိုင်း တံခွန့်မှာ စိတ်ဆိုးရခက် စိတ်မဆိုးရခက် ဖြစ်မြဲမို့ ခုလည်း အီလည်လည်ခံစားချက်နှင့် ဘာမှပြန်မပြောနိုင်။

"တကယ်ပါပဲ ... မင်းကတော့ စံပဲ၊ အခေါ်လောက်လည်း ရှိသေး၊ အပေါက်ကလည်းဆိုးသေး၊ မင်းကိုနိုင်ထားလိုက်တာကလည်း ပြုံးကပ်နေအောင်ကို"

"ဟော့ကောင် ... ဖြိုးအောင် အဲဒါ ငါ့ကိစ္စ၊ မင်းနဲ့မဆိုင်ဘူး၊ အဲဒီအပေါက်ဆိုးတာလေးကိုပဲ ချစ်တာ၊ ရှင်းတယ်နော်"

"မယုံပါဘူး ... ကြောက်တာပဲ ဖြစ်မှာ"

"တော်ပြီ ဟော့ကောင် ... သွားမယ်"

တံခွန်က ဆက်ရပ်နားမထောင်နေတော့ဘဲ ခပ်မြန်မြန်လှည့်ထွက်ခဲ့ပါသည်။ ကြောက်တယ်ဆိုတာလည်း တကယ်တော့ အမှန်ပဲဟာ။ ခုဆိုရင် ရင်ထဲမှာ အဲဒီအကြောက်စိတ်ငကာ





ရင်ခုန်သံတွေတောင် တဒုန်းဒုန်း မြည်လာပြီ။ မမတာဆီ အရောက်နောက်ကျတော့မည်လေ။

တံခွန်က ပလက်ဖောင်းထိပ်ကနေ လမ်းမကြီးကို အပြေးဖြတ်ကူးလိုက်ပါသည်။ လမ်းလေးခွဆုံမှာ သူကူးလို[illegible]တဲ့နေရာက ကားတွေက မီးနီမိ ရပ်တန့်နေပေမယ့် တစ်ဖက်ယာဉ်ကြောမှ ကွေ့ချလာတဲ့ကားတွေဆီ သတိမမူမိလိုက်ဘဲရှိရာ ကွေ့ချလာတဲ့ ဆဲဗင်ကားတစ်စီးဆီ သူကပဲ အပြေးဝင်တိုးလိုက်သလို တည့်တည့်ကြီး ထိတိုက်လိုက်မိပါတော့သည်။

"ဟာ ... ဟာ ... တိုက်ပြီ"

ဆေးပတ်ဝန်းကျင်က အသံတွေပေါ်လာသည်။ ဆဲဗ်လည်း တုံ့ရပ်ကာ သူလည်း လမ်းမပေါ်ခွေလဲကျသွားရပါတော့သည်။

"ဘာဖြစ်သွားလဲ ... ဘာဖြစ်သွားသေးလဲ"

ဆေးက အတူကားလမ်းကူးသူတချို့က သူ့ကိုမေးမဆွဲထူကြသည်။ ဆဲဗ်ကားကလည်း တုံ့ရပ်သွားရာမှ ရှေ့တိုးပြီး ရပ်လို့ရတဲ့နေရာဆီ ကမန်းကတန်း ထိုးကပ်ရပ်လိုက်ကာ ကားပေါ်မှလူတစ်ယောက်က သူရှိရာအနား ပြေးဆင်းလာပါသည်။

"ဘာဖြစ်သွားသေးလဲ ငါ့ညီ"

တံခွန်က သူ့နား ဒူးထောက်ကာ မေးလိုက်တဲ့ ချောမောတဲ့ လူရည်သန့်ကို မော့ကြည့်လိုက်ကာ ...

"ရပါတယ် အစ်ကို၊ နည်းနည်းပဲ နာသွားတာ"

"ထ,ကြည့်ပါဦး"

"ထ,နိုင်ရဲ့လား"

"ခြေထောက် ထောက်ကြည့်ပါဦး၊ ထောက်နိုင်ရဲ့လား"

ဘေးကလူတွေက တစ်ယောက်တစ်ပေါက်ပြောကြ ဝိုင်းထူကြနှင့် တံခွန်က လမ်းမပေါ်ရပ်မိသွားလျှင် ခြေကိုထောက်ကြည့်ပြီး ...

"ရပါတယ်၊ ထောက်နိုင်ပါတယ်"

"ဖြစ်ရဲ့လား၊ ဒီမှာ ခင်ဗျား ဆေးခန်းပို့ပေးလိုက်ပါလား"

"ဟုတ်သားပဲ၊ ဆေးခန်းသွားလိုက်ရအောင် ညီလေး"

"ဘာမှမဖြစ်ဘူး ခင်ဗျ၊ ခြေကျင်းဝတ်နည်းနည်းပဲ နာသွားတာရယ်၊ တင်ပါးနားက ကားဦးနဲ့ထိမိလို့ နည်းနည်းပဲ နာနေတာပဲ ရှိပါတယ်၊ အရမ်းမနာဘူး"

ကိုယ်အတိုက်ခံလိုက်ရတာမို့ ကိုယ့်ကိုယ်ကိုယ်အံ့သြဆုံးပင်။ ကားကလည်း ကွေ့ချလာတာ အရှိန်မပြင်း။ တင်ပါးစွန်းကို ကားဦးဘေးဘက်နှင့် ခပ်သာသာဆောင့်တွန်းလိုက်မိတဲ့သဘောမျိုးပဲရှိကာ တကယ်လည်း သိပ်မနာပါ။ ပြီးတော့ တခြားလမ်းကူးသူတွေ အရှိန်သတ် စောင့်နေတုန်း ကိုယ်တစ်ယောက်ပဲ စိတ်လောလောနှင့် ကမူးရှူးထိုး ကူးဖြတ်လိုက်မိတာမို့ ထိမိတာ။

ကားအပြစ်မဟုတ်ဘဲ ကိုယ့်အပြစ်လို ဖြစ်နေကာ ကိုယ်လည်းပဲ သိပ်မနာတာ အမှန်မို့ပါ။





"မင်း အရမ်းမနာပေမယ့် ဒီလောက်ကားကြီးနဲ့ တိုက်မိတာဟာ အရိုးတို့ အကြောတို့ မမြင်ရတဲ့ အတွင်းဒဏ်ရာရသွားရင် ဘယ်လိုလုပ်မလဲကွ"

"အေးလေ ... ကားတွေက လမ်းပေါ်ကလူတွေကို [redacted]တာ မဟုတ်ဘူး၊ လုပ်လိုက်မှဖြင့် '...'ရမ်းကြီးပဲ"

ခံရတဲ့လူက ဘယ်လိုမှ မနေသော်လည်း ဘေးကဆွမ်းကြီးလောင်းချင်နေကြတဲ့ သူတွေက ခပ်များများ။ ကားပိုင်ရှင်ဟာ မျက်နှာအနည်းငယ်ပျက် ချွေးပြန်လာပြီး နေပူထဲမှာ နီမြန်းလာသည့် သူ့မျက်နှာကို လက်ကိုင်ပဝါထုတ်ကာ သုတ်ရင်းလန့်နေပုံရသည်။

"ကျွန်တော်က အတိုက်ခံရတာပါ၊ တကယ် ဘာမှမဖြစ်လို့ပါ၊ သိပ်တောင် မနာပါဘူးဗျာ၊ ပြီးတော့ အခုဖြစ်တာလဲ ကားအမှား သိပ်မပါပါဘူး၊ ကျွန်တော့်အမှားပါ"

"ဟာ ... မင်းကလည်း၊ လူနဲ့ကားတိုက်တာ လူအမှားရယ်လို့ပဲ"

"ဟုတ်တယ်ဗျ၊ လူအမှားလည်း ရှိနိုင်တာပဲလေ၊ ကျွန်တော်စိတ်လောကြီးကြီးနဲ့ ကားလာနေရက်နဲ့ ဖွတ်ဖြတ်ကူးတာပါ၊ ဒီအစ်ကိုက ကားကို အရှိန်နည်းနည်းလေးပဲ မောင်းလို့တော်သေးတာ"

ရိုးရိုးသားသား ပြောနေတဲ့ တံခွန့်လက်မောင်းတစ်ဖက်ကို "မင်းကင်း"က လှမ်းဆုပ်ကိုင်လိုက်ကာ ...

"ကဲ … ညီလေး၊ လာ လာ … ဒီကိုလာ၊ လမ်းလယ်ကောင်ကြီးဖြစ်နေတယ်၊ လမ်းဘေးကပ်ရအောင် အစ်ကို့ကားနားလိုက်ခဲ့"

တံခွန်သည် ထိုသို့ဆွဲခေါ်တာနောက် ခြေတစ်ဖက်ထော့နဲ့နှင့် ပါသွားလေသည်။ ကြီးတော်နွားကျောင်းသူတစ်စုက ကပ်ပါလာသေးကာ …

"တွေ့လား … ခြေထောက်က ထော့နဲ့ ထော့နဲ့ ဖြစ်နေတာကို"

"ဆေးခန်းသွားမှ ဖြစ်မှာပါ၊ မသွားလို့ ဘယ်ရမလဲ"

"ခဏနေရင် ကြည့်နေ၊ ခြေကျင်းဝတ်ကြီး ရောင်ကိုင်းလာလိမ့်မယ်"

ကြားက မကျေနိုင် မချမ်းနိုင်သူ သုံးလေးယောက်ကို မင်းကင်းက ကားနားရပ်ကာ လှည့်ကြည့်လိုက်ရင်း …

"ခင်ဗျားတို့ ဒီကညီလေးနဲ့ အမျိုးမဟုတ်တဲ့သူတွေ သွားနိုင်ပါပြီ၊ သူ့အမျိုး သူ့အဖော်ပါတာဆိုရင်တော့ ဒီနားနေခဲ့ပါ"

"ဟာ … ကျွန်တော်တို့က ဖြစ်သင့်ဖြစ်ထိုက်တာဖြစ်ဖို့ …"

"ကျွန်တော် ဒီညီလေးကို လုံးဝတာဝန်ယူပါတယ်၊ သူ့စိတ်ချမ်းချမ်းသာသာနဲ့ အားလုံးကောင်းတဲ့အထိ တာဝန်ယူလုပ်ပေးမှာပါ"





"ဒါပေမဲ့တော်ကြာ သူက နားမလည်ပါးမလည်နဲ့ ခင်ဗျားကအသာနှပ်ထားလိုက်ရင် နစ်နာနေမှာစိုးလို့ ကျုပ်တို့က …"

"ဒီမှာဗျာ၊ သူလည်း ကလေးမဟုတ်ပါဘူး၊ အ[illegible]က်နှစ်ဆယ်ကျော်အရွယ်ပါ၊ ပုံစံကလည်း ရန်ကုန်သားပါ၊ ကျုပ်ကလည်း နှပ်မချပါဘူး၊ ကူညီချင်လို့ တောင်းဆိုနေတာပါ၊ သူက ငြင်းနေတာကိုတောင် ကူညီချင်လို့ ထွက်မသွားဘဲ ကားနားခေါ်လာတာပါ"

တံခွန်သည် ကြားထဲကနေ အနေခက် အားနာလာကာ …

"ဟုတ်ပါတယ်၊ ကျွန်တော် တကယ် ဘာမှမဖြစ်လို့ပါ၊ ကျေးဇူးတင်ပါတယ်၊ အစ်ကိုတို့ ကူညီချင်တာကို ကျေးဇူးတင်ပါတယ်၊ ဘာမှမလိုပါဘူးခင်ဗျ၊ ရပါပြီ"

ဘေးကလူတွေဟာ ယောင်ပေ ယောင်ပေ ပွစိပွစိနှင့် မကြည့်တကြည့်ပုံစံတွေနှင့် တဖြည်းဖြည်းချင်း ရှဲခွာသွားကြပါသည်။ ဒီတော့မှ မင်းကင်းက သက်ပြင်းကြီးချကာ ရီးသားတဲ့မျက်ဝန်းများနှင့် ရုပ်သန့်သန့်ကောင်ကလေးကို ပြန်ကြည့်ရင်း …

"ညီလေး … ရရဲ့လား၊ ဘာပဲဖြစ်ဖြစ် ဆေးခန်းသွားလိုက်တာတော့ မမှားပါဘူးကွာ၊ ဓာတ်မှန်လေး ဘာလေးရိုက်ကြည့်ပြီး ဘာမှမဖြစ်ဘူးဆိုတော့လည်း စိတ်ရှင်းသွားရတာပေါ့၊ တစ်ခုခုဆိုလည်း စောစောစီးစီးလေး ဆေးဝါးကုသနိုင်တာပေါ့"

"အစ်ကို ... တကယ်ပါ၊ ကျွန်တော် တကယ်ဘာမှမဖြစ်လို့ပါ၊ အစ်ကို ဂရုစိုက်တာကို ကျေးဇူးတင်ပါတယ်၊ ဆေးခန်းလည်း မသွားတော့ပါဘူး၊ အခုနေရင်းနဲ့တောင် တင်ပါးကအအောင့်တာ ပျောက်တောင်ပျောက်သွားပါပြီ။ ခြေထောက်ကပဲ ခေါက်လဲသွားလို့ နည်းနည်းလေဝင်သလိုဖြစ်နေတယ်"

"အဲဒါလေး ဆရာဝန်ပြလိုက်တာပေါ့"

"မပြတော့ဘူး အစ်ကို၊ ကျွန်တော်လည်း အရေးကြီးကိစ္စရှိလို့ သွားလိုက်တော့မယ်"

မင်းကင်းက တော်တော်ရိုးသားတဲ့ကောင်ကလေးကို သဘောတကျကြည့်မိရင်း ...

"ဒါဖြင့် မင်းကိစ္စဆီ လိုက်ပို့ပေးပါရစေ"

"ဟာ ... ရတယ် အစ်ကို၊ ဒီနားတင်ရောက်ပြီ၊ မပို့ပါနဲ့တော့"

ရော ...။ ဒီကောင်လေး ဘာမှကို လုပ်ပေးလို့မရပါလား။ မင်းကင်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း သူ့ရဲ့အဲရိုးဘောင်းဘီရှည် နောက်ဖက်အိတ်မှ သားရေဝေါ့လက်ပြား ညိုညိုလေး ထုတ်ယူလိုက်ရင်း ငါးထောင်တန်ပိုက်ဆံခြောက်ရွက်ခုနစ်ရွက် ခပ်မြန်မြန် နှိုက်လိုက်ကာ ...

"ဒါဖြင့်လည်း ညီလေး အချိန်မရရင် ရှိပါစေတော့၊ ညနေလောက်တော့ ဆေးခန်းတစ်ချက်လောက် ဝင်ပြလိုက်





ပါလား၊ ကိုယ် ပိုက်ဆံပေးလိုက်ပါရစေ၊ ဘယ်လိုမှသဘောမထားပါနဲ့ကွာ၊ တစ်ခုခုဖြစ်မှာ စိုးရိမ်လို့ပါ၊ ဒ[redacted] ကိုယ့်ကတ်၊ ဖုန်းနံပါတ်ပါတယ်၊ ဆေးခန်းပြလို့ တစ်ခုခုလုပ်စရာလိုတယ်ဆိုရင် ..."

"အစ်ကို"

တဲ့ခွန်က ရှေ့ထုတ်ထားတဲ့ မင်းကင်းရဲ့လက်ကို သူ့လက်နှစ်ဖက်နှင့် အသာလေးတွန်းရင်း ကတ်ပြားလေးကိုတော့ ယူကာ ...

"ကျွန်တော် ပိုက်ဆံမယူပါရစေနဲ့ အစ်ကို၊ တကယ်လည်း ဘာမှမဖြစ်တော့ ဒီငွေယူသွားလည်း ကျွန်တော်က ဆေးခန်းပြဖြစ်မှာ မဟုတ်လို့ပါ"

"မပြဖြစ်လည်း မင်းသဘောပါ ငါ့ညီရာ၊ ဒါပေမဲ့ ... ဒါက ..."

"နေပါစေ ခင်ဗျ၊ မယူတော့ပါဘူး၊ ကျေးဇူးတင်ပါတယ် အစ်ကို"

တဲ့ခွန်က ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြုံးလေးပြောကာ နောက်လှည့်ထွက်သွားရင်း အနီးနားက လမ်းတစ်လမ်းထဲ ဖျတ်ခနဲကွေ့ချိုးဝင်ပြီး မသိမသာ ထော့နဲ့နဲ့နှင့်ပင် ခပ်သုတ်သုတ်ထွက်သွားတဲ့အခါ မင်းကင်းသည် ထိုကောင်လေးကို သဘောကျတဲ့အပြုံးနှင့် စိုက်ကြည့်ရပ်ကျန်ရစ်ရပါတော့သည်။

♦ ♣ ♦

## ၂

"မတ်တတ်ရပ်စမ်း ... လျှောက်ကြည့်စမ်း"

"အာ ... မမတာကလည်း"

"မမတာက မလည်းနဲ့၊ ထ,လျှောက်ဆိုလျှောက်"

တံခွန်က ရှုံ့မဲ့မဲ့နှင့် သက်ပြင်းတစ်ချက်ချကာ ထိုင်နေရာမှ ထရပ်လိုက်ရ၍ မမတာရှေ့မှာ ဟိုဘက်ဒီဘက် လျှောက်ပြလိုက်ရပါသည်။

"ဟော ... ကြည့်စမ်း၊ တွေ့လား ... ခြေတစ်ဖက်က ထော့နေတဲ့ဟာကို"

"မမတာကလည်း ကျွန်တော် ပြောပြီးပြီပဲ၊ ခြေခေါက်လဲလို့ ခြေကျင်းဝတ်ကတော့ နည်းနည်းနာပါတယ်ဆို"

"နည်းနည်းနာရင် ဆေးခန်းဝင်ပြပေါ့၊ ဟိုကပြပေးမယ်ဆိုတဲ့ဟာ ဘာလို့ငြင်းပြီး ထွက်လာရတာလဲ"





"မမတာဆီကိုလည်း နောက်ကျနေတာနဲ့"

"တော်စမ်းပါ၊ မင်းနောက်ကျတာ ဆန်းသလား၊ [redacted]ာက် မကျတာရော ရှိလို့လား၊ အမြဲနောက်ကျနေပြီးတော့များ ခုကျမှ ဆေးခန်းတောင်မပြဘဲ ပြေးလာတယ်၊ နောက်မှ ရောင်လာကိုင်းလာ တစ်ခုခုဖြစ်လာရင် ဘယ်လိုလုပ်မလဲ ဟင် ..."

"အဲဒီတော့လည်း ဆေးကုရုံပေါ့ဗျာ"

"ဟဲ့ ... ဆေးကုတော့ ပိုက်ဆံက လိုပြီလေ၊ ဟိုကပေးနေတာကို ယူခဲ့တာ မဟုတ်ဘူး၊ လိုလိုမယ်မယ် ယူခဲ့ရမှာပေါ့၊ ဆေးခန်းခေါ်တာလည်း လက်မခံ၊ ငွေပေးတာလည်း လက်မခံ၊ ဟိုက ဒီလိုလူမျိုးများများ ကားနဲ့တိုက်ချင်ပါတယ် ဖြစ်နေမှာ"

"မမတာကလည်း ကိုယ်လည်း ဘာမှမဖြစ်ဘဲနဲ့ သူပေးတဲ့ ပိုက်ဆံယူရမှာ ရှက်စရာကြီးဗျာ"

"ဟဲ့"

အတာသည် ခါးထောက်ကာ အော်ပစ်လိုက်ပြီး သုံ့ဘေး ပြန်ဝင်ထိုင်လိုက်တဲ့ တံခွန့်ခေါင်းကို ခေါက်ခနဲခေါက်လိုက်ပါသည်။

"တုံးဦး၊ အ,ဦး၊ ရှက်ဦး၊ နင်က ငွေညှစ်တာမှ မဟုတ်တာ၊ ဟိုကလည်း စေတနာနဲ့ပေးတာ၊ ယူလို့ဘာမှမဖြစ်ဘူး"

"ယူပြီး ဆေးခန်းမပြဖြစ်ခဲ့ရင် ကိုယ့်လိပ်ပြာကိုယ်မလုံဘဲ နေမှာပေါ့"

"အောင်မယ်လေးဟဲ့၊ ကိုယ့်ရင်ဘတ်ကိုယ်ထုပြီး အော်ပစ်လိုက်တော့မယ်၊ နင်က ဘာလဲ၊ ဘုရားဖြစ်မယ့် အုတ်နီခဲလား ... ဟင်"

"မမတာကလည်းဗျာ"

"နင်လေ ... ရိုးသလိုလို အ,သလိုလိုနဲ့ ဟိုအားနာ ဒီအားနာ ရှက်ကြောက်နေတာနဲ့ပဲပြီးနေ သိလား၊ အလုပ်ရယ်လို့ လျှောက်လိုက်လည်း အင်တာဗျူးများ ဖြေလိုက်ပြီလားဆို တုံးတိ၊ ခုနေ ဒီထက်လစာများတဲ့ အလုပ်တစ်ခု သူများကပေးရင် ထွက်မှာလားဆိုတော့ အင်း ... ထွက်မှာတဲ့၊ နင်လိုလူမျိုး ဘယ်သူက ခန့်မှာလဲဟဲ့"

"မမတာကလည်း ... လစာများတဲ့ဆီ မသွားပါဘူး နည်းဘဲ့ဆီပဲနေမယ် ပြောတဲ့သူကိုပဲယုံပြီး အလုပ်ခန့်တဲ့အလုပ်ရှင်က ညံ့တာ၊ ကျွန်တော်က ရိုးသားတာ"

"အေး ... ရိုးသား ... ရိုးသား၊ အဲဒီ နင့်အရိုးနဲ့အသားနဲ့ကို ချက်စားလို့ရရင်လည်း ကောင်းသား၊ လောကကြီးမှာ ထိုင်ရိုးသားနေတာ တစ်မျိုးတည်းနဲ့ အသက်မရှင်နိုင်ဘူး တံခွန်၊ နားလည်လား"





"မမတာကလည်း အဲလိုမပြောပါနဲ့ဗျာ၊ ကျွန်တော်ချစ်တဲ့ မမတာကိုလည်း ကျွန်တော်က ရိုးသားတဲ့သူပဲ ဖြစ်စေချင်တာ"

လျှော်ပြီးတဲ့ အဝတ်ဇလုံကိုင်ကာ အနားကဖြတ်လျှောက်သွားတဲ့ အတာ့ဒေါ်လေးက တံခွန့်ကို နှုတ်ခမ်းမဲ့ပြကာ ...

"မင်းမို့ ပြောတတ်တယ်ကွယ်၊ ဒီလောက် မှုတ်နေတဲ့ လူလည်မကို ရိုးသားစေချင်တယ်ရယ်လို့ပဲ၊ ကြည့်ကျက်စိတ်ကူးယဉ်မှပေါ့"

"ဒေါ်လေး"

"ဟွန်း"

အတာက ဒေါ်လေးကျောပြင်ကို မျက်စောင်းလှမ်းထိုးရင်း ...

"ဒီမှာ တံခွန်၊ မမ အတည်ပြောနေတာနော်၊ မင်း ခုထိအလုပ်လည်းမရှိသေးဘဲနဲ့ ငါ့ကို ဘယ်လိုလက်ထပ်ယူမှာလဲပြော၊ မင်းနေရာတကာ အ,မနေနဲ့၊ ငါ့မှာ အသက်ငယ်တဲ့ကောင်လေးနဲ့လည်း ကြိုက်ထားရသေး၊ ဒီကောင်လေးက အလုပ်လက်မဲ့၊ ငါ့ကို ဒီအပျိုကြီး အလုပ်တောင်မရှိတဲ့ ရှာကောင်ဖမ်းယူရတယ်လို့လည်း အပြောမခံနိုင်သလို နင့်ကိုလည်း အလုပ်မလုပ်ဘဲ အသက်ကြီးကြီးမိန်းမရဲ့ထဘီနားနိုစားတယ်လည်း အပြောမခံနိုင်ဘူး၊ နားလည်ရဲ့လား"

"ကျွန်တော် အလုပ်ရှာနေပါတယ်ဗျာ၊ လုပ်မှာပါ"

"ဘယ်တော့လဲ"

"………"

"ဒီမှာ … ငါ့တစ်ယောက်တည်း ရှာရဖွေရ၊ ယောက်ျား ယူဖို့ စုရဆောင်းရ၊ ရှက်ဖို့တောင်ကောင်းတယ်၊ ရည်းစား လုပ်တဲ့သူက မင်္ဂလာဆောင်ပေးဖို့ နေနေသာသာ အလုပ် တောင်မရှိသေးဘူး၊ သူ့သားအလုပ်မရှိလို့ သူ့အမေက အလိုက်တသိလေးနဲ့ ချွေးမလောင်းကို ကောင်းကောင်းမွန် မွန်လေး ဆက်ဆံပေးမလားရယ်လို့ မရှိဘူး၊ သဘောမတူ ဘူးလေး ဘာလေးနဲ့ လေသံပစ်နေတယ် …

အံ့သြပါရဲ့၊ ဒီလိုအလုပ်လက်မဲ့ သူ့သားအ,ပတုံးကို ဘယ်မိန်းကလေးကယူလို့လဲ၊ ခုခေတ်မိန်းကလေးတွေက ရွေတွက်ငွေတွက် သိပ်တွက်ကြတာ သူမသိတာ ကျနေတာ ပဲ၊ ငါလိုအပျိုကြီးမို့လို့ သူ့သားလိုဟာကို ယူတာ … ဟွန်း"

မမတာ စကားကြောင့် တံခွန့်မှာ ပြုံးရမလို မဲ့ရမလို ဖြစ်ရသလို ဒေါ်လေးလည်း အိမ်ရှေ့ကွက်လပ်ကလေးက ကြိုး တန်းမှာ အဝတ်လှမ်းရင်း တကွိကွိ ကျိတ်ရယ်နေပါသည်။

"မမတာ စကားကလည်းဗျာ"





"ဘာဖြစ်လဲ … ဟုတ်တာ ပြောတာ၊ ငါ အခုအသက်နှစ် ဆယ်ဆိုရင် နင်လိုဟာမျိုးကို ယူမလား စဉ်းစဉ်းစားစား ပြောစမ်း၊ ငါ့အသက် အခု သုံးဆယ်ကျော် … အဲ … သုံးဆယ်မို့လို့ နင့်ကိုယူတာပေါ့"

အတာက ကမန်းကတန်း စကားလုံးကို သတိပြု လိုက်ရပါသည်။ တံခွန့်ကို သူက ဒီတစ်ကြိမ် သုံးဆယ်ပြည့်ထား တာလို့ပဲ ကြေညာထားတာလေ။ တကယ်တမ်းက အင်း … သုံး ဆယ့်သုံးနှစ်ထဲ ရောက်နေပြီဆိုတာ ဝန်ခံနေစရာ မလိုပါဘူး။ ဒေါ်လေးက "နင်တို့ လက်မှတ်ထိုး လက်ထပ်တော့၊ စာချုပ်ထဲ နင့်မွေးသက္ကရာဇ်က မပေါ်ဘဲနေမလား၊ တံခွန်မသိမယ့်ကိစ္စလား၊ ခုကတည်းက အမှန်အတိုင်း ပေးသိထားပါလား" ဆိုပေမယ့် နောင်ကိစ္စ နောက်မှရောက်ရောပဲ။

တံခွန့်အသက်လေးက ခုမှ နှစ်ဆယ့်နှစ်။ တံခွန့် အမေ သဘောမတူဘူးလေး ဘာလေး အော်ဟစ်နေတာလည်း ဒီအကြောင်းကြောင့်ပဲပေါ့။ သူ့သားလေး အရိုးအ,အကို ဒီအပျို ကြီးမက ဖြားယောင်းမြူဆွယ်ထားတာတဲ့လေ။ သူ့သားကဘာမို့ ပြောအားရှိတာလဲ။ ဒီက အပျိုကြီးမမို့သာ သူ့သားလိုဟာကို အနစ်နာခံပြီး မြူဆွယ်ထားရတာပေါ့။

ကိုယ့်အတွေးနှင့်ကိုယ် အတာ့မျက်နှာက ရှုပုပ်မှုန် တေလာပြန်ကာ …

“အလုပ်လည်းမရှိ အကိုင်လည်းမရှိ တုံးသလိုလို အ,သလိုလို အူတိအူငေါ့ကျောင် သားမျိုးကို ငါလိုမိန်းမက ကြိုက်တားတာ နင့်အမေက ကျေးဇူးတွေတင်ပြီးတော့ ငါ့ကို ကလပ်လေး ပေါ်တင်ပြီး ဖူးဖူး ဖူးဖူးနဲ့ မှတ်ထားသင့်တာ”

ဒေါ်လေးက အိမ်ပေါ်ပြန်တက်လာရင်း ...

“အတာရယ် ... ကိုယ့်ရည်းစားကိုယ် ဒီလောက်ချိုးဖဲ့ရ တော်ပြီပေါ့၊ ညည်းကိုယ်ညည်းကျ အမွှန်းတင်တတ်လိုက်တာ”

မျက်နှာငယ်လေးနှင့် ပြောသမျှခံတဲ့ တံခွန့်ကို ဒေါ်လေးက ကရုဏာသက်ကာ ချစ်လည်းချစ်ပေသည်။ သူ့တူမက တကယ့်ကို ဒေါင်းတိမောင်းတိ အကြမ်းပတုံး။ ငယ်ငယ်ကလည်း ရည်းစားတွေ ထားဖူးခဲ့ပါသေးလျက် သူ့ဒဏ်မခံနိုင်လို့ သူ့ကို ဘယ်သူမှ မယူကြတာပေါ့။ ရပ်ကွက်ထဲ ငွေတိုးချေးစားကာ အပေါင်ခံနေတာဆိုတော့ နှုတ်စလျှာစက အထူးပြောနေစရာလို တော့မည်မထင်။

“အခု လုပ်လာတာ ဒေါ်လေး သိလို့လား”

အတာက တံခွန်ကြုံတွေ့ခဲ့တာကို ဒေါ်လေးထံ ဖောက်ကြောင်းလှန်သည်။

“ဟိုက ငါးထောင်တန်တွေ အထပ်လိုက်ပေးတာကိုလည်း ငြင်းလာသတဲ့လေ”





ဆိုတာနှင့် စကားကို အဆုံးသတ်လိုက်လျှင် တံခွန့်က ခေါင်းကုတ်ကာ ...

“ငါးထောင်တန် အထပ်လိုက် မဟုတ်ပါဘူး၊ ပါးပါးလေးပါ၊ အလွန်ဆုံးရှိ သုံးလေးသောင်းပါ”

“ဟဲ့ ... သုံးလေးသောင်းက နည်းလား၊ နင့်အမေက နင့်ကို သုံးလေးသောင်းမျိုးမုန့်ဖိုး တစ်သက်မှာတစ်ခါ ပေးဖူးသလား ... ဟင်၊ မိအတာနဲ့ ကြိုက်တယ်လည်းကြားရော သူ့သားကို မုန့်ဖိုးတောင်ပေးတော့သေးရဲ့လား၊ မုန့်ဖိုးပါ တစ်ခါတည်း ဖြတ်လိုက်တာ၊ အဝတ်အစားလည်း မဆင်တော့ဘူး၊ ဒီကပဲ ကျွေးမွေးမုန့်ဖိုးပေး အဝတ်ဆင်ချည် တော့ဆိုတဲ့သဘော ပစ်ထားလိုက်တာလေ ...

အတာတို့ လည်တယ်ဆိုတာ တံခွန့်အမေ အိမ်သာ တက်နေသလောက်ပဲ ရှိတာပါ ဒေါ်လေးရယ် ... ဟွန်း၊ သူ့အတွက် လုပ်ရိုးလုပ်စဉ် ထမင်းစားရေသောက် အိမ်သာတက်သလောက်ပါနော်၊ အမေက ဒီလောက်လည်ရက်နဲ့ သားက ဒီလောက်အ,နေတာဆိုတော့ စဉ်းစားရတောင် ခက်တယ် ... ဟင်း”

အတာက အနားရှိတဲ့ တံခွန့်ကိုပဲ မျက်စောင်းလှမ်း ထိုးလိုက်ပါသည်။

"သူ့အဖေ အဘော်အ,ပုံပေါ်တယ်၊ အင်းပေါ့လေ၊ အ,လို့လည်း သူ့အမေလို မိန်းမလည်သိန်းကြွယ်ကြီးနဲ့ ညားခဲ့တာပေါ့၊ သူ့တုန်းကတော့ လူရိုးလူအ,လေးကို ကုတ်ယူခဲ့ပြီး သူ့သားအလှည့်ကျမှ ပန်ကာမနဲ့တွေ့သလေး၊ ဖျံမနဲ့တွေ့သလေး ပြောနေတယ်"

တံခွန့်အတွက်တော့ ဒီစကားတွေဟာ ရိုးအီနေပြီပင်။ ကြားရဖန်များ၍ အလွတ်လည်းရနေပြီ။ အမေကို ဒီလိုပြောလေခြင်းရယ်လို့ စိတ်ခုနေလည်း သူနှင့်အဆက်ဖြတ်ရုံပင်။ အမေနှင့်မမတာက မျက်နှာကြောကို မတည့်တာ။ အမေကလည်း အိမ်မှာ မမတာကို ချိုးဖဲ့နှိပ်ကွပ်ပြောဆိုနေကျ ဖြစ်သည်မှာ နားတွေတောင် အရည်ထူနေပြီ။ တံခွန်က ဘာမှမပြောဘဲ ငြိမ်ကုပ်နေပေမယ့် ဒေါ်လေးမှာ ကြားထဲက အားနာလိမ်တွန့် အနေခက်နေပြီ ...

"အတာရယ် ... ညည်းကလည်းအေ၊ တံခွန့်ကို ပြောချင်သလောက်ပြောပေါ့၊ သူ့အမေတော့ ပြောမနေပါနဲ့အေ၊ လူကြီးနဲ့လူငယ်"

"ဘာ လူကြီးနဲ့လူငယ်လဲ ဒေါ်လေးကလည်း၊ ဟိုနေ့က ဒေါ်မြဝင်းကို သူက ပြောလိုက်တာ မကြားဘူးလား၊ သူ့သားက သူ့လောက်နီးနီး မိန်းမကြီးနဲ့ ကြိုက်နေတာတဲ့၊ ဒီက အသက်သုံးဆယ်ကျော်လေးကို သူ့လေးဆယ်ကျော်





အိုရွတ်တွနဲ့ နှိုင်းပြောသေးတယ်၊ သူပြောသလို သူ့လောက်နီးနီး ရွယ်တူတန်းတူလို့ သူ သတ်မှတ်ထားရင် အတာကလည်း သူ့ကို လူကြီးရယ်လို့ ရိုသေမနေနိုင်ဘူး၊ ရွယ်တူလိုပဲ ဆက်ဆံရမှာပဲလေ၊ ကြည့်နေ ... သူ့သားနဲ့ယူပြီးရင် သူ့ကို အမေမခေါ်ဘဲ အစ်မလို့ကို ခေါ်ပစ်ဦးမယ်၊ ဆွေ့ဆွေ့ခုန်နေအောင်လို့"

"ကဲပါ ... တော်ပါတော့၊ တံခွန် ... သား၊ ထမင်းစားမလား၊ စောသေးတာပဲ၊ မစားခဲ့သေးဘူးမို့လား"

ဒေါ်လေးက တံခွန့်ကိုချစ်သည်။

"ဟို ... မ ..."

"ဘယ်စားခဲ့ဦးမလဲ၊ အတာ့ဆီသွားမယ်ဆိုတာသိရင် သူ့အမေလား ထမင်းကျွေးလွှတ်မှာ၊ သူ့မှာ ဒီသားတစ်ယောက်စရိတ်ပျောက်နေတာတောင် ဒီကိုကျွေးရှူးတင်ဖော်မရနိုင်ဘူး"

"မမတာကလည်းဗျာ"

"ဘာ မမတာကလည်းဗျာလဲ"

"အမေက အခု ကျွန်တော့်ကို မမတာနဲ့ သဘောမတူဘူးလို့လည်း တစ်ခွန်းမှ မပြောတော့ပါဘူးဗျ"

"ပြောမလား၊ ငါနဲ့ယူရင် သူ့သားက ကျောကော့ပြီး ငါ့အိမ်ပေါ်တက်လာရုံပဲလေ၊ သူ ထိန်းစရာလည်း မလိုတော့

ဘူး၊ ကျွေးစရာလည်း မလိုတော့ဘူး၊ ပူစရာလည်း မလိုတော့ဘူး၊ ဒီကဆီးပြီး မင်းသားလိုထားကြမှာ သိတာကိုး”

“မမတာက ကျွန်တော့်ကို မင်းသားလိုထားလို့လား၊ ကျွန်တော်က ကြော့ပြီးထိုင်နေတာကျနေတာပဲ၊ ဒီရောက်ရင် ဒေါက်တိုမယ်ရ အားလုံးကျုံးပြီး ...”

“တိတ်”

အတာက ဖြတ်အော်လိုက်၍ မရဲတရဲ ပြောနေတဲ့ တံခွန် ပါးစပ်ပိတ်သွားရပါသည်။ အတာက ခါးကိုတင်းတင်း ထောက်ကာ လက်ညှိုးတထောင်ထောင်နှင့် ...

“အဲဒီဒေါက်တိုမယ်ရတွေ နင့်အိမ်မှာရော နင့်အမေက နင့်ကိုမခိုင်းလို့လား၊ နင်လုပ်နေကျဟာမျိုးတွေပဲလေ တံခွန်ရဲ့၊ အမယ်လေး ... အတုံးအ,အလေးက ဆင်ခြေတောင် ကန်တတ်လာပြီ၊ ကျားသားမိုးကြိုး”

တကယ်တမ်းတော့ မမတာဟာ အပေါက်ဆိုးသလောက် တံခွန့်ကိုတော့ အင်မတန်ကို ချစ်ရှာတာပင်။ အဦးအဖျား အဖူးအညွှန့်လေးတွေကို တံခွန့်ကိုကျွေးရမှ။ ဘာလေး အသစ်ပေါ်လဲ တံခွန့်ကိုဆင်ရမှ။ ဒီလို အရိပ်ကြည့် ဖြည့်ဆည်း မြတ်နိုးလွန်းတာသိလို့ တကယ်ပဲ ဘာမှကို ဝယ်မပေးခြိမ်းမပေး တာဝန်ကို ရေသာခိုနေတဲ့ တံခွန့်အမေက မုန့်ဖိုးတောင်ဆယ်ခါရံ တစ်ခါပေးတော့တာမဟုတ်။





မမတာကသာ သူ့အိတ်နှိုက်ကြည့်ပြီး ပိုက်ဆံမရှိ လျှင်ငြင်းဆန်နေတဲ့ကြားက အမြဲပဲ ပိုက်ဆံငါးထောင်တစ်သောင်း ထည့်ပေးလိုက်တတ်တာ။ ဘယ်လောက်ငြင်းငြင်း သူပဲဖွတ်ပေး ကိုပေးရမှ။ ပေးလည်းပေး ပြောလည်းပြော။ ပြောတာတွေထဲလည်း မဟုတ်တာ မပါတော့ တံခွန့်မှာ အမေ့ထက်ကြောက်ရတဲ့ချစ်သူကြီးစကားကို ကုတ်ကုတ်ရုတ်ရုတ် နာခံရတော့တာပင်။

“ကဲ ... ကဲ ... ဒေါ်လေး ထမင်းရှုးထားပြီ၊ လာကြတော့”

“တံခွန် ... သွားစား”

“မမတာနဲ့မှ အတူတူစားမယ်”

“အမယ်လေး ... အသည်းပိုမနေနဲ့၊ ကျုပ် ဒီမှာစာရင်းတွေ စစ်နေတယ်”

“ကျွန်တော်လည်း ကူစစ်ပေးမယ်၊ ပြီးမှ မမတာနဲ့တူတူပဲ စားမယ်”

အတာက တံခွန့်ကို မျက်စောင်းထိုးရင်း ...

“ဒေါ်လေးရေ ... သူလာရင်ကျွေးဖို့ ဝယ်ထားတဲ့ ငါး သလောက်ပေါင်းဘူးလေး ရေခဲသေတ္တာထဲကဖောက်ပြီး နွှေးထားပေးပါဦး”

“ဟဲ့ ... အတာ၊ ဒီနေ့ ငါးဖယ်ငါးဆုပ်လေ၊ ဟင်းတွေရှိသားနဲ့”

"ရှိလည်း ဖောက်ဖွေးထားလိုက်ပါ ဒေါ်လေးရယ်၊ သူ အဲဒီငါးသလောက်ပေါင်းဘူး စားချင်နေတာ၊ ဟိုတလော က ပစ္စည်းပြတ်နေလို့ဆိုပြီး ဝယ်မရဘူး၊ တစ်နေ့ကမှတွေ့ လို့ ဝယ်လာတာ"

"ကောင်းပါပြီတော်"

"ခြေထောက်ကကော နာနေသေးလား"

"နည်းနည်းပဲ"

"နောက်တစ်ခါလေ နင်လေ ဒီလိုကားနဲ့ ထိမိတိုက်မိတာ တောင် ဆေးခန်းတွေ ဘာတွေ ဝင်ပြမလာဘူး ဆိုတာ ကြားရရင် သေပြီသာမှတ်၊ ငါ့ဆီလည်း မလာနဲ့၊ အဲဒီ ထော့နဲ့ ထော့နဲ့,နဲ့ကို မမြင်ချင်ဘူး"

"အဟင်း ... မမတာကလည်း"

"အတာရေ"

အိမ်ရှေ့ကအသံကြောင့် အတာက ခေါင်းမော့ကြည့် လိုက်ရင်း ...

"မလှရီ ... လာလေ"

"တော်သေးတယ် အတာရေ၊ မနေ့ကပဲ ကိုခင်ကြိုင် ပြန် ရောက်လာတယ်လေ၊ ပိုက်ဆံလေးလည်း ပါလာတာနဲ့၊ ငါ့ကြွေးလေး ချေးလိုက်တော့မယ်"

"ကောင်းတာပေါ့ အစ်မရယ်"





မလှရီက ပိုက်ဆံတစ်ထပ်ကို ရေထွက်ကာ အတာ့ ရှေ့ချလိုက်၍ အတာက တစ်ခေါက်ထပ်ရေ ဘောက်ချာစာအုပ် နှင့်တိုက်ရင်း ...

"အစ်မ ... ဒီလတွက် အတိုးမပါသေးဘူး"

"ဒီလတွက် အတိုးတော့ မယူပါနဲ့တော့ဟယ်၊ တစ်ရက် နှစ်ရက်လေးပဲ စွန်းတာမဟုတ်လားဟယ်"

"အစ်မ ဘောက်ချာလည်း ပါလာသားနဲ့၊ ဒီမှာလေ၊ တစ် ရက် နှစ်ရက် မဟုတ်ဘူး၊ ဒီနေ့ နှစ်ဆယ့်တစ်ရက်၊ တစ် ပတ်တိတိ စွန်းနေပြီ"

"တစ်ပတ်တည်းပဲဟယ်"

"တစ်ပတ်တည်း မလုပ်နဲ့ မလှရီရေ၊ ကျွန်မတို့ ဒီအတိုး လေးတွေပဲ စားနေရတာ၊ တစ်ပတ်တည်း ဆယ်ရက်တည်း နဲ့ အတိုးစွန်းတွေ လျှော့လျှော့ပေးနေရရင် ဘာနဲ့သွားစား ရမလဲ ... ပြော၊ အတိုးစားပါတယ်ဆိုမှ အတိုးလာလျှော့ ခိုင်းနေတဲ့လူက ရှိသေးတယ်"

"ရှေ့လတွေလည်း တစ်နှစ်လောက် အတိုးစားခဲ့ပြီးသားပဲ ဟယ်"

"မဆိုင်ဘူးလေ၊ အစ်မ ယူထားသလောက် လ,အစေ့အတိုး ပေးရမှာပဲ၊ တစ်နှစ်စားထားလို့ တစ်နှစ်ကျော်ရင် အတိုး တွေလျှော့ပေးမယ်လည်း ကတိပေးမထားဘူး"

"အတာရယ်၊ ကိုခင်ကြိုင်က တကယ်တော့ ဒီလရက်မစေ့ ခင်ကတည်းက ပြန်ရောက်ဖို့ပါဟဲ့၊ လွန်ခဲ့တဲ့တစ်ပတ်မ တိုင်ခင်ကတည်းက ပြန်ရောက်ဖို့ ပြန်ရွေးဖို့ စီစဉ်ထားတာ ပါ၊ သူတို့အလုပ်သွားလုပ်တဲ့ဘက်မှာ ရထားလမ်းတွေ ရေကျော်လို့ဆိုပြီး ရထားတွေက မထွက်နိုင်တော့ သူလည်း တစ်ပတ်လောက် အပြန်နောက်ကျပြီး ..."

"မလှရီ"

"........."

"ရထားလမ်း ရေကျော်တာ ကျွန်မလုပ်တာမဟုတ်ဘူး၊ ကျွန်မနဲ့လည်း မဆိုင်ဘူး၊ အစ်မယောက်ျား ဘယ်နေ့က တည်းက ပြန်ဖို့ကြံနေကြံနေ ကျွန်မဆီ လာရွေးတဲ့နေ့ကို ကျွန်မက တွက်ရမှာပဲ အစ်မရယ်၊ မဆိုင်တာတွေ ဘာဖြစ် လို့ ပြောနေမလဲ၊ မဟုတ်ဘူးလား၊ ကဲ ... ရွေးမှာသေချာ ရင် ဒီလအတိုးပါထုတ်၊ မရွေးလည်းပြီးရော၊ ကျွန်မက အပေါ်ထပ်တက်ပြီး ပစ္စည်းယူရမှာလား၊ မယူရဘူးလား"

မလှရီက စူပုပ်ပုပ်နှင့် ...

"တစ်ဝက်တော့ လျှော့အေ"

ပိုက်ဆံခေါက်တစ်ထပ်ထုတ်ကာ ရေနေရင်း အောင့် သက်သက်ပြောလျှင် ...





"မလျှော့ဘူး"

"ညည်းကလည်းအေ ... လွန်လွန်းတယ်၊ တစ်ရက်တလေ စွန်းတောင် မရဘူး"

"တစ်ရက်တလေ မဟုတ်ဘူး၊ တစ်ပတ် ... တစ်ပတ်"

"လွန်လွန်းအားကိုကြီးတယ်"

"လွန်လွန်းအားကြီးရင် နောက်လာမပေါင်နဲ့ပေါ့ မလှရီ ရယ်၊ ကျွန်မလို မလွန်တဲ့ဆီ သွားပေါင်ပေါ့"

အတာက မလှရီ ပစ်ချသော တစ်လတိုးကိုရေတွက် ၍ပြည့်မှ ရွေးတဲ့ပိုက်ဆံနှင့် ပေါင်းထပ်ကိုင်ကာ အပေါ်ထပ်ဆီ ခပ်သွက်သွက် တက်သွားပါသည်။ မလှရီကတော့ အတာ့ကျော ပြင်ဆီ မျက်စောင်းချိတ်ကာ ပါးစပ်က ရေရွတ်မန်းမှုတ်ကျန်ရစ် လေသည်။ ဒေါ်လေးဘက်ကိုလည်းလှည့်ကာ ...

"ရှင့်တူမကတော့ မလွယ်ဘူး အစ်မရေ"

"သူ မလွယ်လို့လဲ ငါ ခုလို မကြောင့်မကြလေး စားရ သောက်ရတာပါအေ"

"အမယ်လေး ... အစ်မကလည်း၊ အစ်မလည်း ဟောဒီ အိမ် ဟောဒီလည်ပတ်ငွေတွေ သူ့အမေတန်းတူ တစ်ဝက် ပိုင်တာပဲဟာ၊ အမွေဆိုင်ပဲကို၊ အစ်မအမွေပါ သူပဲကိုင် တွယ် ခြယ်လှယ်နေတာကိုများ"

"အမယ်လေး … မလှရီ၊ ညည်းတော့ ဟိုကထ,ရမ်းရင် အိမ်ပေါ်ကခေါင်းနဲ့ဆင်းပြေးရတော့မှာပဲ၊ ဒါတွေ သူရှောင်း ပစ်သုံးပစ်လိုက်တာမှ မဟုတ်တာအေ၊ အိမ်စရိတ် သူပဲရှာနေတာကို၊ ပြဿနာမရှာစမ်းပါနဲ့အေ"

အပေါ်ထပ်မှ အတာ ပြန်ဆင်းလာ၍ အောက်ထပ်က စကားဝိုင်း တိခနဲတိတ်ရလေသည်။

♦ ♣ ♦





၃

"ဆရာ … ဒါ အစည်းအဝေးမှတ်တမ်းနဲ့ ဆုံးဖြတ်ချက်ပါ"

မင်းကင်းက ကိုတင်ဝင်း ရှေ့ချပေးလာတဲ့စာရွက်ကို တစ်ချက် ဖတ်ကြည့်လိုက်ပြီး လက်မှတ်ရေးထိုးလိုက်ကာ …

"ဦးတင်မောင်နိုင်ဆီ တစ်စုံပို့ပေးပါဦးနော် ကိုတင်ဝင်း"

"ဟုတ်ကဲ့ … အခု ဆရာလက်မှတ်ထိုးပြီးတော့ နက်ဖြန်ပဲ ပို့ပေးပါ့မယ်"

"ကောင်းတယ် … ကောင်းတယ်"

"ဆရာ"

"ပြော … ကိုတင်ဝင်း၊ ဘာရှိလဲ"

"ဇော်မင်းလှိုင်ဆိုတဲ့ ကောင်လေးကတော့ ဒီလထဲမှာ ပျက်ရက်အတော်များနေပြီ ဆရာ၊ ကျွန်တော်လည်း အခုလစာစာရင်းတွေ ဒေါ်အေးအေး လုပ်နေတုန်း တစ်ခါတည်းပဲ ဇော်မင်းလှိုင်ကို လစာဖြတ်ခိုင်းလိုက်မလို့"

မင်းကင်းက နှုတ်ခမ်းတင်းတင်းစေ့ကာ မေးဖေါကို ပွတ်၍စဉ်းစားနေရာမှ ...

"ကိုတင်ဝင်း ... လစာတော့ ဒီလမဖြတ်ပါနဲ့ဦးဗျာ"

"သူတစ်ယောက်တည်း ဇော်ဇော်ခွင့်ယူနေတာ ဆရာ၊ ရက်ပျက်က အရမ်းများတာ"

"ဒါပေမဲ့ ခွင့်ယူရတဲ့အကြောင်းက မိခင်ကျန်းမာရေးကိစ္စဆိုတော့ဗျာ၊ ကျွန်တော်တို့ လူမှုရေးအရ နည်းနည်းတော့ ထောက်ထားငဲ့ညှာပေးရမယ်"

"ဆရာကလည်း သဘောထားပြည့်ဝတာ သဘောကောင်းတာရယ်၊ ကျွန်တော်တို့ကလည်း လုပ်ဖော်ကိုင်ဖက်ချင်းချင်း ကိုယ်ချင်းစာငဲ့ညှာတာရယ်နဲ့ ခွင့်တင်တိုင်း ပေးနေတာ၊ ပြီးခဲ့တဲ့လကတော့ သူ့အမေ တကယ်ဆေးရုံတက်လို့၊ ဒီလကတော့ ဆေးရုံကဆင်းတာလည်း ကြာပြီ"

"ဆေးရုံဆင်းပေမယ့် အိမ်မှာ ဆက်ပြုစုနေရတာမျိုးလည်း ရှိနိုင်တာပဲလေ"

"ဟုတ်ပါတယ် ဆရာ၊ ဒါပေမဲ့ ..."

"ဘာဖြစ်လို့လဲ ကိုတင်ဝင်း"

"ပွင့်ပွင့်လင်းလင်း ပြောရရင် ဆရာ၊ ကျွန်တော် ဒီမနက်ဈေးထဲမှာ သူ့အမေဈေးဝယ်နေတာ တွေ့ခဲ့ပေမယ့် သူက ဒီနေ့ သူ့အမေနေမကောင်းလို့ဆိုပြီး ခွင့်တင်ထားတယ် ဆရာ၊ အဲဒါကတော့ ..."





မင်းကင်းက ပြုံးမိပါသည်။

"ဟုတ်လား"

"ဟုတ်တယ် ဆရာ၊ ဒါကြောင့် ကျွန်တော်လည်း အောင့်သက်သက် ဖြစ်လာတာ၊ မိဆွေဆိုလည်း သူနဲ့တစ်ရပ်ကွက်တည်းနေတာပဲဆိုတော့ သိမှာပဲ၊ တစ်ယောက်နဲ့တစ်ယောက် ပြောဖြစ်မှာပဲ၊ တစ်ယောက်စကား တစ်ယောက်နားနဲ့ ဒီကောင် ရောချပြီး အခွင့်အရေးယူနေတာ သိနေကြပြီးတော့ နောက်ပိုင်းတွေ တခြားလူတွေလည်း ခွင့်ကိစ္စရှိလာရင် ..."

"ကျွန်တော် သဘောပေါက်ပါတယ်၊ ကိုတင်ဝင်း စိုးရိမ်တာလည်း မှန်ပါတယ်၊ ကျွန်တော်တို့ရုံးရဲ့ စည်းကမ်းဥပဒေထဲမှာလည်း ခွင့်ပျက်ရက်( ...)ရက်ကျော်ရင် လစာဖြတ်တောက်မယ်ဆိုတာ အားလုံးသိပြီးသားပဲ၊ ဒါပေမဲ့ ဒီကောင်လေး အပြစ်ရှိတာကတော့ ဟုတ်နေပြီ၊ လစာကိုဖြတ်ရင် ကျန်မယ့်ငွေကြေးပမာဏက ဘာမှသိပ်မရှိတော့ဘူး၊ ဒီရက်ပိုင်းမှာ သူ့အမေသက်သာနေ နေကောင်းနေရဲ့သားနဲ့ ခွင့်တင်နေတဲ့ပြစ်မှု ရှိနေပေမယ့် အရင်လကတော့ သူ့အမေ ဆေးရုံတင်ရတဲ့စရိတ် တကယ်ပဲကုန်ကျထားမှာဗျ၊ မှန်းကြည့်နိုင်လို့ ကျွန်တော်တောင် ငွေကူညီသေးတယ် ...

သူ့မှာ ကြွေးတွေ ဘာတွေလဲ တင်နေနိုင်တယ်၊ လစာဖြတ်မယ့်အစား သူ့ကိုခေါ်သတိပေး ဆွေးနွေးလိုက်ပါဦး ကိုတင်ဝင်းရာ၊ အပြစ်ကလည်း အပြစ်၊ လူမှုရေးကလည်း လူမှုရေးတစ်ပိုင်း ရှိသေးတော့"

"ဆရာ ... လူမှုရေးနဲ့ စည်းကမ်းပိုင်း ရောနှောတဲ့ အခါကျတော့ ..."

"ကျွန်တော် နားလည်ပါတယ် ကိုတင်ဝင်း၊ ကျွန်တော် အစည်းအဝေးတွေမှာ ဝန်ထမ်းတွေကို ပြောနေကျစကားတွေပဲ၊ ဒါပေမဲ့ ရံဖန်ရံခါတော့ စည်းကမ်းပိုင်း ငြိစွန်းတာကို သက်သက်မဲ့ အလျှော့ပေးတာမျိုး မဟုတ်ဘဲ မသိချင်ယောင်ဆောင်လိုက်တာမျိုးနဲ့ ထွက်ပေါက်ဖွင့်ပေးလိုက်ချင်တာမျိုးပါ ..."

ဇော်မင်းလှိုင်က ဒီကို အလုပ်မလျှောက်ခင် အလုပ်မရှိခင်တုန်းက တစ်ခါတစ်ရံ သူ့ဦးလေးရဲ့တက္ကစီကို တစ်နာရီ နှစ်နာရီ သူ့ဦးလေးနားတုန်း ယူမောင်းတတ်တာ သိထားတယ်၊ ကျွန်တော့်စိတ်ထင် သူ ဒီမှာခွင့်ယူပြီး အပြင်မှာ တက္ကစီများ ထွက်ဆွဲနေသလားပဲ"

"အဲဒါတော့ မဖြစ်သင့်ဘူးပေါ့ ဆရာ"

"မဖြစ်သင့်တာတော့ အမှန်ပဲ၊ ဒါပေမဲ့ဗျာ ခုနေလောလောဆယ် ခင်ဗျားအမေအတွက် တိုက်ကိုတိုက်ရမယ့် ဆေးတစ်





မျိုးဝယ်ဖို့ ခင်ဗျားမှာ ပိုက်ဆံလည်း လုံးဝမရှိ၊ ဆေးကချေးလို့လည်း မရရင် ခင်ဗျား ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ ကျွန်တော်ဆိုရင်လည်း ဘယ်လိုဖြေရှင်းရင်ကောင်းမလဲ စဉ်းစားကြည့်တယ်ဗျ"

ကိုတင်ဝင်းက သက်ပြင်းတစ်ချက်ချရင်း ...

"ဆရာက ကိုယ်ချင်းစာစိတ်လည်း ကြီးမား၊ သဘောလည်းကောင်းပြီး ဝန်ထမ်းတွေကိုလည်း အမြဲညှာတာ ကျွန်တော်လည်း သိပြီးသားပါ၊ ကျွန်တော် ဇော်မင်းလှိုင်ကိုခေါ်ပြီး သတိပဲပေးလိုက်ပါဦးမယ်"

"ဒါပေါ့ဗျာ ... အဲလိုအရင်လုပ်ကြည့်ပါ၊ ဒီလပိုင်း အလုပ်လည်းသိပ်များတဲ့ရာသီ မဟုတ်လို့ ကျွန်တော်လည်း ခွင့်လွှတ်နိုင်တာပါ"

"ဟုတ်ကဲ့"

ကိုတင်ဝင်း အခန်းထဲကထွက်သွားလျှင် မင်းကင်း လုပ်စရာရှိတာတချို့ လက်စသတ်ပြီး စားပွဲပေါ်ကလူခေါ်ဘဲလ်ကိုနှိပ်ပြီး သူ့ရဲ့တပည့်ကျော် အာလူးကို ခေါ်လိုက်ပါသည်။

"ဆရာ"

"အာလူး ... ထမင်းချိုင့်ယူခဲ့ကွာ၊ စောစော စားလိုက်ရအောင်"

"ဆရာ ... ဟိုလေ ... ဒီလိုပါ ဆရာ"

"ဘယ်လိုလဲ"

"မနက်က ကျွန်တော် အိပ်ရာကထတော့ ..."

"ဟေ့ကောင် ... လိုရင်းပြော၊ အိပ်ရာကထ,တာကနေ စ,မပြောနဲ့၊ တစ်ခွန်းတည်းပဲပြော၊ မေ့ကျန်ခဲ့တာလား"

"မဟုတ်ပါဘူး ဆရာ"

"ဒါဖြင့် ဘာလဲ"

"ဟင်းမပါဘူး ဆရာ၊ ထမင်းပဲပါတယ်"

"ဟင် ... အဲဒါ ဘာဖြစ်လို့လဲ"

"ဟင်းအိုးတူးသွားလို့ တစ်အိုးလုံး သွန်ပစ်ခဲ့ရလို့ ဆရာ၊ ထမင်းချည်းပဲ ထည့်လာခဲ့တယ်"

"ဟေ့ကောင် ... ထမင်းချည်းပဲကို ဘယ်လိုစားရမှာလဲ ... တောက်၊ မင်းပဲ အဲဒီထမင်းချည်း စားလိုက်တော့"

"ဆ ... ဆရာ ... ကျွန်တော်လည်း ထမင်းချည်းပဲ မစားတတ်ဘူး"

"မစားတတ်ရင် မင်း ဘာလို့ ဟင်းအိုးတူးပစ်သေးလဲ၊ မရဘူး၊ ထမင်းချည်းပဲစား၊ မင်းကို အပြစ်တစ်ခုခုပေးတော့မှ ဖြစ်မှာ၊ မင်းက ဟင်းတူးရတာနဲ့၊ ငန်သွားရတာနဲ့ ထမင်းပျော့ပြဲသွားရတာနဲ့ တစ်မျိုးမဟုတ် တစ်မျိုးကိုဖြစ်ရမှ၊ မင်း ဒီထမင်းဟင်းချက်တဲ့အလုပ်ကို လုပ်လာတာ ဘယ်လောက်တောင် ကြာနေပြီလဲ၊ နှစ်ပေါင်းများစွာရှိပြီ၊ တစ်ခုခု ဖြစ်သွားတဲ့နေ့နဲ့ ဘာမှမဖြစ်တဲ့နေ့ဆိုရင် တစ်ခုခု





ဖြစ်သွားတဲ့နေ့က ပိုတယ်၊ ဘာမှမဖြစ်တဲ့နေ့ ဆိုရင်တောင် ဟင်းက အရသာမရှိဘူး၊ မင်းက ဒဏ်ပေးသင့်တာထက် ကို လွန်နေပြီ၊ အဲဒီထမင်းပဲ မင်းစား"

"ဆရာကကော"

"ငါ့ဟာငါ အပြင်ထွက်စားမယ်"

"ဆရာ ... ကျွန် ... ကျွန်တော်လည်း"

"မခေါ်ဘူး"

မင်းကင်းက ထိုင်ရာက ထရပ်လိုက်စဉ် ဖုန်းသံမြည်လာတဲ့အတွက် ဖုန်းကိုဖွင့်၍ နားထောင်လိုက်ပါသည်။

"ဟယ်လို"

"ကိုကို"

"မီးလေး"

အာလူးရဲ့မျက်နှာက မဲ့သွားရပါသည်။ သူ့ကိုခပ်မာမာ ပြောနေရာက ချက်ချင်းပြောင်းလဲ ချိုမြနူးညံ့သွားတဲ့လေသံကို အံခဲရက်လှ၍ပင်။

"ကိုကို ထမင်းစားပြီးပြီလား"

"ဘယ်စားရဦးမလဲ မီးလေးရယ်၊ ဟောဒီမှာ"

"ကိုအာလူး ပြဿနာရှာပြန်ပြီလား"

"ဒါ့အပြင် ဘာရှိမှာလဲ၊ ဟင်းတစ်အိုးလုံး တူးသွားလို့ ထမင်းချည်းပဲ ထည့်လာတယ်ဆိုလို့ ကိုကို ခုပဲအပြင်ထွက်စားတော့မလို့"

"ကိုကို အပြင်မထွက်နဲ့တော့၊ မီးလေး ဝယ်ပြီးလာခဲ့မယ်၊ အတော်ပဲ တစ်ခုခုဝယ်ပြီး လာမလို့ဟာ၊ ဘာဝယ်ရမလဲ ကိုကို့ကို လှမ်းမေးမိမေလို့ပေါ့၊ ဒါဆို ဟင်း နှစ်မျိုးလောက် ဝယ်ပြီးလာခဲ့မယ်၊ ကိုကို ဘာဟင်းစားမလဲ"

"မီးလေးကြိုက်တာသာ ဝယ်ခဲ့ပါ"

"ဒါဆိုပြီးရော၊ ကိုကို့ကို သတင်းထူး ပြောစရာရှိလို့လာမှာ"

"ဟုတ်လား ... ဘာလဲ မီးလေး"

"ရောက်မှပြောတော့မယ် ကိုကို ... ဘိုင့်"

မင်းကင်းက ဖုန်းချလိုက်ပါသည်။ လုပ်လက်စ အလုပ်တွေ ပြန်ကောက်ကိုင်ကာ ဆက်လုပ်နေရင်း ခဏအကြာမှာ တံခါးခေါက်သံနှင့် အာလူးရဲ့ခေါင်းပြူလာကာ ...

"ဆရာ ... မမမီးလေး ရောက်ပါပြီ၊ ဟင်းတွေပြင်ဆင်ထည့်ခဲ့မယ်နော်"

အာလူးရုပ်က စပ်ဖြဲဖြဲ။ မီးလေး စားစရာတွေဝယ်လာတယ်ဆိုတာ သိပြီးဖြစ်၍ ဘာပဲဖြစ်ဖြစ် သူလည်း ထမင်းဖြူ ချည်းသက်သက်စားကာ ဒဏ်ပေးခံရတဲ့ဘဝက ကျွတ်တော့မည်ကိုသိသည်။ ခေါင်းလေးပြူကာ သတင်းပို့ပြီး ခေါင်းလေးလျှောခနဲ့ပြန်ထွက်သွားလျှင် တံခါးပွင့်ဟပြီး "မီးလေး"လို့ သူချစ်စနိုးခေါ်ရတဲ့ "ပွင့်သစ်စ" ဝင်လာပါသည်။





"ကိုကို"

စိတ်ကောက်မနေလည်းပဲ စိတ်ကောက်နေသလိုထာဝစဉ် နှုတ်ခမ်းလေးတစူစူ ဆက်ဆံတတ်သည့် သူ့ထက်အသက်ဆယ့်ခြောက်နှစ်တိတိ ငယ်ရွယ်သော ချစ်သူငယ်ငယ်ကလေးကို မင်းကင်းက ချစ်စနိုး ပြုံးပြလိုက်ရင်း ...

"ကဲ ... ဘာတုန်း ... ပြော"

"ဟွန်း"

"ဘာမှတောင် မပြောရသေးဘူး၊ မျက်စောင်းက အရင်လာတော့တာပဲ၊ သတင်းထူးက ဘာလဲ မီးလေးရယ်၊ ကိုကို ရင်ထိတ်လိုက်တာ"

"ထိတ်မနေနဲ့ သတင်းကောင်းပါနော်"

ပွင့်သစ်စက မင်းကင်းကို မျက်စောင်းလေးတစ်ချက်ထပ်ထိုးရင်း ...

"ဒက်ဒီနဲ့ မာမီက မကန့်ကွက်တော့ပါဘူးတဲ့ ... ဟွန်း"

"ဟာ ... တကယ်လား"

"ဟုတ်ပါတယ်ဆို၊ အဲဒါ မီးလေး အစာအိမ်တွေ အကြီးအကျယ်အောင့်ပြီး အိပ်ရာထဲက မထနိုင် တစ်လနီးပါးဖြစ်သွားတာကို သနားပြီး အလျှော့ပေးလိုက်တာပေါ့၊ သိရဲ့လား၊ စိတ်ညစ်ရင် အဆူခံရရင် အောင့်ပြီးနာလန်မထူတော့တဲ့ ဒီအစာအိမ်ကိုပဲ ကျေးဇူးတင်ရဦးမယ် ဖြစ်နေပြီ"

"ဒါဖြင့် ကိုကို ဘာလုပ်ရမလဲ မီးလေး၊ ဟို ... အိမ်ကို လာတောင်းရတော့မလား"

"အို ... ခုပဲ အင်တင်တင် ခေါင်းညိတ်တာ ခုချက်ချင်း သာတောင်းလို့ ဖြစ်မလားလို့၊ ခဏစောင့်ဦးပေါ့ ကိုကိုက လည်း"

"ကိုကိုက အသက်က ကြီးနေပြီလေ မီးလေးရယ်"

"လေးငါးခြောက်လ ထပ်စောင့်လို့တော့ အဲဒီကိုကို့အသက် ကြီးက ထူးပြီးထပ်မကြီးတော့ပါဘူး၊ ပိုမနေပါနဲ့"

မင်းကင်းက တကယ်ဆို အသက်လေးဆယ်ပြည့်ပြီး ခဲ့တဲ့လတောင် အတော်လွန်လာပြီ။ ပွင့်သစ်က ခုမှနှစ်ဆယ့်လေး နှစ်။ အသက်က ဆယ့်ခြောက်နှစ်တောင် ကွာခြားတဲ့အတွက် ပွင့်သစ်စမိဘများက အင်တင်တင် ဖြစ်တာတစ်မျိုး။ ဒီထက်ပို ဆိုးတာက ပွင့်ဆစ်စမိဘတို့ဟာ မင်းကင်းကို တက္ကသိုလ်သက် တမ်းမှာကတည်းက မရင်းနှီးပေမယ့် သိနေမြင်နေခဲ့၍ပင်။

ပွင့်သစ်စမိဘတွေလည်း စောစောအိမ်ထောင်ကျခဲ့ ကြ၍ ပွင့်သစ်စအဖေက ခုမှ လေးဆယ့်ခြောက်နှစ်၊ အမေက လေးဆယ့်သုံးနှစ်ပဲ ရှိပါသေးသည်။ ဒီလိုဆိုတော့ သမက်လောင်း က ယောက္ခထီးထက် ငါးနှစ်ကျော်၊ ယောက္ခမထက် နှစ်နှစ်ကျော် ပဲငယ်တဲ့အဲတွက် ခေါ်ပြောဆက်ဆံရမှာပင် ကိုးလိုးကန့်လန့်ကြီး တွေ ဖြစ်နေရတာပါ။





"ဒီကောင်ကို ငါ ကောင်းကောင်းသိပါတယ် သမီးရယ်၊ ရည်းစားတွေ ဟောတစ်ယောက် ဟောတစ်ယောက် မှိုလို ပေါက်ပြီး တကယ့်အရုပ်တော်ပုံကောင်ပါ၊ ကျောင်းမှာ နာမည်ကလည်းကြီး၊ သူတို့မေဂျာမှာလည်း ကင်းဘွဲ့ကရ လိုက်သေး၊ ကားတဝီဝီမောင်းပြီး ကျောင်းတက်တော့ မိန်းကလေးတွေဆိုတာလည်း ကပ်ကြသလား မမေးနဲ့ ...

လာကပ်သမျှ မိန်းကလေးနဲ့ ရည်းစားဖြစ်နေတာ၊ တက္ကသိုလ်တုန်းက ဒီကောင့်ကို မသိတဲ့သူ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တစ်ခုလုံးမှာ မရှိဘူး၊ လူတိုင်းသိတယ်၊ သူ့ သတင်းက ဝိဇ္ဇာသိပ္ပံကိုကျော်ပြီး ဆေးတို့ စက်မှုတို့အထိ မွှေးနေတာ၊ ဒက်ဒီတို့ဆေးကျောင်းမှာလည်း သူ့ရည်းစား တွေ ရှိတာပဲ၊ မသိချင်အဆုံး၊ မမြင်ချင်အဆုံး၊ ညည်း ဒေါ်လေးတို့နဲ့ ဆိမ်းမ်ဘက်ချ်၊ ဟုတ်တယ် မဟုတ်လား စန္ဒီ"

"ဟုတ်တယ်၊ ယမုန်တို့နဲ့ ဆိမ်းမ်ဘက်ချ်ပဲ သမီး၊ အရမ်း လည်း နာမည်ကြီး ရည်းစားလည်း အရမ်းများတာ"

"ဒီလောက်မွေတဲ့ ရုပ်တဲ့ကောင်နဲ့မှ ငါ့သမီးက လာတွေ့ ရတယ်လို့ကွာ၊ ဒီကောင်တော့ ငါနဲ့တွေ့တော့မှာပဲ၊ ငါ့ သမီးများ လာကြိုက်စရာလား၊ အသက်အရွယ်ချင်းလည်း ကြည့်ဦး၊ ကိုယ့်သမီးအရွယ်လောက်လည်း ကောက်တွဲလိုက် တာပဲ၊ တောက် ... ဒီကောင် ဘာမှကိုမရှောင်ဘူး"

"ဒီလိုမဟုတ်ပါဘူး ဒက်ဒီ၊ ကိုကိုက အခု အဲလိုမဟုတ်တော့ပါဘူး"

"ဘာ ... ကိုကိုလဲ၊ နင့်အဖေအရွယ်ကို ကိုကိုတဲ့၊ မရှက်ဘူးလား နင်၊ ဟင် ...၊ နင်မရှက်ပေမယ့် ငါရှက်တယ် ပွင့်သစ်စ၊ မလိုချင်ဘူး၊ ဒီကောင်ကို နင် အခုဖြတ် ဒါပဲ၊ သဘောမတူဘူး"

"ဒက်ဒီ ... ဒက်ဒီပြောတဲ့ အကြောင်းတွေ မီးလေးလည်း သိပြီးသားပါ၊ ကိုကို ... အဲ ... သူက ထိမ်ချန်မထားပါဘူး၊ သူ့ရဲ့ဟိုးအရင်က အကြောင်းတွေ အားလုံးပြောပြထားပါတယ်၊ အဲဒါတွေက ကျောင်းတုန်းက တက္ကသိုလ်တုန်းကပါ၊ နောက်ပိုင်း အလုပ်ခွင်ထဲရောက်တော့ ကိုကိုက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နေနေတဲ့ လူကြီးလူကောင်းတစ်ယောက်ပါ၊ ရည်းစားတွေ ဘာတွေမထားတာလည်း ကြာလှပါပြီ၊ အခု မီးလေးနဲ့တွေ့ပြီးမှ ..."

"တော်စမ်း ... ပွင့်သစ်စ၊ ဒီစကားမျိုးတွေက လျှာအရိုးမရှိ ပြောချင်သလို ပြောလို့ရတာတွေပဲဟာ၊ သူပြောချင်ရာပြောတိုင်း နင်က ယုံစရာလား၊ ဒက်ဒီသဘောမတူဘူး၊ ဒါပဲ"

ဒါဟာ မင်းကင်းနှင့် ပွင့်သစ်စ ချစ်သူဖြစ်ကာစ လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက စခဲ့တဲ့ အိမ်တွင်းတိုက်ပွဲတွေပင်။





အဖေအမေက တားမြစ်ပေမယ့် မင်းကင်းကို မပြတ်နိုင်ခဲ့တဲ့ ပွင့်သစ်စဟာ အဆူခံ အရိုက်ခံပြီး မသိအောင်ခိုးတွေ့ခြင်းမျိုးနှင့်လည်းကောင်း၊ သိသိကြီးနှင့် ဇွတ်တရွတ် တွဲသွားလာခြင်းမျိုးနှင့်လည်းကောင်း လုံးဝမပြတ်ဘဲ ခေါင်းမာမာ ပေတေတောင့်ခံ ချစ်ခဲ့ရှာသူပါ။

မင်းကင်းကို ဆိုးနွံ့စိတ်ကောက် အနိုင်ယူသလောက် တစ်ဖက်မှာတော့ ချစ်သူဘက်က ခိုင်ခိုင်မာမာ ရပ်တည်လာခဲ့တာ။ ဒီကြားထဲ အချိန်နှစ်နှစ်လောက်မှာ မင်းကင်းဘက်ကလည်း အရှုပ်အရှင်းမရှိ ခြေငြိမ်ငြိမ် ဣန္ဒြေရရနေခဲ့သလို ပွင့်သစ်ဘက်ကလည်း မင်းကင်းကလွဲရင် မွဲနဲ့ဆန်ကွဲဆိုသလို ခိုင်ခိုင်မာမာစွဲစွဲမြဲမြဲ ဖြစ်နေခဲ့တာကတစ်ကြောင်း။

အသိမိတ်ဆွေတွေရဲ့ သမီးမိန်းကလေးတချို့ မဟုတ်တရုတ် ကလေကချေ၊ ပညာမဲ့ ဥစ္စာမရှိတွေနှင့် မျက်ကန်းတောတိုး ဖြစ်ပျက်သွားကြတဲ့ ဇာတ်လမ်းမျိုးလေးတွေ ကြားရတိုင်းလည်း နာမည်ကြီး ပို့ကုန်သွင်းကုန်ကုမ္ပဏီကြီးကြီးတစ်ခု ပိုင်ဆိုင်အုပ်ချုပ်ကာ ကိုယ်တိုင်လည်း လူကြီးလူကောင်းအဖြစ်နှင့် လူကြီးလူကောင်း မင်းပိုင်းစိုးပိုင်းလည်း ဝင်ဆန့်ပေါက်ရောက်ကာ လူရိုန်ရတဲ့ အနေအထားတစ်ခုမှာ ခန့်ခန့်ညားညားရှိနေတဲ့ မင်းကင်းရဲ့အခြေအနေ, အနေအထားကို မျက်နှာလွှဲခဲပစ်ကြီးလုပ်ပစ်ဖို့ရာလည်း စဉ်းစားစရာ ဖြစ်လာတာကတစ်ကြောင်း။

ပွင့်သစ်စရဲ့မိဘနှစ်ပါးတို့ဟာ တဖြည်းဖြည်းနှင့်တော့ မင်းကင်းကို ပြန်စဉ်းစားလာကြရတာပါ။ သမီးလုပ်သူကလည်း ဒီလူမှဒီလူတစ်ယောက်ကိုပဲ စွဲစွဲမြဲမြဲ ချစ်မြတ်နိုးနေခဲ့တာကို ထည့်မတွက်လို့ မရပေ။

"ညည်းလူကို ရှေ့ကြောင်းနောက်ကြောင်း သိသင့်သိထိုက်တာတွေ အကုန်မေးမြန်း စုံစမ်းဦး သမီး၊ ဒက်ဒီ့ဘက်က မီးစိမ်းပြလာအောင် မာမီ မနည်းတဖြည်းဖြည်း နားချယူလာရတာ၊ သူ့ကိုလည်း သေချာကတိတောင်း၊ ငါ့သမီးလေးက နုနုထွတ်ထွတ် ငယ်ငယ်ရွယ်ရွယ်လေး၊ ကိုယ့်ဆန္ဒကိုယ့်သဘော ဦးစားပေး တန်ဖိုးထားပြီး မှုးမှုးမှတ်ခံထားရအောင် ညည်းကလည်း နေတတ်ပစေ"

နောက်ဆုံးတော့ မာမီက သဘောတူလိုက်ပြီဆိုတဲ့စကားကို ဆိုလာပါသည်။ ဒါတွေ မင်းကင်းကို တိတိတာတာ ဖာတ်ကြောင်းလှန်ပြနေတဲ့ ပွင့်သစ်စ စကားဆုံးလျှင် ...

"ဝမ်းသာလိုက်တာ မီးလေးရယ်၊ ကိုယ်အရှမ်းပျော်သွားပြီ"

"အရမ်းပျော်မနေနဲ့ဦး၊ တစ်ခုရှိသေးတယ်"

"ဘာလဲ မီးလေး၊ ဘာပဲဖြစ်ဖြစ်ပြော၊ ကိုယ်ဖြစ်အောင်လုပ်ပေးပါ့မယ်"

"ဒက်ဒီက စိုးရိမ်နေတယ်"

"ဘာကိုလဲ မီးလေး"





"ကိုကိုက ရည်းစားတစ်ရာလောက် ထားခဲ့တာတဲ့၊ ဆွေမျိုးအပေါင်းအသင်း အသိုင်းအဝိုင်း အသိအကျွမ်းထဲမှာ ကိုကို့ရည်းစားဖြစ်ခဲ့ဖူးတာတွေ ဘယ်နှယောက်လောက် ရှိနေမလဲ မသိဘူးတဲ့"

"မီးလေးရယ် ... တစ်ရာလောက်တော့ မထားခဲ့ပါဘူးကွာ"

"များတော့ အများကြီးပဲ မဟုတ်လား"

"အဲဒါက ..."

"ကဲ ... အရင်းနှီးဆုံး အသိုင်းအဝိုင်းထဲမှာ ကိုကို့ရည်းစားတစ်ယောက် ရှိနေခဲ့ရင် ဘယ်လိုလုပ်မလဲ၊ မီးလေးတို့က မသိဘဲ မင်္ဂလာဆောင်ကျ ဖိတ်မိရင် ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမှာလဲ၊ ဘာမှလုပ်စရာမှ မလိုတာ မသိသလိုပဲနေရမှာပေါ့"

"ဩော် ... အဲဒီတော့ မီးလေး အောက်တာပေါ့၊ ဥပမာမာမီကလည်း ဒီအမျိုးသမီးဟာ ကိုကို့ရည်းစားဟောင်းမှန်းမသိဘဲ ဟက်ဟက်ပက်ပက် နှုတ်ဆက် ဆက်ဆံနေမိရင်မာမီလည်း အောက်တာပေါ့"

မင်းကင်းက သက်ပြင်းမောတစ်ချက်ချရင်း ...

"မီးလေးရယ် ... အဲဒါကို ကိုကိုက ဘယ်လိုလုပ်ပေးရမှာလဲ"

"ကိုကို့ရည်းစားဟောင်းအားလုံး မီးလေးကို ပြောပြ"

"ဟာ"

"အားလုံးကို မီးလေး သိထားမှဖြစ်မယ်"

"ဟောဗျာ မီးလေးရယ်၊ ဒါကလွယ်တဲ့ကိစ္စမှ မဟုတ်တာ"

"ဘာလို့မလွယ်ရမှာလဲ၊ ကိုကို့ပါးစပ်ကနေ ကိုကို့ရည်းစားစာရင်း ရွတ်ပြရုံပဲ၊ မီးလေးက အားလုံးရေးမှတ်ထားမှာကဲ ... ပြော၊ စုစုပေါင်း ရည်းစားဘယ်နှယောက်ရှိခဲ့လဲ"

"ဟင် ... အဲလိုကြီး ကိုယ်ဘယ်မှတ်မိမလဲ မီးလေးရဲ့"

"ကိုယ့်ရည်းစားတွေပဲဟာ၊ ကိုယ်မှတ်မိရမှာပေါ့"

"ကိုယ်က ရည်းစားထားတိုင်း နံပါတ်စဉ်ထိုးမှတ်ထားတာမှ မဟုတ်တာ မီးလေးရယ်၊ လူစေ့တက်စေ့ အစဉ်လိုက်မှတ်မိနိုင်ပါ့မလား၊ ကိုယ်ရည်းစားတွေများခဲ့တာ ဝန်ခံပါတယ်၊ မီးလေးကို ဟိုးအစောကြီးကတည်းက မီးလေးမေးစရာမလိုဘဲ ဖွင့်ပြောပြခဲ့ပြီးသားပဲ၊ တစ်ယောက်ချင်းဆိုတာကတော့ ..."

ဖွင့်သစ်စက နှုတ်ခမ်းစုကာ ခေါင်းလေးယမ်းလိုက်ရင်း ...

"မရဘူး"

"မီးလေးရယ်"

"ဒက်ဒီရော ... မာမီရော ... မီးလေးရော ကိုယ်ကမသိဘဲနဲ့ ကိုကို့ရည်းစားဟောင်း တစ်ယောက်ယောက်ကို ခေါ်ပြောဆက်ဆံနေမိပြီး ကိုယ့်ဘက်က အောက်နေမှာ ကိုကိုအားမနာဘူးလား၊ မျက်နှာမပူဘူးလား၊ မသနားဘူးလား"





မင်းကင်းက သက်ပြင်းချလိုက်မိပါသည်။ တကယ့်
ါပဲ။ ရင်တွေတောင် မောရပါရဲ့။ သူလည်း တကယ်ပဲ ဘယ်လို
ပ်မှတ်မိနိုင်ပါတော့မလဲ။ တချို့ဆိုရင် ချစ်သူရည်းစားအဆင့်ထိ
ရောက်ဘဲ ကြက်တောင်အတူရိုက်ဖူးရုံ၊ ရေကူးကန်အတူသွားဖူး
ရုံ၊ အီစီကလီဘဝလောက် ရှိသေးရုံနှင့် မင်းကင်းက အချောအလှ
ဆေး နောက်တစ်ယောက်ထပ်တွေ့ စိတ်လည်သွားကာ ဟိုတစ်ဖက်
ခြေလှမ်းယိုင်သွားတာမျိုးတွေမှာ ဒီဘက်က ကျန်ရစ်တဲ့မိန်းကလေး
က သူနဲ့ပဲ ရည်းစားဖြစ်ပြီးသယောင် ချဲ့ကားပြောဆိုတာမျိုးတွေ
သည်း ရှိတတ်တဲ့အတွက် လူတကာထင်မြင်ယူဆတဲ့ သူ့ရဲ့ရည်း
စားစာရင်းဟာ နံပါတ်စဉ်များပြား ရှည်လျားနေရတာမျိုးပါ။

တကယ်ဟုတ်တာလည်းကျော်၊ တကယ်မဟုတ်တာ
လည်းကျော်။ သူ့ရုပ်သူ့ရည် ကားတစီစီမောင်းကာ သူဆိုရှယ်ကျ
ကိုကြည့်ပြီး အမှန်ရဲ့နှစ်ဆသုံးဆတင်ကာ လူတွေကထင်မြင်ကြ
ာလည်းရှိသည်။ သူကလည်း သူပါပဲ။ သူတို့မှာ ညီအစ်ကိုချည်း
ံုးယောက်တောင်ရှိတာ။ ညီအစ်ကိုသုံးယောက်လုံးဟာ ရုပ်ပါအဖြူး
ား၊ မိဘကျောထောက်နောက်ခံကလည်း ပြည့်စုံကြွယ်ဝ၊ မိန်းက
လေးတွေအကြား ရေပန်းစားတဲ့ ညီအစ်ကိုတွေဖြစ်ခဲ့ပေမယ့်
အစ်ကိုဖြစ်သူတွေက သူလိုကိုယ်လို ရည်းစားလေးတစ်ယောက်
ံယောက် သုံးယောက်လောက် စသဖြင့်သာ ထားခဲ့သူတွေ။

သူတစ်ယောက်ပဲ ဓာတ်ရှုပ်ပွေလီမ်ကာ ကောင်မလေ
တွေနှင့် တရှန်းရှန်း တဝုန်းဝုန်း ဖြစ်နေခဲ့တာ။ သူလိုယောကျ်ား
စားတွေလည်း အဲဒီခေတ်က အများကြီးရှိခဲ့တာပဲ ဖြစ်ပေမယ့် သူ
ကတော့ အမေဖြစ်သူရဲ့ရာထူးရာခံနှင့်ပါ ယှဉ်တွဲကာ "ဘယ်သူ့
သား"ဆိုတဲ့ နာမည်နဲ့ပါ ကျော်ကြားတာမို့ သူများထက် လူပိုသိ
သည်။

"ကဲပါ ... ပြောပါ"

"မီးလေးရာ ... ကိုကို တကယ်မေ့ကုန်ပြီကွ"

"ညာတာ၊ မေ့ကုန်စရာလား၊ သတိမရဘူးဆိုရင်သာရှိမယ်
မေ့ကုန်တယ် ဆိုတာတော့ ညာတာပဲ၊ ကိုကိုမညာနဲ့နော်"

"မဟုတ်ဘူးလေ၊ လူစေ့တက်စေ့ အစီစဉ်တကျ မသိတော့
ဘူး၊ မေ့ကုန်ပြီလို့ ဆိုလိုတာပါ"

"ဘယ်သူကမှလဲ ကိုကို့ကို အစီအစဉ်တကျ အစဉ်လိုက်
ပြောရမယ်လို့ အကျပ်မကိုင်ဘူး၊ နော် ...၊ ရှေ့နဲ့နောက်နဲ့
ကျော်ပြောလည်းရတယ်။ အဓိက,က တတ်နိုင်သလောက်
ရှိသမျှရည်းစားအားလုံး စာရင်းရဖို့ပဲ"

"ကျွတ် ... ခက်တာပဲ"

"မခက်ပါဘူး၊ ကဲ ... ရည်းစားဦးကို စပြော"

"ဟာ"





မင်းကင်းက နှမ်းမှာချွေးတောင်စို့လာကာ လက်နှင့်
ပွတ်သုတ်လိုက်ရပါသည်။

"ရည်းစားဦးကတော့ ဟိုတစ်ယောက်လိုလို ဒီတစ်ယောက်
လိုလို မနေဘူး မဟုတ်လား။ ကဲ ... ပြော၊ ယောကျ်ား
တွေဟာ ရည်းစားဦးကို မြေးဦးရတာတောင် မမေ့ဘူးလို့
ကြားဖူးတယ်"

မင်းကင်းသည် မျက်နှာတွေပူရှိန်ကာ နီမြန်းလာပါ
သည်။ ဘာပဲဖြစ်ဖြစ် ဒီလိုကြီးပြန်ပြောဖို့က ပွင့်သစ်စအပေါ ဝန်
လေးမျက်နှာပူသေးတာပေါ့။

"ကဲ ... ကိုကိုနော်၊ ပြောမှာလား မပြောဘူးလား"

"ပြော ... ပြောပါ့မယ် မီးလေးရာ"

"ပြော"

"သူက ဟိုဒင်းလေ ... ဟို ... အခု ... သီချင်းဆိုတဲ့
'......'လေ"

"ဘာ"

"......"

"အဆိုတော် '......'က ကိုကို့ရည်းစားဦး၊ ဟုတ်လား"

"ရှူး ... တိုးတိုးလေ၊ ဟုတ်တယ်လေ မီးလေး"

ပွင့်သစ်စက မင်းကင်းရဲ့လက်မောင်းကို လက်သီး
ဆုပ်လေးနှစ်ဖက်နှင့် စုံထုကာထုကာ မျက်နှာက ငိုမဲ့မဲ့ဖြစ်လာပါ
သည်။

"ကဲ ... ကဲ"

"မီးလေး ... မီးလေး"

"ပြောလည်း မပြောဖူးဘူး ကြည့်စမ်း။ ဒါဖြင့် ဟိုတလော က စတိတ်ရှိုးသွားကြည့်တော့ သူတက်ဆိုတာ ကိုကိုလည်း ငေးကြည့်နေတာ၊ ရင်ထဲမှာ အတိတ်ကိုအောက်မေ့ထမ်းတ သတိရနေမှာပေါ့လေ၊ ကြည့်စမ်း"

"ဘာလို့ တမ်းတရမှာလဲ၊ မီးလေးကလည်းကွာ၊ အဲဒီ စတိတ်ရှိုးကလည်း မီးလေးကြည့်ချင်တယ်ဆိုလို့ သွားရ တာလေ၊ ကိုကို့ဘာသာ သွားတာမှ မဟုတ်တာ"

"ပြောပါလား၊ အဲဒီတုန်းက ပြောပါလား"

"စကားမစပ် ဘာမစပ်၊ အဲဒါ ကိုယ့်ရည်းစားဦးလေလို့ ထ,ပြောလို့ ဖြစ်နိုင်ပါ့မလား မီးလေးရယ်၊ သတိရတမ်းတ ပြီး ပြောတယ်လို့ တပြစ်ဖြစ်ဦးမယ်၊ ကျွတ် ...၊ ဒုက္ခပါပဲ ကွာ၊ အဲဒါကြောင့် မပြောချင်တာ၊ ရှေ့ဆက်ပြောရင်လည်း မီးလေး စိတ်ဆိုးစရာတွေ ပေါ်လာပြီး ကိုယ်အထုအရိုက် ခံရဦးမှာ၊ တော်ကြပါစို့ကွာ"

"မရဘူး ... ဆက်ပြော"

"ဘာဆက်ပြောရမှာလဲ"

"သူနဲ့ ဘယ်တုန်းက ကြိုက်တာလဲ၊ ဘယ်လောက်ကြာလဲ၊ သူက ကိုကို့ကို ဂစ်တာလေးတီးပြီး သီချင်းဆိုဆိုပြခဲ့မှာ ပေါ့နော်"





ပွင့်သစ်စ မျက်နှာက သဝန်တိုပူလောင်ခြင်းနှင့် ငိုမဲ့မဲ့ ဖြစ်နေသည်။

"အာ ... ဘာလို့ ဆိုပြရမှာလဲ၊ သူနဲ့ကြိုက်တာ ကိုးတန်း တုန်းကပါ၊ သူလည်း ဘာမှမဟုတ်သေးဘူး၊ ပိန်တာရိုး မလေးပဲ ရှိသေးတယ်"

"ကိုးတန်း ... ! ဟင် ... ကဲ ... ကဲ ... လွန်လွန်းတယ်၊ ရည်းစားထားတာ ကိုးတန်းကတည်းကတဲ့၊ ပိန်တာရိုးပဲ ရှိသေးတာဆိုတော့ အခုက ဘာလဲ၊ အခုလို တောင့်တင်း ဖြောင့်စင်းမနေလို့ ကြိုက်မနိုင်ခဲမရ ဖြစ်နေတာလား ... ကဲ"

"မီးလေး ... ကိုယ်နာလာပြီကွ၊ မီးလေးက တကယ်ထုနေ တာ"

ပွင့်သစ်စသည် မင်းကင်းကို အလွန်ပင်ချစ်ရှာသော အချစ်ရူးမလေး ဖြစ်ရကား ခုလောက်နှင့်ပင် မျက်ရည်တောက် တောက်စ,ယိုနေပြီ။ တဟာစ်ဟာစ် ငိုနေပြီ။

"အဟာစ်ဟာစ် ... နာပစေ သေပစေ၊ ကိုကို့ကိုမုန်းတယ်"

"မီးလေး ... ကလေးကျနေတာပဲကွယ်၊ ကိုယ့်ကိုမုန်းစရာ လား၊ ကိုယ်က ခု ဘာလုပ်နေလို့လဲ၊ ဟိုအရင်ကအကြောင်း တွေ မီးလေးမမေးရင် ခုလို မီးလေးမျက်ရည်ကျစရာလည်း အကြောင်းမရှိဘူး၊ ကိုယ့်ကိုလည်း မုန်းစရာအကြောင်းမရှိ ဘူး၊ ဒါကြောင့် ဒီကိစ္စ ဒီမှာတင်ရပ်ကြပါစို့ကွာ ... နော်"

"မရပ်ဘူး၊ မေးမိလို့သာ သိရတာပေါ့၊ နောက်ဆို ဒီအဆို တော်မကို အားမပေးတော့ဘူး၊ ရှောင်ရတော့မယ်ဆိုတာ မေးမိလို့သာသိတာ၊ ဆက်ပြော၊ ဒုတိယတစ်ယောက်က ဘယ်သူလဲ"

"ကျွတ်"

"ကိုကို ... ပြောနော်၊ မပြောရင် မာမီကလည်း ကျေနပ် မှာမဟုတ်ဘူး"

"မီးလေးရာ စာရွက်ပေါ်မှာ နာမည်လှလှလေးတွေ အစိတ် သုံးဆယ်ချရေးပြီး မီးလေးမာမီကို ပေးလိုက်ပေါ့၊ ဘာသိ မှာမို့လို့လဲ၊ အဲဒါဆိုရင် စကားနည်းရန်စဲ ပြီးရော"

"မရပါဘူး၊ ခုကတည်းက ယောက္ခမလောင်းကို လှည့်ဖြား ဖို့ ကြံမနေနဲ့၊ ဒါကြောင့် ကိုကို့ကို ဒက်ဒီက လူလည်လူ ရှုပ်လို့ပြောတာ၊ မှန်နေတာပဲ တွေ့လား၊ မလိုချင်ဘူး၊ ပြော ... ပြော ... မြန်မြန်ပြောပါ၊ နောက်တစ်ယောက်"

ပွင့်သစ်စက လျှောက်လွှာစာရွက်တစ်ရွက် ဆွဲယူကာ နံပါတ်တစ်တပ်၍ အဆိုတော်နာမည်ကို ချရေးထားလိုက်ပါသည်။

"မီးလေး ... ကိုကို ဗိုက်ဆာပြီ"

"ဒီစာရင်းပြီးမှ စားရမယ်၊ ပြော ... ပြော"

"ကျွတ် ... ဟိုဟာကွာ ... ခင်မမ"





"သူက ဘာလဲ၊ ဘာလုပ်လဲ"

"ဘာမှမလုပ်ပါဘူး"

"အိမ်ထောင်ကျသွားပြီလား"

"အင်း"

"ဘယ်သူနဲ့လဲ"

"သူ့ယောက်ျားက ကလေးအထူးကု 'ဦး......'လေ"

"ဘာ ... ဒါ ... ဒါဆို ဒက်ဒီနဲ့ သိမှာပေါ့၊ ခင်မှာပေါ့"

"အာ ... မီးလေးဒက်ဒီက နှလုံးခွဲစိတ်တဲ့ ဆရာဂျင်လေ"

"ဘာကုကု ဆေးကျောင်းတုန်းက ဆိမ်းမ်ဘက်ချ်လောက် ရှိတာပဲဟာ၊ တွေ့လား၊ အသိုင်းအဝိုင်းထဲမှာ ဆက်စပ်တာ ပေါ်လာပြီ၊ အဲဒါကို ပြောနေတာပေါ့၊ ခုဆိုကြည့် မျက်နှာ ပူစရာကြီး၊ အဲဒီ ဒေါ်ခင်မမနဲ့ဆုံရင် သူက မီးလေးကို ကြည့်ပြီးတွေးမှာ၊ အင်း ... ငါ့စွန့်ပစ်ခဲ့တာကြီး ကောက် ပန်ထားတယ်လို့ ... အဟင့် အစ် ... အီး အီး"

"ကျွတ် ... မီးလေးကလည်းကွာ၊ ဘယ်က သူကစွန့်ပစ် ရမှာလဲ၊ မင်းကင်းရဲ့ရာဇဝင်မှာ မင်းကင်းကချည်း ပျင်းလို့ စွန့်စွန့်ပစ်လိုက်တာ၊ မင်းကင်းကို စွန့်ပစ်သွားနိုင်တဲ့မိန်းမ တစ်ယောက်မှ မရှိခဲ့ဘူး၊ အဲဒါ တိကျမှန်ကန်တဲ့ သစ္စာ စကားပဲ"

“မသိဘူး ... ဘယ်သူစွန့်စွန့် သူ့ကိုတွေ့ရမှာ မီးလေးရှက်တယ်၊ နေစမ်းပါဦး၊ သူက ကလေးအထူးကု ‘ဦး......’နဲ့ ယူသွားတာ ကိုကိုက ဘယ်လိုလုပ်ပြီး သိနေရတာလဲ၊ လိုက်စုံစမ်းထားတာပေါ့လေ၊ ကဲ ... စုံစမ်းဦး ... ကဲ”

“အား ... မီးလေး၊ ဒီလို တစ်ယောက်ပြော တစ်ခါထုရိုက်ပြီးတော့ အပြစ်ပေးနေရင် လူလည်းကုန်ရော ကိုယ်လည်း ငါးဖယ်ငါးပိကောင် ဖြစ်နေလောက်ပြီ၊ အသက်တောင်ရှိတော့မှာ မဟုတ်ဘူး၊ မေးရင်း ထုရင်း ပုပ်လိုက်လာမှာစိုးလို့ ဆားထုပ်သာ အနားယူထားပေတော့ ... ကျွတ် ... ကျွတ် ... တကယ်နာပြီကွာ”

“ပြော ... နောက်တစ်ယောက်”

“တော်ပြီ”

“တော်လို့မရဘူး ... ပြော၊ ပြောဆိုပြောနော် ... ကိုကိုနော်”

“ယု”

“သူက အခု ဘယ်မှာလဲ၊ ဘာလုပ်လဲ”

“သေပြီ”

“ကိုကိုနော်”

“တကယ်ပြောနေတာ”

“ဒါဖြင့် နောက်တစ်ယောက်”





“နု”

“ကိုကိုနော် ... ဘာဖြစ်လို့ ယုနဲ့ နုက ကာရန်ကျနေတာလဲ”

“ကာရန်ကျတာ အပြစ်လားကွာ ... ကျွတ်”

“နုက အခုဘယ်မှာလဲ”

“မသိဘူး”

ပွင့်သစ်စက ကျွဲမြီးတိုနေတဲ့ မင်းကင်းကို မျက်စောင်းရွယ်ရင်း ...

“နောက်တစ်ယောက်”

“ဘု”

“ဒါတော့ ကိုကို လျှောက်ပြောတာ၊ ကိုကိုနော်”

♦ ✤ ♦

## ၄

"တံခွန် ... အတော်ပဲရော့ ... ပိုက်ဆံ၊ လမ်းထိပ်မှာ ဒေါ်လေးဖို့ ဆေးသွားဝယ်စမ်း၊ ဒီမှာ ဆေးစာအုပ်၊ ဒီထဲ မှာတွေ့လား ဒီဆေး"

အတာက တံခွန့်ကို ခရီးရောက်မဆိုက် ဆီး၍ခိုင်းလိုက်တာကို ဒေါ်လေးက အိမ်ရှေ့ကုလားထိုင်များပေါ် အနွေးထည်လေးနှင့် ထိုင်နေရာမှ အားနာပါးနာ လှမ်းကြည့်ကာ ...

"ဟဲ့ ... အတာရယ်၊ ညည်းကလည်း ကလေးကို အိမ်ထဲမှရောက်,ရောက်ပါစေဦးအေ၊ တံခွန်ရောက်လာတာကို သူ့မှာ ကူလီရောက်လာတာလို အလုပ်သမားရောက်လာတာလို ကျနေတာပဲ"

"ဩော် ... ဒေါ်လေးကလည်းလေ၊ လက်တွေ့မပါတဲ့ သဘောတရားတွေ အရမ်းပြောတာပဲ၊ သူ့မှမပြောခိုင်းရင် အတာက ဒီမှာပစ္စည်းရွေးတဲ့သူနှစ်ယောက်၊ မီးဖိုထဲက





မြူစွမ်တစ်အိုးကိုပစ်ပြီး အတာပြေးရမှာလား ... ပြော၊ ဒါတွေအားလုံးပြီးမှ အတော့ဘာသာ ပြေးဆိုရင်လည်း ဒေါ်လေး ဆေးသောက်ချိန် နောက်ကျတော့မယ်လေ၊ ကဲ ... ဘယ်လိုလုပ်စေချင်လဲ"

တံခွန်က ရယ်ကျဲကျဲ လုပ်လိုက်ရင်း ...

"ဒေါ်လေး ... အလုပ်သမား ရောက်တာ မဟုတ်ပါဘူး၊ နတ်သကြားရောက်လာတယ်လို့ မမက ထင်မှာပါ ... ဟဲဟဲ"

"ရော့ ... ဆေးစာအုပ်နဲ့ ပိုက်ဆံ"

တံခွန်က လှမ်းယူလှည့်ထွက်လိုက်သည်။

"လမ်းထိပ်တင်နော်၊ လမ်းထိပ်ကျ ညာဘက်ကွေ့ရင်တွေ့တဲ့ဆိုင်၊ ဘယ်ဘက်ကွေ့ရင်တွေ့မယ်ဆိုင်က ဆိုင်ပိုကြီးပြီး ဈေးလည်းပိုကြီးတယ်"

"ဟုတ်ကဲ့"

"ချက်ချင်း ပြန်လာဦး၊ လမ်းတွေ့တဲ့သူနဲ့ စကားပြောမနေနဲ့ဦး၊ အိမ်က ဆေးသောက်ရမယ့်သူက တမော့မော့နဲ့မျှော်နေရဦးမယ်"

အတာသည် ပါးစပ်ကလည်း တဘောက်ဘောက်ပြော၊ လူကလည်း ဟိုနားသွား စာရင်းစာအုပ်ယူ၊ ဒီနားသွား သော့ယူ၊ နောက်ဖေးဝင် မြူစွမ်အိုးချ။ ဟိုလုပ်ဒီလုပ် ယောက်ယက်ခတ်ကာ တစ်ကိုယ်လုံး မအားလပ်ဘဲရှိသည်။

"မျက်စိကို နောက်နေတာပဲ၊ ဗျစ်တောက် ဗျစ်တောက်နဲ့ ညည်း အဲသလိုကြီး ကြပ်ကြပ်နေ၊ ကြိုက်ထားတော့ တူလောက်သားလောက်၊ ဟိုက စိတ်ပျက်ပြီး ပစ်သွားမယ် ဘာမှတ်လဲ"

ဒေါ်လေးက မကြားတကြား ပြစ်တင်ဝေဖန်နေပါသည်။

"ဒေါ်လေးကစပြီး ဒီစကားမျိုး အရင်ပြောစရာလား"

"ကျုပ်ပြောတာ မှားတာပါလား"

"တံခွန်လား အတာ့ကို ပစ်သွားမှာ၊ ကုတ်နဲ့ကော်ထုတ်တောင် ထွက်မသွားဘူး၊ သိရဲ့လား ဒေါ်လေးရဲ့"

အတာက ဒေါ်လေးနားက တစ်ချက်အဖြတ်မှာ တိုးတိုးငံ့ ပြောသွားတာဖြစ်သည်။

"ဘာဖြစ်လို့လဲ"

"သိဘူးလေ၊ ဘာဖြစ်လို့မှန်းကို မသိဘူး၊ ဒီအဲသက်ကြီးကြီး အပေါက်ဆိုးဆိုး ဂျမ်းတောက်ပဲ သူကစွဲနေတာဆိုတော့ အတာ့ပုစံ ပြင်ဖို့ကို မလိုဘူး"

"ဟွန်း ... သူ့ဆင်ခြေနဲ့သူတော့ ဟုတ်နေတာပဲ"

တံခွန်သည် အိမ်ပြန်ရောက်လျှင် "ဟယ် ... မြန်လိုက်တာ တံခွန့်ရယ်"ဟု အပြောခံရဖို့ စိတ်ကူးယဉ်ကာ လမ်းတောင်လျှောက်မသွားဘဲ ပြေးသွားတာဖြစ်သည်။ ဒါတွေကြောင့် အမေက တံခွန့်ကို လုံးဝကြည့်မရစွာ ...





"အဲဒါ ... ဝင့် ... ဝင့် ... နင် ... ဝင့်ကြီးဝင့်ငယ်ဆိုက်နေတာ၊ တစ်လောကလုံး သူ့ဒဏ်မခံနိုင်လို့ ယူမယ့်သူမရှိလို့ အပျိုကြီးဖြစ်နေတဲ့ဟာကြီးကို နင်မို့ သွားသွားဝင့်ခံနေတာ အံ့ပါရဲ့ တံခွန်ရဲ့၊ ဘယ်နားများ သွားဖူးစာဆုံလာတယ် မသိဘူး"

ရင်ကိုထုထုကာ ပြောတတ်တဲ့ အမေ့ကို ရယ်လည်းရယ်ချင် သနားလည်း သနားပါရဲ့။ ဒါပေမဲ့ တံခွန်က မမတာကို တကယ့်ကို ချစ်တာပါ။ ဒီရပ်ကွက်ထဲမှာနေသည့် တံခွန့်သူငယ်ချင်း ဖြိုးအောင်ထံ လာလာနေရင်း၍ မမတာကို မျက်မုန်းတန်းခဲ့ရတာပါ။ မကြာ မကြာ ဆုံတတ်ခဲ့ပါသည်။

ရပ်အင်္ကျီအကွက် ဂျင်းဘောင်းဘီနှင့် ဘေးသိုင်းအိတ်တစ်လုံးလွယ်ပြီး လမ်းထဲမှာ ရှုတည်တည်နှင့် လျှောက်သွားနေတတ်တဲ့ မမတာကို မြင်ဖန်များလျှင် သူငယ်ချင်း ဖြိုးအောင်ကို မေးရသည်။

"ဟေ့ကောင် ... အဲဒီအစ်မကြီးက ယောက်ျားလျှာလား"

"ဘယ်ကယောက်ျားလျှာရမှာလဲကွာ၊ ယောက်ျားမရသေးလို့ ယောက်ျားလျှာဆန်ဆန် ပုံဖမ်းထားတာပါ၊ မိန်းမစိတ်စစ်စစ်ပါ၊ မင်း မယုံရင်ကြည့်၊ ရည်းစားရ ယောက်ျားရသွားရင် မိန်းမပုံ ပြန်ဖြစ်သွားလိမ့်မယ်"

"ရည်းစားမရှိဘူးပေါ့ ဒီအစ်မကြီးက"

"ယောကောင် ... အစ်မကြီး မဟုတ်ဘူးနော်၊ ငါ့အဒေါ်အငယ်နဲ့ သူငယ်ချင်း၊ အန်တီကြီးလောက်ရှိတယ်"

"မရှိပါဘူးကွာ မင်းကလည်း၊ သုံးဆယ်တောင်မပြည့်နိုင်သေးပါဘူး"

"ဘာသုံးဆယ်မပြည့်ရမှာလဲ ကျော်နေပြီကွ၊ ငါ့အဒေါ်နဲ့ ငယ်ငယ်က အတန်းတူပါတယ် ဆိုမှကွာ၊ မင်း ဘာတွေ စိတ်ဝင်စားနေတာလဲ၊ ဒီလောက် အကြမ်းပတုံးကြီးကို၊ မျက်စိလည် လမ်းမှားမနေနဲ့"

"ချစ်စရာ ကောင်းတယ်ကွ"

"ဘာ"

ဖြိုးအောင်က သူ့ကို အဘက်ဘက်က ဖျက်ပါသည်။

"ရပ်ကွက်ထဲ ငွေတိုးချေးစား အပေါင်ခံတယ်ဆိုမှတော့ ကွာ ဘယ်လိုဟာကြီးလဲ မင်းစဉ်းစားပေါ့၊ ဒီအသက်အရွယ်နဲ့ ဒီအလုပ်လုပ်တာ ယောကျ်ားကြီးမို့ပေါ့ကွ၊ ဒါမျိုးက ရပ်ကွက်ထဲ သြဇာကြီးကြီးမိန်းမကြီး၊ အဘွားကြီးတွေလုပ်ကြတာမျိုးလေ၊ သူက တကယ့်နှုတ်ကြမ်း အာကြမ်းကြီးပါကွာ"

"မင်းကလည်း ... ငွေတိုးချေးတယ်ဆိုတာနဲ့ပဲ နှုတ်ကြမ်းအာကြမ်းလို့ ရမ်းမပြောလိုက်ပါနဲ့၊ ကိုယ်လည်း သေချာမသိနိုင်ဘဲနဲ့"





"ဘာလို့ မသိရမှာလဲ၊ ဒီနားတစ်ဝိုက်ကတော့ ရရစားစား ဝန်ထမ်းတွေ များတာပဲဟာ၊ သူနဲ့ကင်းတဲ့သူ ခပ်ရှားရှားပဲ၊ ငါ့အမေလည်း ချေးဖူးတာပဲ၊ ဟိုးတစ်နှစ်က ရေခဲသေတ္တာ ဝယ်ချင်လို့ ပိုက်ဆံသုံးသိန်းလား ချေးဖူးတယ်၊ လစဉ်နှစ်သောင်းနဲ့ အတိုးနဲ့ ဆပ်ရတယ်၊ ဆယ့်ငါးလပေါ့၊ နောက်ဆုံးသုံးလလိုလောက်ကျတော့ ငါ့အဘွား ချော်လဲပြီး လက်ကျိုးတာနဲ့ အဲဒီလ အရင်းမဆပ်နိုင်ဘူး၊ အတိုးတော့ပေးရတာပေါ့၊ အဲဒါ ငါ့အတိုးသွားပေးတာကို ပွစိပွစိဗျစ်တောက်ဗျစ်တောက်ရစ်တာ၊ အမြင်ကတ်စရာကြီးပါကွာ"

ဖြိုးအောင် ဘယ်လိုပဲဖျက်ခဲ့ဖျက်ခဲ့ ဖူးစာပါတော့လည်း နီးစပ်ခဲ့သည်သာ။ မျက်နှာရှစ်ခေါက်ချိုးထားတတ်တဲ့ မမတာဟာ တံခွန့်ကိုတွေ့လျှင် မျက်လွှာချသွားတတ်တာမျိုးတို့၊ ခြေလှမ်းမှားတာမျိုးတို့ ဖြစ်တတ်သည်။ တံခွန်ရဲ့ဖွဲ့လမ်းရစ်မူးတဲ့ အကြည့်များအကြားမှာ မဂျမ်းတောကြီး အသည်းနှလုံးတွေ အရည်ပျော်ခဲ့ရရှာတာပဲ မဟုတ်လား။

ရည်းစားဖြစ်ကာ ရည်းစားသက်တမ်း ကြာလာတော့လည်း ကန့်ကလျတွေ ရက်စနိုးတွေပျောက်ကာ မူရင်း ဂျမ်းတောပုံစံပဲ ပြန်ပေါ်လာခဲ့ရတော့တာပေါ့။ သို့ပေမဲ့ သူ့ကို မမတာ ချစ်တာကို တံခွန် ခံစားသိပါသည်။

မမတာ အချစ်မှာ ဟန်ဆောင်မှုတွေ ကဗျာဆန်မှုတွေမပါ။ သူ့အိမ်ရောက်လို့မှ ထမင်းမစားလျှင်လည်းမကြိုက်၊

သူပေးတာ မယူလည်းမကြိုက်။ ပြီးတော့မှ သူကသာပေးရသည် ကျွေးရသည် ပြောပြောနေတတ်တာကတော့ တစ်ကဏ္ဍပေါ့လေ။ ကိုယ့်ထက် ဒီလောက်ကြီးတဲ့ ရှည်းစားကြီးဆိုတော့လည်း တံခွန် က ကြောက်ရတာလည်း မရှက်ပါ။ အပြောဆို ခံရတာလည်း စိတ်မကွက်ပါ။

အစ်မကြီးတစ်ယောက်လို ပြောခံဆိုခံနေလိုက်တော့ နှစ်ဦးနှစ်ဖက် ပြေလည်လို့ပင်။ တံခွန်သည် ဆေးကတ်ဝယ်ကာ ချက်ချင်းကို ပြန်ရောက်လာပြီး …

"မမတာ … ဆေးရပြီ"

အိမ်ပေါ်မရောက်သေးခင် ဟောဟဲသံနှင့် သတင်းပို့ရသည်။ သခင်က ခေါင်းလေး ကျောလေး သပ်မလား အမြီးနှံ့မျှော်ရတဲ့ ခွေးကလေးလိုပင်။

"ကြာလိုက်တာ"

"ဟဲ့"

ဒေါ်လေးက စိတ်တိုသလိုအော်ရင်း …

"ငါဖြင့် ဆေးစာအုပ်များ ကျန်ခဲ့လို့ ပြန်လှည့်ယူလား၊ ခုထိမသွားရသေးဘူးလား မှတ်တာ၊ ဒီအချိန်လောက်ကလေး အတွင်း ဘယ်လောက်တောင်အမောဆို့အောင် ပြန်အရောက် ပြေးလာမှန်း စဉ်းစားလို့တောင် မရဘူး၊ ဒါကို ညည်းက ကြာတယ် ပြောနိုင်သေးတယ်၊ ညည်းဟာ လွန်ကိုလွန်လွန်းတယ်"





မမတာက ပြုံးချင်တာလေးကို ဖွက်ရင်း …

"ဟွန်း … သင်းက ချီးမွမ်းရင် ရောင့်တက်တာ ဒေါ်လေး ဖြင့် မသိဘဲနဲ့၊ ကဲပါ … တံခွန်၊ ဟိုပေါ်က ပိုက်ဆံထုပ် ရေစမ်းပါ၊ ဒီမှာ ဒေါ်လေးကို မြူစွမ်ထည့်မလို့ လက်တွေ မှာ ပိုက်ဆံကမှိုတွေ ပေမှာစိုးလို့၊ ဦးလေးအောင် ထိုင်ဦး နော်၊ သူ ပိုက်ဆံရေပြီးရင် ပစ္စည်းပေးမယ်"

"အေး … အေး … ရပါတယ် လုပ်"

"တံခွန် ပြီးတာနဲ့ ထမင်းစားမယ်မို့လား"

"ဟုတ်"

အိမ်မှာပစ္စည်းရွေးတဲ့သူတွေပြန်လျှင် မမတာနှင့် တံခွန် ထမင်းအတူစားပါသည်။ ထမင်းစားပွဲမှာ ဒေါ်လေးလည်း အတူထိုင်ရင်း …

"တံခွန် … မင်းအမေ ဘာပြောသေးလဲ"

"ဘာမှ မပြောပါဘူး ဒေါ်လေး၊ ကျွန်တော့်ကို လုပ်ချင်တာ လုပ်လို့ ပြောထားပြီးပြီပဲ"

လူရိုးကလေးဟာ စကားပြော အဖြောင့်တိုက်ပင်။

"ဟဲ့ … လုပ်ချင်တာလုပ်ဆိုတာ နင့်ကို အလိုလိုက်တာ လိုက်လျောတာများ နင်ထင်နေလား … ဟင်၊ ဂရုလည်း မစိုက်ဘူး၊ စိတ်လည်းမဝင်စားဘူးဆိုတဲ့ အဓိပ္ပာယ်ဟဲ့၊ နားလည်ရဲ့လား ငတုံးလေးရဲ့"

"ဘာပဲဖြစ်ဖြစ် လုပ်ချင်တာလုပ်မှာပဲဟာ"

"နှင့်အမေက ..."

"အတာ ... နေစမ်း၊ ဒေါ်လေး ပြောမယ် တံခွန်၊ သူက မကန့်ကွက်တော့ဘူး ဆိုရင်လည်း လုပ်ရကိုင်ရမယ့်ကိစ္စ တွေ ရှိတယ်လေကွယ်။ ဘယ်မှာ မင်္ဂလာဆောင်မလဲ ရက်ရွေးဖို့ လုပ်စရာရှိတာတွေ လုပ်ဖို့ စသဖြင့် ..."

"ဒေါ်လေး ... အမေက နင်တို့ဟာနင်တို့ ရက်ရွေးကြ စီစဉ်ကြလို့လည်း ပြောပြီးပါပြီ၊ အမေ့ကို ဘာမှတိုင်ပင် နေဖို့ မလိုတော့ပါဘူး"

"ဩော် ... ဒီတော့ နှင့်အမေက ပိုက်ဆံလည်း တစ်ပြားမှ မပေးတော့ဘူးပေါ့နော်၊ လုပ်ချင်တာကို ငါက်ပဲ ပိုက်ဆံ ထုတ်ပြီးလုပ်ပေါ့ ... ဟုတ်လား"

"အဲလိုတော့လည်း မဟုတ်ပါဘူး မမတာရာ"

"ဒါဖြင့် ဘာလဲ၊ ပိုက်ဆံကော ထုတ်ပေးမှာလားပြော"

"အတာရယ် ... သိမ်သိမ်မွေ့မွေ့ ပြောစမ်းပါ၊ နှင့်ဟာက ဓားပြတိုက်နေတာ ကျနေတာပဲ"

"အဲ့သလိုပဲ ဖြစ်နေပြီလေ၊ သားရှင်က တာဝန်ရှိတာကို မသိချင်ယောင်ဆောင်သလို လုပ်နေတာကိုး၊ သိပ်စိတ်တို တာပဲ နှင့်အမေကို သိရဲ့လား၊ သဘောမတူဘူးလေသံပစ် ထားတုန်းကလည်းတစ်မျိုး၊ နောက်တော့လည်း ခုထိအလုပ် လည်းမရ သူ့သားပဲသောင်တင်ပြီး ဆက်ကျွေးထားရတဲ့





သူ့သားချေးထုပ်ကို ဟောဒီက အတာ့ဘက် ထိုးထည့်လိုက် ပြီး လုပ်ချင်တာလုပ်ကြတော့ ဆိုတာလောက်ပဲ ပြောလိုက် တာနဲ့ သူ့တာဝန် ကျေတယ်ပေါ့"

"ဟဲ့ ... အတာ"

"ပြောမှာပဲ၊ အတာကလေ သူ့သားချေးထုပ်ကို ဆီဒိုးနား တောင်တက်ပြီး မင်္ဂလာဆောင်ယူနိုင်တယ် သိရဲ့လား၊ ဒေါ်ကန်လို့ ပြောနေတာ။ သူက သားရှင်မဟုတ်တဲ့အတိုင်း ပဲ၊ ပိုက်ဆံမရှိလို့ လုပ်ကိုင်မပေးနိုင်လည်း အတာတို့ ဒေါ်လေးတို့ကို ငါဖြင့် ဟောဒီလောက်တော့ တတ်နိုင်တယ်၊ ဆွမ်းလေးကျွေးမလား စသဖြင့် လာဆွေးနွေးရမှာပေါ့"

"ဒါတော့ အတာပြောတာ ဟုတ်တယ် သားရဲ့"

"ခုတော့လေ နှင့်အမေအချိုးက မကန့်ကွက်တော့ဘူးဆို တာလေးပဲပြောပြီး ဘေးထွက်ရှောင်နေတာ ဘာသဘောလဲ၊ သူ့စိတ်ထဲ ဘာရှိလဲ၊ မိအတာတို့က သိမှသိ၊ ဒီတိုင်းလေး မျှောနေလိုက်ရင် ကြာလေဟိုင်းလေ အရွယ်လွန်လာမှာ ကြောက်ရတဲ့ညည်းပဲ ကိုယ့်ဟာကိုယ် မနေနိုင်ရင် ထ,လုပ် ပေတော့ဆိုပြီး ရေသာခိုနေတာလေ"

"အမေက အဲလိုတော့"

"အဲလိုပဲ၊ နှင့်အမေလည်တယ်ဆိုတာ ငါရပ်နေတုန်းလောက် ပဲ ရှိတယ်"

"ဟိုတစ်ခါကျတော့ မမတာ လည်တယ်ဆိုတာ အမေဘိမ် သာတက်သလောက်ဆို"

"အေး ... တစ်ယောက်တစ်ပြန်ပဲ၊ သူမသာ ငါမသာပဲ၊ အဲဒီတော့ ငါ အကုန်လုံး အချိုးအချိတ်တွေ မြင်ပြီးသား၊ ဟိုလိုလို ဒီလိုလိုနဲ့ ဘာမှမပြောတာ ဘယ်လောက်ကြာပြီလဲ၊ အချိန်ဆွဲပြီး ငါ့ကို ပညာပြနေတာလေ ... ဟွန်း၊ စိတ်ပေါက်ပေါက်နဲ့ သေခါနီးသူဌေးအဘိုးကြီးတစ်ယောက်လောက် ကောက်ယူလိုက်ရ"

တံခွန်က မမတာကို မျက်လုံးလေးဖွေကာ ကြည့်သည်။

"ဘာကြည့်တာလဲ၊ မရှိဘူး ထင်နေလား"

"မထင်ပါဘူး"

"ငါ့များ သူက သဘောမတူစရာ ဘာရှိလို့လဲ၊ သူ့သားကိုလည်း ရှာကျွေးနိုင်သေးတယ်၊ ဒီအသက်ပိုကြီးနေတာ တစ်ခုကိုပဲ သူ့မှာ ဓာချဲ့အပြစ်ဖွဲ့လို့ မဆုံးနိုင်တော့ဘူး၊ သူ့လိုသာ သူများအားနည်းချက် အပြစ်ဖွဲ့ရမယ်ဆိုရင် သူ့ကိုများ မပြောလိုက်ချင်ဘူး၊ ဟွန်း၊ ပြောရင် ရိုင်းရာကျဦးမယ်"

"ဟဲ့ ... အတာ"

"ဒေါ်လေးတားလေ ပြောချင်လေ ... သိရဲ့လား"





ဒေါ်လေးက အတာ့လက်မောင်းကို ဖျတ်ခနဲတစ်ချက်ရိုက်ပစ်လိုက်လျှင် တံခွန်က ဒေါ်လေးကိုတစ်လှည့် မမတာကိုတစ်လှည့် ဇဝေဇဝါ ကြည့်မိသည်။

"ဘာဖြစ်လို့လဲ၊ အမေ့မှာ ကျွန်တော်မသိတဲ့ အားနည်းချက်တွေ ရှိလို့လား"

"မဟုတ်ပါဘူး တံခွန်ရယ်"

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ ဒီမှာ တံခွန်ရဲ့၊ နင့်အမေက နင့်ကို အသက်ဆယ့်ကိုး နှစ်ဆယ်နဲ့ မွေးထားတာ၊ ပြီးတော့ နင့်အဖေရော နင်တွေ့ဖူးလို့လား"

"အတာ"

"အဖေက ကျွန်တော် မမွေးခင်ကတည်းက သေတာတဲ့"

"အေး ... အဲဒါ သူ့အပြောလေ၊ နင့်အမေ အပြောလေ၊ ဟုတ်,မဟုတ်က ဘယ်သူသိလို့လဲ၊ နင့်အမေပဲ သိတာ"

"မဟုတ်ရင် တခြား ဘာဖြစ်စရာရှိလို့လဲ၊ အဖေမသေသေးရင် အခုရှိနေမှာပေါ့"

"အဲဒါကြောင့် နင့်ကို အတုံးအ,အလို့ ပြောတာပေါ့၊ သေချင်မှ သေမှာပေါ့"

"မသေရင် အခု အမေနဲ့ပဲ နေနေမှာပေါ့"

"အစကတည်းက နင့်အမေနဲ့ မနေချင်လို့ နေမှာပေါ့"

"အတာ တော်တော့၊ ညည်းတော့ ဒီအပေါက်ဆိုးကြောင့်ပဲ လူမုန်းများနေတာ၊ ဟိုက တံခွန့်အမေက ညည်းကိုမေတ္တာ တုံးနေတာလည်း ဒါကြောင့်ပဲနေမှာ၊ ချွေးမရယ်လို့ သူ့ အောက် လျှိုဝင်မလာဘဲ ညည်းက အပေါ်ကနေစီးပြီး ပြဿနာရှာနေတာကိုးအေ့"

"ချွေးမဖြစ်တာနဲ့ပဲ လျှိုဝင်စရာလား။ သူက ဟိုဘက်ကနေ လုံးဝသဘောမတူဘူးတို့၊ ဘယ်သူမှမယူတဲ့ အပျိုကြီးတို့ သူ့သားလေး နုနုထွတ်ထွတ်ကို အသက်ကြီးကြီးပြီး အရှက် မရှိ မြူဆွယ်ထားပါတယ်တို့ လေသံပစ်နေမှတော့ အတာ ကကော ငုံ့ခံနေစရာလား ... ဟွန်း၊ တောက် ... တံခွန်နော်၊ နင့်ကိုချစ်တဲ့စိတ်သာ အခုထက် ဟောဒီလက်သန်းဖျား လောက်လျော့ရင် နင့်ကို ငါမယူတော့ဘူး၊ နားလည်ရဲ့ လား"

"နားလည်ပါတယ်၊ အမေနဲ့ မမတာက တူတူပဲ၊ စကားပြော ရင် တဆုံးတစပဲ၊ ဟုတ်ဟုတ် မဟုတ်ဟုတ် တစ်ဖက်သား နာရင် ထိခိုက်ရင် ပြီးရော၊ ပစ်စလက်ခတ် ပြောတော့တာပဲ"

"နင့်အမေက ငါ့ကို ဘာတွေပစ်စလက်ခတ်ပြောသလဲ"

"အစုံပဲ ... ရစရာကို မရှိဘူး"

"ဘာ"

"ဟဲ့ ... တံခွန်၊ နင်ဟာလည်းလေ ထုံတယ်ဆိုလေ ပိုဖျင် လေ၊ ငါ့နယ်နော်"





"ပြောစမ်း ... ငါ့ကို ရစရာမရှိ ဘာပြောလဲ"

"အစုံပဲပေါ့၊ ဟိုဒင်း ... အားလုံးတော့ ဘယ်မှတ်မိမလဲ ... အဟင်း"

"အေး ... ဘယ်လောက်ပဲ ရစရာမရှိမရှိ ငါက ဖအေမပေါ် ဘဲတော့ ကလေးမမွေးဖူးဘူးနော် ... ဒါပဲ"

"အတာ"

ဒေါ်လေးက အကျယ်ကြီးအော်လိုက်ကာ တံခွန်က တော့ မျက်နှာလေး ပျက်ကျသွားရပါသည်။ မမတာစကားကြောင့် ရင်ထဲလည်း ကသိကအောက် နင်သွားကာ အံ့သြတကြီးလည်း ထုပ္ပသွားရပါသည်။

"မမတာ ... မမတာပြောတဲ့ အဓိပ္ပာယ်က ... အမေက"

"ငါပြောတာ မဟုတ်ဘူးနော်၊ နင့်အမေနဲ့ ငယ်ကတည်းသိ ကြတဲ့သူတွေဆီက ဟိုနားဒီနားက တစွန်းတစကြားရတာ၊ ငါကဖြင့် သူ့ကို ဒီလိုပြောကြတာနာလို့၊ နင်နဲ့က ငါက ပတ်သက်နေတော့ နင့်ကို အဲလိုပြောတာလည်းနာတယ် တံခွန်ရဲ့။ သူ့အတွက်လည်း မခံချင်ဘူး၊ သူကကျတော့ ငါ့ကို ဘာမှပြောစရာ အပြစ်မရှိဘဲနဲ့ကို ချိုးဖဲ့ပြီး ရစရာ မရှိပြောနေတယ်"

တံခွန်က ခပ်ငွေ့ငွေ့လေး ငိုင်သွားရပါသည်။ ဒေါ်လေး ကတော့ ပြောဖြစ်အောင်ပြောသော ဟူမကို စိတ်ပေါက်ကာ ခေါင်းကိုလှမ်းပြီး လိမ်ဆွဲမိသေးသည်။

"ဒေါ်ခင်ထား ... မတာရေ"

အိမ်ရှေ့က အာလေးလျှာလေးအော်သံ တစ်ချက်ကြောင့် အတာက မျက်မှောင်ကြုတ်သွားရကာ ...

"ဟော ... ဒါ ... ဦးညိုဝင်းအသံ မဟုတ်လား"

"ဟုတ်ပ၊ ဒီကောင်တော့ နေ့လယ်နေ့ခင်းလည်း မူးနေတော့တာပဲ"

"ဗျို့ ဒေါ်ခင်ထား ... ဗျို့ ... မတာ"

"လာပြီ"

အတာက ဆတ်ခနဲ ထ,လိုက်ကာ ...

"တံခွန် စားပြီးရင် ဒီဟင်းပန်းကန်တွေပါ လှယ်ဆေးလိုက်နော်၊ လက်စကြီး မထားခဲ့နဲ့၊ ဟင်းရည်လည်း အိုးထဲပြန်ထည့်"

"ဟုတ်ကဲ့ပါဗျာ၊ ပန်းကန်တွေဆေးပြီးရင် အဝတ်တွေကော လျှော်လိုက်ရဦးမလားဟင်"

"လာရွဲ့မမေးနဲ့နော်၊ လျှော်ရင်ကောင်းတာပေါ့၊ လျှော်သာလျှော်"

အတာက ကမန်းကတန်း လက်ဆေးပြီး အိမ်ရှေ့ ထွက်သွားပါသည်။

"ဦးညိုဝင်း ... ဘာလဲ"

လက်ထဲမှာ ဘင်းတောင်းကြီးပိုက်ကာ ရပ်နေတဲ့ အမူးသမားကြီး ဦးညိုဝင်းဟာ အတာတို့နှင့် ငယ်ကတည်းက





သိကျွမ်းခဲ့တာပါ။ အတာ့အစ်ကို အပါရဲ့သူငယ်ချင်း။ အတာ့ထက် ခုနစ်နှစ် ရှစ်နှစ်ကြီးကြတဲ့ အစ်ကိုနှင့် အစ်ကို့သူငယ်ချင်းများဟာ အစ်ကို့အိမ်မှာပဲ ဝင်ထွက်ကျက်စားကြတာဖြစ်၍ အတာ့ကိုလည်း "ညီမလေး" "ညီမလေး"နှင့် ချစ်ချစ်ခင်ခင် ရှိခဲ့ကြသည်။

ခုတော့ ကိုပါက ခရီးသွားရင်း စီးပွားရှာရင်း တာချီလိတ်သူနှင့် အိမ်ထောင်ကျကာ တာချီလိတ်မှာပဲ အခြေချနေထိုင်နေပါသည်။ ကိုပါ့သူငယ်ချင်းတွေနှင့်လည်း မတွေ့ဖြစ်ကြတော့တာ ကြာပြီဖြစ်ပေမယ့် လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး သာဒီ ဦးညိုဝင်းကြီးနှင့် ပြန်ဆုံတွေ့ကြတာ။

အရက်ကြောင့် ရင့်ရော်နေတဲ့ရုပ်ကြီးကြောင့် "ဦးညိုဝင်း"လို့ပဲ ခေါ်ဖြစ်ကာ ကိုပါ့သူငယ်ချင်းမှန်းလည်း မမှတ်မိ။ နောက်မှ သူ စာတ်ကြောင်းလှန် မိတ်ဆက်မှ မှတ်မိကြရတာ။ ဦးညိုဝင်းမိန်းမ မခင်မာကတော့ အတာ့ဖောက်သည်ကြီးပင်။ လင်ဆိုးမယား တဖားဖားဆိုသလို ဈေးရဗ္ဗားရ ပေါင်ရနံ့ရလွန်း၍ အတာနှင့် ခင်မင်ကျွမ်းဝင်လို့နေသည်။

ဦးညိုဝင်းသည်လည်းပဲ အတာလစ်လျှင် ဆေါ်လေးထံဝင်ကာ မုန့်ဖိုးတောင်းတတ်၍ အတာရှိလျှင်တော့ သူတို့အိမ်နားက ခူးလာတဲ့ ဇီဇဝါပန်းလေးတွေ ဝင်ပေးလိုပေး၊ လမ်းဘေးက လျှောက်ခူးလာတဲ့ ကင်းပုံညွန့်တို့ ကင်းပုံသီးတို့လိုဟာမျိုးလေးတွေ လာပေးလိုပေး၊ မျက်နှာလုပ်တတ်ကာ အိမ်မှာ အမြဲလိုတွေ့နေရကျ တံခွန်နှင့်ပင် ခင်မင်ပါသည်။

တံခွန့်အမေ ဒေါ်နွယ်နွယ်ဟာ အထက်တန်းက တည်းက ကိုပါတို့ ဦးညိုဝင်းတို့နှင့် ကျောင်းချင်းတူတူတက်ခဲ့ သည်ဟု သိရကာ တံခွန့်အမေနှင့် ပတ်သက်သည့် ကောလာဟလ တချို့ကိုပင် ဦးညိုဝင်းထံမှ အတာက ကြားသိထားရတာပါ။

"ဦးညိုဝင်း ... ဘာလဲ ပြောလေ"

"ဒီမှာ မတာ၊ ငါတိုင်ပင်စရာလေးရှိလို့ဟ"

ဦးညိုဝင်းဟာ ငယ်ငယ်က သူထိပ်ပုတ်ခေါင်းပုတ် စ,နောက်ခဲ့ဖူးတဲ့ အတာ့ကို ကြီးမှပြန်တွေ့တော့ အနေအထားချင်း ကွာဟမှုကြောင့် "မတာ"တွေ ဘာတွေ ဖြစ်နေရှာသည်။

"ဘာတိုင်ပင်မှာလဲ"

"နင်လည်း ပစ္စည်းတွေ ဘာတွေ အပေါင်ခံနေတာ မဟုတ်လား"

"အင်း ... အဲဒါ ဘာဖြစ်လဲ"

"သူများလာပေါင်တိုင်းတော့ နင် ပစ္စည်းမရွေး အပေါင်မခံနဲ့ဟ"

"မခံပါဘူး၊ ရွှေမဟုတ်ရင် ရွှေးပြီးမှ အပေါင်ခံတာပါ၊ အတာက အဝတ်အစားတို့ ဘာတို့လည်း အပေါင်မခံဘူး၊ တိုလီမုတ်စတွေ အပေါင်မခံဘူး၊ နည်းနည်းတန်ဖိုးရှိတဲ့ ပစ္စည်းမှ လက်ခံတာပါ"

"အေး ... အဲဒါကောင်းတယ်"

"အဲဒီတော့ ဦးညိုဝင်း ဘာပြောချင်တာလဲ၊ ဒါပဲလား"





"ဟာ ... မတာကလည်းဟာ၊ တိုင်ပင်စရာရှိတာပါဆို"

"ကဲ ... ဘာလဲ၊ တိုင်ပင်မှာဖြင့်လည်း တိုင်ပင်လေ"

"နင့်အစ်ကိုနဲ့ကော အဆက်အသွယ်ရှိလား"

"မရှိပါဘူး၊ ထုံးစံအတိုင်း တစ်နှစ်တစ်ခေါက်တော့ သူ ဆင်းလာတာပေါ့"

"စာလေး ဘာလေး မရေးဘူးလား"

"စာရေးတဲ့ခေတ် မရှိတော့ဘူး ဦးညိုဝင်းရေ၊ အရေးကိစ္စရှိ ရင်တော့ ဖုန်းလေး ဘာလေး ဆက်ပါတယ်၊ ဒါလည်း တစ်နှစ်မှ နှစ်ကြိမ်လောက်ပဲ၊ ဦးညိုဝင်း ကိုပါ့ဆီကို ဘာ ပြောချင်လို့လဲ"

"ဘာမှမပြောချင်ပါဘူးဟာ၊ အေးအေးဆေးဆေးနေပါစေ၊ ဟုတ်တယ်မှလား"

"ဒါဖြင့် ခုလာတာ ဘာကိစ္စလဲ"

"တိုင်ပင်စရာရှိလို့ပါ မတာရယ်"

"ဘာတိုင်ပင်မှာလဲဆို၊ ဦးညိုဝင်း စကားက ဝေ့နေပြီးတော့"

"ဒီလိုဟ"

"ဘာလဲ"

"ဟောဒီတောင်း ... တွေ့တယ် မဟုတ်လား"

"အင်း"

"ဒါ နှယ်နှယ်ရရတောင်း မဟုတ်ဘူး၊ ငါ့ရဲ့ဘိုးဘွားအမွေ အနှစ်၊ နင်လည်းသိတဲ့အတိုင်းပဲ ဘိုးစဉ်ဘောင်ဆက် ထိန်း

သိမ်းစောင့်ရှောက်လာတဲ့ ပစ္စည်းဆိုတာ ငွေကြေးနဲ့တန်ဖိုး ဖြတ် သတ်မှတ်လို့ မရဘူး၊ သေသေချာချာ ဆက်ခံပြီး လက်ဆင့်ကမ်း စောင့်ရှောက်သွားရမယ်"

"အင်းပေါ့၊ စောင့်ရှောက်ပေါ့"

"ဒါပေမဲ့ ခုလောလောဆယ် ငါ့မှာအခက်အခဲ တစ်ခုရှိတယ်"

"ဘာလဲ"

အတာက မျက်မှောင်ကုတ်လာကာ စိတ်ကမရှည်တော့ပါ။ ခြေဆင်းတွေ အပျိုးတွေအရ ဘာဆက်လာတော့မှာကိုလဲ သိနေပါပြီ။

"ဒီတောင်းကို ငါ အိမ်မှာထားဖို့ မလုံခြုံတော့ဘူး၊ နင့်အစ်မ မခင်မာက စည်းဟယ်ကမ်းဟယ် သိတဲ့မိန်းမမျိုးမှ မဟုတ်တာ၊ ငါ့ဘိုးဘွားအမွေတောင်းကို ယူယူပြီး ကြက်သွန်ထည့်၊ အာလူးထည့်၊ ဟိုဟာထည့်၊ ဒီဟာထည့်နဲ့ ရှေးဟောင်းဂန္ဓဝင်ပစ္စည်းတစ်ခုရဲ့ တန်ဖိုးကို ကျရှုံးအောင် လုပ်နေတယ်"

"အဲဒီတော့ ..."

"ငါ မခံနိုင်တော့ဘူး မတာရာ၊ ငါ ဒီတောင်းကို ငါ့အိမ်မှာ မထားနိုင်တော့ဘူး၊ မလုံခြုံဘူး၊ စည်းနဲ့ကမ်းနဲ့လုံခြုံတဲ့ နေရာမှာ ငါအပ်ထားတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ"

"ဒီတော့ ... အတာ့ဆီ အပ်ထားချင်တယ်ပေါ့"





"အေးဟ ... အေး ... အေး ...၊ နင်က အရိပ်ပြရင် အကောင်မြင်ပါတယ်၊ အဲဒါ"

"ရပါတယ်၊ အပ်ထားပေါ့၊ ဒါပေမဲ့ ဦးညိုဝင်း သိတဲ့အတိုင်း အိမ်မှာလည်း ဟိုလူက ခဏလာအပ်၊ ဒီလူက ခဏလာထားနဲ့ ပစ္စည်းတွေ ထိန်းသိမ်းရ စောင့်ရှောက်ရတာ လွယ်တာ မဟုတ်ဘူး၊ ဦးညိုဝင်း အပ်ထားချင်ရင် အပ်ခပေး၊ ဘယ်နှရက်အပ်မှာလဲ၊ တစ်ရက်ကို ငါးဆယ်တော့ပေး၊ တစ်လ ထောင့်ငါးရာ"

သူတို့အားကဖြတ်ကာ ခြံထဲဆင်းသည့် တံခွန်က မမတာ စကားကို တခိခိ ကျိတ်ရယ်မိပါသည်။ ဒီလူကြီး သူ့တောင်းကြီးကို လာပေါင်ဖို့ ကြံစည်နေတာကိုလည်း ရိပ်မိကာ မမတာ လှလည်ကျပုံကိုလည်း သဘောတွေကျမိသည်။ ဦးညိုဝင်းက ရှုံ့မဲ့ကာ ...

"ဟာ ... မတာကလည်းဟာ"

"ဟုတ်တယ်လေ၊ အလကား ထိန်းသိမ်းစောင့်ရှောက်ပေးရလောက်အောင်တော့ အတာတို့လည်း မအားဘူး၊ အပ်ခပေးမယ်ဆိုရင်တော့ ဒီတောင်းကြီးထားခဲ့၊ ဒီလ တစ်လစာ အရင်ကြိုပေးခဲ့"

"မတာကလည်းဟာ၊ ငါက အပ်ခပေးရမှာ မဟုတ်ဘူးလေ၊ နင်တို့ကတောင် ဒီတောင်းကို သုံးချင်တာသုံးလို့ရသေးတာ နင်တို့က ငါ့ကို ..."

"ဦးညိုဝင်း တောင်းကြီးက ဂန္ဓဝင်တောင်းကြီးဆို၊ မခင်မာ ထည့်သုံးလို့ ဒီမှာလာအပ်တာဆို၊ အတာတို့ကျတော့ ထည့်သုံးလို့ ရသလား"

"ဒီလိုပါ မတာရယ်"

"ဦးညိုဝင်း တောင်းကြီးကို လာပေါင်ဖို့ ကြိုးစားနေတာ မဟုတ်လား၊ ခက်ပဲခက်ရချည်ရဲ့၊ ပေါင်စရာရှားလို့ တောင်းကြီးကို၊ တောင်းတွေပလုံးတွေ ကျွန်မ အပေါင်မခံဘူး"

"ငါ ငွေလေးနည်းနည်းလိုလို့ပါ မတာရယ်၊ အပေါင်မခံလည်း နင် ဝယ်ထားလိုက်ပါလားဟာ"

"မဝယ်ချင်ပါဘူး၊ တောင်းအဟောင်းကြီးကို၊ ပြီးတော့ ဦးညိုဝင်း ဒါကြီးကို မခင်မာ မသိအောင် ယူလာတာ မဟုတ်လား၊ အိမ်မှာအသုံးလိုမယ့်ပစ္စည်းဖြစ်မှာ"

ဦးညိုဝင်းက သက်ပြင်းချကာ ခေါင်းကုတ်ကာ ရီးတီးယားတား ဖြစ်နေရင်းက ခြံထဲက ရေစက်စက်ကျနေတဲ့ ဘုံပိုင်ခေါင်းကို ပြင်နေတဲ့ တံခွန့်ထံ စကားရော ဖွဲ့ရော လှမ်းကာ ကြည့်ရင်း ...

"မင်းအမေ မနွယ်ကော နေကောင်းလားဟေ့"

"ဟုတ်ကဲ့ ... အမေ နေကောင်းပါတယ် ဦးညိုဝင်း"

"အခု မင်းအမေ ဘာလုပ်လဲ"





"ကုန်ကူးတယ်ပဲ ဆိုပါတော့ ဦး၊ ဝမ်းတွင်းမှာ ပုဆိုးရက်တဲ့အမျိုးတွေရှိတော့ အမေက ရန်ကုန်ကိုယူပြီး ဒီမှာပြန်ဖြန့်ပေးတာ လုပ်ပါတယ်"

"အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ... ပုံမှန်ပါပဲ ဦး"

"ငါမေးတယ် ပြောလိုက်ကွာ၊ ငါတော့ သူက မသိတသိ နေမှာပါ"

အတာက ဖူးတ်ခနဲ အတွေးတစ်ခု ဝင်မိကာ ...

"ဦးညိုဝင်းက ...့အမေကို ကောင်းကောင်းသိလား"

"ဟာ ... သိ...ပါဟာ"

"သူ့အမေကကော ဦးညိုဝင်းတို့ ကျောင်းတုန်းက သူငယ်ချင်းတွေထဲကပဲလား"

"အေးလေ ... ငါတို့သိတာပဲ"

ဦးညိုဝင်းက တံခွန့်ထံ တစ်မျက်အာ ဘုံ့အားနာ ကြည့်ရင်း ...

"အေးဟာ ... ဒါပေမဲ့လည်း အတွင်းကျကျကြီး သိတယ်တော့လည်း ဟုတ်ဘူးပေါ့ဟာ၊ ခပ်လှမ်းလှမ်းက သိတာမျိုးပါ၊ ဒီလိုပဲ သူ့ကိုယ်သိ ကိုယ့်သူသိ သဘောလောက်ပေါ့၊ မြင်နေတွေ့နေကျတော့ ဖြစ်နေတာပဲလေ၊ တကယ်တမ်းဆို သူ့အမေနဲ့ နင်နဲ့တောင် မြင်ရင်တွေ့ရင် မျက်နှာသိဖြစ်

နိုင်တာပါ၊ ငါတို့ဆယ်တန်းလောက်ရောက်ကြတော့ နင်က နှစ်တန်း သုံးတန်းလေ၊ အဲဒီတုန်းက အထက(...)က သေးသေးလေးရယ်ကို၊ ကျောင်းမှာရည်းစားနှစ်တွဲသုံးတွဲ ရှိပေမယ့် အဲဒီတုန်းက ဆရာကြီးဦးမြတ်လုကို အရမ်းကြောက်ကြရတာကို၊ ကျောင်းသူကျောင်းသားချင်း ကြိုက်ကြတယ် ကြားတာနဲ့ သူ့ကြိမ်စာ ကျွေးတော့တာ၊ ဒီတော့ ကျောင်းမှာ ဘယ်တွဲရဲကြမလဲ၊ အပြင်မှာ မသိမသာလေး စာပေးစာယူ လုပ်ကြတာ ... အဟား ဟား"

အတာက ဦးညိုဝင်းကိုတစ်လှည့် တံခွန့်ကိုတစ်လှည့် ကြည့်ရင်း ...

"ကဲ ... ကဲ ... ဦးညိုဝင်း အချိန်မရှိဘူး၊ အခု ပိုက်ဆံ ဘယ်လောက်လိုလဲ"

"ဟို ... ထောင့် ... ထောင့်ငါးရာလောက် ... ငါ ..."

"တစ်ထောင်ယူသွားလိုက်၊ လကုန်ရင် လာပြန်ချေး၊ အတိုးပေးစရာ မလိုဘူး၊ ဦးညိုဝင်းကို အတာ သက်သက်မဲ့ သနားလို့ ကူညီတာ၊ ကဲ ... ပြန်တော့"

အတာက ဦးညိုဝင်းလက်ထဲ ပိုက်ဆံတစ်ထောင် လှမ်းထည့်လိုက်ပါသည်။

◆ ♣ ◆





## ၅

"ဟေ့ကောင် ... အာလူးရာ၊ ငါ ဒီလောက်ကြီးလည်း ဝတ်ဖို့စားဖို့ မလိုလောက်ပါဘူးကွာ၊ မင်းကတော့ တမင်ချွန်နေသလား ထင်ရတယ်"

မင်းကင်းက အာလူးထုတ်ပေးထားတဲ့ မင်္ဂလာဆောင်သွားလို့ရသော ပိုးပုဆိုး ပိုးတိုက်ပုံတို့ကိုကြည့်ကာ စိတ်အိုက်ညည်းညူနေမိသည်။

"ဟာ ... ဆရာက သတို့သားလေ"

"ဟေ့ကောင် ... သတို့သား မဟုတ်ပါဘူးကွာ၊ သတို့သားလောင်းပါ"

"တူတူပဲလေ ဆရာ"

"ဟေ့ကောင် ... မတူဘူးကွ၊ ပိုးတွဲပုဆိုးလောက်နဲ့ ရှပ်လက်ရှည်လေးပဲဝတ်ရင် တော်ပါပြီ အာလူးရာ၊ ငါသဘော

သာဆိုရင် ခါတိုင်း အလုပ်သွားသလို ဆောင်းဘီရှည် ပျပ်လက်ရှည်လေးပဲ ပေါ့ပေါ့ပါးပါး ဝတ်လိုက်လို့ ဖြစ်တယ် ထင်တာပဲ"

"မရဘူးလေ၊ မနက်ကပဲ မမီးလေးက ဖုန်းဆက်ပြီး မြန်မာဆန်ဆန် ဝတ်လာရမယ်လို့ လှမ်းပြောပြီးသားမဟုတ်လား။ ဆရာကတော့ တစ်နေ့တစ်ကြိမ် မတောင်းပန်ရ မချော့ရရင် မကျေနပ်ဘူးထင်တယ်"

မင်းကင်းက သက်ပြင်းချလိုက်မိပါသည်။

"ဟော ... ကားသံ၊ ဦးအောင်မော်တို့စုံတွဲ ရောက်ပြီထင်တယ်"

အာလူးက အခန်းထဲမှ အပြေးကလေး ထွက်သွားပါသည်။ မိဘတွေကလည်း မရှိကြတော့ကာ အစ်ကိုတွေကလည်း နိုင်ငံရပ်ခြားတွေမှာမို့ မင်းကင်းမှာ လူကြီးသူမရယ်လို့ ခေါ်သွားစရာ ရှားပါးသည်။ ဆွေမျိုးထဲက ဦးလေး ဘကြီး ဒေါ်ကြီးတွေတော့ ရှိပေမယ့် အသက်ရွယ်ကြီးရင့်ကာ ရိုးရိုးအေးအေးပဲ နေကြတဲ့သူတွေဖြစ်၍ ခုလို စကားကြောင်းလမ်းကိစ္စမျိုးမှာ အာဝဇ္ဇန်းရွှင်ရွှင် ပွဲလယ်မတင့်နိုင်ကြတဲ့ သူတွေပါ။

ဒီတော့ ပွင့်သစ်တို့ မိဘများထံ ပထမဆုံးဝင်တွေ့ မိတ်ဆက်စကား ကမ်းလှမ်းရမည့်ကိစ္စမှာ မင်းကင်းက စီးပွားရေးလောကမှ မျက်နှာကြီး လူသိများတဲ့ မိတ်ဆွေနှစ်စုံတွဲကိုပဲ ရွေးချယ်ထားလိုက်ပါသည်။ ဦးမြတ်စိုးတို့စုံတွဲဆိုလျှင် ပွင့်သစ်စရဲ့ အဖေ ဒေါက်တာထူးသစ်နှင့် အရင်ကတည်းက ရင်းနှီးကျွမ်းဝင်သည်။ ဦးမြတ်စိုးရဲ့အမေက ဒေါက်တာထူးသစ်နှင့်ပင် နှလုံးနှစ်ကုသထားတာပါ။

နောက်တစ်ယောက် ဦးအောင်မော် ဆိုသော စီးပွားရေးလုပ်ငန်းရှင်ကလည်း ပွင့်သစ်စရဲ့အမေ ဒေါ်စန္ဒီတူနှင့် သူတို့ ဘုမတစ်ယောက် ယူထားတာမို့ ပွဲလမ်းတွေမှာ ဟိုဘက်အမျိုး ဒီဘက်အမျိုးတွေအဖြစ် မျက်မှန်းတန်းထားသည်။

ထို့ကြောင့် မင်းကင်းက သူ့ထက်အနည်းငယ် အသက်ကြီးတဲ့ စီးပွားရေးမိတ်ဆွေ ဤနှစ်စုံတွဲကို စကားပြောဆိုကမ်းလှမ်းဖို့ ရွေးချယ်အကူအညီတောင်းထားရတာပါ။ ဦးမြတ်စိုးတို့စုံတွဲက အရင်ရောက်နှင့်ပြီးဖြစ်ကာ ဦးအောင်မော်စုံတွဲပင် အခုထပ်ရောက်လာပြီ။

မင်းကင်းက အပြင်လိုက်ထွက်လာကာ ...

"အစ်ကိုကြီးတို့ ထိုင်ကြပါဦး ခင်ဗျာ၊ ကျွန်တော် ခုပဲပြီးတော့မှာပါ"

"ရပါတယ်၊ သေချာအချိန်ယူလုပ်ပါ ကိုမင်းကင်း၊ ခင်ဗျားက အရေးကြီးတယ်လေဗျာ ... ဟဲ ဟဲ"

"ဆရာ ... ဒီမှာ အန်ကယ်တို့လည်း တိုက်ပုံပဲ ဝတ်ထားကြတာ မဟုတ်လား"

အာလူးက ဦးမြတ်စိုးတို့ ဦးအောင်မော်တို့ကိုကြည့်ကာ ဧဝဒကတက်သည်။

"ဒါပေမဲ့ အစ်ကိုကြီးတို့က ငါ့ရဲ့လူကြီးသူမ နေရာကလေး တိုက်မှုတွေ ဘာတွေက ပါကိုပါရမယ့် သဘောရှိတာကို၊ ငါကတော့ နဂိုကမှ ကောင်မလေးထက် အသက်က အများကြီး ကြီးရတဲ့ကြားထဲ တိုက်ပုံကြီးနဲ့ဆိုတော့ သူ့အဖေနဲ့ တရွယ်တည်း ဖြစ်နေပါဦးမယ်ကွာ"

မင်းကင်း စကားကို အားလုံးက ရယ်မောကြရသည်။

"တိုက်ပုံက ပါလည်းကောင်း၊ မပါလည်း ဘာမှမဖြစ်ပါဘူး၊ ကိုမင်းကင်း စိတ်လက်ပေါ့ပါးမယ် ထင်တာကိုသာ ရွေးချယ်ဗျ၊ တော်ကြာ စိတ်အိုက်နေရင် လူကမလန်းဘူး၊ နေရထိုင်ရကျဉ်းကျပ်ပြီး အလွဲလွဲအမှားမှားတွေ ဖြစ်ကုန်ဦးမယ်"

"ဟုတ်ပါတယ်၊ ခင်ဗျားက သတို့သားပဲဗျာ၊ ကိုယ်သဘောကျသလိုသာ ဝတ်ပါ"

နောက်ဆုံးတော့ မင်းကင်းဟာ စတစ်ကော်လာရှပ်ဖြူလက်ရှည်နှင့် ပိုးတွဲပုဆိုးမျှလောက်နှင့်သာ ဆင်ယင်ပြီးသွားပါသည်။ ဒါကိုတောင် သူ့စိတ်က ကျဉ်းကျပ်နေသေးသည်။ အရင်က သဘောမတူခဲ့တဲ့ သူနဲ့ရွယ်တူနီးပါး ယောက္ခမလောင်းတို့နှင့် ရင်ဆိုင်ရမှာကိုလည်း သူ့မှာ တွန့်နေရပါသည်။





ကားသုံးစီး ရှေ့ဆင့်နောက်ဆင့် ထွက်လာကာ ကားပေါ်ကနေ ပွင့်သစ်စထံ ဖုန်းလှမ်းဆက်ထားလိုက်သည်။

"မီးလေး … ကိုယ် ထွက်လာနေပြီနော်"

"ထွက်လာပြီလား၊ အင်း … အင်း … ပုဆိုးဝတ်ရဲ့လား"

"အင်းပါ၊ တိုက်ပုံတော့ မဝတ်တော့ဘူး၊ ပုဆိုးကြီးနဲ့တောင် လူက အဘိုးကြီးပုံ ထွက်လှပြီ၊ ဒါနဲ့ မီးလေးအဖေနဲ့အမေကို ကိုယ်က ဘယ်လိုခေါ်ရမှာလဲ"

"အန်ကယ် … အန်တီပေါ့"

"ဟား … စိတ်ညစ်လိုက်တာကွာ၊ အသက်တွေက ဘယ်နနစ်မှ မကွာတာ၊ အန်ကယ် အန်တီခေါ်တော့ ကိုယ်က အရမ်းနချင်ရာ ကျနေမှာပေါ့"

"ကျကာမှ ကျရောလေ၊ ယောက္ခမလောင်းကို ဒီလိုမခေါ်လို့ ဘယ်လိုခေါ်မလဲ"

"အစ်ကိုကြီး ဆိုရင်ကော"

"ကျွတ် … ကိုကိုနော်၊ ဒက်ဒီက သူ့သမက်က သူ့ကို အစ်ကိုကြီးခေါ်တာ ကြိုက်ပါ့မလား၊ တကယ်ပဲ၊ စဉ်းစဉ်းစားစား ပြောဦး၊ နောက်သလို ဖြစ်နေမှာပေါ့"

"တကယ်က အဲလိုပဲ ခေါ်သင့်တာ"

"ကဲ … ဒီမှာ ကိုကို၊ ကိုကို့ဟာကိုကို အသက်လေးဆယ် ဆိုတာ မေ့ထားလိုက်၊ မီးလေးရဲ့ချစ်သူအဖြစ်ပဲ ခေါင်းထဲ ထားလိုက်၊ အသက်ကို ထည့်စဉ်းစားနေရင် ဇယားရှုပ်တယ်၊ ကိုကို့အသက် ခြောက်ဆယ်ဖြစ်ပစေဦး ယောက္ခမဆိုတာ မိဘပဲ မဟုတ်လား၊ အခု မယူသေးခင် အန်ကယ် အန်တီ ခေါ်ပြီး ယူပြီးရင်တော့ ဒက်ဒီ မာမီပဲ လိုက်ခေါ်ရမယ်"

"ဒက်ဒီ … မာမီ !! "

"အင်း …၊ ကဲ … ကဲ … ဒါပဲ၊ မီးလေးလည်း အလုပ် ရှုပ်နေတယ်"

ပွင့်သစ်စ ဖုန်းကိုပိတ်ကာ မလှမ်းမကမ်းမှာ စီစဉ် ညွှန်ကြားရင်း ရှိနေသည့် သူ့မာမီကိုလှမ်း၍ …

"ကိုကိုက လာနေပြီတဲ့ မာမီ"

"ဟုတ်လား … ကဲ … ဒါဖြင့် ထမင်းပွဲကို ငါပြောထားတဲ့ အတိုင်း စနစ်တကျလေး ဖြစ်ပစေနော် သူဇာ၊ သေချာလုပ်၊ အရီ … ငါကွဲသံရှည် မကြားချင်ဘူးနော်၊ အထပ်ထပ် အခါခါ ပြောထားတယ်နော်"

"ဟုတ်ကဲ့ပါ အန်တီ"

ဒေါ်စန္ဒီက ဧည့်ခန်းဘက် ထွက်လာကာ ဧည့်ခန်း ထောင့်က သီးသန့်တစ်ယောက်ထိုင်ဆိုဖာ မတ်မတ်ရှည်ရှည်ကြီး မှာ သတင်းစာထိုင်ဖတ်နေဆဲဖြစ်သည့် ခင်ပွန်းသည်ကို စိတ်မ ရှည်သလိုကြည့်ရင်း …

"ကဲ … ဒက်ဒီရေ၊ ဟိုကထွက်လာကုန်ကြပြီတဲ့၊ အဝတ် အစားလဲပါတော့ဆို၊ အေးစိအေးစက် လုပ်နေတယ်၊ တစ်ခါ တည်း"

"သူတို့ရောက်မှ အင်္ကျီလေး ကောက်စွပ်လိုက်လည်းရတာ ပဲကို"

"ဩော် … ဧည့်သည်တွေရောက်မှ အင်္ကျီဝင်လဲတော့ ကောင်းမလား ဒက်ဒီရဲ့၊ ကြိုတင်အဆင်သင့်ဝတ်စားထား ရမှာပေါ့၊ ရောက်တာနဲ့ ကိုယ်က အိမ်တံခါးဝကို ကြိုဆို သင့်တာပေါ့"

"မကြိုဆိုနိုင်ပါဘူးကွာ၊ ငါ့သမီး လာတောင်းမယ့်ကောင်ကို"

"ဩော် … ဒီလူနဲ့တော့ ခက်ရချည်ရဲ့၊ မကြိုလည်းနေရှင်၊ ကျွန်မပဲ ကြိုမယ်၊ ရှင့်ဟာရှင် အဝတ်အစားသာ အပြီးလဲ ထား"

ဦးထူးသစ်က ပေတီပေကတ်ပုံစံနှင့် ထိုင်ရာကထ ကာ ဇနီးကိုတစ်လှည့် သမီးကိုတစ်လှည့် မကြည့်ကြည့် ကြည့်သည်။

"အဝတ်စင်မှာ အသင့် မီးပူတိုက်ပြီး ချိတ်နဲ့ ချိတ်ဆွဲထား တယ်၊ ပုဆိုးရော ရှပ်အင်္ကျီရော တိုက်ပုံရော"

"ဟာကွာ ... အိမ်နေရင်းကြီး တိုက်ပုံဝတ်စရာလား"

"ရှင်က သမီးရှင်လေ"

"သမီးရှင်ဖြစ်တော့ ဘာဖြစ်လဲ၊ သူတို့ ဘယ်လိုပဲလာလာ ကိုယ်က အိမ်ကဆီးကြိုရမှာကို၊ ဘယ်လိုလူက ကိုယ့်အိမ် ကိုယ်နေရင်း တိုက်ပုံကြီး ဝတ်ထားတာရှိလို့လဲ"

"ရှင်တော့ ခက်နေပြီ၊ အိမ်နေရင်း မဟုတ်ဘူး၊ အခုဟာက ပွဲလမ်း"

"ဟော့ ... ဘာပွဲလမ်းမှ မဟုတ်ဘူး၊ ဒါ ကြောင်းလမ်း တာလည်း မဟုတ်ဘူး၊ တောင်းရမ်းတာလည်း မဟုတ်ဘူး နော်၊ အစကတည်းက မိတ်ဆက်နားဖောက်တဲ့သဘော အဖြစ်လောက်ပါပဲဆိုလို့ ငါ လက်ခံထားတာ၊ အခု ဒီ ကောင်က လာမိတ်ဆက်တဲ့သဘော ကြားလူနဲ့အိမ်လာလည် တယ်၊ ဒါပဲ၊ ဝင်ထွက်ခွင့်လေး အသိအမှတ်ပြုထားမယ် ဒါပဲ၊ ဘာမှကတိမပေးနိုင်ဘူး၊ သူတို့ဘက်ကလည်း တောင်း စကားတွေ မပြောနဲ့ဆိုတာ ငါ ကြိုပြောပြီးသား၊ ဒါကိုမှ နားမထောင်ဘဲ တောင်းစကားပြောလာရင်တော့ ငါက စဉ်းစားလိုက်ဦးမယ်ပဲ ပြန်ပြောမှာပဲ"

"အင်းပါ ... ဟုတ်ပါပြီ၊ အဲသလိုပဲ မှာထားပါတယ်၊ အခု ကလည်း ဦးအောင်မော်နဲ့ ဦးမြတ်စိုးတို့ စုံတွဲပါပဲ၊ ကိုယ်





နဲ့လည်း သိပြီးသားတွေ၊ စကားပြောကောင်းရုံလေးပဲ ခေါ်လာတာဆိုတာ ပြောပြီးပြီပဲဟာ"

"အဲဒါကို ဘာမှ ခမ်းကြီးနားကြီး ဝတ်စားကြိုဆိုမနေနိုင် ပါဘူးကွာ"

"ရှင့်သဘော ... ရှင့်သဘော၊ ရှင့်ဟာရှင် ဝတ်ချင်သလိုသာ ဝတ်စားတော့၊ ဒါပေမဲ့ ဒီပုံနဲ့တော့ မဖြစ်ဘူး၊ အဝတ်အစား တော့လဲ"

ဦးထူးသစ်က နေရာမှထကာ အပေါ်ထပ်လှေကား ကို နှစ်ထစ် သုံးထစ် တက်လိုက်ပြီးမှ သုန်မှုန်မှုန်နှင့် လှည့်ကြည့် ကာ ...

"ဒါနဲ့ နေပါဦး၊ ဒီကောင့်ကို ငါက ဘယ်လိုခေါ်ရမှာ လဲ"

"........."

ဦးထူးသစ်စကားက ဒေါ်စန္ဒီကိုပါ တွေဝေဆွံ့အ သွားစေကာ သမီးဖြစ်သူ ပွင့်သစ်စထံ လှမ်းကြည့်လိုက်မိပါသည်။

"သူ့ကို ငါက ဦးမင်းကင်းလို့ ခေါ်ရမှာလား"

"ဦးမင်းကင်းလို့တော့ မခေါ်နဲ့ပေါ့ရှင်"

"ဒါဖြင့် ဘယ်လိုလဲ"

"ကို ... ကိုမင်းကင်း ဆိုရင်ရော"

"ဟာ ... သမက်လောင်းဆိုတဲ့ကောင်ကို 'ကို' တပ်ခေါ်စရာ လားကွ၊ ငါကပဲ သူ့ကို တလေးတစားလိုလို"

"ဒါဖြင့်လည်း ရှင် ဘယ်လိုခေါ်ချင်လဲ၊ မောင်မင်းကင်းလား၊ မင်းကင်းလား၊ ရှင်ကြိုက်သလိုသာ ခေါ်ချည်တော့။ ဟိုက ရှင်ခေါ်တာကို ဒီလိုမခေါ်ပါနဲ့လို့ အထွန့်တက်မှာမှ မဟုတ်တာ"

"သူကကော ငါတို့ကို ဘယ်လိုခေါ်မှာလဲ"

"ဒါ ... ရှင့်ကိစ္စ မဟုတ်ဘူးလေ ဒက်ဒီ သူ့ကိစ္စ၊ သူ့ဟာသူ စဉ်းစားလိမ့်မယ်၊ ရှင်ဝင်ပြီး ခေါင်းရှုပ်ခံမနေနဲ့"

"ဟို ... သမီးက အန်ကယ် အန်တီခေါ်ဖို့ ပြောထားတယ် ဒက်ဒီ"

"ဘာ"

အဖေဖြစ်သူ ဆောင့်အော်လိုက်၍ ပွင့်သစ်စက ကုပ်လေးပုသွားရပါသည်။

"ငါ့ထက် ငါးနှစ်လားငယ်တဲ့ကောင်က ငါ့ကို အန်ကယ် ခေါ်လို့ရမလား၊ ညည်းမာမီဆို တစ်နှစ် နှစ်နှစ်ပဲငယ်တာ၊ အန်တီခေါ်စရာလား"

ပွင့်သစ်စ မျက်နှာလေးက စိတ်ရှုပ်လက်ရှုပ် မှုန်တေလာကာ ...





"ဒါဖြင့် သမီးက ဘယ်လိုသင်ရမှာလဲ၊ အသက်ဘယ်လောက်ပဲကွာကွာ ဝါအရ တော်စပ်ပုံအရ ဒီလိုခေါ်မှတင့်တယ်မှာ မဟုတ်လား၊ ကိုထူးသစ် ... မစန္ဒီလို့ ခေါ်လို့ဖြစ်ပါ့မလားလို့၊ ဒီလောက်ခေါ်ရခက်တာ အဆင်ပြေသလိုပဲ ကြည့်ခေါ်ရမှာပေါ့ ဒက်ဒီကလည်း"

"အဲဒါ နင့်အပြစ်ပဲလေ၊ နင် ဘာဖြစ်လို့ လိုက်လျောညီထွေ သဟဇာတ မဖြစ်နိုင်တဲ့ဟာကို ရှာလာသေးလဲ၊ တောက် ... မထော်မနန်းကွာ၊ နည်းနည်းကလေးမှ ငါ မကျေနပ်ဘူး၊ မဖြစ်နိုင်လွန်းလို့သာ ကြည့်နေတာမှတ်"

"အန်တီ ... ဒီပုစွန်တုပ်ကြီးဟင်းကကော ခပ်ရမှာလား"

နောက်က အရိပ်မေးသံကြောင့် ...

"ဩော် ... ခပ်ရမှာပေါ့ဟယ်၊ ချက်ထားသမျှ ဟင်းအားလုံးက ညှော်သည်ကျွေးဖို့ချည်းပဲပေါ့၊ မေးနေစရာလား၊ ညည်းတို့ကတစ်မျောင့်"

ဒေါ်စန္ဒီက စိတ်ရှုပ်ရှုပ်နှင့် ခပ်ငေါက်ငေါက်ပြေလိုက်လျှင် ...

"ပုစွန်တုပ်ကြီး ... ဟုတ်လား၊ တစ်လနေလို့ တစ်ခါမချက်တဲ့ဟင်းကို မင်းက ချွေသမက်လောင်းလာမှာမို့ ချက်တာပေါ့လေ ... ဟုတ်လား၊ စေတနာတွေ ရေစီးကမ်းပြိုမနေနဲ့၊ ခပ်တန်းတန်းပဲ ဆက်ဆံ"

"ရှင် ဘယ်လိုဖြစ်နေတာလဲ ဒက်ဒီ၊ အိမ်လာဖို့ လက်ခံပြီးမှ နေရင်းထိုင်ရင်း ရစ်မနေနဲ့၊ ညွှန့်သည်အိမ်လာတာ ညွှန့်သည်နဲ့ တူတူတန်တန်တော့ ချက်ကျွေးရမှာပေါ့"

"ပြီးခဲ့တဲ့ စနေနေ့က ငါ့အစ်မလင်မယား အိမ်မှာထမင်းလာစားတုန်းကကျတော့ မင်း အဲဒီပုစွန်တုပ်ကြီး ချက်မကျွေးပါလား၊ ဒါလည်း ညွှန့်သည်ပဲ မဟုတ်လား"

"မမချစ်တို့က ညွှန့်သည်မှ မဟုတ်တာပဲ၊ အမြဲလာနေတဲ့ အမျိုးပဲဟာ၊ ရှင်ရစ်စရာမရှိ ရှာရစ်နေတာနော် ဦးထူးသစ်၊ ဘာဖြစ်နေမှန်းကို မသိဘူး"

"မသိဘူးလေ၊ မင်းလည်းပဲ ငယ်ငယ်က အာစီတူးမှာကင်းရာနုံးမှာ သူ့မေဂျာမှာ ကင်းဖြစ်ခဲ့တဲ့ ဒီကောင်ကို စိတ်လေးဘာလေး ဝင်စားခဲ့သေးလားလို့ပါ၊ စေတနာတွေပိုပြီး ပျာယာခတ်နေတော့"

"ကိုထူးသစ်"

ဒေါ်စန္ဒီက ဒေါသတကြီး အော်လိုက်ကာ ...

"ရှင် ဘာတွေလာပြောနေတာလဲ၊ ဘာဖြစ်နေတာလဲ၊ ကြည့်ရတာ ကျွန်မကတော့ ဒီ မင်းကင်းကို ကျိတ်စိတ်မဝင်စားခဲ့တာ အမှန်ပဲဆိုတော့ ရှင် ဒီလောက်ဖြစ်နေပုံထောက်ရင် ရှင်ကြိုက်တဲ့ဟာမ တစ်ယောက်ယောက်က





မင်းကင်းနောက် ပါသွားဖူးတာပဲ ဖြစ်လိမ့်မယ်၊ ဟုတ်တယ်မဟုတ်လား၊ ဖြစ်နေပုံကိုက ရိုးကိုမရိုးဘူး၊ ကျွန်မပြောတာမှန်တယ် မဟုတ်လား၊ ဝန်ခံစမ်းပါ"

ဦးထူးသစ် မျက်နှာကြီးက မည်းပုပ်သွားရပါသည်။

"ဟာ ... ဒက်ဒီနဲ့ မာမီကလည်း သိပ်စိတ်ညစ်ဖို့ကောင်းတာပဲ၊ တစ်ယောက်နဲ့တစ်ယောက် ငယ်ကျိုးငယ်နာတွေ ဘာလို့ပြောနေရတာလဲ၊ ပြောစရာအကြောင်းလည်းမရှိဘူး၊ ဟိုမှာလည်း လာတော့မယ်၊ ခုလို ငြင်းခုန်ရန်ဖြစ်နေရမယ့် အချိန်မှ မဟုတ်တာ"

"ညည်းရဲ့ဖမည်းတော် ဖြစ်နေတာလေ၊ ငါ ဘာမှမဖြစ်ဘူး၊ လက်စသတ်တော့ ခုမှ စဉ်းစားမိတယ်၊ သူငယ်ငယ်က ဆေးကျောင်းမှာ သူကြိုက်တဲ့မိန်းမတစ်ယောက်ရှိတယ်၊ သူလိုက်လို့မရခဲ့ဘူးဆိုတာ ငါ ကြားဖူးတယ်၊ အဲဒါ မင်းကင်းလက် ပါသွားလို့ဖြစ်မှာပဲ၊ သေချာတယ်၊ ဒါကြောင့် ဒီလောက် မကျေနိုင် မချမ်းနိုင် အငြိုးတကြီး ဖြစ်နေတာ ...

မဆီမဆိုင် ... ကျုပ်ကိုတောင် ညည်းအဖေက စွပ်စွဲလိုက်သေးတယ်၊ သူ့ဟာကို ဖုံးဖိချင်လို့ ငါ့ဘက်လွှဲချတာလေ၊ လက်စသတ်တော့ ရှင့်အငြိုးအတေးက ဒီလိုကိုး ကိုထူးသစ်ရဲ့"

"မင်း ဘာတွေ မဟုတ်တာတွေ လျှောက်ပြောနေတာလဲ"

"ဒါကလွဲရင် ဘာရှိလဲ၊ ရှင် ဒါကြောင့်မို့ ရိုးရိုးသဘော မတွေ့တာမကနိုင်အောင် ငြိုးသူရန်ဘက်လို ဖြစ်နေတာ။ ရှင့်အသည်းကို ခွဲဖူးလို့ပေါ့ ... ဟုတ်လား"

"မဟုတ်ဘူးကွ၊ မဟုတ်တာတွေ မင်း ပြောမနေနဲ့ စန္ဒီ"

"ကဲ ... တော်ပါတော့၊ ဒက်ဒီရော မာမီရော တော်ပါတော့၊ တော်ကြာ ရောက်လာတော့မှာ၊ ဘာတွေစကားနိုင်လုနေမှန်းလဲ မသိဘူး၊ မာမီတို့ဟာတွေက ရှက်စရာတောင်ကောင်းတယ်"

ဦးထူးသစ် လှေကားမှ သုန်မှုန်မှုန် တက်သွားချိန်မှာပဲ ခြံဝက ကားဝင်လာသံတွေ ကြားလိုက်ရပါတော့သည်။ ဒေါ်စန္ဒီနှင့် မွှင့်သစ်စသာ ဧည့်သည်များကို ဆီးကြိုနေရာချကြရင်း မွှင့်သစ်စက မင်းကင်းအနားကပ်ကာ ...

"ကိုကို ... ဒက်ဒီတို့ကို အန်ကယ် အန်တီ မခေါ်နဲ့တော့၊ ဒက်ဒီက မကြိုက်ဘူးတဲ့"

"ဒါဖြင့် ဘယ်လိုလဲ ... အစ်ကိုကြီး ... အစ်မကြီးလား"

"ဘယ်လိုမှ ခေါ်မနေနဲ့တော့၊ နာမ်စားမပါပဲသာပြောတော့"

မင်းကင်းမှာ နဂိုကမှ ရင်ထိတ်ရ လန့်ရတဲ့ကြားထဲ မွှင့်သစ်စရဲ့သတိပေးစကားကြောင့် ပိုပြီးစိတ်ကျဉ်းကျပ်ရသည်။





အင်း ... သူကလည်း တက္ကသိုလ်ကာလတုန်းက ပြောစမှတ်တွင်ရအောင် အဖော်အတွဲ ချစ်သူရည်းစားတွေ များပြောင်းခဲ့တာကိုး။ နှစ်ချင်းမတိမ်းမယိမ်းတွေဖြစ်၍ ဒါတွေကို မီးလေးရဲ့မိဘတွေသိကြ ကြားကြတာကိုလည်း သူသိနေကာ မျက်နှာပူမိတာပါ။

သူ့ကြောင့် မျက်နှာသာမရရှာမည့် မီးလေးကိုလည်း ကြင်နာသနားမိသည်။ "နင့်အကောင်က" ဆိုတာမျိုး ပြစ်တင်ဝေဖန်စကားတွေ မီးလေး အပြောခံရမှာမလွဲ။ ရည်းစားတွေ ပွေရှုပ်ခဲ့သူကိုမှ ချစ်နေမိတဲ့သူအဖြစ် မီးလေး မျက်နှာငယ်ရှာရာမည်။ ဒါကြောင့်မို့ သူက မီးလေးကို အမြဲထာဝရ သစ္စာရှိရှိ ရိုးမြေကျမြတ်နိုးသွားဖို့ အခိုင်အမာ ဆုံးဖြတ်ထားပြီးသားပါ။

"ဦးထူးသစ်ရော"

"ရှိပါတယ် ဦးအောင်မော်၊ ခုပဲ ဆင်းလာပါလိမ့်မယ်ရှင့်၊ နေကောင်းတယ်နော်၊ မတွေ့တာတောင် ကြာပြီ"

ဒေါ်စန္ဒီက ခပ်ယို့ယို့ဝင်ထိုင်လိုက်သည့် နရှိန်ထိနဆဲ ... သန့်ဆဲ ... ချောဆဲ ... ကြည့်ကောင်းလှတဲ့ မင်းကင်းကို အကဲခတ်မိသည်။ ကိုယ်နဲ့ နှစ်နှစ်လောက်ပဲကွာတယ်မှ မထင်ရတာ။ နချောလိုက်တဲ့သူပဲ။ ဒါကြောင့်လည်း သမီးလေးခမျာ စွဲလမ်းတကြီး ချစ်ရှာပေသည်။ ဘယ်လိုပင်ဖြစ်စေ ရင်းကိုရင်းနှီးကြရမည့် သူတွေချင်းဖြစ်၍ ဒေါ်စန္ဒီကပင် စတင်ကာ ...

"ကျွန်မညီမ ယမုန်နဲ့ ဘာက်ချ်တူတူပဲနော်"

"ဟုတ်ကဲ့ ခင်ဗျ၊ အခု ယမုန် ဘယ်မှာလဲ မသိဘူးခင်ဗျ"

"ယမုန်က ကနေဒါမှာလေ"

"ဩော် … ဟိုမှာပဲ အပြီးလားခင်ဗျ၊ အိမ်ထောင်ကျပြီလား"

"အပြီးပဲ ထင်ပါရဲ့၊ အိမ်ထောင်ကျပြီး ယောကျာ်းအလုပ်ကလည်း ဟိုမှာအခြေကျတာဆိုတော့ ဟိုမှာပဲပေါ့၊ သားလေးနှစ်ယောက်နဲ့လေ"

ရုတ်တရက် ဧည့်ခန်းထဲ ဦးထူးသစ် ရောက်လာ၍ ဦးအောင်မော်၊ ဦးမြတ်စိုးတို့က ထရပ်လက်ဆွဲနှုတ်ဆက်ကြ၍ မင်းကင်းလည်း ထရပ်လိုက်ရပါသည်။

"ဦးထူးသစ် မတွေ့တာကြာပြီခင်ဗျ၊ အကြောင်းကိစ္စရှိမှပဲ ဆုံကြရတော့တာပဲဗျာ"

"ဒါပေါ့ဗျာ"

"ကျွန်တော့်အမေလည်း နေကောင်းနေတာနဲ့ ဦးထူးသစ်ဆီတောင် မရောက်တာ ကြာပြီဗျ၊ ခုမှပဲ တိုက်တိုက်ဆိုင်ဆိုင်၊ ခုလိုဆုံကြရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်ပဲ မိတ်ဆက်ပေးရဦးမယ်၊ ဆုံဖူးပြီးသားလားတော့ မသိပေမယ့် ဒါက ကိုမင်းကင်းပါ၊ မင်းကင်းထရိတ်ဒင်းကုမ္ပဏီလီမိတက်ပါ"





မင်းကင်းက ညာလက်လေး ရှေ့ထုတ်လိုက်ပေမယ့် ဦးထူးသစ်က လက်လည်းမကမ်း မင်းကင်းကိုလည်း မကြည့်ဘဲ သူ့ပေါင်ကိုသာ သူပုတ်ရင်း ဝင်ထိုင်လိုက်ကာ …

"မဆုံဖူးပါဘူး၊ နာမည်သာ ကြားဖူးတာပါ"

မင်းကင်းက လက်လေးသိမ်းကာ သူလည်းပြန်ထိုင်လိုက်ရပါသည်။

"ဟုတ်ကဲ့ … ကိုမင်းကင်းက ကျွန်တော်တို့ထက် ငယ်ပေမယ့် စီးပွားရေးမိတ်ဆွေတွေလည်း ဖြစ်တဲ့အပြင် ညီအရင်းလေးလိုပါပဲ၊ အင်မတန် ခင်မင်ပါတယ်၊ စီးပွားရေးအကွက်မြင် လာဘ်မြင်တဲ့ နေရာမှာတော့ ကျွန်တော်တို့တွေ လန့်နေကြရတဲ့ လူငယ်ပါပဲဗျာ … ဟဲ ဟဲ"

"လူငယ်ဆိုပေမယ့်လည်း ရိုးရိုးသားသား တည်တည်ကြည်ကြည်နဲ့ ကျွန်တော်တို့တောင် ပြန်အတုခိုးရဦးမလို့ပဲဗျ … ဟား ဟား၊ ဦးထူးသစ်တို့ ဒေါ်စန္ဒီတို့လည်း ကြားဖူးမှာပါ ကိုမင်းကင့်အဖေဆိုလည်း '……'ဆိုတော့ မျိုးရိုးအသိုင်းအဝိုင်းအနေနဲ့လည်း ပြောစရာမရှိတဲ့သူပါ"

အမွှန်းတင်နေကြတာကို ဦးထူးသစ်က အမြင်ကတ်လာရပါသည်။ ဘာလူငယ်လဲ။ သူ့ထက်တောင် ဘယ်လောက်မှ မငယ်တော့တာ။ ရိုးရိုးသားသား တည်တည်ကြည်ကြည်တဲ့။ ရုပ်ရှုပ်ပွေပွေဆိုတာလေးကော ထည့်မိတ်ဆက်မပေးကြတော့ဘူးလား။

"သိပြီးပါပြီ၊ ဒါတွေ သမီးပြောပြလို့ သိထားပြီးပါပြီ၊ ရပါပြီ၊ ထူးပြီးမိတ်ဆက်ဖို့ မလိုတော့ပါဘူး။ ကဲဗျာ ... ထမင်းလေးသာ သုံးဆောင်လိုက်ကြရအောင်၊ ကျွန်တော့် မိန်းမ သေသေချာချာကို စီစဉ်ချက်ပြုတ်ထားတာလေ အားပေးလိုက်ကြရအောင်ပေါ့ ... အဟင်း ဟင်း"

အမွှန်းတင်မိတ်ဆက်ဖို့တွေ စကားလုံးစီထားတဲ့ ဦးမြတ်နိုးတို့ ဦးအောင်မော်တို့ တိုးလိုးတန်းလန်း ဆက်ပြောခွင့်မသာဘဲနှင့် ခရီးရောက်မဆိုက် ထမင်းဝိုင်းကြီးဆီပဲ ကြွမြန်းလိုက်ကြရပါသည်။ ထမင်းဝိုင်းမှာလည်း ရောက်တတ်ရာရာ အလျဉ်းသင့်ရာတွေ ပြောဆိုရင်းနှင့်သာ ပြီးဆုံးခဲ့ရပါသည်။

♦ ♣ ♦





၆

တံခွန်က မမတာလက်ကိုဆွဲကာ ဆိုင်ပြင်ထွက်လာခဲ့ပါသည်။

"မမတာ ... ကျွန်တော် မယူပါဘူးဆိုမှ ဘာလို့ဖွတ်ဝယ်ဖို့ ပြင်နေတာလဲ"

အတာက "တံခွန်လက်ဆွဲရာနောက် ရှန်းရင်းကန်ရင်း ပါလာရင်းက ...

"ဘာဖြစ်လဲ၊ ရှင်နဲ့လိုက်လို့ ဝယ်ပေးချင်တဲ့ဟာကို"

တံခွန်က ခေါင်းလေးအသာယမ်းရင်း ...

"မမတာရယ် ... လိုအပ်မှ မလိုအပ်ဘဲ၊ ဝတ်စရာအကျီတွေလည်း ရှိနေတာပဲကို"

"တံခွန်ကလည်း၊ အကျီတွေ ဘာတွေ ဝယ်တယ်ဆိုတာ ဝတ်စရာမရှိတော့လို့ ဝယ်တဲ့သူရှိလား၊ ဒီလိုပဲ ဝယ်ကြတာပဲဟာ၊ တံခွန်နဲ့ လိုက်လို့ပါဆို"

"မမတာရယ်၊ ကျွန်တော့်ကို နေရခက်အောင် မလုပ်ပါနဲ့၊ အလကားနေရင်း ဟိုဟာဝယ်ပေး၊ ဒီဟာဝယ်ပေးတွေ မလုပ်ပါနဲ့ မမတာရယ်၊ ကျွန်တော်က ယောက်ျားလေးပါ၊ ကျွန်တော်က အလုပ်အကိုင် နိုင်နိုင်မာမာ မရှိသေး၊ ဝင်ငွေလည်း မရှိဘဲနဲ့ မမတာ ဝယ်ပေးတာတွေချည်း ယူနေရတာကို စိတ်မသန့်ပါဘူး"

အတာက တံခွန့်ကို စိတ်မကောင်းသလိုလေး ငုံကြည့်ရင်း ...

"တံခွန်ကလည်း"

"ဟုတ်တယ်၊ လူတွေက အလကားနေရင်းနဲ့တောင်မှ ပြောချင်နေကြတာ၊ ဒီလောက် အသက်အရွယ်ကွာခြားတာကို ကျွန်တော်က မျှော်ကိုးချက်ကြီးနဲ့ မမတာကို ချစ်သူတော်ထားတာလိုမျိုး"

"အောင်မာ၊ အဲလိုပြောတဲ့သူကို တည့်တည့်တွေ့ရင် အတာဆီ ခေါ်လာလိုက်စမ်းပါ၊ နောက်တစ်ခါ မပြောရဲအောင် ပညာပေးရမယ်၊ အဲလိုပြောရအောင် ကျုပ်ကကော ဘယ်လောက်တောင်မှ ကြီးမြတ်မြင့်မားနေတာမို့လို့လဲ"

"ကျွန်တော့်ကျတော့ ပြည့်စုံမြင့်မားတာပဲလေ၊ အနည်းဆုံး ကျွန်တော့်မှာ အလုပ်လေးတစ်ခုခု ရှိရင်တောင်"





"တံခွန်က အလုပ်မလုပ်တာမှ မဟုတ်တာ၊ မမတာ အပြစ်လည်းပါတယ်၊ တံခွန်ရဖူးတဲ့ အလုပ်နှစ်ခုကို မမတာက ထွက်ခိုင်းပစ်တာလေ"

ဟုတ်တော့လည်း ဟုတ်ခဲ့သည်။ တံခွန်က နောက်ဆုံး တက္ကစီတောင်မောင်းတော့မည် လုပ်တာကို မမတာက "မမောင်းရဘူး" လို့ ပယ်ချခဲ့သလို ရှေ့မှာရဖူးတဲ့ အလုပ်နှစ်ခုကိုလည်း မမတာကပဲ မလုပ်စေခဲ့တာပါ။

တစ်ခုကတော့ စက်မှုဇုန်ထဲက စက်ရုံမှာ။ ကုန်သတ္တာငယ်တွေကို စက်ရုံကနေတင်ပြီး ဂိုဒေါင်ဆီရွှေ့ပြောင်းတဲ့ကားကိုမောင်းရမှာမို့ ဉာဏအလုပ်မျိုးပဲ လုပ်စေချင်တယ်ဆိုတဲ့ မမတာက တစ်လအကြာမှာ အလုပ်ထွက်ခိုင်းလိုက်တာ။ ဒုတိယအလုပ်ကလည်း ပုံနှိပ်တိုက်တစ်ခုမှာ။ ပေါ်လာတဲ့အလုပ်ကို အလုပ်မရွေး ကောက်လုပ်ရမှာမျိုးမို့ မမတာ စိတ်ကြိုက် စားပွဲမှာထိုင်နေရတဲ့အလုပ် မဟုတ်ပြန်။ ဒါကြောင့် နှစ်လလောက်နေပြီး မမတာကပဲ ထွက်ခိုင်းခဲ့ပြန်တာပါ။

"ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဘယ်သူ့ကြောင့်ဖြစ်ဖြစ်ပါ၊ မမတာ အဲသလို ဟိုဟာဒီဟာလေးတွေ ဝယ်ပေးရင် ကျွန်တော်က ဝမ်းနည်းရတယ်၊ ငါကကျတော့ ယောက်ျားလေးဖြစ်ပြီး ကိုယ့်ချစ်သူကို ကိုယ်ဘာမှလဲ ဟုတ်တိပတ်တိ ဝယ်မပေးနိုင်ပါလားဆိုပြီး စိတ်မကောင်းဖြစ်တယ်"

"တံခွန်ကလည်း ရှည်ရှည်ဝေးဝေး တွေးနေတာကိုး"

"ရှည်ရှည်တွေးတွေး တိုတိုတွေးတွေး မမတာဆီကနေ ကျွန်တော့်ဘက်က အယူချည်းပဲရှိနေတဲ့ဘဝကို မုန်းမုန်းလာတာပါ"

"အမယ်လေး တံခွန်ရယ်၊ ရှင်ကျုပ်ကို ခိုင်ခိုင်မာမာပြည့်ပြည့်ဝဝကြီး ပေးအပ်ထားတဲ့ ချစ်ခြင်းမေတ္တာတွေ၊ သစ္စာတရားတွေ ဘယ်နားသွားထားမလဲဟင်"

"အဲသလို ထိတွေ့ကိုင်တွယ်မရတာတွေက သက်သေပြရခက်တော့ ထိတွေ့ကိုင်တွယ်လို့ရတဲ့ ပေးဆပ်မှုတွေကိုလည်း ကျွန်တော်ပေးချင်သေးတယ်၊ ချစ်သူတွေဖြစ်တာတစ်နှစ်ကျော်လာပြီ၊ ကျွန်တော်က မိန်းမတစ်ယောက်ကိုလက်ထပ်ယူနိုင်တဲ့ အနေအထားတစ်ခုဆီ ခုထိမရောက်သေးဘူး"

အတာသည် မျက်နှာလေး မှုန်နေသော တံခွန့်ကို ချစ်မြတ်နိုးစွာကြည့်ရင်း ရင်ထဲကြည်နူးစိတ် တသိမ့်သိမ့်နှင့် မျက်ရည်ပင်လည်လာပါသည်။ တကယ်တော့ အတာ့ချစ်သူ တံခွန်လေးဟာ ရုပ်သန့်သန့် အသားဖြူဖြူ မျက်ခုံးထူထူမည်းမည်းလေးနှင့် တကယ့်ကို ချစ်ခင်စိတ်ကူးယဉ်ချင်စရာ လူငယ်လေးတစ်ယောက်ပါ။

တံခွန့်အတွက် သက်တူရွယ်တူထဲက ချစ်သူရည်းစားငယ်ငယ်လှလှကလေးတွေ မရနိုင်ဘဲ မရှိပါ။ သူ့ခမျာ မျက်စိ





လည်လမ်းမှားပြီး သူ့ထက်အသက်များစွာကြီးတဲ့ အတာ့ကို ကဗျာမဆန် နန်းမဆန် မိန်းမအစ်ယောက်ကိုမှ စွတ်စွတ်ရွတ်ရွတ် ရေစက်ဆုံ ဖူးစာဆုံကာ လာချစ်မိနေရှာတာကို လေးလေးနက်နက်တွေးလိုက်ရင် အတာ ကရုဏာသက်မဆုံး။

သူကလေးခေါင်းထဲမှာ အတာ့ကို လက်ထပ်ယူဖို့ အိမ်ထောင်ဦးစီးတစ်ယောက် တာဝန်ကျေပွန်နိုင်အောင် ရပ်တည်နိုင်ဖို့ စသဖြင့်တွေကို စိတ်ကူးထားပြီးသား ရှိနေတာ သိရရုံနှင့်တင် ခုထိ ဘာမှဖြစ်မလာသေးတာကိုပါ အတာက အကြွင်းမဲ့ခွင့်လွှတ်နိုင်ပါသည်။

"မမတာ"

"တံခွန်"

"ကျွန်တော်က ဆရာဝန် အင်ဂျင်နီယာဘွဲ့ ရထားတာလည်း မဟုတ်ဘူး မမတာရယ်၊ ရိုးရိုးဘွဲ့လေးတစ်ခုပဲ ရှိတာပါ၊ ကျွန်တော် အလုပ်ရှာနေလို့ ဘယ်ဖြစ်ပါလဲ၊ ဒီတစ်ခါ ဘာအလုပ်ပဲရရ ကျွန်တော် လုပ်တော့မယ်နော်၊ မမတာ မနှစ်သက်တဲ့အလုပ် ဖြစ်နေရင်တောင် နောက်ထပ် ဒီထက်ကောင်းတဲ့ သင့်တော်တဲ့ အလုပ်မျိုးမရခင်စပ်ကြား ဆက်လုပ်နေပါရစေ။ အမေ့ကိုလည်း ပြောပြီးပြီ၊ အမေကလည်း မမတာလိုပဲလေ၊ ဟိုအလုပ်သိမ်ငယ်တယ်၊ ဒီအလုပ်နိမ့်ပါးတယ်နဲ့၊ ကျွန်တော်က ဒီလိုအလုပ်တွေ မလုပ်ထိုက်ရအောင် ဘာကောင်ကြီးမို့လို့လဲ"

"ဒါတော့ တံခွန့်အမေကလည်း သူ့ရဲ့တစ်ဦးတည်းသော သားလေးကို ချစ်လွန်းလို့ တော်ရုံအလုပ်မျိုး ပင်ပန်းတဲ့ အလုပ်မျိုး မလုပ်စေချင်ရက်လို့ပေါ့၊ မမတာနဲ့ ဒီနေရာ တော့ တူတူပဲနေမှာ၊ တံခွန့်ကို ချစ်လို့လေ"

"ချစ်တာတော့ ချစ်တာပေါ့၊ ဒါပေမဲ့ ကျွန်တော်က ယောကျ်ားတစ်ယောက်လေ၊ ကျွန်တော့်မှာ အထိုက် အလျောက် အားကိုးခံနိုင်မှု မရှိဘဲနဲ့ ကျွန်တော် မမတာ ကို ဘယ်လိုလက်ထပ်မလဲ"

အတာက တဖျပ်ဖျပ်တှန်သောရင်နှင့် ကြည်နူးသော အပြုံးလေးနှင့် တံခွန့်ကို မျက်စိလေးဝေ့ကာ ကြည့်မိသည်။ တကယ်ဆို တွဲသွားကြရင် တံခွန်နှင့်အတာ့ကို ရည်းစားတွေလို တောင် ဘေးလူတွေက ထင်မှာမဟုတ်။ မိန်းကလေးက အသက် နည်းနည်းပိုကြီးတဲ့ ရည်းစားစုံတွဲနဲ့မတူဘဲ အစ်မကြီးလား ခေါလေး ငယ်လားတောင် ထင်ရလောက်စရာပါ။

သို့ပေမယ့် တံခွန်က သူ့ကိုယ်သူ ရင့်ရင့်ကျက်ကျက် ဝတ်စားဆင်ယင်ပြီး အတာ့ကိုလည်း လက်တွဲဖို့ ကြင်နာဖို့ ဘယ်တော့မှ ရှက်ရွံ့ဝန်လေး တုံ့နှေးမှုမရှိ။ အမြဲဂရုတစိုက်ရှိတဲ့ ချစ်သူလေးပါ။

"တံခွန် ... ဟို ... ရှမ်းဆိုင်လေးမှာ တစ်ခုခုစားရအောင်"

"ဗိုက်လည်းမဆာဘဲနဲ့၊ ပိုက်ဆံကုန်တယ် မမတာကလည်း"

"ကဲပါဟယ်၊ ငါဆာလို့ပါ ,တကတဲမှ၊ လာ"





ရွှေပင်းမောလ်ကြီးရဲ့ စားသောက်ဆိုင်တန်းက ရှမ်း ဆိုင်လေးတစ်ဆိုင်ထဲ ဝင်ထိုင်လိုက်ကာ စားသောက်စရာမှာပြီးလျှင် အတာက ရက်အတော်ကြာကြာ နေ့စဉ်အထပ်ထပ် စဉ်းစားခန်း ဝင်ခဲ့မိတဲ့ အကြောင်းအရာတစ်ခုကိုပြောဖို့ အားယူဖျိုးလိုက်ပါ သည်။

"တံခွန်"

"ဗျာ"

"တံခွန့်ကို ပြောစရာရှိတယ် သိလား"

"ပြောလေ မမတာ"

"ဟိုလေ ... တံခွန့်ကိုလေ ခုလို အခြေအနေ အနေအထား နဲ့ပဲ မမတာ သိပ်ချစ်တယ်ဆိုတာ တံခွန်ယုံတယ် မဟုတ် လားဟင်"

"ဗျာ"

တံခွန်က ရယ်ကျဲကျဲပင် ဖြစ်သွားရသည်။ အမြဲ ခပ်ကြမ်းကြမ်းနှင့် ချစ်သူတွေရယ်လို့ တီတီတာတာ ပြောဆိုခဲ့လှ တဲ့ မမတာထံက ချိုသာ ကဗျာဆန်တဲ့ စကားမျိုးလေး ကြား လိုက်ရ၍ ထူးဆန်းပြီး ရှက်သလိုလိုတောင် ခံစားရသေးလို့ပင်။

"ယုံပါတယ် မမတာရဲ့"

"မမတာ အခုပြောမယ့်စကားအပေါ် တံခွန်နားလည်မှုလွဲ ပြီး တစ်မျိုးထင်မှာစိုးလို့ စကားခံရတာပါ၊ ပြီးတော့ ဒီ

စကားအပေါ်လည်း တံခွန် စိတ်မဆိုးနဲ့၊ မမတာ ပြောတာကို ဘယ်လိုမှ သဘောမထားနဲ့၊ ဒါပြောကို ပြောပြရမယ့်ကိစ္စမို့ မမကာက ပြောမှာ"

"ဘာမို့လို့လဲ မမတာရယ်"

"မမတာ ဟိုတလောက ဦးညိုဝင်းနဲ့ စကားပြောဖြစ်တယ်၊ မမတို့ ဟိုဘက်လမ်းထဲက မူးနေတဲ့ ဦးညိုဝင်းကြီးလေ"

"ဟုတ် ... ကျွန်တော် သိတယ်လေ"

တံခွန်က အံ့အားတသင့်လေး နားစွင့်နေမိပါသည်။

◆ ♣ ◆

ကုမ္ပဏီခြံဝင်းရှေ့ ရစ်သီရစ်သီလုပ်နေတဲ့ ဦးညိုဝင်းကို ဂိတ်စောင့်ရုံလေးထဲက လုံခြုံရေးဝန်ထမ်းက မျက်စိနောက်လာသလို ထ,ထွက်လာကာ ...

"ဗျို့လူကြီး၊ ခင်ဗျားကို ဟိုနေ့ ဟိုနေ့တွေကလည်း ပြောပြီးပြီ၊ ကျုပ်တို့သူဌေးမရှိဘူး၊ သူဌေးက ရုံးထိုင်တာနည်းတယ်၊ လျှောက်သွားနေရတာ၊ မရှိပါဘူးဆိုတာကို ရက်ခြားလာလာပြီး ခင်ဗျား ဘာလာလုပ်နေတာလဲ၊ ခြံဝမှာ ဒီလို ရစ်သီရစ်သီနေလို့ မရဘူးဗျ၊ သွားဗျာ ... ကိုယ့်လမ်းကိုယ်သွားပါ"





"ခင်ဗျား တယ်ခက်တာပဲ၊ ကျွန်တော်က မင်းကင်း ... အဲ ဦးမင်းကင်းနဲ့ တွေ့စရာကိစ္စရှိလို့ပါ၊ ခင်ဗျားတို့ သူဌေးက ကျွန်တော့်သူငယ်ချင်းပါ"

"ခင်ဗျားနဲ့ သူငယ်ချင်းဆိုတာကိုလည်း ကျွန်တော်ကမငြင်းပါဘူး၊ မရှိတာကိုပဲ မရှိဘူးပြောတာပါ"

"ခင်ဗျားက သူဌေးရဲ့ဟဲန်းဒ်ဖုန်းနံပါတ် ပေးပါဆိုလည်း မပေးဘူး"

"သူဌေးရဲ့ဟဲန်းဒ်ဖုန်းနံပါတ် ကျွန်တော်တောင် မသိဘူး၊ ခင်ဗျားကိုပေးဖို့ နေနေသာသာ"

"မေးလိုက်ပေါ့ဗျ"

"မေးလည်းပဲ သူများလာမေးလို့ဆိုတိုင်း ပြောမလားဗျ၊ ကုမ္ပဏီရုံးဖုန်းနံပါတ်ခု ခင်ဗျားသိတာပဲ၊ ဒါတွေကိုဆက်ပေါ့"

"ဒါတွေက မင်းတို့သူဌေးတန်းကိုင်တာမှ မဟုတ်တာ၊ ကြားကကိုင်နေတဲ့လူတွေကလည်း အကြောင်းကိစ္စကို မှာခဲ့ပါချည်းပဲ ပြောလွှတ်နေတာ၊ သူဌေးကိုလည်း ပြန်ပြောပေးပုံ မပေါ်ပါဘူး"

"ခင်ဗျားက မှာဆို မှာခဲ့လိုက်ပေါ့"

"မှာစရာမှ မရှိတာ"

"ဟာ ... ဒါဖြင့်လည်း ဘာလို့လာနေသေးလဲဗျာ"

"ဟ ... ကျုပ်သူငယ်ချင်းဟောင်းပါလို့ ပြောပြီးပြီပဲ၊ အကြောင်းကိစ္စ မရှိပေမယ့် နှုတ်ဆက်ဖို့တွေ့ဖို့ လာတာပေါ့"

"ဒါဖြင့်လည်းဗျာ သိပ်ခင်နေလည်း အိမ်ကိုသွားပေါ့ဗျ"

"ဟ ... သူ့အိမ်မှ မသိတာ"

"သူငယ်ချင်းဆို"

"ငယ်သူငယ်ချင်း ... ငယ်သူငယ်ချင်း၊ မတွေ့တာကြာပြီ"

"မတွေ့တာကြာပြီပဲဗျာ၊ မတွေ့လက်စနဲ့ မတွေ့နဲ့တော့ပေါ့"

"ဟော့လူ ... ခင်ဗျား နောက်နေတာလား"

"အတည်ပြောနေတာဗျ၊ ခြရေ့ ဒီလို လူရစ်သီရစ်သီရှိရင် ကျုပ်အဆူခံရတယ်၊ ခညှသည်တွေ ဘာတွေလာရင် မြင်ကွင်းရှုပ်ရှုပ်ယှက်ယှက် ဖြစ်တယ်ဆိုတာ လူကြီးတွေက မကြိုက်ဘူးဗျ"

"အမယ်လေးဗျာ ... ခင်ဗျားတို့ ကြီးကျယ်လိုက်ကြတာ၊ မြင်ကွင်းရှုပ်တာတောင် မကြိုက်ဘူးတဲ့၊ ဒါဖြင့်လည်း သဲကန္တာရကြီးထဲ သွားနေကြပါလား"

"ဟိုနေ ... ဒီနေ ဆိုတာ ခင်ဗျားစီမံခန့်ခွဲစရာ မဟုတ်ဘူး၊ ကဲ ... ခင်ဗျားသွားမှာလား၊ မသွားဘူးလား၊ နောက်စကာနေရင် မန်နေဂျာချုပ် ပြန်လာတော့မယ်"

"ခင်ဗျားတော့ ကျုပ်ကိုနှင်လွှတ်နေတဲ့အတွက် ဘဝအတွက် အများကြီး ကျူးလွန်မိနေပြီဆိုတာ သိပုံမပေါ်ဘူး"

လုံခြုံရေးဂိတ်စောင့်က 'ကြီးကျယ်ရန်ကော' ရယ်လို့ စိတ်လက်မရှည် အမြင်ကတ်စွာ မျက်စောင်းကြီးနှင့်ကြည့်ရင်း ...





"မှားမှားဗျာ၊ ခင်ဗျားသွားရင် ပြီးတာပဲ"

"ဟော့လူ ... ဒီခြံရေ့ပလက်ဖောင်းက အများပိုင်လူသွားလမ်းဗျ၊ ကျုပ်ဟာကျုပ်နေတာ ဘာဖြစ်လဲ"

"ကျွတ် ... ဒီလူမူးနဲ့တော့ ခက်နေပြီ"

"ဟော့လူ ... ကျုပ်မမူးဘူး"

"မူးသာမမူးတယ် လဲတော့မယ်၊ ခင်ဗျားတော့ ပြဿနာတော်တော်ရှာနေပြီ"

"ဒီမှာ ... ခင်ဗျား မှားမယ်နော်၊ ခင်ဗျားတို့သူဌေးကို ကျုပ်မတွေ့ရရင် အရေးကြီးတဲ့စကားတစ်ခွန်းကို သူကြားခွင့်မရဘဲဖြစ်မှာ၊ သူ့အတွက် အများကြီး ဆိုးဝါးသွားနိုင်တယ်နော်၊ အများကြီးလည်း နစ်နာသွားနိုင်တယ်နော်"

"ခုနပြောတော့ ဘာမှာစရာကိစ္စမှ မရှိဘူးဆို"

"မှာစရာမရှိဘူး၊ ကိုယ်တိုင်ပြောရမှာ"

"နှုတ်ပဲဆက်ရုံပဲဆို"

"နှုတ်ဆက်ရင်းနဲ့ ပြောရမှာ၊ ဒီမှာဗျာ ... ခင်ဗျား ဘာမှ ညာမနေပါနဲ့၊ ဟိုးခြံနောက်ထဲ တည့်တည့်က ဂိုဒေါင်မှာ ရပ်ထားတာ ခင်ဗျားတို့သူဌေးကား မဟုတ်ဘူးလား၊ ဒီလောက်တောင် နို့နှစ်ရောင်ကြီး တောက်ပပြောင်လက်နေတဲ့ကားကို ခင်ဗျားတို့သူဌေးမစီးရင် ဘယ်သူစီးတာလဲ၊ ဘယ်သူစီးနိုင်တာလဲ"

လုံခြုံရေးဝန်ထမ်းက ခေါင်းကုတ် သက်ပြင်းချမိသည်။ ဟုတ်ပါတယ်။ သူဌေးဦးမင်းကင်းက ရှိနေပါသည်။ ဒါပေမဲ့ ဒီလိုစုတ်ပြတ်ရွဲပြဲနေတဲ့ ချဉ်ပုပ်နံတူးနေတဲ့ အမူးသမားကို သူဌေးနဲ့ ဘယ်လိုလုပ်ပြီး တွေ့ခွင့်ပေးလို့ ဖြစ်မှာလဲ။ ပထမဆုံးရောက်လာတဲ့နေ့က ဂိတ်ရုံမှဖုန်းနှင့် ရုံးထဲကိုလှမ်းအကြောင်းကြားမိ၍ ရုံးထဲကနေ စီစီတီဗီမှကြည့်ကာ သူ့ကိုကြိမ်းမောင်းတာခံရပြီးပြီ။

"ဒီလူမျိုးက သူဌေးကို တွေ့ချင်တာ လှမ်းပြောစရာလားကွ၊ အကြောင်းကိစ္စ မေးပြီးမှ ပြန်လွှတ်လိုက်ပေါ့ကွ"

သူ့မှာ ကြားကအဆူခံလိုက်ရ၍ နောက်နေ့တွေမှာတော့ လှမ်းအကြောင်းကြားမနေတော့ပါ။ ဒီအမူးသမားက နှစ်ရက်သုံးရက်နေ တစ်ခါဆိုသလို ရောက်ရောက်လာနေတာမို့ စိတ်ရှုပ်စရာ ကောင်းလှပါသည်။

"ခင်ဗျား ရုံးဖုန်းတွေဆီ ဖုန်းဆက်တုန်း သူဌေးရဲ့ဟဲန်းဖုန်းနံပါတ် မေးပေါ့ဗျ၊ ဒီရှေ့လာနေတာတော့ ဘာအကျိုးမှမရှိဘူးဗျာ"

ထိုစဉ်တွင် ဂိတ်ရုံလေးထဲကဖုန်းက မြည်လာတာမို့ လုံခြုံရေးဂိတ်စောင့်က အပြေးလှည့်ကာ ဖုန်းသွားကိုင်ရသည်။

"ဟုတ်ကဲ့ပါခင်ဗျ၊ ဟုတ်ကဲ့ပါ"

ဂိတ်စောင့်က ခြံတံခါးဆီ အပြေးပြန်လာကာ ...





"ဟေ့လူ ... ဟေ့လူ ... သွားတော့ ... သွားတော့၊ အခုသွား ... ဖယ်တော့ဗျာ"

"ဟာ ... ဘာလဲဗျ"

"မန်နေဂျာချုပ်ကား လာတော့မယ်၊ ခြံတံခါးကြီးဖွင့်ထားရမယ်၊ ခင်ဗျား သွားတော့"

"ခင်ဗျားဟာခင်ဗျား လုပ်စရာရှိတာလုပ်၊ ဖွင့်စရာရှိတာဖွင့်ပေါ့၊ ကျုပ်ဟာကျုပ် ဒီအုတ်ခုံထိုင်နေတော့ ဘာဖြစ်လဲ"

"ဟာ ... ဟေ့လူ၊ ဒီအုတ်ခုံ မထိုင်ရဘူး၊ ဖယ် ... ဖယ်"

ဂိတ်စောင့်ဟာ ခြံတံခါးကို တစ်ခြမ်းဖွင့်ပြီး နောက်တစ်ခြမ်းကိုတော့ ကိုညိုဝင်း ပြေးဝင်သွားမှာပဲ စိုးရိမ်သလိုလို မဖွင့်ရဲသေးဘဲ အုတ်ခုံက ကိုညိုဝင်းကို ဆွဲထူဖယ်နိုင်းနေတာဖြစ်သည်။ အဲသလို ရှုံ့ချည်နှပ်ချည် တွန်းချည်ထိုးချည် ဖြစ်နေတုန်းပင် ဆလွန်ကားကောင်းကြီးတစ်စီးက ကိုညိုဝင်းရှိရာ အုတ်ခုံရှေ့ကွေ့ဝင်ရပ်လာပါသည်။ တံခါးက တခြမ်းပဲဖွင့်ရသေး၍ ကားကိုဝင်မရတာမို့ ဂိတ်စောင့်ခမျာ မျက်နှာငယ်လေးနှင့် ခြံတံခါးနောက်တစ်ဖက်ကို ပြေးတွန်းဖွင့်ကာ ဦးအကြိမ်ကြိမ်ညွှတ်ပြီး ကားဝင်သွားပြီးလျှင် ခြံတံခါးကို အပြေးပြန်ပိတ်ရရှာသည်။

"မောင်စော"

"ခင်ဗျာ"

"အဲဒါ ဘယ်သူလဲ"

"ကျွန် ... ကျွန်တော် ... ဟိုတစ်ခါပြောတဲ့ ..."

ဂိတ်စောင့် ကားနားခါးကိုင်းကာ ပြောဆိုနေတာကို ကြည့်ရင်း ကိုညိုဝင်းက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ကိန်းခန်းကြီးရန်ကော မင်းကင်းရယ်။ အင်းလေ ... မတွေ့ကြတဲ့ နှစ်နှစ်ဆယ်အတွင်း ငယ်သူငယ်ချင်း အပေါင်းအသင်းတွေဟာ အခြေအနေ အဆင့်အတန်း ဘဝမျိုးစုံ ကွဲပြားကွာခြားကုန်ကြတာ ပင်။

ဂိတ်စောင့်ကလည်း သူ့ကို လာထပ်မနှင်တော့ဘဲ သူ့ဂိတ်ရုံလေးထဲပဲ ပြန်ဝင်ထိုင်နေပြီ။ အကြောင်းကြောင်းနှင့် ခြံဝ အုတ်ခုံမှာ ထိုင်စောင့်နေရတာလည်း တကယ်တမ်းတော့ မျက်နှာ ပူစရာကြီးပင်။ ကိုညိုဝင်းက ခဏအကြာမှာတော့ ထိုင်ရာကထ လိုက်ပါသည်။ သွားတော့မှာမို့ ဂိတ်ရုံဆီ လှမ်းအကြည့် ဂိတ် စောင့်က ခြံတံခါးဆီ လျှောက်လာနေကာ ခြံတံခါးကို မပွင့်တပွင့် ဆွဲဟလိုက်ပါသည်။

"ဟေ့လူ"

"သွားတော့မှာပါဗျာ၊ ဘာမှထပ်ပြောမနေနဲ့တော့"

"ခင်ဗျား ဟိုတစ်ရက်ကတည်းကပြောတာ ခင်ဗျားနာမည် ဦးညိုဝင်းနော်"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ကဲ ... ကဲ ... ဦးညိုဝင်း၊ ဒီကနေ တည့်တည့်လျှောက် ဝင်သွား၊ ပေါ်တီကိုအောက်ထဲကနေဝင်လိုက်၊ ခင်ဗျားကို လွှတ်လိုက်ဖို့ အထဲက ခွင့်ပြုချက်လာတယ်"





"ဟင်"

"ဝင်လေဗျာ၊ ဝင်သွား"

တကယ်တမ်း ဝင်သွားဆိုတော့ ဦးညိုဝင်းမှာ ကျော ပဲတွန့်သလိုလို ဒူးပဲတုန်သလိုလိုဖြစ်ကာ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေ၍ မောင်စောက လက်ကဆွဲကာ ခြံထဲသွင်းလိုက်ပါသည်။

"ဝင်သွားလေဗျာ"

ဦးညိုဝင်းသည် ခုမှပဲ ရင်တထိတ်ထိတ် ဖြစ်လာ ကာ မရဲတရဲ စိတ်ကိုမနည်းသတ္တိမွေးပြီး နှစ်ထပ်တိုက်အဆောက် အအုံဆီ လျှောက်လာခဲ့ပါသည်။ ပေါ်တီကိုအောက်က တံခါး ပေါက်ဝမှာ လူတစ်ယောက် အသင့်ရပ်စောင့်နေကာ ...

"ဦးညိုဝင်း ... ဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ ခင်ဗျ"

"လာပါ၊ ကျွန်တော့်နောက် လိုက်ခဲ့ပါ"

ဦးညိုဝင်းသည် ခမ်းနားကျယ်ဝန်းတဲ့ တိုက်အိမ်ကြီး ထဲ ချိုးကာကွေ့ကာ အပေါ်ထပ်သို့ ကျွန်းလှေကားကြီးတစ်ခုမှ တက်လာခဲ့ရပြီး တစ်နေရာက ကျွန်းတံခါးချပ်ကြီးတစ်ခုကို သူ့ ကိုခေါ်လာသူ ခေါက်လိုက်အပြီးမှာတော့ ...

"ဝင်ခဲ့ပါ"

"ကဲ ... ဦးညိုဝင်း၊ ဝင်သွားပါခင်ဗျာ"

"ဟို ... အ ... အထဲမှာ"

"သူဌေးဦးမင်းကင်း ရှိပါတယ်"

ဦးညိုဝင်းသည် ထိုလူဖွင့်ဟပေးတဲ့တံခါးမှ ကကန် ကယင် လှမ်းဝင်လိုက်ရပြီးသော် သူ့နောက်ကျောမှတံခါးကို ချပ်ခနဲဆွဲပိတ်သံကြောင့် လန့်ပြီးလှည့်ကြည့်မိသေးသည်။ အခန်းက အေးလွန်း၍ ချမ်းစိမ့်လာကာ ခမ်းနားထည်ဝါသော အပြင်အဆင် အဆောင်အယောင်တို့နဲ့အတူ မဟော်ဂနီရောင်စားပွဲကြီးနောက်မှာ လှမ်းတွေ့ရသူကို ချမ်းချမ်းနှင့် လက်လေးပိုက်ကာငေးကြည့်မိလေသည်။

"မင်း ... မင်း ... ညိုဝင်းလား ... ဟုတ်လား"

"ဪ ... မင်း ... အဲ ... ဦးမင်းကင်း"

"မင်းကင်းပါကွာ၊ မင်းကင်းပဲ ခေါ်နိုင်ပါတယ်၊ မင်းဘယ်လိုဖြစ်သွားတာလဲ ညိုဝင်းရာ၊ ရုပ်တွေကျသွားလိုက်တာ၊ မှတ်တောင်မမှတ်မိဘူး၊ လမ်းတွေ့ရင်တောင် ငါခေါ်ဖြစ်မှာ မဟုတ်ဘူး မင်း တော်တော်တေတယ်ပေတယ်ထင်တယ် ... ဟုတ်လား၊ ထိုင်လေကွာ"

"မင်း ... မင်းကတော့ နုပျိုလန်းဆန်းလို့ပဲနော်"

"ငါ အရက်လည်းမသောက်ဘူး၊ ဆေးလိပ်လည်းမသောက်ဘူး ညိုဝင်း၊ မင်း အရမ်းသောက်သလား ... ဟုတ်လား၊ ငယ်ရုပ်တောင် မနည်းဖမ်းယူရတယ် ညိုဝင်းရာ၊ ငါလုံးဝမမှတ်မိဘူး၊ ဘာတစ်ခုမှ မင်းနဲ့မတူတော့ဘူး၊ မျက်လုံးနဲ့အကြည့်လေးပဲ ... လလက်ဟောင်းကျန်တယ်"

"အေးကွာ"





"မင်း အဆင်ပြေရဲ့လား၊ အခု ဘာလုပ်လဲ"

"ငါ ကြုံသလိုပါပဲကွာ၊ အဆင်ပြေလိုက် မပြေလိုက်ပါပဲ၊ အလုပ်ကလည်း ဟိုပြောင်း ဒီပြောင်း အတည်တကျတော့ မဟုတ်ဘူး၊ ခုတော့ ရေသန့်စက်ရုံတစ်ခုမှာ လုပ်နေတယ်၊ ဒီနေ့တော့ အားရက်ပေါ့"

"ဘာလို့ အတည်တကျ တစ်နေရာပဲ မလုပ်တာလဲကွ"

"ငါကလုပ်ပါတယ်ကွာ၊ ငါ့ကိုထုတ်ကြလို့သာ အလုပ်မမြဲတာ"

"မင်း မူးလို့ အလုပ်ရှင်တွေက သဘောမကျတာ နေမှာပေါ့ကွ၊ သောက်လည်း ဆင်ဆင်ခြင်ခြင် သောက်မှပေါ့ကွာ၊ မင်းကိုမြင်ရတာ စိတ်တောင်မကောင်းဘူး၊ မင်းအခု ဘာလိုလဲ၊ ငါ့ကို ဘာအတွက် လာလာရှာနေတာလဲ"

"ငါ မင်းကိုတွေ့ချင်တာပါ"

"အင်း ... ဘာလိုတာရှိလဲ"

"ဘာမှမလိုပါဘူးကွာ"

"မင်းစောစောမိန်းမရသွားတာ သိတယ်၊ အခု ကလေးဘယ်နှယောက်လဲ"

"နှစ်ယောက်၊ အကြီးကောင်က မနှစ်က ဆယ်တန်းကျတယ်၊ ဒီနှစ် ထပ်ဖြေထားတယ်ပေါ့ကွာ၊ အငယ်လေးက ရှစ်တန်း၊ မိန်းမက အသုပ်လေးရောင်းလိုက် ကြံရာလေးတစ်ခုမဟုတ်တစ်ခု လုပ်ရှာပါတယ်"

"အဆင်မပြေဘူးပေါ့ ... ဟုတ်လား"

"အမှန်အတိုင်းပြောရင်တော့ စားလောက်ပါတယ်၊ ထမင်းချည်းပဲစားရင် အဆင်ပြေပါတယ်၊ ငါကသောက်တော့ မလောက်ဘူးပေါ့ကွာ"

"မင်းကလည်းကွာ၊ သောက်တာလည်းသောက်ပေါ့၊ ဒါပေမဲ့ ကိုယ့်အတွက်လည်း ကျန်းမာရေးမထိခိုက်စေနဲ့၊ ကိုယ့်မိသားစုကိုလည်း လူမှုရေးမထိခိုက်စေနဲ့ပေါ့ ညိုဝင်းရာ"

"ဟုတ်ပါတယ်လေ၊ ဒါတွေမသိလို့မှ မဟုတ်တာ၊ သိသိနဲ့ မိုက်လုံးကြီးနေတာပဲလေကွာ ... ဟဲဟဲ"

မင်းကင်းက ညိုဝင်းကို စိတ်မသက်မသာ ကြည့်နေမိပါသည်။ ဘာပဲဖြစ်ဖြစ် ကိုးတန်းဆယ်တန်းတုန်းက တွဲခဲ့တဲ့ သူငယ်ချင်းဖြစ်၍ ဒီလိုကြီးပစ်စလက်ခတ်မြင်ရတော့ စိတ်မကောင်းနိုင်။ ငယ်ကတည်းက အရက်နိုးသောက်၊ ဆေးလိပ်နိုးသောက်နှင့် တောခဲ့တဲ့သူငယ်ချင်းပင်။

"မင်း ကျောင်းကော ပြီးခဲ့လား ညိုဝင်း"

"ဟား ဟား ... မင်းကလည်းကွာ၊ ငါ ကျောင်းပြီးဘွဲ့ရရင် ဘယ်ဒီလိုနေပါ့မလဲ"

"မင်း ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်တာတော့ ငါ သိတာပဲဟာ"



"အေး ... ပထမနှစ် တစ်နှစ်ပဲ တက်လိုက်တယ်၊ နယ်မှာ အမေဆုံးတယ်ဆိုတော့ ပြန်သွားလိုက်တာ၊ ဟိုမှာပဲ နဖူးစာရွာလည်ပြီး အိမ်ထောင်ကျလိုက်တော့ ကျောင်းပြန်တက်ဖြစ်တဲ့ဆီ မရောက်တော့ပါဘူး"

"မင်း တခြားဘယ်သူတွေနဲ့ တွေ့သေးလဲ"

"စိုးစံကတော့ သင်္ဘောလိုက်သွားတယ်ကွ၊ တစ်ခါတွေ့ပါတယ်၊ ငါ့ကိုတောင် မုန့်ဖိုးပေးသွားသေးတယ် ... ဟဲဟဲဟဲ၊ ကျော်မြင့်နိုင်က ဌာနတစ်ခုမှာပဲ အလုပ်ဝင်တယ်၊ ငါသေချာ မမှတ်မိတော့ဘူး၊ ခုတော့ နေပြည်တော်မှာ နေရတယ်ပြောတယ်၊ နောက် အပါလည်း မင်းသိတယ်နော်"

"အေး ... သိတာပေါ့"

"အပါကတော့ တာချီလိတ်မှာ သူ့ညီမ အတာကော မှတ်မိလား"

"အေး ... ဟို ဝဝကစ်ကစ်ကလေးမလေး မဟုတ်လား၊ သိတယ်လေ"

"အေး ... အဲဒီအတာကတော့ ငါတို့နဲ့တစ်ရပ်ကွက်ထဲ၊ လမ်းချင်းတော့ မတူဘူးပေါ့။ အဆင်ပြေကြပါတယ်၊ ငါက ဒီလိုပဲ ဟိုလည်းရောက် ဒီလည်းရောက် လမ်းပေါ်လျှောက်နေတဲ့ကောင် ဆိုတော့ အတော်များများနဲ့ ပြန်တွေ့

ပါတယ်၊ မင်းနဲ့ကျတော့ အလှမ်းဝေးတယ်လေကွာ၊ မင်းက နည်းတဲ့သူဌေးကြီး မဟုတ်ဘူး ဖြစ်နေတာဆိုတော့ မလာရဲဘူးလေကွာ"

"ဘာပဲဖြစ်နေနေပါကွာ၊ ငါ ငယ်သူငယ်ချင်းတွေကို မမေ့ပါဘူး"

"ငယ်ရည်းစားတွေကိုရော"

"ဟား ဟား ... မင်းကတော့ လုပ်တော့မယ်"

"မင်းက ခုထိ လူပျိုကြီးဆို"

"အေး"

"ယုံတောင်မယုံဘူးကွာ၊ ငါ့စိတ်ထင် ခုလောက်ရှိ မိန်းမ သုံးယောက်လောက်များ ရပြီးနေမလားလို့"

"ဟေ့ကောင် ..."

"စိတ်မဆိုးပါနဲ့ မင်းကင်းရာ၊ ငါ တကယ်ထင်မိတာကို ပြောတာပါ"

"ကဲ ... ငါ သိပ်တော့ အချိန်မရဘူး ညိုဝင်းရ၊ အစည်း အဝေးတစ်ခုလုပ်ဖို့ရှိတယ်၊ မင်းနဲ့တွေ့ရတာ ဝမ်းလည်းသာ စိတ်လည်းမကောင်းဘူး၊ ဒါနဲ့ မင်းအခုလာတာ ဘာကိစ္စ ပါသေးလဲ၊ ပြော ... ငါဘာကူညီရမလဲ"

ဦးညိုဝင်းမျက်နှာက ညှတ်ညှတ်နူးနူး ပြုံးသွားရကာ—





"ဒီလိုမေးတော ဝမ်းသာပါတယ် မင်းကင်းရာ၊ ငါ့စိတ်ထဲ မင်းကို အရမ်းတွေ့ချင်စိတ်ပေါ်လို့ လာခဲ့တာပါ၊ အရေး တကြီး အကူညီတောင်းစရာ ကိစ္စမရှိပါဘူး"

"မင်း အလုပ်လေးဘာလေး လိုချင်လို့လားလို့ ထင်နေတာ၊ ဒါပေမဲ့ မင်း ဒီလိုအရက်သိပ်သောက်နေပုံနဲ့တော့ ငါတို့လို ကုမ္ပဏီမျိုးနဲ့ မဖြစ်ဘူးကွ"

"ငါ နားလည်ပါတယ်ကွာ၊ အလုပ်လည်းမတောင်းပါဘူး၊ ငါလည်း လောလောဆယ် အလုပ်ရှိနေပြီး ပြုတ်မှမပြုတ် သေးတာ ... ဟား ဟား"

"ကဲ ... ညိုဝင်း၊ ဘယ်လိုမှတော့ မအောက်မေ့နဲ့ကွာ၊ မင်း လည်း သိပ်အဆင်မပြေတော့ တွေ့တုန်း ငါ့သူငယ်ချင်း ကို မုန့်ဖိုးပေးချင်သေးတယ်၊ မင်းလည်း သုံးပေါ့ကွာ၊ မိန်းမကိုလည်း တစ်ဝက်လောက်တော့ ပေးလိုက်ပါကွာ"

ဦးညိုဝင်းက မင်းကင်းကမ်းပေးသော ထောင်တန် ခပ်ပါးပါးသုံးထပ်ကို တုန်ယင်သောလက်များနှင့် လှမ်းယူလိုက် မိပါသည်။ သုံးသောင်းပေါ့။ မိန်းမကို နှစ်သောင်းလောက်ပေးနိုင် မည်။ ဝမ်းလည်းသာ ကျေးဇူးလည်းတင်တဲ့ကြားက ဝမ်းနည်းသလို လည်း ဖြစ်မိကာ ခေါင်းကြီးစိုက်ချ ငိုင်တွေနေမိပါသည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ကွာ၊ ငါကူညီနိုင်တာ ကူညီပါ့ မယ်၊ လိုတာပြောလေ"

"မင်း ... မင်းရဲ့ဖုန်းနံပါတ်ရမလား"

မင်းကင်းက စားပွဲပေါ်မှ သူ့ရဲ့ကတ်ကိုယူပေးလိုက်ပါသည်။

"ကိစ္စရှိရင် ဖုန်းဆက်လေ"

"ငါသွားတော့မယ် မင်းကင်း၊ ကျေးဇူးပဲကွာ"

ဦးညိုဝင်းက လှည့်ထွက်တဲ့အခါ မင်းကင်းက ကပ်ပါလာပါသည်။ ဦးညိုဝင်းစိတ်ထဲ တစ်စုံတစ်ရာ ချိတုံ့ချတုံ့။ မင်းကင်းက သူ့အခန်းတံခါးကို ဖွင့်ဟလိုက်တဲ့အခါမှာတော့ ဦးညိုဝင်းက မင်းကင်းဘက် လှည့်ကြည့်ကာ လေးတွဲ့တွဲ့နှင့် ...

"မင်း နွယ်နွယ့်ကို မှတ်မိတယ်နော်"

မင်းကင်း မျက်နှာက ကွက်ခနဲ ပျက်သွားပါသည်။ ထိုမျက်နှာအပျက်ကို ဦးညိုဝင်းကလည်း ကောင်းကောင်းအကဲခတ်ရိပ်စားမိပါသည်။ မင်းကင်းက အသံဖျော့ဖျော့နှင့် ...

"အေး ... မင်းနဲ့ တွေ့လို့လား"

"ဟင့်အင်း ... သူနဲ့တော့ မတွေ့ပါဘူး၊ ဒါပေမဲ့"

"........."

"သူ့သားနဲ့တော့ တွေ့တယ်၊ သူ ဟိုဒင်း ... အိမ် ... အိမ်ထောင်တော့ မပြုဘူး။ သူ့ ... သူ့သားကလည်း သူ့အဖေက သူ မမွေးခင်ကပဲ သေပြီလို့ သိထားတယ်"





မင်းကင်း တိတ်ဆိတ်နေ၍ ဦးညိုဝင်းက လှည့်မော့မကြည့်ဝံ့ဘဲ ...

"ဈ ... စကားစပ်လို့ မင်းကို ပြောပြတာပါကွာ၊ ငါသွားလိုက်ဦးမယ် သူငယ်ချင်း"

ဦးညိုဝင်း ထွက်သွားသောအခါ မင်းကင်းက တံခါးကို ဆွဲမပိတ်မိသေးဘဲ အတွေးတွေများစွာနှင့် ခပ်ငိုင်ငိုင် ငြိမ်သက်နေမိပါသေးသည်။

◆✚◆

## ၇

တံခွန်သည် အမေမှာတဲ့စာရင်းအတိုင်း ဝယ်လာခဲ့တဲ့ ဆေးဝါးပစ္စည်းများနှင့် ပိုက်ဆံအပိုကိုပါ စားပွဲပေါ်တင်ကာ အမေအိတ်ပြင်နေတဲ့အနား ကြမ်းပေါ်ထိုင်ချလိုက်ပါသည်။ ခေါ်နှယ်နှယ်က ဖျတ်ခနဲ တစ်ချက်မော့ကြည့်ကာ ပြင်လက်စအိတ်ကို ဆက်ထည့်နေရင်း ...

“သား ... တံခွန်၊ မင်း အပြင်တွေ ဘာတွေ သွားမယ်ဆိုရင် အိမ်မှာ မီးတွေ ဘာတွေ သေချာစစ်ပြီးမှသွားနော်၊ တစ်နေကုန် တစ်နေခန်းလည်း လျှောက်သွားမနေနဲ့၊ အိမ်လည်းကပ်ဦး၊ အကောင်းဆုံးကတော့ ချက်စားမနေနဲ့ ဝယ်ပဲစား၊ မင်း အိမ်မှာချက်စားနေရင် မီးရေးထင်းရေးကိစ္စ အမေ စိတ်မချဘူး”

“.........”





“ပြောတာ ကြားလား”

“ဟုတ်၊ မမတာဆီပဲ သွားစားလိုက်မှာပေါ့”

“အေးပေါ့ ... အချိန်တန် အိမ်ပြန်ဦး”

“အိမ်မပြန်လို့ ဘယ်သွားရမှာလဲ၊ အမေကလည်းဗျာ”

“မသိဘူးလေ၊ အိမ်မှာ အမေမရှိဘူးဆိုပြီး ပြန်မအိပ်လည်း ရတယ် မှတ်မနေနဲ့၊ တစ်ညတလေ ဟိုမှာပဲ အိပ်လိုက်မယ် ဆိုပြီး မင်းဟာမကြီးအိမ် အိပ်မနေနဲ့ဦး”

“အမေကလည်း ... မမတာကို ဘာများမှတ်နေလဲဗျာ၊ ကျွန်တော်က တစ်ညလောက် အိပ်ပါရစေပြောရင် အိမ်ပေါ်ကနေတောင် ကန်ချလိုက်ဦးမယ်”

“ဘာ ... အမယ်လေး ... မင်း ပြောပုံက တကယ်အလုပ်ခံရမယ့်ပုံ၊ ကြားရတာတောင် နားကြားပြင်းကတ်လိုက်တာ၊ မင်းကို ဒီဟာမကြီးနိုင်တာတွေ ငါ့ကိုလာလာမပြောနဲ့ဟဲ့၊ မင်းကပြောလေ ငါက သင်းကို မေတ္တာတုံးလေ”

“အမေက မဟုတ်တာက စ,ပြောတာကိုး၊ မမတာအိမ် မအိပ်နဲ့ မှာစရာလား၊ သူ့အခေါ်လည်း အပျိုကြီး၊ သူလည်း အပျိုကြီးလေ။ လက်ခံပါ့မလားဆိုတာ အမေစဉ်းစားကြည့်ပါလား”

“သူလက်ခံ,မခံက သူ့အပိုင်း၊ ငါကတော့အမေပီပီ ပူရတာပဲ၊ ကဲပါ ... တစ်ခွန်းမကျန် စောဒကတက်မနေပါနဲ့၊ အမေစိတ်ချမယ်နော် သား”

တံခွန်က အမေ့ကို စေ့စေ့လေး ကြည့်နေမိပါသည်။ အမေက မိန်းမချောတစ်ယောက်ပါ။ ကကြီးပုံနှုး၊ ဆံတံခွန်လေးနှင့် အမေ့မျက်နှာက နန်းဆန်သည်။ အသက်လေးဆယ်ကျော် ဘဝကိုရုန်းကာကန်ကာ ရင်ဆိုင်လာရတဲ့ ဒဏ်ရာဒဏ်ချက်တွေ ရှိနေတာတောင် အမေ့ရဲ့အလှက ပေါ်လွင်နေဆဲပါ။

"တံခွန် ... ပြောတာကြားရဲ့လား"

"ကြားပါတယ် အမေရာ၊ အဲလို တရစပ်မှာမနေပါနဲ့၊ ကျွန်တော် ကလေးလည်းမဟုတ်တော့ပါဘူး၊ အားလုံးသိပါတယ်"

"စိတ်ပူလို့ မှာနေရတာ"

"အမေ ဘယ်လောက်ကြာမှာလဲ"

"မပြောတတ်ဘူးလေ သား၊ အရင်က တစ်ခါတစ်ရံသွားဖူးတာကတော့ အလုပ်ကိစ္စလေးပဲဆိုတော့ တစ်ရက်နှစ်ရက်ပဲလေ၊ အခုက ကြီးကြီး တော်တော်မမာတာဆိုတော့ သူ့ကျန်းမာရေးအခြေအနေအရပေါ့ သားရယ်"

"အဲဒီကြီးကြီးကို အမေက ချစ်တယ်နော်"

"အမေ့အပေါ်မှာ ကြီးကြီးကျေးဇူးတွေရှိတယ် သား"

"ဘာတွေလဲ အမေ"

"အများကြီးပဲ"

"ဘယ်လိုကျေးဇူးတွေလဲ"





ဒေါ်နွယ်နွယ်က တံခွန့်ကို စေ့စေ့ကြည့်လိုက်ရင်း ...

"အဓိက,ကတော့ သားကို အမေက ကြီးကြီးအိမ်ပေါ်မှာ ကြီးကြီးကူညီစောင့်ရှောက်မှုနဲ့ မွေးခဲ့ရတာပဲ သား"

"ဘာလို့ ကိုယ့်မိဘအိမ် ကိုယ်မမွေးတာလဲ အမေ"

"မပြေလည်တဲ့ ပြဿနာလေးတွေ ရှိလို့ပေါ့ သားရယ်"

"ဘာပြဿနာလဲ အမေ"

"ပြီးပြီးသားတွေ အမေ ပြောမနေချင်တော့ဘူး၊ စိတ်ချမ်းသာစရာတွေလည်း မဟုတ်ဘူး၊ မမေးနဲ့တော့ သားရယ်"

"အဲဒီအချိန်မှာ အဖေလည်း မရှိတော့ဘူးပေါ့"

ဒေါ်နွယ်နွယ်က တံခွန့်ကို ဖျတ်ခနဲကြည့်ရင်း ...

"အင်း"

"အဖေက ဘာဖြစ်လို့ သေသွားတာလဲ အမေ"

ဒေါ်နွယ်နွယ် လက်များက ပစ္စည်းတွေ ကောက်ယူထည့်သိုနေရာမှ ခုံရပ်သွားရကာ တစ်ခဏ ငြိမ်သက်နေရင်း ...

"သား ... အမေ အသစ်တွေ မဖြစ်ချင်လို့ ဘာမှမမေးပါနဲ့လို့ မင်းငယ်ငယ်ကတည်းက အမေပြောခဲ့တယ်လေ"

"အဲဒါကြောင့် သေသွားတဲ့အဖေကို အမေလွမ်းပြီး သတိရပြီး ဝမ်းနည်းစိတ်မကောင်း ဖြစ်ရမှာစိုးလို့ ကျွန်တော် ဘယ်တုန်းကမှ စကားမစခဲ့ မမေးခဲ့ပါဘူး"

"ဒါဖြင့် အခု ဘာတွေဖြစ်နေတာလဲ၊ ကဲ ... အဲဒီဆေးတွေ ပေးစမ်း"

တံခွန် တစ်ခုပြီးတစ်ခု ကမ်းပေးတဲ့ ဆေးဘူးတွေကို အိတ်ထဲ ဂရုတစိုက်ထည့်နေရင်း ...

"ခဏနေ ထမင်းစားကြစို့"

"အမေ စကားမလွှဲပါနဲ့၊ ကျွန်တော် ဒီတစ်ကြိမ်ပဲ အမေ့ကို ခုလိုမေးဖူးတာ၊ အဖေက ကျွန်တော့်ကို မမွေးခင်သေသွားတယ်ဆိုတာ တကယ်လားဟင်"

ဒေါ်နွယ်နွယ်က တုန်လှုပ်သွားပါသည်။ ဘာဖြစ်လို့ သေသွားတာလဲဆိုတဲ့ မေးခွန်းက မထူးဆန်းပေမယ့် "သေသွားတာ တကယ်လား"ဆိုတဲ့ မေးခွန်းကတော့ ထူးဆန်းသည်။ မေးရိုးမေးစဉ်မဟုတ်။ တစ်စုံတစ်ရာကို သံသယဝင်ကာ မေးသလိုပင်။ သူ့သားရဲ့အမူအရာကလည်း ထူးခြားနေသည်။

သားရဲ့ဘဝတစ်လျှောက် သားကိုဖုံးကွယ်ထားခဲ့တာတွေ ရှိခဲ့ပေမယ့် ကောက်ကွေ့လိမ်ကျစ်ပြီး ညာဖြီးလုပ်ကြံခဲ့တာမျိုးတော့မရှိ။ သေပြီဆိုတဲ့ တစ်ခွန်းကို ညာပြောကာ ကျန်တာတွေကိုတော့ မမေးနဲ့ဆိုတဲ့ အမေ့အမိန့်အာဏာနှင့် တားမြစ်ခဲ့တာပင်။

"အမေ"

"........"

"အမေ ... ကျွန်တော် တစ်သက်လုံး ဖြည့်စရာရှိတိုင်း ဖြည့်လာရတဲ့ အဖအမည် 'ဦးကို'ဆိုတာ ဟုတ်ရဲ့လားဟင်၊ နာမည်အမှန် ဟုတ်ရဲ့လား"





"တံခွန်"

ဒေါ်နွယ်နွယ့်အသံက ကတုန်ကယင် ဖြစ်နေပါသည်။ တံခွန်က အမေကို အထိုက်အလျောက်ကြောက်တဲ့သား ဖြစ်၍ မျက်နှာကလေး ပိပိရိရိ ငယ်နေပေမယ့် ဒီတစ်ကြိမ်တော့ စကားနည်းရန်စဲ ကွေ့ရှောင်မသွားဘဲ အမေ့မျက်နှာကို စူးစိုက်ကြည့်နေလိုက်ပါသည်။

"သား ဘာတွေလျှောက်မေးနေရတာလဲ သား၊ အမေသွားခါနီးစိတ်အနှောင့်အယှက်ဖြစ်အောင်၊ မင်းမှာ ဘာအကြောင်းအကျိုးတွေ ရှိနေတာလဲ၊ ဘာတွေဖြစ်နေလဲ၊ အမေ့ကိုပြောစမ်း"

"အမေ ... ကျွန်တော် အရွယ်ရောက်နေပါပြီ၊ ကျွန်တော်ကိုယ်တိုင်တောင် အိမ်ထောင်ပြုလုဆဲဆဲအရွယ်ကို ရောက်နေပါပြီ။ ကလေးလေး မဟုတ်တော့ပါဘူးဗျာ၊ ကျွန်တော့်ရဲ့သားစဉ်မြေးဆက် မျိုးရိုးစဉ်ဆက်ကို ရာဇဝင်အမှားကြီးတော့ ကျွန်တော် လက်ဆင့်မကမ်းချင်ဘူး ...

ကျွန်တော်လည်း နားလည်မှုရှိတဲ့သူပါ အမေရာ၊ ကလေးတုန်းက ကလေးတစ်ယောက် ကြားနာလက်သင့်ခံ နားလည်ဖို့ မလွယ်ကူတဲ့အရာတွေ ရှိခဲ့နိုင်ပေမယ့် အသက်အရွယ်တစ်ခုကို ရောက်တဲ့အခါမှာတော့ ကလေးတုန်းက နားမလည်နိုင်တာကိုလည်း နားလည်နိုင်လာပြီ၊ လက်မခံနိုင်တာကိုလည်း လက်ခံနိုင်လာပါပြီ ...

အမေက ကျွန်တော့်ကို သိပ်ညာမပြောတတ်ဘူး၊ အဲဒီတစ်ခုကိုတော့ ငယ်ငယ်က ညာပြောလက်စနဲ့ ဆက်ပြောနေရတာယ်လို့ ကျွန်တော် ထင်တယ်”

ဒေါ်နွယ်နွယ်က မျက်လွှာကို စိုက်ချငြိမ်သက်ထားရင်း ...

“မင်း ဘယ်သူနဲ့တွေ့ပြီး ဘာတွေသတင်းကြားလာလို့လဲသား”

“.........”

“ဟင် ... မင်းကို ဘယ်သူ ဘာပြောလိုက်လဲ”

“ဦးညိုဝင်းကို အမေသိတယ် မဟုတ်လား”

“ဦးညိုဝင်း ႑ ”

“မမတာတို့အိမ်နားက အရက်မူးသမားကြီးလေ၊ အမေ့ကို သိတယ်လို့တောင် ကျွန်တော် ပြောဖူးသေးတယ်၊ အထက်တန်းကျောင်းတုန်းက သူငယ်ချင်းတဲ့”

“ညိုဝင်း ... ဪ ... အင်း ... အမေသိပါပြီ၊ ညိုဝင်း သူက မင်းကို ဘာတွေလာပြောသလဲဟင်”

မှတ်မိသွားသည်နှင့် ဒေါ်နွယ်နွယ်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားရပါသည်။

“ဒီလူကြီးနဲ့ စကားသေချာမပြောဖူးပါဘူး၊ ကျွန်တော် မမတာကတစ်ဆင့် ကြားရတယ်၊ ဒီလူကြီးကို ကျွန်တော့်ကို အမေ့သားမှန်းသိနေတော့ ကျွန်တော်နဲ့ပတ်သက်တဲ့ တစ်စွန်းတစ်စ မမတာကို ...”





“ဟင် ... ကြည့်စမ်း၊ မင်းရည်းစားကြီးကို သွားပြောတယ် ဟုတ်လား၊ ပါးစပ်မစောင့်စည်းလိုက်တာ၊ စည်းကမ်းမရှိလိုက်တာ၊ တောက် ...၊ ဒီကောင်တော့ ငါနဲ့တွေ့ဦးမယ်၊ ဒီလိုကွယ်ရာမှာ သူများအတိတ်ဇာတ်ကြောင်းကို လှန်စရာလား၊ သူက ဘာတွေ သွားပုပ်လေလွင့် ...”

“ဘာမှ သွားပုပ်လေလွင့် မပြောပါဘူး အမေရာ၊ ဒီလောက်ကြီး ဒေါသကြီးမသွားပါနဲ့”

“သူ ဘာပြောလဲ”

“ကျွန်တော့်အဖေက မသေသေးဘူး၊ သက်ရှိထင်ရှားရှိနေတယ်တဲ့”

ဒေါ်နွယ်နွယ့် မျက်နှာက တင်းသွားရရင်း ...

“နောက်ကော”

“သူက သူဌေးတဲ့၊ အရမ်းချမ်းသာတယ်တဲ့”

“ဒါပဲလား၊ နောက်ကော”

“အ ... အဖေက ဟိုးခေတ်က နာမည်ကြီး ‘ဦး......’ရဲ့ သားတဲ့၊ ရာထူးဂုဏ်ထူး ဥစ္စာနေအားလုံး အင်မတန်အရှိန်အဝါကြီးတဲ့သူတစ်ယောက်ရဲ့ သားဆို၊ အဲဒါ ဟုတ်လား ဟင် အမေ၊ အဲဒီအရှိန်အဝါတွေကြောင့် အမေတို့ ဝေးခဲ့ရတာလား ... ဟုတ်လား အမေ၊ အဲဒါကြောင့် အမေ အဝေးကိုလွင့်သွားခဲ့ရတာလားဟင်၊ သူပြောတာ ဟုတ်လား”

ဒေါ်နွယ်နွယ်က တလှပ်လှပ် ခုန်လာတဲ့ရင်ကို အသာအယာဖိကာ သက်ပြင်းတွဲ့တွဲ့ ချလိုက်မိပါသည်။ တံခွန့် မျက်နှာကို တစ်ချက်ကြည့်ကာ ...

"ဟုတ်တယ် သား၊ အဲဒါတွေ အလုံ့နှမ်မှန်တယ်၊ အဲဒီ ရာဇဝင်ဆူးတွေ ဂုဏ်သိမ်တွေ စည်းစိမ်တွေကြောင့်ပဲ၊ ဒါတွေ ကြောင့် အမေ အဝေးကြီးကို လွင့်သွားတာ၊ အမေ့ဘဝ ဖရိုဖရဲ ဖြစ်ခဲ့တာ၊ ဒုက္ခတွေ ပင်လယ်ဝေခဲ့တာ၊ ငါ့သား အားငယ်မှာ သိမ်ငယ်မှာစိုးလို့ အမေ ဒါကိုမပြောခဲ့တာပါ၊ သားကို လိမ်ညာချင်လို့လည်း မဟုတ်ဘူး၊ ဒါပေမဲ့ ခုလို သား တခြားက ကြားသိလာပြီးပြီ ဆိုတော့လည်း အမေ ဆက်ဖုံးဖိ လှည့်စားဖို့ ဆန္ဒမရှိပါဘူး သား ...

ဟုတ်ပါတယ်၊ သား အမှန်အတိုင်း သိခွင့်ရသင့် တယ်၊ သိသင့်တာ သိပြီးရင် အမေ့ကို ဘာမှထပ်မေးပြော ထပ်မမေးနဲ့တော့၊ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ဇာတ်ကြောင်း လှန်ချင်တဲ့ဆန္ဒ အမေ့မှာမရှိဘူး သား၊ ဒီနေရာမှာပဲ ဒီကိစ္စကို ဖြတ်လိုက်တော့၊ ဒါပဲ"

ဒေါ်နွယ်နွယ်က ထိုင်ရာမှထကာ ထမင်းစားခန်း ဘက် ထွက်သွားပါသည်။ တံခွန်သာ စိတ်တွေလှုပ်ရှားကာ ကတုန်ကယင် ဂနာမငြိမ် ကျန်ရစ်ခဲ့ရပါသည်။

♦ ✤ ♦





"နင် ဘာလို့ အဲသလောက်တောင် သတ္တိနည်းနေရတာလဲ ဟင်၊ အဲဒါတွေကြောင့် နင့်ကို ငါ အားမရတာ သိရဲ့လား၊ အမြင်ကတ်တာ သိရဲ့လား။ အဖြစ်ကိုမရှိဘူး"

ဒေါ်လေးက သက်ပြင်းချရင်း ...

"အတာ"

"ဒေါ်လေး ... ဒေါ်လေး မပါပါနဲ့၊ အတာ့စိတ်တိုင်းကျ ပြောပါရစေ၊ ဒီအသည်းယားစရာကောင်းတဲ့ သစ်ငုတ်တိုကို ယူရမှာက အတာပါ"

"ဒါပေမဲ့ အတာရယ်"

"ဘာမှ ဒါပေမမဲ့ဘူး ဒေါ်လေးရယ်၊ သူ ဘယ်ဟာလေး များ သူ့ဟာသူ အဖြစ်ရှိ ရင်ဆိုင်လာသလဲပြော၊ ရိုးသလိုလို အ;သလိုလို၊ ကြောက်သလိုလို၊ ရွံ့သလိုလိုနဲ့ မထုံတက် တေးနဲ့၊ ခုလည်းကြည့်လေ၊ ငုတ်တုတ်ကြီး မှိုင်နေတဲ့ရုပ် ကို ဒါဒီလိုဖြစ်နေစရာလား ...

သူဌေးအဖေတစ်ယောက် ဘွားခနဲ ပေါ်လာတာ ပျော်စရာလား၊ စိတ်ဆင်းရဲစရာလား၊ ဒါကို သူက ဘာဖြစ် နေတာလဲ၊ မှိုင်တိမှိုင်ငေးနဲ့၊ ဒုက္ခကြီးတစ်ခု သူ့ပေါ်ပြိုကျ ပြီး ပိနေတဲ့အတိုင်းပဲ ဖြစ်နေပုံက"

တံခွန်က ငြိမ်မနေသာတော့၍ သက်ပြင်းကြီးကြီး ရှိုက်ရင်း ခေါင်းကိုလည်း ဖွပစ်လိုက်မိပါသည်။

"မမတာ ထင်သလို အပေါ်ယံရုပ်ရုပ်လေး လွယ်တဲ့ကိစ္စ မှ မဟုတ်တာ"

"ပြော ... ပြောစမ်း၊ ဘာခက်လဲပြော"

"အဖေပေါ်လာတာတော့ မှန်တယ်လေ၊ ဒါပေမဲ့ သူက ဟိုးစောစောကတည်းက အမေ့ကို မယူချင်လို့ပဲ ပစ်ပြီးရှောင် သွားတာ မဟုတ်ဘူးလား"

"အေးလေ ... အဲဒါကို အဲဒီတုန်းက မင်းအမေက ရင်ဆိုင် နိုင်တဲ့ ခွန်အားမရှိလို့ တစ်ဖက်သတ် မတရားသဖြင့် ငြိမ် ခံကျန်ခဲ့တာလေ၊ အခုက အဲသလို မဟုတ်တော့ဘူး"

"အခုရော ဘာခွန်အားတွေ ရှိနေလို့လဲ"

"တစ်က ငါတစ်ယောက်လုံးရှိတယ်ဟဲ့ တံခွန်ရဲ့"

"မမတာနဲ့ ဘာဆိုင်လို့လဲဗျ"

"ဘာ ... မဆိုင်စရာလား၊ ငါလုပ်မိရဲ့ မဆိုင်စရာလား၊ နှင့်အဖေဟာ ငါ့ရဲ့ယောက္ခမပေါ့ဟဲ့ တံခွန်ရဲ့"

"ကျွန်တော့်အဖေနေရာမှာတောင် သူကမနေတာ၊ မမတာ ယောက္ခမဖြစ်ဖို့ အဝေးကြီးပဲ၊ အဖေရှိနေတယ်ဆိုတာ သိ လိုက်ရတာကလွဲရင် အစစအရာရာက သူ့ဟာနဲ့သူ နေ သားတကျ အခြေကျနေပြီလေ မမတာ၊ သူလည်း သူ့ဘဝ နဲ့သူ အမေလည်း သူ့ဘဝနဲ့သူ ဖြစ်နေတာပဲဟာ"





"အဲဒီဘဝနှစ်ခု ပြန်ဆက်စပ်ပြီး ပေါင်းရမှာလေ"

"ကျွတ် ... ဟိုးတုန်းကတောင် ဒီဘဝနှစ်ခုကို မပေါင်းချင် လို့ ရှောင်သွားခဲ့တာပါဆိုမှ"

"အေး ... အဲဒါကို ဟိုတုန်းက ခံခဲ့ပေမယ့် အခုမခံဘူး၊ ဒါကိုပြောနေတာ"

"မခံတော့ ဘာလုပ်ရမှာလဲ၊ သူနဲ့အမေနဲ့ကို ပြန်ပေါင်း ခိုင်းရမှာလား၊ ကျွတ် ... မမတာကတော့ ယောက္ခမကို တောင် သူကပြန်အိမ်ထောင်ချဖို့ ကြံရွယ်နေလိုက်သေး တယ်၊ တကယ်ပါပဲ၊ မမတာ စီစဉ်တာကို ဘယ်သူက ငြိမ်ခံနေမှာလဲ"

"ငါကလည်း သူတို့ကို ပြန်ပြီးစုလျားရစ်ပတ်ဖို့ လုံးဝစိတ် ကူးဆန္ဒ မရှိပါဘူး တံခွန်ရယ်"

"ဒါဖြင့် ဘာသွားလုပ်ရမှာလဲ"

"နှင့် တော်တော်ဒုံးဝေးပါလား၊ ရိုးသားထုံအ,ပါလား၊ နှင့်အဖေဟာ နှင့်အမေကို မပေါင်းခဲ့ဘူး တာဝန်မယူခဲ့ဘူး၊ ဒါကို နှင့်အမေကလည်း ဘာမှရင်မဆိုင် မတုံ့ပြန်ခဲ့လို့ အဲဒီအခန်းကဏ္ဍက ပြီးပြီ၊ အခုက တခြားကဏ္ဍ၊ မိန်းမတစ် ယောက်ကို တာဝန်မယူခဲ့ဘူး ထားတော့၊ ကိုယ့်ရင်သွေး ကိုယ့်သားကိုတော့ ဒီလူကြီး တာဝန်ယူသင့်တယ်"

တံခွန်က မမတာကို မျက်လွှာပင့်ကာ ကြည့်လိုက် မိပါသည်။

"သူ့မှာ သားတစ်ယောက် ရှိနေတယ်၊ လှော်က်လောက် လားလား အရွယ်ကြီးတောင် ရောက်နေပြီ၊ ဒီသားကို လူ တစ်လုံး သူတစ်လုံး ဖြစ်ဖို့လောက်တော့ သူ တာဝန်ယူ သင့်တယ်"

တံခွန်က ခေါင်းယမ်းလိုက်ရင်း ...

"အသိအမှတ်မပြုတဲ့ အဖေတစ်ယောက်ကို အဲသလို သွား ဆက်သွယ်ပြီး တာဝန်ယူနိုင်းဖို့ ကျွန်တော် ရှက်တယ် မမတာ၊ ပြီးတော့ သူ့ကို ကျွန်တော် အနှောင့်အယှက်လည်း သွားမပေးချင်ပါဘူး"

"သူက ခုထိ အိမ်ထောင်လည်းမရှိဘူး တံခွန်၊ သူ့မှာ မင်းလောက်အရွယ် သားတစ်ယောက်ရှိနေတယ် ဆိုတာသာ သိလိုက်ရင် သူ ဝမ်းတောင်သာသွားနိုင်သေးတာပါ"

"ဒါက မမတာ အကောင်းဘက်က လှည့်တွေးပြီး မျှော် လင့်နေတာ"

"အကောင်းဘက်ကပဲ တွေးရမှာ မဟုတ်ဘူးလား"

"ပြဿနာရှုပ်တယ်ဗျာ"

"မင်း သွားတွေ့ရုံပဲလေ တံခွန်၊ တကယ်လို့ သူက စိမ်း စိမ်းကားကား တုံ့ပြန်တော့လည်း တစ်မျိုးပေါ့"

"အဲဒီကျတော့ ကျွန်တော် ခံစားရမှာ ဝမ်းနည်းထိခိုက်ရမှာ ကိုလည်း ထည့်တွက်ဦးလေဗျာ"





တံခွန့်အသံက ကတုန်ကယင် ဘဲ့ယ်လောင်လာ၍ ...

"ဖြည်းဖြည်းပြောကြစမ်းပါဟယ်၊ အေးအေးဆေးဆေး ဆွေး နွေးရမယ့်ကိစ္စမျိုးပါ၊ အတာ ...၊ ညည်း တံခွန့်အပေါ် မေတ္တာစေတနာတွေနဲ့ သူ့အတွက် တိုက်တွန်းနေမှန်း ငါ ပဲနားလည်တယ်၊ ညည်း ဖွင့်တစ်ရွတ် ပြောနေပုံနဲ့ကြာရင် တံခွန်က ညည်းကို ဒါတွေ ဒါတွေ ဝင်မက်နေတယ် အထင်လွဲတော့မှာပဲအေ"

အတာက ဆတ်ဆတ်ခါသလိုလေး ဖြစ်သွားရကာ ...

"လွဲရဲလွဲကြည့်ပေါ့၊ အလုပ်မရှိ တရားကိုး တစ်ရာတစ်ဆယ် ကို မေတ္တာစစ်သက်သက်နဲ့ ချစ်ထားတဲ့မိန်းမပါ၊ မအေက မကြည်ဖြူ၊ မင်္ဂလာတောင်ဆောင်ပေးမယ့်ပုံမပေါ်၊ သားက ခုထိ ကိုယ့်ကိုရှာကျွေးနိုင်မယ့် အနေအထားတောင် မရှိဘဲ နဲ့ ဒီချစ်စိတ်လေးတစ်ခုနဲ့ ချစ်သူတော်ထားတာ၊ ကိုယ် ပိုက်ဆံနဲ့ကိုယ် မင်္ဂလာဆောင်ယူဖို့ကို ကြံရွယ်ထားတာ ...

ဒီလိုမိန်းမကို ငွေမက်တယ် ဂုဏ်မက်တယ်လို့များ ထင်နေရင် အခု ဒီကပြန်ပြီး နှောင်လည်း တစ်သက်လုံး ငါ့ဆီမလာနဲ့တော့၊ ဒါပဲ"

တံခွန်က ထိုင်ရာက ထ,ထွက်တဲ့ မမတာရဲ့လက် ကို ကမန်းကတန်း ဆွဲထားလိုက်ရင်း ...

"မမတာကလည်း ကျွန်တော်က အဲသလိုလုံးဝမထင်ပါဘူး"

"မထင်ရင် ငါပြောတာကို နားထောင်စမ်းပါဟဲ့ ကောင်လေးရဲ့"

"ကျွန်တော် မသွားချင်ဘူးဗျ၊ အောက်တယ်"

"အမေနဲ့သားပဲဟယ်၊ သားက အရင်သွားစခေါ်တာ ဘာမှ အောက်စရာအကြောင်း မရှိဘူး၊ အသနားခံစရာလည်း မလိုဘူး၊ အခြေအနေကို ပြောပြရုံပဲ၊ သူ့ဘက်က တုံ့ပြန်မှုကိုကြည့်မယ်၊ ဒါပဲပေါ့"

"ဘာပဲဖြစ်ဖြစ် မျှော်ကိုးမှုကြီးနဲ့ သွားရတော့ကျတယ်"

"မျှော်ကိုးမှု လုံးဝမပါဘူးဆိုရင် ညာတာပေါ့ဟယ်၊ မျှော်ကိုးမှုအထိုက်အလျောက် ရှိကိုရှိတယ်၊ ဘာဖြစ်လဲ၊ အနည်းဆုံး သူ့ရဲ့သားအဖြစ် အသိအမှတ်ပြုမှုကို မျှော်ကိုးတယ်၊ သူက ဦးညိုဝင်းကိုတောင် အလုပ်လိုချင်လို့ လာတာလားမေးသေးတာတဲ့၊ မင်းကိုလည်း အလုပ်တစ်ခုခုများ ခန့်ပေးနိုင်တယ်ဆိုရင်လည်း အတိုင်းထက်အလွန်ပေါ့၊ ဒီထက်ပိုပြီး သူ့ဆီက ဘာမှလဲ တက်တောင်းဆိုမှာမှမဟုတ်ဘဲ တံခွန်ရယ်၊ အမွေတက်တောင်းတာလည်း မဟုတ်ပါဘူးဟယ်"

တံခွန်က သက်ပြင်းတစ်ချက် ချလိုက်ကာ ဘာဆက်ပြောရမယ်မသိဘဲ တွေတွေဝေဝေ ထိုင်နေမိပါသည်။ တကယ်တော့ အဖေရှိနေတယ်ဆိုတာ သိရကတည်းက သူ့စိတ်တွေလှုပ်ရှားပြီး တွေ့ချင်မြင်ချင်စိတ်တော့ တိတ်တခိုး ရှိနေမိတာပါ။





သူ့စိတ်က မဝံ့မရဲ ကြောက်နေတာ။ အဖေဖြစ်သူက အသိအမှတ်မပြုဘူးဆိုလျှင် ထိုင်နေကောင်းသား ထ,ကျိုးမှန်းသိဆိုသလို သူ နောင်တရရမှာကိုလည်း ကြောက်ပါသည်။ အရာရာကို တွန့်ဆုတ်နေကျဖြစ်မြဲမို့လည်း ခုလည်းပဲ တွန့်တွန့်ဆုတ်ဆုတ်နှင့် သတ္တိမရှိဘဲ ဖြစ်နေမိတာပါ။

နောက်တစ်မျိုးဘက်က စဉ်းစားကြည့်ပြန်တော့လည်း အဖေဆိုတာ ရှိနေတာ၊ အဖေက သူဌေးကြီးဖြစ်နေတာတွေဟာ သူ့စိတ်တို့ကို လှုပ်ရှားစေပါသည်။ ချစ်သူတစ်ယောက်ထားမိပြီး ချစ်သူကပေးတာယူ ကျွေးတာစား လုပ်နေရတဲ့ဘဝမို့ သူများ ပြည့်စုံသူဖြစ်ခဲ့လျှင် ချစ်သူကို ဘယ်လိုထားလိုက်မည်ဆိုတဲ့စိတ်ကူးယဉ်အိပ်မက်မျိုးလည်း မက်ဖူးတဲ့သူပါ။

အဖေသူဌေးကြီးထံက အမွေအနှစ်တွေရဖို့ထိ မမျှော်လင့်ပါသော်လည်း အဖေဆိုသူမှာ သူ့ဘဝလေး သူ့ခြေထောက်ပေါ် နိုင်နိုင်ရပ်နိုင်ဖို့ အလုပ်ကောင်းကောင်းလေးပဲဖြစ်စေ၊ အထောက်အကူလေးတစ်ခုခု ပေးနိုင်မလားဆိုတဲ့ မျှော်လင့်စိတ်မျိုး (ပါးစပ်က မမျှော်ကိုးဘူးပြောပြော) ရင်ထဲတိတ်တဆိတ်လေး ကျိတ်တွေးစိတ်ကူးယဉ်မိတာကို မာနမရှိဘူး အရှက်မရှိဘူးပြောလည်း ခံရတော့မည့် အနေအထားပင်။

ဒါကို ရှက်လည်းရှက်တာရယ်၊ သတ္တိလည်းမရှိတာရယ်ကြောင့် အလွန်အမင်းတွန့်ဆုတ်ကြောက်ရွံ့ ဝန်လေးနေရတာပါ။

"ကဲ ... ဘာငိုင်နေတာလဲ"

"မမတာကလည်း"

"မင်း အခု ဘာစဉ်းစားနေလဲ ... ပြော"

"ဟို ... အမေကလည်း ကြိုက်ပါ့မလားပဲ"

"မင်းအမေ သိတောင် သိနိုင်တာမဟုတ်ဘူး၊ သူကများ မှ ... မပြောမဆိုကောင်း လက်မခံခဲ့ရင် မင်းအမေသိစရာ အကြောင်းမရှိတော့ဘူး တံခွန်၊ သူကလည်း သိအောင် လုပ်မှာမဟုတ်ဘူး၊ မင်းနှုတ်ပိတ်ထားလိုက်ရင် ပြီးတာပဲ မဟုတ်လား၊တကယ်လို့များ သူ့ဘက်က လိုက်လိုက်လဲ့လဲ့ လက်သင့်ခံမှုရှိပြီး ဝဲလ်ကမ်းမ်လုပ်ခဲ့ရင် မင်းအမေကိုပါ သူ ဆက်သွယ်မှာပဲ ...

မင်းအမေကလည်း သူ့ငယ်ချစ်ဟောင်းကို စိတ်တွေ နာပြီး ပြန်လက်သင့်မခံတောင်မှ သားဖြစ်တဲ့မင်းရဲ့တာဝန် ကို ယူမယ်ဆိုတာမျိုးကိုတော့ ကန့်ကွက်စရာအကြောင်း ဘယ်ရှိနိုင်ပါ့မလဲ တံခွန်ရယ်၊ မဟုတ်ဘူးလား"

"ပြီးတော့ ... ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ"

"ကျွန်တော် မသွားရဲဘူး"

"သွားဖို့ဆုံးဖြတ်ရင် နင့်တစ်ယောက်တည်းလည်း ငါက မလွှတ်ပါဘူး၊ ဟိုကျ ထစ်အထစ်အနဲ့ ခွေးအကြီး လည်နင်း ထားသလို ဖြစ်နေမှာများ၊ သွားပြီဆိုရင် ငါပါလိုက်ခဲ့မှာ"





"မမတာလည်း လိုက်မယ်"

"အေးပေါ့၊ ဘာလဲ၊ ငါမလိုက်ဝံ့ဘူး ထင်လို့လား၊ နောက်ဆုံးတစ်နေ့ မင်းက ကျွန်တော်တော့ လုံးဝမသွားရဲတော့ပါဘူး ဆိုရင်တောင် ငါတစ်ယောက်တည်းသွားဖို့ လုံးဝဝန် မလေးဘူးနော်၊ သဘောပေါက်ထား"

"ဟာ ... မမတာ တစ်ယောက်တည်းတော့ မသွားပါနဲ့"

"ဘာဖြစ်လို့လဲ"

"အာ ... မမတာက ပြောချင်ရာ စွတ်ပြောမှာ၊ ဘယ်သူ့ မှလဲ ကြောက်မှာ အားနာမှာမှ မဟုတ်တာ၊ မျက်နှာပျက် စရာတွေ ဖြစ်ကုန်နိုင်တယ်"

တံခွန် တကယ်လန့်သွားတာကို ရိပ်စားမိသော အတာက ...

"အေးလေ ... ပြီးရောလေ၊ မင်းပါလိုက်ပေါ့၊ မင်းလုံးဝ မသွားတော့ဘူး ဆိုရင်တော့ ငါက သွားဖြစ်အောင်ကိုသွား ပြီး နင့်အဖေကို လက်ညှိုးထိုးပြီးတော့ကို ဝေဖန်ပြစ်တင် ကဲ့ရဲ့ခဲ့ဦးမှာ၊ နောက်ဆုံးတစ်နေ့ သူ့အသိအမှတ်ပြုတာမခံ ရဘူးဆိုရင် တန်အောင်တော့ နှိပ်ကွပ်ပြောဆိုပစ်ဦးမှာ"

"ဟား ... မမတာကလည်းဗျာ ... ကျွတ်"

"အေး ... အဲဒီတော့ နင် စဉ်းစား"

"ဦးညိုဝင်းကတော့ လိပ်စာတွေ ဘာတွေ သိတာပေါ့နော်"

တံခွန်က တွေးတွေးဆဆပြောလျှင် ...

"မမတာ အကုန်မေးထားပြီးပြီ"

အတာက ဖုန်းနံပါတ်တွေ ရေးမှတ်ထားတဲ့စာအုပ်ကို သွားထယူလာကာ ...

"လိပ်စာနဲ့ ဖုန်းနံပါတ် ဒီမှာ၊ လိပ်စာက ကုမ္ပဏီလိပ်စာရော အိမ်လိပ်စာရော၊ ဖုန်းနံပါတ်ကလည်း မျိုးစုံပဲ၊ အားလုံးရေးပြီးမှတ်ထားတယ်၊ ဦးညိုဝင်းကို သူက ဗစ်ဇစ်တင်းကတ်ပေးလိုက်တာလေ၊ အဲဒီကတ်ကို ဦးညိုဝင်းကြီးက မပေးဘူးတော့၊ ရေးပဲမှတ်ထားလိုက်ပါ၊ ကတ်က သူသိမ်းထားချင်လို့ပါဆိုလို့"

တံခွန်က မမတာပြတဲ့ စာမျက်နှာကိုကြည့်လိုက်ပါသည်။

"ဦးမင်းကင်း
မင်းကင်းကုမ္ပဏီလီမိတက်။
........ ... ... ... ...
... ... ... ... ... ..."

တံခွန်က အံ့အားတသင့်နှင့် ...

"ဟင် ... ဦးမင်းကင်းတဲ့လား"

"အင်း ... ဘာဖြစ်လို့လဲ တံခွန်"





တံခွန်သည် သူ့ခါးနောက် ညှပ်ထားသော ဝေါလက်ပြားပြားလေးကို ကမန်းကတန်းထုတ်ကာ အတွင်းဘက်အိတ်တစ်ခုထဲက ဗစ်ဇစ်တင်းကတ်လေးကို ထုတ်ယူလိုက်ပါသည်။ ကတ်လေးကို အတာက ဆတ်ခနဲ ဆွဲယူကြည့်ကာ ...

"ဟင် ... ဒါ ... ဦးညိုဝင်းဆီကကတ်ပဲ၊ တံခွန် ဒါဘယ်က ရထားတာလဲ"

"ဒါ ... ဟို ..."

တံခွန်က အကြီးအကျယ် အံ့အားသင့်ကာ မျက်လုံးပိုင်းနှင့် ပါးစပ်အဟောင်းသားဟကာ နေမိပြီး ...

"ကျွန်တော် ဟိုးတလောက ကားနဲ့တိုးမိတုန်းကလေ၊ အဲဒါ ... အဲဒါ ... ကားပေါ်ကလူ ပေးသွားတာဗျ"

"ဟင်"

တံခွန်သည် တိုက်ဆိုင်လှတဲ့ အဖြစ်အပျက်နှင့် ကျဉ်းမြောင်းလှတဲ့ ကမ္ဘာကြီးကို အံ့အားသင့်လှစွာ လက်ဖျားတွေပင် အေးစက်လာပါသည်။ အဲဒီ နနချောချော အစ်ကိုကြီးဟာ သူ့ရဲ့အဖေတဲ့လား။

♦ ♣ ♦

“ကိုအာလူး”

“ဗျ”

“ဒီစည်သည်တွေ တွေ့ဖူးလား”

“တစ်ခါမှ မတွေ့ဖူးဘူး”

ပွင့်သစ်စက ဂက်စ်မီးဖိုကို ပိတ်လိုက်ရင်း ဟင်းရည်ထည့်ဖို့ ပန်းကန်လုံးလေးတွေကို နံရံကပ်ကြောင်အိမ်ထဲမှ ထုတ်ယူလိုက်ပါသည်။

“မမမီးလေး ... ဖယ် ... ဖယ်၊ ကျွန်တော် ထည့်မယ်၊ အပူလောင်မယ်”

“ကိုအာလူး”

“ဗျာ”





“သူတို့မျက်နှာတွေက တစ်မျိုးပဲ၊ အရမ်း ဆီးရီးယပ်စ်ဖြစ်နေတဲ့ မျက်နှာထားတွေ၊ ကောင်လေးဆိုရင် မျက်နှာကတအားကိုပျက်နေတာ၊ တစ်ခုခုတော့ တစ်ခုခုပဲ”

“တစ်ခုခုကတော့ သေချာတာပေါ့ မမမီးလေးရဲ့ ... အဟီးဟီး”

“ကို ... အာ ... လူး”

ပွင့်သစ်စက ခပ်ဆတ်ဆတ် ခေါ်လိုက်၍ အာလူးက ကုပ်ပုပြီး ...

“ဘာလဲ မမမီးလေးရဲ့”

“အတည်အတံ့ ပြောစမ်းပါ၊ ကျွန်မစိတ်ထဲမှာ တစ်မျိုးပဲ ထင်နေတယ်၊ ခါတိုင်းဆိုရင် ကိုကို ဘယ်လောက်ပဲအရေးကြီးတဲ့ စီးပွားရေးစကားမျိုးပြောပြော ကျွန်မအနားထိုင်နေတာပဲ၊ စိတ်ဝင်တစားလည်း စပ်စုနားထောင်မနေသလိုနေရာရှေ့ဖယ်ပေးရတဲ့ အဖြစ်မျိုးလည်း မကြုံခဲ့ရဘူး၊ ဘယ်သူကမှလဲ ခင်ဗျားခဏရှောင်ပေးပါလို့ မပြောကြပါဘူး ...

ဒီမိန်းမကျမှ လူကို ရှောင်ခိုင်းတယ်၊ သူကဘာမို့လဲ၊ ဘာစကားပြောမှာမို့လဲ၊ လူတွေကြည့်တော့လည်း ဘာမှအရေးပါလောက်စရာ အကြောင်းမရှိပါဘူး၊ အဲဒါကို ကိုကိုကလည်း မီးလေး ခဏအိမ်ထဲသွားနေလိုက်နော်တဲ့၊ ရှောင်ခိုင်းတယ်၊ အဲဒါဘာသဘောလဲ”

"ကျွန်တော်လည်း တကယ်မသိတာပါ မမမီးလေးရယ်"

"ဪ ... စကားအဖြစ် မေးခွန်းထုတ်တာပါ၊ ကိုအာလူးကိုလည်း သိလိမ့်မယ်ထင်လို့ မေးနေတာ မဟုတ်ပါဘူး၊ ကိုအာလူးက တစ်မျိုး"

"မမမီးလေး ဗိုက်ဆာပြီလား၊ ထမင်းစားနှင့်မလား"

"မစားပါဘူး၊ ကိုကိုနဲ့မှ တူတူစားမှာပေါ့၊ ဒီမှာ ကိုအာလူးဒါတွေထားခဲ့ပြီး သူတို့ ဘာတွေပြောနေကြလဲ စည့်ခန်းကွေ့လေးကနေ သွားချောင်းနားထောင်ကြည့်စမ်းပါ"

"အာ ... ချောင်းနားမထောင်ရဲပါဘူး မမမီးလေးကလည်း၊ ဆရာက အဲလိုစပ်စုတာ ဝင်ပါတာ နိုးကြောင်နိုးဝှက်လုပ်တာမျိုးတွေကို ကြိုက်တာမဟုတ်ဘူး၊ ကျွန်တော့်ကိုနှိပ်လိမ့်မယ်၊ ကြောက်တယ်"

"ဒီလောက်သဘောကောင်းလွန်းနေတဲ့ ကိုကို့ကိုပဲ ကြောက်ရသေးတယ်"

"သဘောကောင်းတာက ကောင်းတာပဲ၊ ကြောက်ရတာက ကြောက်ရတာပဲ၊ စည်းကမ်းနဲ့ ပတ်သက်ရင် သူ့ပြောစကားမလိုက်နာရင် ဆရာက မကြိုက်ဘူးဗျ"

"ဒီလောက်ကြောက်နေရင်လည်းနေ၊ ကျွန်မဘာသာသွားချောင်းနားထောင်မယ်"

"ဟာ ... မမမီးလေး မလုပ်ပါနဲ့"





"လုပ်မယ်"

ပွင့်သစ်စက အနည်းငယ် စဉ်းစားလိုက်ပြီး ကော်ဖီခွက် ဖျော်လိုက်ပါသည်။ ကော်ဖီသွားချတာဆိုရင် အပြစ်လည်းရှိဘူးပေါ့၊ ဟုတ်ဘူးလား။

"ထူးကိုထူးခြားတာ၊ ဒီကောင်လေးကိုလည်း ကိုကိုကသိတယ်၊ မြင်မြင်ချင်းပဲ ကိုကိုက ... ဟာ .... မင်း ... ဟိုချာတိတ် မဟုတ်လားတဲ့၊ လာ ညီလေး၊ ဘာကိစ္စရှိလဲတဲ့၊ ဟက်ဟက်ပက်ပက် ဝမ်းပန်းတသာ ဆီးကြိုတာ၊ ဒါပေမဲ့ ဒီကောင်လေးကကျတော့ မျက်နှာက ရွှင်လန်းပုံမရဘဲ ပျက်နေတာ ....

ပြီးတော့ ဟိုမိန်းမကတစ်မျိုးပဲ၊ ပုံစံက လူလည်မကြီးလိုပဲ၊ သူကများ ခပ်တည်တည်နဲ့ ကျွန်မကို ရှောင်ပေးဖို့လည်း သူပဲစပြောတာ၊ ကမ္ဘာပျက်မယ့်အရေးကို ကယ်တင်ဖို့ တစ်မိနစ်ဟာ တစ်မိနစ် အရေးကြီးနေပြီဆိုတဲ့ရုပ်နဲ့၊ ပထမကိုကိုက ပေါ့ပေါ့ပါးပါးပဲ ရှိနေတာ၊ ဒီမိန်းမက ကျွန်မကအပါ့ရဲ့ညီမလေး အတာပါ ဆိုတာနဲ့ ကိုကို့မျက်နှာကတွေဝေပြီး ငြိမ်ကျသွားတာ ...

အပါတို့ အတာတို့ဆိုတာ ဘယ်သူလဲ"

"ကျွန်တော် ဘယ်သိပါ့မလဲ မမမီးလေးရယ်"

"ကိုအာလူးသိတာ ဘာရှိလဲ၊ ကိုကိုနဲ့နေတာပဲ ဆယ်နှ
ရှိနေပြီ"

"ဆယ်နှစ်ရဲ့ရှေ့ကဟာတွေဆိုရင် ဘယ်လိုလုပ် သိနိုင်မှာလဲ"

ပွင့်သစ်စက အာလူးကို မျက်စောင်းထိုးပြီး ဗန်းထ
ကော်ဖီပန်းကန်တွေ နေရာချကာ ဗန်းလေးကိုင်ပြီး ခပ်သုတ်သုတ်
ထွက်လာခဲ့ပါသည်။ မီးဖိုဘက်ကထွက် ထမင်းစားခန်းကိုဖြတ်ပြီ
လျှင် ဧည့်ခန်းထိ လျှောက်လာတဲ့ စင်္ကြံတစ်လျှောက် ဘာသံ
မကြားရ။ တကယ်ဆို ဧည့်သည်ရောက်နေလျှင် ဒီနေရာက
စကားပြောသံ ရယ်မောသံတွေ ကြားရနေကျ။

ပွင့်သစ်စက ဧည့်ခန်းရဲ့အချိုးအကွေ့ နံရံကွယ်ရာ
ရောက်လျှင် ခြေစုံရပ်ပြီး တိတ်နေတဲ့ဧည့်ခန်းဘက် အရင်ချောင်း
ကြည့်လိုက်ပါသည်။

မင်းကင်းက စိတ်ဝင်စား ထက်သန်သော မျက်ဝန်း
များနှင့် ဧည့်သည်နှစ်ယောက်ထံ စိတ်လှုပ်ရှားစွာ ကြည့်နေသည်
ဧည့်သည်နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်
အချက်ပေးလိုက်နှင့် မှုပျက်နေသည်။

"ကဲ ... သူက ပြောမထွက်ပဲ ဖြစ်နေတော့ ကျွန်မက
ကြားကပြောပါ့မယ်"

"ဟုတ်ပြီ ... ပြောပါ၊ ဒါနဲ့ အတာ၊ မင်းက သူ့ကိစ္စအတွက်
အဖော်ပါလာပုံရတာဆိုတော့ ပတ်သက်ပုံက ဘယ်လို
တာလဲ၊ ဆွေမျိုးသားချင်းလား၊ ဒါမှမဟုတ် ဘယ်လို ..."





"ဆွေမျိုးတော့ မဟုတ်ပေမယ့် ဆွေမျိုးရင်းလို အစ်မတစ်
ယောက်လိုနေရာမှာ ရှိတာပါ၊ သူ့အတွက် ပြောရေးဆို
ခွင့်လည်း ရှိတဲ့သူပါ"

"သြော် ... သြော် ...၊ ဒါဖြင့် ပြောပါဦးလေ"

"ဒီလိုပါ"

ပွင့်သစ်စက ရှေ့တိုးတော့မယ့် ခြေတစ်လှမ်းကို
ပြန်တုံ့ထားလိုက်ပါသည်။

"ကျွန်မ အချိန်တိုတိုနဲ့ လိုရင်းပဲ ပြောပါမယ်၊ တံခွန်က
အဲ ... သူ့မှတ်ပုံတင် အမည်ရင်းက မင်းတံခွန်ပါ၊ သူက
ဒေါ်နွယ်နွယ်ရဲ့သားပါ"

"ဘယ်သူ"

"ဒေါ်နွယ်နွယ်ပါ"

"ဟင်"

မင်းကင်းရဲ့တုန်လှုပ်အံ့သြသွားတဲ့ဟန်ကို ပွင့်သစ်စ
က ငေးကြည့်နေမိသည်။

"ဟုတ်ကဲ့ပါ ဦးမင်းကင်း၊ နောက်တစ်နည်း ပြောရရင်
တော့ တံခွန်က ဦးမင်းကင်းရဲ့သားပါ"

"ဟင်"

ဒီတစ်ခါ 'ဟင်' သံက ပွင့်သစ်စထံမှ။ အဲဒီဟင်သံရဲ့နောက် တစ်ဆက်တည်းမှာ ပွင့်သစ်စလက်ထဲမှ ကော်ဖီဇန်းဟာ တစ်ဇန်းလုံး လက်လွတ်ခြေလွတ် ပြုတ်ကျသွားပြီး ကြမ်းပြင်ပေါ် ဗွမ်းခနဲ ကွဲရှဖိတ်စဉ်ကုန်လေတော့သည်။

"မီးလေး"

မင်းကင်းက စိတ်ရှုပ်လက်ရှုပ် ရေရွတ်လိုက်မိသည်။ ပွင့်သစ်စက အကွဲအစ အပေအရေတွေကို ခွကျော်ကာ ဧည့်ခန်းထဲ ကမူးရှူးထိုး ရောက်သွားရင်း အတာဆိုတဲ့ မိန်းမရဲ့ရှေ့မှာ မျက်နှာချင်းဆိုင် ရပ်လိုက်ကာ ...

"ဒီ ... ဒီ ... ဒီမှာ အန်တီ၊ အန်တီ ခုန ဘာ ... ဘာပြောလိုက်တာလဲ"

အတာ့မျက်နှာက ညိုပုပ်သွားရပါသည်။ အမယ်လေးနော် ...၊ ဒီလို လင်နေသားမွေးအရွယ်ကြီးက လူကို အန်တီတဲ့။

"နေပါဦး ... မင်းအသက်က ဘယ်လောက်မို့ တွေ့ကရာလူကို အန်တီခေါ်နေရတာလဲ၊ မင်းအသက် ဆယ့်ငါးနှစ်ထက်ကြီးရင် တို့ကို အန်တီခေါ်ဖို့ စိတ်မကူးနဲ့"

ပက်ခနဲ တုံ့ပြန်ခံလိုက်ရ၍ ပွင့်သစ်စမျက်နှာက ရဲသွားရကာ ...

"ကိုကို ... သူ ... သူက ..."





"ဦးမင်းကင်းကို မင်းက ကိုကိုလို့ခေါ်ရင် တို့ကို သူငယ်ချင်းရေလို့ပဲ ခေါ်သင့်တယ်ထင်တယ်၊ တို့က သူ့ထက် ဆယ်နှစ်လောက်ငယ်တယ်၊ ဒါနဲ့ ဦးမင်းကင်းမှာ ညီမတော့ မရှိဘူးနော်"

မင်းကင်းနှင့် တုံ့ခွန်မှာ ခပ်ငိုင်ငိုင် ငြိမ်သက်နေကြပါသည်။ ခန္ဓာကိုယ်အတွင်းထဲက စိတ်လှုပ်ရှားခြင်း အရှိန်အဟုန်ကြောင့် အပြင်ဘက်မှာ ရေခဲတုံးတမျှ အေးစက်ငြိမ်သက်နေကြရတာပါ။

"ကျွန်မ သူ့ညီမ မဟုတ်ဘူး၊ သူနဲ့လက်ထပ်မယ့် သူ့ချစ်သူ၊ သူ့ရဲ့ဇနီးလောင်း"

ပွင့်သစ်စ စကားကြောင့် အတာက သတိအနေအထားဖြစ်ကာ ဦးနှောက်ထဲမှာလည်း တွေးစရာတွေ အများကြီး အမျှင်တန်းသွားရပါသည်။ ဦးမင်းကင်းက လောလောဆယ် လူပျိုကြီးဖြစ်နေပေမယ့် လက်ထပ်တော့မည့် ဇနီးလောင်းနှင့်ဆိုပါလား။ လူပျိုကြီးဖြစ်နေတာက ဤအရေးကိစ္စမှာ အားသာချက်အများကြီးဖြစ်နေစေရာမှ ဇနီးလောင်းနှင့် ဆိုတော့ ဒါဟာအရေးပါသော အနှောင့်အယှက် အဖျက်အမှောင့်တစ်ခု ဖြစ်လာပြီ။

"အဲဒီတော့ ရှင် ခုန ဘာပြောလိုက်တာလဲ"

"မင်းရဲ့ခင်ပွန်းလောင်းကိုပဲ မေးလိုက်ပါ၊ မင်းကိုပြောလို့ရတယ် မရဘူး၊ ပြောသင့်တယ် မပြောသင့်ဘူး၊ တို့လည်း

နားမလည်ဘူး၊ တို့လာကြတာကလည်း ဦးမင်းကင်းကိုပြောဖို့ လာကြတာပါ၊ မင်းကိုပြောဖို့ အစီအစဉ်ထဲမှာ မပါပါဘူး"

လေသံက ပျော့ပျောင်းပေမယ့် စကားလုံးတွေက ရင့်ထည်နေတဲ့ ဤစကားကြောင့် ပွင့်သစ်စက ဒေါသတကြီးဖြစ်သွားရပါသည်။ ဒီမိန်းမ ရင့်လှချည်လား။ ဘာအနေအထားမှလဲ မရှိဘဲ ဘာတွေရင့်နေတာလဲ။ ကြားထားရတဲ့စကားအတွက် ဖျပ်ဖျပ်လူးနေချိန်မှာဖြစ်၍ ဒီမိန်းမကို ဆောင့်မတွန်းမိအောင်တောင် မနည်းသတိထားရကာ ...

"ကိုကို"

"မီးလေး ... ငြိမ်ငြိမ်လေး ထိုင်စမ်းပါ"

မင်းကင်းက ဧည့်ခန်းစပ်ကို ရောက်လာတဲ့ အာလူးထံလှမ်းကြည့်ကာ ...

"အာလူး ... ဒါတွေ မြန်မြန်သိမ်းသွားစမ်း"

"ဟုတ်ကဲ့ ဆရာ ... ဟုတ်ကဲ့ ဆရာ"

"ကိုကို"

"မီးလေး ... ကျေးဇူးပြုပြီး ခဏလေး တိတ်တိတ်နေလိုက်ပေးပါ၊ ကိုကို စဉ်းစားစရာတွေ အများကြီးရှိတယ်"

"မတိတ်နိုင်ဘူး၊ တိတ်နေနိုင်စရာလား၊ ဒီကောင်က ကိုကို့သားလို့ ဒီမိန်းမက လာပြောနေတာလား"





"ဟော့ ... စိန်တွေဝတ်ထားပြီး စကားပြောတာ စိန်နဲ့တန်အောင် ယဉ်ကျေးစမ်းပါ၊ ညီမက တကယ်ပဲ ဦးမင်းကင်းရဲ့ဇနီးလောင်းဆိုရင် သူက မင်းရဲ့လင်ပါသား တော်စပ်မယ့်သူပါ၊ ဒီအကောင် ... ဟိုအကောင်လို့ မသုံးနှုန်းပါနဲ့၊ မင်းနဲ့လည်း ရွယ်တူတန်းတူလောက် ဖြစ်နိုင်ပါတယ်၊ နှလို ညီမက ဂူးဂူးဝါးဝါးလုပ်နေတာ ဦးမင်းကင်းကိုရော တို့တွေကိုရော အာရုံနှောက်စေပါတယ်ကွယ်"

အတာ့အဖို့ရာတွင်တော့ ဦးမင်းကင်းရဲ့ဇနီးလောင်းဆိုသူကို မြင့်မြင့်ချင်း ဝင်ဝင်ချင်း ဦးကျိုးနှိမ်ချ အညှဲခံလိုက်ရတာမျိုး လုံးဝအဖြစ်မခံနိုင်ပေ။ ဒီမိန်းကလေးနေရာက ဒီကိစ္စကိုကဖျက်ယဲ့ဖျက် အလုပ်နိုင်ဆုံး နေ့ရာအနေအထား။ တစ်နှရှိဘာက ဒီကောင်မလေးဟာ ဈာကောင်းစွာနိုင်ပေမယ့် အဆင့်အတန်း အခြေအနေ အရပ်ရပ်အရ အတာနှင့်တော့ အပြိုင်ကြံ၍လေသံမကျယ်ရဲမှာကို အတာ အတပ်သိသည်။

အတာကတော့ နဂိုနေအခြေအနေကိုက အာကျယ်ခွင့်လက်မှတ် ရထားတဲ့သူလို အသက်မွေးဝမ်းကြောင်းကိုက သူများကို တင်တင်စီးစီး ရင့်ရင့်ကြောကြော ပြောကိုပြောထွက်ရတဲ့အနေအထားလေ။

"ရှင်က ဘာမို့လို့ ကျွန်မကို တားနေရတာလဲ၊ ကျွန်မကသာ ရှင်တို့နှစ်ယောက်ကို ဒီအိမ် ဒီခြံထဲက မောင်းထုတ်လို့ရတဲ့ အနေအထားပါ"

"ညီမ မောင်းထုတ်ရင်တော့ အစ်မတို့က ထွက်သွားရမှာ ပေါ့ကွယ်၊ ဒါပေမဲ့ ခြံပြင်ကနေ ဒီစကားမျိုး ပြောတာထက် ခုလို ခြံထဲ အိမ်ထဲ ဧည့်ခန်းထဲမှာ တိုးတိုးတိတ်တိတ်ပြော ဆိုဆွေးနွေးကြတာက ပိုကောင်းတယ် ထင်လို့ပါ၊ အပြင် ကနေပြော၊ သက်ဆိုင်ရာကနေ ပြောဆိုလည်း ရပါတယ်၊ အဲသလို ပြောပါ့မယ်"

"ရှင် ... ရှင် ...၊ ကိုကို ... သူ ... သူတို့က ..."

ပွင့်သစ်စသည် အနာဒဏ်ရာထဲ ဆားနဲ့ပက်ခံနေရ သလို ဆတ်ဆတ်တွန့် ပူလောင်နေလှပြီ ဖြစ်ပေမယ့် အေးတိ အေးစက် တုံဏှိဘာဝေနှင့် "ဘာတွေလာပြောနေတာလဲ ... ထွက် သွား"လို့ ခပ်ပြတ်ပြတ် နှင်မထုတ်နိုင်သော မင်းကင်းရဲ့ပုံပန်း အခြေအနေကြောင့် တစ်စုံတစ်ရာကို အကြီးအကျယ် စိုးရိမ်ပူပန် ကာ မျက်ရည်တွေ ရစ်ဝိုင်းတက်လာသည်။

သူများအပြောအဆိုကို ငုံ့ခံဖူးတဲ့သူ မဟုတ်ဘဲ ကိုယ့်ဘာသာ အနိုင်ပိုင်း အထက်ဆီးယူ ပြောဆိုနေကျဖြစ်ရာ ဘာအရေးမှမပါတဲ့ ဒီမိန်းမလောက်အဆင့်ကို တွေ့ကရာနှင့်ကို ကောက်ပေါက်လိုက်ချင်တာ။ သို့ပေမယ့် ကိုယ့်ဘက်က စည်းရိုး ဟာ လုံလဲပုံမရတာ ကိုယ်တိုင်တွေ့သိ ခံစားနေရ၍ စိတ်ရှိသလို တုတ်တုတ်မလှုပ်ရဲ ဖြစ်နေရပါသည်။

"ကဲ ... ကဲ ... ကဲ"





မင်းကင်းက ခေါင်းတွေထူပူကာ လက်နှစ်ဖက်ဆန့် ၍ကာရင်း ...

"တစ်ဆိတ်လောက် တိုးတိုးတိတ်တိတ် လုပ်ကြရအောင်၊ မီးမလေး ... ပါးစပ်လေး တစ်ချက်ပိတ်ထားပေးပါ၊ ကိုယ် လည်း ခေါင်းတွေတအားပူနေပြီ၊ အတာလည်း နည်းနည်း စကားပြော ဆင်ခြင်ပေးပါ၊ သူစိမ်းတွေမှ မဟုတ်ကြပဲမို့ လား"

မိန်းမနှစ်ယောက်လုံးက ယာယီသဘောအရ နှုတ် ဆိတ်လိုက်ကြပါသည်။ အတာက မင်းကင်းကိုတစ်လှည့် ပွင့်သစ်စ ကိုတစ်လှည့် အကဲခတ်နေကာ မှင်သေသေ ဣန္ဒြေရရ အသာစီး ရနေပေမယ့် ပွင့်သစ်စကတော့ စီးကျလာတဲ့ မျက်ရည်လေးတွေ ကို တို့ကာသုတ်ကာ တပန်းရှုံးနိမ့်တဲ့ အနေအထားကို ရောက်နေ ပြီ ဖြစ်ပါသည်။

မင်းကင်းက ငြိမ်သက်ပြီး စိတ်မကောင်းဖြစ်နေပုံ ရတဲ့ တံခွန့်ကို လှမ်းကြည့်ရင်း ...

"အင်း ... မင်းကို ငါ ကားနဲ့ဝင်တိုက်မိရာကနေ ဖူးအေ တော်ရမလို အခြေအနေထိတောင် ဖြစ်လာရတာပါလား ကွာ"

"ဟင် ... သူက ဟိုတစ်ခါ ကိုကို ကားနဲ့တိုးမိတယ်ဆို တဲ့"

"ဟုတ်တယ် မီးလေး"

"ဟင် ... ကိုကို ပြောတော့ ကောင်လေးက လူကောင်းကလေး၊ ရိုးသားလိုက်တာဆို၊ ခုခေတ်မှာ ဒီလောက်ရိုးသားတဲ့သူတောင် တွေ့ရခဲနေပြီဆို၊ ကားနဲ့တိုက်မိပြီး ဗစ်ဇစ်တင်းကတ်ပေးမိတာနဲ့ပဲ သားအဖပါဆိုပြီး ဓာတ်လမ်းလာထွင်တဲ့ထိအောင်တောင် ရိုးသားတယ်ပေါ့ ... ဟုတ်လား"

"ကျွန်တော် ဓာတ်လမ်းထွင်နေတာ မဟုတ်ပါဘူး အစ်မ"

"ဟုတ်ပါရဲ့ ... ငါ့ညီမ စဉ်းစဉ်းစားစားလေး စကားကိုပြောသင့်တယ်၊ ကားနဲ့တိုးမိရုံနဲ့ ခင်ဗျားရဲ့သားပါဆိုပြီး ဓာတ်လမ်းလာဆင့်လို့ ရသလားကွယ်၊ လူတွေက အရူးတွေမှ မဟုတ်တာ၊ နဂိုနောက်ခံဓာတ်ကြောင်း ရှိကိုရှိခဲ့မှ ဒီလိုလာပြောနိုင်တဲ့ကိစ္စပါ၊ ခုထိ ငါ့ညီမရဲ့ခင်ပွန်းလောင်းက စကားတစ်ခွန်း ငြင်းသေးသလားဆိုတာ ညီမ ပြန်တွေးပါဦး"

"ကိုကို"

"ရှူး ... မီးလေး၊ ကိုကို တကယ်ပဲ ခေါင်းတွေနောက်လွန်းလို့ပါကွာ၊ ကိုယ့်ကို နည်းနည်းနားလည်ပါ"

"ဘာကိုနားလည်ရမှာလဲ၊ မင်္ဂလာဆောင်ခါနီး သားကြီးဒီအရွယ်ကြီး ပေါ်လာတာကို ဘယ်လိုနားလည်ရမှာလဲ၊ လုံးဝနားလည်မပေးနိုင်ဘူး၊ သတ္တိရှိရှိနဲ့ သူတို့ကို မီးလေးရှေ့မှာ ငြင်းပစ်လိုက်စမ်းပါ၊ ငြင်းပြစမ်းပါ"





"........."

"ကိုကို"

ပွင့်သစ်စခများ တဆတ်ဆတ် တုန်လာကာ မျက်ရည်လေးတွေက ပါးပေါ်အဆက်မပြတ် စီးသွယ်ကျနေပါသည်။

"ကိုကို ... မီးလေး ရင်တွေပူနေတာလေး သက်သာရာရအောင် သူတို့ သက်သက်မဲ့ အကွက်ဆင် စွပ်စွဲနေတာပါလို့ တစ်ခွန်းလောက်ငြင်းပါ၊ ငြင်းပါ ကိုကိုရယ်"

"မီးလေး၊ မငိုပါနဲ့ကွာ၊ ခုချိန်မှာ ကိုကို လုံးလုံးလျားလျားခေါင်းရှောင်ပြီး ငြင်းလို့ရတဲ့အခြေအနေ မဟုတ်သေးဘူး"

"ဘာ"

"ဟုတ်တယ် မီးလေး၊ ကိုကို ဒီကိစ္စကို ဖြေရှင်းကိုဖြေရှင်းရမှာပါ"

"ဘာ ... ဒါဖြင့် သူပြောနေတဲ့ သူ့အမေ ဒေါ်နွယ်နွယ်ဆိုတာကို ကိုကို တကယ်ပဲသိလား၊ တကယ်ပဲ ပတ်သက်ခဲ့လား"

"ဟုတ်တယ်၊ သူ့အမေ နွယ်နွယ်က ကိုယ့်ရဲ့သူငယ်ချင်းပဲ"

"ဘာ"

ပွင့်သစ်စသည် ရင်ထဲနာကျင့်စူးအောင့်ကာ မျက်လုံးတွေပါ ပြာသွားသလို မူးမိုက်သွားရပြီးမှ ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်ပါသည်။

ဤမျှကြီးမားလောင်မြိုက်တဲ့ ပြဿနာကြီးကို မကြာခင်စေ့စပ်ပွဲကျင်းပဖို့ ရက်ရွေးပြီးကာမှ ပွင့်သစ်စ မည်သို့ဖြေရှင်းရပါအံ့နည်း။ ရင်တွေလည်းနာ ရှက်လည်းရှက်။ ခုထိကို တင်းမာခါးသီးနေချင်သေးတဲ့ ဒက်ဒီများ သိသွားလို့ကဖြင့် ဘယ်လိုမှကို ဖြေရှင်းလို့မရနိုင်တော့မှာ သေချာပါသည်။

ရှက်လိုက်တာ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ အနည်းဆုံးတော့ ခုလိုတက်လာပြီး စွပ်စွဲဝံ့တာကိုက စွပ်စွဲလောက်တဲ့ ပတ်သက်မှုတစ်စုံတစ်ရာ ရှိခဲ့လို့သာပေါ့။ ငယ်သူငယ်ချင်းလား ငယ်ရည်းစားလား။ သူ့မှာ ထောက်ထားလိုတဲ့ ခံစားချက် ရှိလို့သာ ဒီနှစ်ယောက်ကို နင်မထုတ်တာ။

"မီးလေး"

"မုန်းတယ်၊ ကိုကို့ကို မုန်းတယ်"

"........"

မင်းကင်း ဘာစကားမှ မပြန်ဖြစ်၊ မပြန်နိုင်ပါ။ ခေါင်းငိုက်စိုက်ချလျက် ငြိမ်သက်နေမိဆဲ ပွင့်သစ်စက ဧည့်ခန်းထဲမှ အပြေးထွက်သွားပါသည်။ မင်းကင်းက သက်ပြင်းတစ်ချက်ချလိုက်မိကာ တံခွန်သည်လည်း အားနာတဲ့စိတ်မျိုးနှင့် ခေါင်းတောင်မဖော်ရဲအောင် ငြိမ်သက်နေရှာသည်။ အတန်ကြာ အခန်းက ငြိမ်သက်တိတ်ဆိတ်နေပြီးမှ ...

"အင်း ... တံခွန် ... ဟုတ်လား၊ မင်းနာမည်က"





"ဟုတ်ကဲ့ခင်ဗျ"

"နွယ်နွယ်ရော အခု ဘယ်မှာလဲ"

"အမေက ခုလောလောဆယ် မိတ္ထီလာခဏသွားနေပါတယ်"

"မိတ္ထီလာမှာ ဘယ်သူရှိလဲ"

"အမေ့ကြီးတော်ပါ၊ မကျန်းမာလို့ အမေ့ကိုတွေ့ချင်လို့ ခေါ်လို့ သွားရတာပါ၊ အမေ့ကျေးဇူးရှင်ဆိုလည်း ဟုတ်ပါတယ်ခင်ဗျ"

"ဪ"

"ဟို ... ဟို ... ကျွန်တော့်ကို အဲ ... အဲဒီကြီးတော်ရဲ့ ကူညီစောင့်ရှောက်မှုနဲ့ မွေး ... မွေးခဲ့ရတာလို့ ပြောပါတယ်"

"ဪ ... အင်းပေါ့လေ"

တံခွန်က သူ့အဖေဆိုတဲ့ လူချောကို ခုမှစေ့စေ့ကြည့်ရင်း ...

"ကျွန်တော်တို့ ခုလိုရောက်လာတဲ့အတွက် အစ်ကို့မှာ ..."

အတာက တံခွန့်ပေါင်ပေါ် ဖျတ်ခနဲ ရိုက်ပစ်ကာ ...

"ဟဲ့ ... ဘာအစ်ကိုလဲ၊ နင်တော့လေ"

"ဟို ... ဦး ... အဲ ..."

"ခေါ်ချင်သလိုသာ ခေါ်ပါကွာ၊ ကိစ္စမရှိပါဘူး၊ အစ်ကိုခေါ်ခေါ် ဦးပဲခေါ်ခေါ် မင်းခေါ်ချင်သပဆိုရင် အဖေပဲခေါ်ခေါ်ပါ"

"ဦးမင်းကင်းက လက်ခံခွင့်ပြုရင်တော့ အဖေလို့ ခေါ်သင့်တာပေါ့"

အတာကဝင်၍အထွန့်တက်လိုက်ပါသည်။ မင်းကင်းက အနည်းငယ်တော့ ကျောချမ်းသလို တွန့်သွားရကာ ...

"အင်းလေ ... အင်းလေ၊ ကိစ္စမရှိပါဘူး၊ မင်းစိတ်ထဲ သက်သောင့်သက်သာဖြစ်မယ်၊ စိတ်ချမ်းသာမယ်ဆိုရင် ခေါ်ပါကွာ၊ ဒါပေမဲ့တော့ မင်းနဲ့ ငါနဲ့တော့ စကားတွေ အများကြီး ပြောဆိုဆွေးနွေးစရာ ရှိသေးတယ် တံခွန်"

"ဟုတ်ကဲ့"

"ဒီကိုလာတာ မင်းအမေ သိရဲ့လား၊ ငါ့စိတ်ထင်တော့ သူ သိမယ်မထင်ဘူး"

"ဟုတ်ကဲ့ ... အမေ မသိပါဘူးခင်ဗျ"

"သိရင်လည်း တားလိမ့်မယ်ထင်ပါတယ်၊ ဒါနဲ့ မင်းဘယ်လိုမှတော့ မအောက်မေ့နဲ့၊ မင်းကိုယ်မင်း မင်းကင်းရဲ့သား ငါ့ရဲ့သားလို့ ဘယ်လိုအချက်နဲ့ Comfurm လုပ်ထားတာလဲ၊ ဘယ်ကကြားသိရတဲ့ သတင်းလဲ"

"ဟို ... ပထမဆုံး ပြောတာကတော့ ဦးညိုဝင်းပါ အ ... အ ... အဖေ"

မင်းကင်းမှာ "အဖေ"ခေါ်သံကြောင့် ရင်ထဲအောင့် ကျိန်းကျိန်းလိုလို ယားကျိကျိလိုလို ဖြစ်သွားရပါသည်။





"သြော် ... ညိုဝင်းလက်ချက်ပေါ့"

"ဟုတ်"

"မင်းအမေကို အရင်ပြန်မေးကြည့်သေးလား"

"ဟုတ်ကဲ့ ... ဦးညိုဝင်းဆီကတစ်ဆင့် မမတာ သိရကတည်းက ဦးမင်းကင်းဆိုတဲ့ နာမည်တောင် မသိရသေးပါဘူး၊ ကျွန်တော့်အဖေက ဟိုခေတ်က နာမည်ကြီး 'ဦး......' ရဲ့သားဆိုတာပဲ သိရတာပါ၊ အဲသလောက်လေးနဲ့ပဲ အမေ့ကိုမရဲတရဲ မေးကြည့်ရတာပါ၊ အမေက ... ဟုတ်တယ်၊ ရာထူးဂုဏ်သိမ် ပစ္စည်းဉစ္စာတွေကြောင့် ကွဲရတယ်၊ အမေအဝေးကို လွှင့်ခဲ့ရတယ်ဆိုတာ ဝန်ခံရုံအပြင် ဘာမှထပ်မပြောနဲ့တော့ဆိုပြီး စကားစပ်မခံတော့ပါဘူး ...

ဒါလေးပြောရုံနဲ့ အရမ်းခံစားသွားရပုံလည်းပေါ်လို့ ကျွန်တော် ထပ်လည်းမမေးရက်ပါဘူး၊ ဒါပေမဲ့ မမတာနဲ့ တိုင်ပင်ပြီး အ ... အဖေ့ဆီ သွားတွေ့ကြည့်မယ်ဆိုမှ ဦးညိုဝင်းဆီကရတဲ့ နာမည်လိပ်စာရယ်၊ ကျွန်တော် ကားနဲ့ တိုးမိတုန်းက ရထားတဲ့ ဗစ်ဇစ်တင်းကတ်လေးရယ် တိုက်ဆိုင်တူညီနေတာတွေ့ပြီး အရမ်းအံ့အားသင့်ရတာပါ"

"အဟမ်း"

အတာက လည်ချောင်းရှင်းရင်း ...

"အတာတို့ ဦးမင်းကင်းဆီက အခွင့်အရေးတွေ မျှော်ကိုးပြီး လာခဲ့တာမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အသိအမှတ်ပြု စောင့်ရှောက်မှုကိုတော့ လိုလားတာ အမှန်ပါပဲ ဦးမင်းကင်း၊ အဲလောက်ကိုတော့ သူ့အမေဘက်ကလည်း ကန့်ကွက်စရာရှိမှာ မဟုတ်ပါဘူး၊ ဦးမင်းကင်း အနေနဲ့လည်း ဒီအရွယ်သားကြီးတစ်ယောက် လောက်လောက်လားလား ရှိနေတာ အံ့သြဝမ်းသာစရာတောင် ဖြစ်နေမယ်လို့ ထင်ပါတယ်"

"အင်း … အံ့သြပါတယ်၊ ဝမ်းသာစရာဆိုတာကတော့ တစ်ပိုင်းပေါ့လေ၊ ဝမ်းလည်းသာပါတယ်၊ ဒါ့ပေမဲ့ ငါ့အတွက်က အိုးစည်ပုံမောင်းတီးက,နေရမယ့် အနေအထားတော့ မဟုတ်တာ မင်းတို့လည်း မြင်မှာပေါ့၊ ငါက အခုအိမ်ထောင်ပြုဖို့ စီစဉ်ထားတယ်၊ အခုကိုပဲ ဇနီးလောင်းကို ဘယ်လောက်ထိ ပြဿနာရှင်းရတော့မယ်ဆိုတာ မင်းတို့လည်း နားလည်မှာပဲ"

"သူ တုန်လှုပ်သွားမှာ နားလည်ပါတယ်၊ အတာတို့လည်း သူသိအောင် လာပြောတာတော့ မဟုတ်ပါဘူး၊ အရဲစွန့်ပြီး အိမ်ကိုရောက်လာချိန်မှာ သူကရှိနေတယ်၊ ပြီးတော့ ရှောင်ပေးဖို့ တောင်းဆိုပေမယ့် လာနားထောင်မိသွားတယ်၊ အကြောင်းတွေ တိုက်ဆိုင်ကုန်တော့ ဦးမင်းကင်း ပြဿနာတွင်းထဲ ကျသွားတာကို အများကြီး အားနာပါတယ် …





ဒါပေမဲ့ သူနားလည်သင့်တာက တံခွန့်အမေဒေါ်နွယ်နွယ်ကလည်း သူ့ကိုပြန်ပေါင်းဖို့ တောင်းဆိုမှာ မဟုတ်သလို ဒီကိစ္စကို ဝင်နှောင့်ယှက် ကန့်ကွက်နေမယ့်သူလည်း မဟုတ်ပါဘူး ဦးမင်းကင်း၊ ဒါပေမဲ့လို့ သားရယ်လို့ ရှိကိုရှိနေပြီဆိုတဲ့ ဖြစ်စဉ်တစ်ခုကိုတော့ ကြည်ဖြူဖြူ မကြည်ဖြူဖြူ သူ့အနေနဲ့ လက်သင့်ခံပေးလိုက်ရတော့မယ့် အနေအထားတော့ ရှိတာပေါ့"

"ဒါတွေ နောက်တော့ ဆွေးနွေးကြတာပေါ့လေ"

မင်းကင်းစကားကြောင့် အတာက အင်တင်တင်လေး ဖြစ်သွားရင်း …

"နောက်မှဆွေးနွေးတာပေါ့ဆိုပြီး ချွေးသိပ်ထားလိုက်ရုံနဲ့တော့ မပြီးလိုက်သင့်ဘူးထင်တယ် ဦးမင်းကင်း"

ဟိုလိုလို ဒီလိုလိုနှင့် လျှော့ချပြီး ဒီဇာတ်လမ်းကြီးက ဇာတ်မျှော့ကြီးအဖြစ် အဖျားရှူးသွားတော့မည့် အရိပ်အယောင်မျိုး အတာက မြင်ယောင်နေလေပြီ။ သူတို့မျက်ကွယ်မှာ ဦးမင်းကင်းဇနီးလောင်းက ဒီကိစ္စကို အကြီးအကျယ် ကန့်ကွက်ဖျက်ဆီးနှောင့်ယှက်မှာမျိုးကိုလည်း ကြိုသိနေကာ ဤသို့ဖြစ်ခွင့်ကို လက်သင့်ခံလို့ မဖြစ်နိုင်ပေ။ ခေါင်းထဲမှာ ဆောင့်စေ့အောင် တစ်ချက်ချက်တွက်ချက်နေရပြီ ဖြစ်လေသည်။

"ဒါဖြင့် အခု မင်းက ဘာကိုအလိုရှိတာလဲ အတာ၊ တကယ်တမ်းက တံခွန်နဲ့ ဆွေးနွေးရမှာ မင်းနဲ့ဆွေးနွေးနေရပါရောလား"

"ဟုတ်ကဲ့ ... အတာက သူ့အတွက် ပြောရေးဆိုခွင့်ရှိတဲ့သူပါ၊ သူကတော့ ဦးမင်းကင်း တွေ့တဲ့အတိုင်း တုံဏှိဘာဝနဲ့ အေးစက်စက် နေတတ်တဲ့သူပါ၊ ရိုးလည်းရိုးသားလွန်းတဲ့သူပါ"

"ဟုတ်ပါပြီ၊ မင်းက သူနဲ့အမျိုးလည်းမဟုတ်ဘူး အတာ၊ ဒါဖြင့် ဘာလဲ၊ သူက ရှေ့နေငှားလာတာမျိုးလား"

"ဟို ... အတာက ... ကျွန်မက သူ့ ... သူ့ချစ်သူပါ၊ ခုကိစ္စမှာ ဦးမင်းကင်းက သူ့အဖေဆိုရင် အတာ့ရဲ့ ယောက္ခမလည်း တော်စပ်လာရမှာပါ"

"ဟင်"

မင်းကင်းက မျက်ခုံးကြီးပင့်ပြီး အတာ့ကိုတစ်လှည့် တံခွန့်ကိုတစ်လှည့် တအံ့တသြ ကြည့်မိသည်။ အနည်းဆုံး ဆယ်နှစ်လောက်ကွာနိုင်ချေရှိတဲ့ ဒီအပါးအနပ်မ,က ဒီကောင်လေးရည်းစားဆိုပါလား။ ဒါဆိုရင် ပုံသဏ္ဌာန် အခြေအနေတွေကို စီးပွားတွက်နှင့် ကွက်ကျော်မြင်ကြည့် တွက်ကြည့်ရတော့မည်ဆိုပါက မင်းကင်းခေါင်းထဲ ထင်းခနဲ လင်းခနဲ လျှပ်ပြက်သလို ရိပ်မိယူဆလိုက်မိတာ တစ်ချက်တည်းရှိသည်မှာ ...။





အေးစက်စက်ကောင်လေးက တော်တော်၊ မယ်သော်ကကဲနေတာ မဟုတ်ဘူးလား။ ဒီကိုလာတာတောင် နွယ်နွယ်က မသိတာ။ ဒီဖြစ်စဉ်ဖြစ်ရပ် တစ်ခုလုံးကို ဇာတ်ညွှန်းရေး ကြိုးကိုင်နေသည်မှာ ဟောဒီ အတာသာဖြစ်မှာပင်။ တံခွန့်ချစ်သူဆိုမှတော့ တံခွန်နှင့်ယှဉ်လျှင် တံခွန့်ဆိုးမွေကောင်းမွေ ဥစ္စာပစ္စည်းအမွေကအစ သူနှင့်ဆိုင်ပြီလေ။

တံခွန့်ကိုလည်း သူက ကြိုးသူပီပီ ကောင်းကောင်းကြိုး ကြိုးကိုင်ခြယ်လှယ်ထားတဲ့ ပုံမျိုးပါလား။ ငယ်ငယ်က အပါနှင့်ခင်လို့ ဒီအတာကို သူတို့တွေ ချီတောင်ချီပိုးခဲ့ကြဖူးမှာ မုန်ပေမယ့် ကြီးပြင်းအရွယ်ရောက်လာတော့ ဒီကလေးမ ဘယ်လိုလူစားဖြစ်လာတယ်ဆိုတာ ဘယ်သူအတပ်ပြောနိုင်လဲ။ ဟန်ကောဟန်ရဲ့လား။

မင်းကင်းသည် ငိုင်တွေငြိမ်ကုပ်နေတဲ့ တံခွန့်ကို တစ်ချက်ကြည့်ရင်း သင်းကလေးကို အတာ့ကြိုးကိုင်ခြယ်လှယ်မှုအောက်က တစ်ခဏဆွဲထုတ်ကာ အတာ့အာဘော်မပါတဲ့ သူ့ရင်တွင်းစကား ရင်တွင်းခံစားချက်များကို စူးစမ်းလိုတဲ့ဆန္ဒပေါက်လာပါသည်။ အတာဆိုတဲ့ ဒီလည်လည်ဝယ်ဝယ်မဟာလည်း တံခွန့်အတွက် ချစ်သူကောင်း အိမ်ထောင်ကောင်း ဟုတ်ရဲ့လားဆိုတာကအစ သူ စစ်ကြောချင်မိပြီ။

ဘယ်လိုပင်ဖြစ်စေ ဒီကလေး တံခွန်ဆိုတဲ့ ကောင်လေးဟာ သူနဲ့သွေးသားရင်းချာ တော်စပ်ပတ်သက်သူ ဖြစ်မယ်ဆိုတာ သေချာသလောက် သူကိုယ်တိုင် လက်ခံနိုင်တာလေ။

"ဒီလိုလုပ်ကြစို့၊ တံခွန် ... မင်းအမေလည်း မရှိတုန်း မင်း ငါနဲ့အတူ တစ်လတန်သည်ပေါ့ လာနေနိုင်မလား၊ သွေးကပဲ စကားပြောမလား၊ ငါကိုယ်တိုင်လည်း သိချင်တာရော။ နွယ်နွယ့်သားပါဆိုတာနဲ့ ငါ့ရဲ့သားပါဆိုတဲ့ စွပ်စွဲချက်ကို တစ်ထိုင်တည်း လက်ခံတာထက် ငါတို့ ဒီထက်လက်တွေ့ကျကျ အဖြေရှာကြည့်ကြရအောင်လေ"

"ဗျာ ... ဟို ... ဟို ... အဲဒါကတော့ ..."

တံခွန်က အူကြောင်ကြောင်ကလေး အတာ့ကို လှည့်ကြည့်သည်တွင် အတာက ခေါင်းတစ်ချက် တိုက်တွန်းသလို ဝမ်းသာအားရ ဆတ်ပြလိုက်ရင်း ...

"ဟုတ်တယ်၊ တံခွန် ... အဲဒါကောင်းတယ်"

♦ ♣ ♦





# ၉

"ဒေါက် ... ဒေါက်"

ပွင့်သစ်စက မထူးဘဲ တစ်ဖက်ကို လှည့်အိပ်နေရာမှ တုတ်တုတ်မလှုပ် ငြိမ်နေလိုက်ပါသည်။ သို့ပေမယ့်လည်း သူများမှ မဟုတ်တာ မာမိပဲဟာ။ လက်ကိုင်ဘုကို လှည့်ဖွင့်၍ အခန်းထဲ ဝင်လာပါသည်။

"သမီး ... မီးလေး၊ နေမကောင်းသေးဘူးလား သမီး"

မာမိက ပွင့်သစ်စ လှည့်အိပ်နေတဲ့ဘက် ကွေ့ပတ်လာကာ ပွင့်သစ်စကို အနီးကပ်ငုံ့ကြည့်လာသည်ဖြစ်၍ အိပ်မပျော်ဘဲ မျက်ခွံတွေ တဖျပ်ဖျပ်လှုပ်နေတဲ့ ပွင့်သစ်စမှာ အိပ်ချင်ယောင် ဆက်ဆောင်နေလို့ မဖြစ်တော့ပါ။ သေချာကြည့်ရင် အိပ်ပျော်မနေတာ အသိသာကြီးမို့ နိုးလာသယောင် လူးလွန့်လိုက်ရပါသည်။

"နေကောင်းလား သမီး"

"ဟင့်အင်း … ခေါင်းမူးတယ် မာမီ"

အိပ်ရာထဲက မထွက်ချင်၍ ညာလိုက်ပါသည်။

"ဟော … တွေ့လား၊ ခေါင်းပါမူးပြီလား၊ အချိန်မဟုတ်အခါမဟုတ်ကြီး သမီးကအိပ်လိုက်တာကိုး၊ မာမီမပြောဘူးလား"

ခေါင်းပါမူးပြီလားဆိုတော့ ပထမ ကိုယ့်ကိုယ်ကိုယ်ဘာဖြစ်တယ် ပြောထားမိပါလိမ့်ဆိုတာ ပွင့်သစ်စက ပြန်စဉ်းစားရသည်။ သြော် … မိုက်အောင့်တယ် ပြောထားခဲ့မိတာပဲ။ အိပ်ရာထဲထိုးခွေလှဲနေနိုင်မည့် ရောဂါဝေဒနာတစ်ခု ပါးစပ်ထဲတွေ့ကရာ ကောက်ပြောထားခဲ့မိတာပဲလေ။

"မိုက်ကော အောင့်သေးလား"

"ဟုတ်ကဲ့"

"ဟော … ကြည့်စမ်း၊ မျက်ရည်တောင်ထွက်လာပါလား၊ တော်တော်အောင့်နေရင်တော့ ဒက်ဒီ့ဖုန်း လှမ်းဆက်မှပဲ"

"အာ … ဒက်ဒီ့ကို လှမ်းမဆက်ပါနဲ့၊ ဒက်ဒီ သူ့ဟာသူ သူ့လူနာတွေနဲ့ ရှုပ်နေမှာ၊ အိမ်ပြန်လာနေရဦးမယ် မာမီကလည်း၊ ဒီလောက်ကြီးလည်း မဟုတ်ဘူး"

"ဒီလောက်ကြီးမဟုတ်ရင် ညည်းက ဘာလို့ငိုနေလဲ၊ သိပ်အောင့်နေလို့လား … ဟုတ်လား၊ မနေ့က နှင်းနုတို့နဲ့ ဘာတွေလျှောက်စားလာလဲ မီးလေးရယ်၊ မနေ့က ပြန်လာကတည်းက မျက်နှာကြီးအမ်းနေသလိုပဲ"





အမ်းမှာပေါ့။

ပွင့်သစ်စသည် မနေ့က ကိုကို့အိမ်မှ ထွက်လာခဲ့ပြီးတဲ့နောက် အကြီးအကျယ်လည်း ရှိုက်ကြီးတငင် ငိုချင်နေသည်ဖြစ်၍ အိမ်ကိုတန်းမပြန်ဖြစ်။ နေ့လယ်နေ့ခင်း အိမ်မှာ လူကြီးသူမ ကင်းရှင်းတဲ့ နှင်းနုရဲ့အိမ်ကို ကားတန်းမောင်း၍သွားခဲ့ပါသည်။

နှင်းနုတစ်ယောက် မျက်ကလဲဆန်ပျာနှင့် အလန့်တကြား ဖြစ်သွားရအောင်ကို နှင်းနုအိမ်မှာ အသံပြဲကြီးနှင့်ပေါက်ကွဲငိုကြွေးပစ်လိုက်ပါသည်။

"ဟဲ့ … ဟဲ့ … နင် ဘာဖြစ်တာလဲ ပွင့်သစ်၊ နင့်မာမီလှမ်းခေါ်ရမလားဟင်။ လန့်လိုက်တာဟယ်၊ ဘာဖြစ်တာလဲ၊ ပြောလေ၊ မပြောရင် ငါ အန်တီ့ကို ဖုန်းလှမ်းဆက်မှဖြစ်မယ်"

"ဘာမှဆက်စရာမလိုဘူး၊ ငါ ကိုကိုနဲ့ရန်ဖြစ်လာလို့"

"အမယ်လေးတော်၊ ဒါများ ဒီလောက် တပြဲနှစ်ပြဲ အော်ငိုစရာလားဟယ်၊ နင့်တို့ရန်မဖြစ်ဖူးလို့ ဒီလောက်ဖြစ်နေတာ၊ နင့်ဦးမင်းကင်းက အလိုလိုက်ထားတော့ နင်ကစိတ်ဆိုးဒေါသဖြစ်ရတာရယ်လို့ မရှိဘူးလေ၊ တစ်ခါလေးပြဿနာတက်ဖူးတာ ကမ္ဘာပျက်မလို ဖြစ်နေတယ်၊ တကတဲ ဒါဆိုရင်တော့ ငိုယော့ … ဝအောင်အော်ငို၊ ငါတံခါးပိတ်ပေးသွားမယ်"

နှင်းနုက နားအေးပါးအေး ပွင့်သစ်စကို အိပ်ခန်းထဲ တံခါးပိတ်ထားရစ်ကာ သူက အပြင်ထွက်ရှောင်နေသည်။ ပွင့်သစ်စ လွတ်လွတ်လပ်လပ် တဝကြီး ငိုကြွေးခွင့်ရခဲ့ပါသည်။ ငိုလို့ဝတော့ မျက်နှာက ရောင်အမ်းနေပြီ။ ဒီအရောင်ကျအောင် နေဝင်ရီတရောအထိနေပြီးမှ အိမ်ပြန်ရောက်တော့ မျက်နှာကြီး အမ်းတာကျန်သေး၍ မာမီကမေးပါသည်။

ပွင့်သစ်စက နှင်းနုတို့နှင့် ရှုံနိုင်ဆိုင်မှာ ပင်လယ်စာတွေ သွားစားလာတာဟုပြော၍ ဗျစ်တောက်ဗျစ်တောက်လုပ်ခဲ့ရသေးတာ။

"ပြောလေ ... ဘာတွေစားတုန်း"

"ဂုံးယောက်မ"

"ကြည့်စမ်း ... ပေါက်ကရတွေ လျှောက်စားတယ် တွေ့လား၊ ဖြစ်မှာပေါ့၊ နောက်ကို လျှောက်မစားနဲ့"

"မာမီကလည်း မျက်နှာက သူ့ဟာသူ ဖြစ်ချင်လို့ဖြစ်တာ၊ ဂုံးယောက်မ မပြောနဲ့ ဂုံးယောက္ခမစားတောင် ဘာမှမဖြစ်ဘူး၊ စားနေကျ"

"အခန့်မသင့်လို့ သွေးတွေ ဘာတွေ တိုးသွားလားမှမသိတာ၊ အစားခတ်မတည့်လို့လည်း ဖြစ်နိုင်တယ်လေ၊ ကဲ ... ဆေးခန်းပြမှာလား မပြဘူးလား"

"မပြပါဘူးဆို မာမီကလည်း၊ သက်သာနေပြီကို"





"ဒါဖြင့်လည်း အိပ်ရာကထွက်လေ၊ လှဲနေတာ ပိုပြီးစိတ်မရွှင်လန်းစေဘူး၊ ဒီမှာ ငါ့သမီးခေါင်းလေးကြည်ပြီး စိတ်ချမ်းသာသွားစရာလေး ပြရဦးမယ်"

"ဘာလဲ မာမီ"

ဒေါ်စန္ဒီက ပွင့်သစ်စရဲ့ခုတင်ပေါ် တင်ပလ္လင်ထိုင်ကာ သူ့ရဲ့လက်မွေ့အိတ်ကြီးကိုဖွင့်၍ ကတ်ပြားလေးတချို့ ဆွဲထုတ်ယူလိုက်ရင်း ...

"ကဲ ... ကြည့် ... ရော့၊ မီးလေးရဲ့စေ့စပ်ကြောင်းလမ်းဖိတ်စာ"

ပွင့်သစ်စက လှပလွန်းတဲ့ ရွှေရောင်ကတ်လေးကို ရင်နာနာနှင့် ဆွဲယူကြည့်လိုက်ပါသည်။

"သဘောကျတယ် မဟုတ်လား"

"........."

"ညည်းကိုကိုကလည်း ပြောတယ်လေ၊ မာမီကြိုက်တာသာ ရွေးပြီးလုပ်လိုက်ပါတဲ့၊ ဘယ်လောက်လှလဲပြော၊ စေ့စပ်ပွဲပေမယ့် အပျံစားပဲ လုပ်လိုက်တယ်၊ မင်္ဂလာပွဲက သူပဲ တာဝန်ယူမယ်ဆိုတော့ ညည်းဒက်ဒီကလည်း တစ်ပွဲတော့ ကိုယ်တာဝန်ယူလုပ်ပါ မျက်နှာအငယ်မခံနဲ့ဆိုလို့၊ စေ့စပ်ပွဲဖြစ်ပေမယ့် လူလည်းနည်းပေမယ့် ထရိတ်ဒါးစ်ပဲလုပ်ဖို့ ဆုံးဖြတ်တာလေ ...

ဖိတ်စာကိုလည်း တော်ရုံလျော်ရုံ မလုပ်ဘူး၊ သေချာပဲလုပ်လိုက်တယ်၊ ငါ့သမီးလေးလည်း မျက်နှာရှိတာပေါ့၊ အန်တီဆွေကဖြင့် ဒီဖိတ်စာကို သဘောကျလွန်းလို့၊ စေ့စပ်ပွဲဖိတ်စာက ဒီလိုဆိုရင် မင်္ဂလာဆောင်ကျတော့ ဘယ်လိုဖိတ်စာလုပ်မှာမို့လဲတဲ့ ... ဟင်း ဟင်း ...

မာမီကလည်း မသိသေးပါဘူးလို့ မင်္ဂလာဖိတ်စာကျတော့ ဦးမင်းကင်းက ဒီမှာမလုပ်ဘဲ စင်ကာပူကမှာမယ်ပြောတာပဲလို့ ပြောပြရသေးတယ် သမီးရဲ့ ... ဟင်း ဟင်း ဟင်း"

ပွင့်သစ်စက မျက်ခုံးလေး တွန့်သွားရကာ ...

"အန်တီဆွေက ဖိတ်စာကိုချီးချူးရအောင် ဖိတ်စာရွေးတော့ သူပါလို့လား မာမီ"

"ဩော် ... သမီးကလည်း အန်တီဆွေတို့၊ မမမော်လီတို့၊ အစ်ကိုကြီးအဲလ်ဘတ်တို့လို ကိုယ့်ဆွေမျိုးရင်းချာတွေရောမမဖြူတို့ မမမူတို့လို ဆွေမျိုးတမျှ ရင်းနှီးချစ်ခင်တဲ့သူတွေရောကျတော့ ပွဲနားကပ်မှ ဖိတ်စာသွားပေးလို့ ဘယ်ကောင်းပါ့မလဲ၊ သူတို့က သုံးပွဲရှိသုံးပွဲ လေးပွဲရှိလေးပွဲ ကိုယ့်အဝိုင်း ဝတ်စုံကအစ အပြည့်လိုက်ချုပ်ကြမယ့်သူတွေလေ သမီးရဲ့"

ပွင့်သစ်စက မျက်ခုံးလေးမြင့်တက် မျက်လုံးလေးပြူးကာ ...





"အဲ ... အဲဒီတော့ ..."

"စေ့စပ်ပွဲဖိတ်စာ စောစောပဲ ဝင်ပေးခဲ့ပြီပေါ့"

"ဟင်"

"တစ်ခါတည်း ပြီးတာပေါ့၊ ဒီနေ့ ဆယ်ယောက်ကျော်ပေးခဲ့တယ်၊ တော်တော်လည်း အလုပ်ပြီးသွားတယ်"

"ဘာ ... မာမီ"

ပွင့်သစ်စက အလောတကြီး ထအော်လိုက်ကာ ရေကြီးခွင်ကျယ် တုန်လှုပ်သွားပုံမို့ ဒေါ်စန္ဒီမှာလည်း လန့်ဖျပ်ကာ ...

"ဘာဖြစ်လို့လဲ ပွင့်သစ်စရယ်၊ ငါ လန့်လိုက်တာဟယ်"

"မာမီ ဖိတ်စာတွေ ဝေခဲ့ပြီ ! "

"ဆယ့်သုံးလေးငါးယောက်ပါ၊ ဘာဖြစ်လို့လဲ"

"ဟာ ... ဘာဖြစ်လို့ ဝေခဲ့တာလဲ၊ အစောကြီးရှိသေးတာမာမီကလည်း"

"ဟဲ့ ... ဘာဖြစ်တာလဲ၊ စောလည်း ဘာဖြစ်လဲ၊ အမျိုးရယ် အမျိုးနီးပါးဖြစ်နေတာရယ်ပဲလေ၊ စောစောဝေပြီးပြီးရောပေါ့"

"ဟာ ... မာမီကလည်း၊ မီးလေးကိုလည်း ဘာမှမပြောဘဲနဲ့"

"ဟဲ့ ... ဘာပြောစရာရှိလို့လဲ"

"ပြောရမှာပေါ့ ကာယံကံရှင်ကို၊ ကျွတ် ... မာမီကလည်း ကွာ"

"ဟဲ့ ... ဘာထူးတာမို့လဲ၊ ဘာကိစ္စရှိလို့လဲ၊ ဘာရှိနေသေးလို့ မဝေဘဲ စောင့်ဆိုင်းအချိန်ဆွဲနေရမှာလဲ"

"မာမီကလည်း တစ်လကျော်တောင် လိုသေးတာလေ၊ ဖိတ်စာရိုက်တာတောင် စောလှပြီကို"

"တစ်လကျော် ဘာဖြစ်လဲ၊ မစောဘူး၊ ဒီကတ်တောင် အခု ပစ္စည်းပြတ်သွားပြီ သိရဲ့လား ပွင့်သစ်၊ ငါအချိန်မီ ရလိုက်တာ၊ ငါ့နောက်မှာ မင်္ဂလာဆောင်တစ်ခုက အပ်တယ်၊ အဲဒါပြီးရင် ဒီကတ်အမျိုးအစားတွေကုန်ပြီ၊ ထပ်မှာဝယ်ရင် ရ,မရသေချာတော့ဘူး"

"ဒါတွေက အရေးမပါပါဘူး မာမီရာ"

ဒေါ်စန္ဒီက ဇဝေဇဝါနှင့် ...

"ဘာက အရေးပါနေလို့လဲ၊ ပြောပါဦး"

"ကျွတ် ... မာမီကလည်းကွာ"

"ဟဲ့ ... ပွင့်သစ်၊ ညည်းက ဝမ်းသာနေရမယ့်ကိစ္စကို ဘာဖြစ်နေတာလဲဆိုတာ စဉ်းတောင်မစဉ်းစားတတ်တော့ဘူး၊ တကယ်ပဲ၊ မအေက အကောင်းဆုံးလုပ်ပေးတာကိုလည်း သူ့မှာ ကြေးများစရာ၊ သဘောမကျစရာ တွေ့ဖြစ်အောင် ရှာတွေ့သေးတယ်၊ အခု ဘာဖြစ်တာလဲ"





ပွင့်သစ်က အားယူနေပြီးမှ ဖွတ်မိုတ်၍ ...

"ကိုကိုနဲ့ ... ကိုကိုနဲ့ ရန်ဖြစ်ထားတယ်"

"အဲဒီတော့ ! "

"မာမီကလည်း"

"ငါ တကယ်နားမလည်လို့ မေးတာပါ ပွင့်သစ်ရဲ့၊ ရန်ဖြစ်ထားတော့ ဒီမင်္ဂလာပွဲပျက်လောက်တဲ့ထိ ဖြစ်လို့လား"

ပွင့်သစ်က တွေဝေသွားပြီး ...

"ပျက်တော့ ဘယ်ပျက်မှာလဲ"

အင်းလေ။ ရင်ထဲမှာ နာကျင်လှပေမယ့် ကိုကိုကိုတော့ လက်လွှတ်ဆုံးရှုံးခွဲခွာနိုင်တာမှ မဟုတ်ဘဲ။

"မပျက်ရင်ပြီးရောပေါ့ တကတဲ၊ ရည်းစားဘဝ ရန်ဖြစ်တာဆန်းသလားအေ၊ မင်္ဂလာဆောင်ခါနီးဆိုရင် စုံတွဲတွေဟာ ပိုတောင်ရန်ဖြစ်တတ်သေးတယ်၊ ခုမှပဲ သူ့သဘော ကိုယ့်သဘော လွန်ဆွဲကြရတော့တာကိုး၊ ထုံးစံပဲဟာ၊ ရန်ဖြစ်တာများ ဘာဖြစ်တာလိုက်လို့"

ဒုက္ခပဲ ...။

မာမီမသိနိုင်သေးပါ။ နားမလည်နိုင်သေးပါ။ မီးလေးနဲ့ ကိုကိုနဲ့ကြားမှာ သာမန်ပဋိပက္ခမကတဲ့ ပြဿနာကြီးတစ်ခု ရှိလာပြီဆိုတာ မသိဘဲနဲ့ မာမီ ဘယ်လိုလုပ်ပြီး ကောက်ချက်ချ

လို့ ရမှာလဲ။ ဒီပြဿနာကြီးကို ပြေလည်အောင် မဖြေရှင်းဘဲနှင့်လည်း ကိုကိုနှင့် ဘယ်လိုလက်ထပ်မလဲ။ ကိုကို့ကို မခွဲနိုင်ဘူး ဆုံးရှုံးလက်လွှတ်မခံနိုင်ဘူး ဆိုပေမယ့် ပြဿနာပြေလည်ပြီးစီးသွားတဲ့အထိတော့ လိုအပ်ရင် နောက်ဆုတ်စရာရှိ ဆုတ်ရမှာမဟုတ်ဘူးလား။

"မာမီကလည်း ဘာပဲဖြစ်ဖြစ် ဒီလောက်အစောကြီး ဖိတ်စာတွေလျှောက်မဝေသင့်သေးတာတော့ အမှန်ပဲဟာ"

"အေး ... အဲဒါကို နားမလည်နိုင်တာ၊ ညည်းတို့ကိစ္စက အကြောင်းတစ်ခုခုကြောင့် ပျက်စရာရှိလို့လား သမီးရယ်၊ မရှိရင် ရှေ့တိုးဝေဝေ နောက်ဆုတ်ဝေဝေ ဘာဖြစ်လဲ"

"ကဲပါ မာမီရယ်၊ ဝေပြီးသလောက်တော့ ရှိပါစေတော့၊ ကျန်တဲ့ဖိတ်စာတွေကို အမျိုးမကလို့ အမျိုးရဲ့ဘိုးအေဖြစ်ဖြစ် မဝေပါနဲ့ဦး"

"ဟဲ့ ... အမျိုးထဲမှာတင် ဒီအမျိုးတွေကျတော့ အစောကြီးဖိတ်စာရထားပြီ။ သူတော့ အရင်ရတယ် ငါတော့မရသေးဘူးနဲ့ စိတ်တွေကောက်ကြပြုကြ ဖြစ်ရဦးမယ်၊ ပြဿနာဖြေရှင်းရတာတွေ ဖြစ်နေဦးမယ်"

ပွင့်သစ်စသည် စိတ်ရှုပ်ထွေးစွာ ထပ်ငိုချင်လာကာ...





"မာမီ ... သမီးက မဝေနဲ့ဦးဆို မဝေပါနဲ့ဦး၊ တကယ်ပါပဲ"

"မမလေး"

ဒေါ်စန္ဒီက ပွင့်သစ်စကို တအံ့တဩ ကြည့်နေမိစဉ် ဟထားတဲ့အခန်းတံခါးမှာ သူဇာရောက်လာကာ ခပ်ယို့ယို့ လှမ်းခေါ်၍ လှည့်ကြည့်ကာ ...

"ဘာလဲ သူဇာ"

"မမလေးနဲ့ ဖုန်းပြောချင်လို့ပါတဲ့၊ အစ်ကိုကြီး ဦးမင်းကင်းလို့ ပြောပါတယ်"

"ဟင်"

ဒေါ်စန္ဒီက အံ့အားတသင့်နှင့် ...

"မင်းကင်းက လိုင်းဖုန်းကို ဘာဖြစ်လို့ ဆက်တာလဲ၊ ညည်းဟဲန်းဒ်ဖုန်းကော"

"ဟို ... ပိတ်ထားလို့၊ ဘက်ထရီကုန်နေတာ"

"ဩော် ... ဖုန်းဘက်ထရီကုန်လည်း ချာ့ဂျင်သွင်းမှပေါ့ သမီးရယ်၊ လာလေ၊ မာမီ ပလပ်တပ်ပေးမယ်၊ ဒီကပြန်ခေါ်လိုက်၊ အားသွင်းရင်းပြောနေလည်း ရတာပဲကို"

"သူဇာ ... မပြောဘူးလို့ ပြောလိုက်၊ ဖုန်းချလိုက်"

"ဟဲ့ ... ပွင့်သစ်စ"

"မာမီကလည်း ရန်ဖြစ်ထားပါတယ်ဆိုမှ"

"တော်တော်ဖြစ်ထားလို့လား၊ ရန်ဖြစ်တာကို အဲသလိုအစ မလုပ်နဲ့စမ်းသမီး၊ မာမီ မကြိုက်ဘူး၊ ရန်ဆိုတာ ခဏခဏ ဖြစ်ရင် ရိုးပြီး နောင်အမြဲဖြစ်ဖို့ ဝန်မလေးတော့ဘူး၊ ဖြစ်လေ့ဖြစ်ထမရှိရင် ဖြစ်ဖို့ဝန်လေးပြီးဖြစ်ခဲသွားတယ်၊ ကဲ... ညည်းမပြောရင် မာမီ သွားပြောလိုက်မယ် ...

နေမကောင်းဘူးဆိုတာ သွားပြောလိုက်ရင် သူက သတင်းမေးဖို့ လာမှာပဲ၊ သတင်းမေးရင် ညည်းကိုလည်း ချော့ဖြစ်သွားအောင် ငါကြည့်ကျက်ပြောထားမယ်"

"မာမီလည်း ဖုန်းသွားမပြောနဲ့"

"ဟဲ့ ... ဘာလို့လဲ"

"မပြောပါနဲ့ဆို ... အီး ဟီး"

မာမီနှင့်ပြောရင်းက သူ့ဘက်ကကိစ္စတွေ မာမီ့ကို သူက ဖွင့်ပြောလိုက်ရင် ဘယ်လိုလုပ်မလဲ။ ကိုယ်တိုင်ကိုယ်ကျ အရင်ဆုံးသိရပြီးမှ မာမီ့ကိုတော့ သိသင့်သလောက် ပြန်လည်တည်းဖြတ် အသိပေးဖို့ ဆုံးဖြတ်ထားတာပါ၊ ဒက်ဒီ့ကိုတော့ လုံးလုံး ပြောပြဖို့ကို စိတ်ကူးမရှိပါ။

"ဟဲ့ ... ပွင့်သစ်စ ... သမီး"





ပွင့်သစ်စသည် ပြောရင်းဆိုရင်းက ဝမ်းပန်းတနည်း ရှိုက်ကာငိုကာ အရှိန်ယတ်မရတော့ပေ။ ဒေါ်စန္ဒီ့မှာ ခြေမကိုင်မိ လက်မကိုင်မိနှင့် ...

"ဟဲ့ ... ညည်းတို့ ဘယ်လောက်ထိ ဖြစ်ထားကြတာတုန်း သမီးရဲ့ ... ဟင်၊ ရန်ဖြစ်တာတော့ မဖြစ်နိုင်တော့ဘူး၊ ညည်းကရှောင်နေချင်ပြီး သူကဆက်သွယ်နေတာဆိုတော့ သူ့မှာ ညည်းခွင့်မလွှတ်ချင်တဲ့ ပြစ်မှုတစ်ခုခုများ ထွက်လာလို့လား၊ ဘာပြစ်မှုလဲ၊ ပွင့်သစ်စ ... ညည်းအကောင်ကြီးကို ညည်းဘယ်လောက် ဖျပ်ဖျပ်လူး ချစ်မြတ်နိုးသလဲ မာမီသိတယ်၊ တော်ရုံနဲ့ ညည်းဒီလောက်ဖြစ်မှာမဟုတ်ဘူး"

ဒေါ်စန္ဒီက သူဇာဘက်လှည့်ရင်း ...

"သူဇာ ... နောက်မှ ပြန်ဆက်ပါ့မယ်ပဲ သွားပြောလိုက်တော့"

"ဟုတ်ကဲ့"

ဒေါ်စန္ဒီသည် ခုတင်ပေါ်ပြန်ထိုင်ကာ မျက်နှာကို လက်နှင့်အုပ်ပြီး သိမ့်သိမ့်တုန် ငိုကြွေးနေတဲ့ ပွင့်သစ်ပခုံးလေးကို ဖက်ကာ ...

"သမီး ... ပြောစမ်း၊ မာမီ့ကိုပြော"

"ဟင့်အင်း ... ဟင့်အင်း"

"မပြောလို့ မရဘူးလေ သမီး၊ ပြောမှ ဝိုင်းစဉ်းစားဖြေရှင်းလို့ ရမှာပေါ့၊ မာမီရင်တွေ ထိတ်လှပြီ၊ မြန်မြန်ပြောစမ်း၊ စေ့စပ်ဖို့ကလည်း ဘယ်လောက်မှလိုတော့တာ မဟုတ်ဘူး၊ ဖြေရှင်းစရာရှိ အမြန်ဆုံးဖြေရှင်းရအောင် မြန်မြန်ပြော"

"ဟင့်အင်း ... မီးလေးတို့ ဖြေရှင်းလို့မရတဲ့ကိစ္စ မာမီ၊ ဘာမှ မတတ်နိုင်တဲ့ကိစ္စ၊ သူ့ဘက်မှာ သူ့ဘာသာသူ ဖြေရှင်းမှဖြစ်မယ့်ကိစ္စ ... အီး ဟီး ဟီး"

"ဘာကိစ္စလဲ သမီးရယ်၊ ပြောစမ်းပါကွယ်"

"ဟင့်အင်း ... ဒက်ဒီသိရင် သူ့ကို သွားသတ်လိမ့်မယ်၊ သမီး မပြောဘူး"

"ဘုရား ... ဘုရား၊ သွားတောင်သတ်မှာ ဘာကိစ္စများလဲ သမီးရယ်"

"ဟင့်အင်း ... သမီး ရှက်တယ်၊ သမီး သေချင်တယ်"

"ဘာ ... ဘာကိစ္စမို့လဲ၊ ပွင့်သစ်စ ... ကိုယ့်အမေမှကိုယ် မပြောရင် ညည်း ဒါကို ဘယ်လိုဖြေရှင်းမှာလဲ၊ မရဘူး ပြောစမ်း၊ ညည်းပြောမလား၊ ငါ မင်းကင်းကို မေးရမလား ပြော"

"မာမီ ... အီး ဟီး ဟီး"

သူဇာက ဒုခန်းဝကို အပြေးရောက်ရှိလာပြန်ကာ ...





"အန်တီ"

"ဟဲ့ ... ဘာလဲ၊ နင်ကတစ်မျိုး၊ ကိုယ်ဟာနဲ့ကိုယ်မပြီးဘူး"

"ဟိုလေ ... အန်တီ၊ အစ်ကိုကြီးဦးမင်းကင်းက သူကကားနဲ့ အိမ်ရှေ့ရောက်နေတာတဲ့၊ သူ အခု လူကိုယ်တိုင်ပဲဝင်ခဲ့တော့မှာတဲ့၊ ခြံတံခါးလာဖွင့်ခိုင်းနေပါတယ်"

"ဟင် ... ဟုတ်လား၊ ဖွင့်ပေးလိုက်လေ"

"ဟင့်အင်း ... ဟင့်အင်း ... မဖွင့်နဲ့"

"သမီး ... ဖြေရှင်းစရာရှိတာ ညည်းအမေမရှိတုန်း ဖြေရှင်းရမယ်လေ၊ တော်ကြာ အခုလက်မခံလို့ ညည်းအမေရှိတဲ့အချိန်မျိုး ထပ်လာနေရင် ပိုမဆိုးပေဘူးလား၊ ဘာလို့ ဒီလောက် ခါးခါးသီးသီး ဖြစ်နေရတာလဲ သမီးရယ်"

"အီး ဟီး ... မာမီသိမှာ သမီးရှက်တယ် ... ရှက်တယ်၊ မာမီမပါပါနဲ့နော်"

ပွင့်သစ်စက အော်ဟစ်လည်းငို၊ သူ့ခေါင်းကိုလည်း သူ စုံထုနေ၍ ဒေါ်စန္ဒီက ပွင့်သစ်စလက်တွေကို ဆွဲချုပ်ထားရင်း ...

"ပြောမှဖြစ်မယ်လေ သမီး ... ပြော၊ ဒီလောက်ပြဿနာကြီးမားနေမှတော့ မာမီမပါဘဲ ပြီးပါ့မလား သမီးရယ်၊ ဘာလဲ ပြောစမ်းပါ၊ ရင်တွေပူလိုက်တာ၊ ရူးတော့မှာပဲအေ"

ဒေါ်စန္ဒီပါ ငိုသံပါလာရပါသည်။

"မာမီ"

"ပြော သမီးလေး ... ပြောစမ်း"

"သူ့မှာလေ သူ့မှာ သမီးအရွယ်လောက် သားကြီးတစ်ယောက် ရုတ်တရက် ပေါ်လာတယ် မာမီရဲ့ ... အီးဟီး"

"ဘာ"

♦✤♦





## ၁၀

"တီတီ ... တီတီ"

တံခွန်သည် တီးလုံးသံလေးမြည်လာတဲ့ ဟဲန်းဒ်ဖုန်းကို ကမန်းကတန်း ကောက်ယူကာ လူးလဲထ,လိုက်ပါသည်။ ကြည့်စမ်း ... မနက်ခုနစ်နာရီတောင် ရှိနေပြီပဲ။ ညက ဟိုတွေးဒီတွေးနှင့် စောစောအိပ်မပျော်တော့ ထချိန်နောက်ကျသွားသည်။

သူ ဒီအိမ်ရောက်တာ နှစ်ရက်ကျော် သုံးရက်ထဲ။ သောကြာနေ့ညနေလောက်က သူ ပြောင်းရွှေ့ရောက်လာခဲ့၍ စနေ တနင်္ဂနွေ နှစ်ရက်လုံးတော့ သူ အိမ်မှာပင်။ စနေနေ့က ဦးမင်းကင်းက သူ့ကုမ္ပဏီရုံးကို ခဏတော့ အလုပ်သွားရသေးသည်။ အိမ်ကနေ ဝင်လိုက် ထွက်လိုက်ပင်။ တံခွန်က ကိုအာလူးနှင့်ပဲ အဖော်လုပ် အဖွဲ့ကျနေရပါသည်။

မနေ့က တနင်္ဂနွေနေ့ကတော့ တံခွန်နှင့် ဦးမင်းကင်း အေးအေးလူလူ စကားများစွာ ထိုင်ပြောဖြစ်ခဲ့ပြီး အဲဒီစကားတွေထဲမှာ သူ့ကုမ္ပဏီအလုပ်ထဲ ယာယီပဲဖြစ်ဖြစ် အလုပ်ဝင်လုပ်နေနိုင်တဲ့အကြောင်းလည်း ဦးမင်းကင်းက ပြောခဲ့၍ တံခွန်ကလည်း ခေါင်းညိတ်လက်ခံထားပါသည်။

"တီ ... တီ"

တံခွန်က ဖုန်းကိုနှိပ်၍ နားထောင်လိုက်ပါသည်။

"ဟယ်လို"

"တံခွန်"

"မမတာ"

"အခုမှ အိပ်ရာထတာများလား ဟုတ်လား၊ အသံကြီးကနီးလာတဲ့အသံကြီး"

"ဟုတ်ကဲ့"

"ဟဲ့ ... ဒီနေ့ နင် ရုံးလိုက်သွားရမှာ မဟုတ်လား တံခွန်ရဲ့၊ စောစောစီးစီးထတာ မဟုတ်ဘူး တစ်ခါတဲ့၊ နင် အဲဒီအိမ်မှာ ဦးမင်းကင်း အိပ်ရာမထခင် ထရဲ့လား"

"ထပါတယ်၊ မထရင်ရော ဘာဖြစ်လို့လဲ၊ နောက်ကျလည်း နည်းနည်းပေါ့"

"နောက်ကျလို့ ဘယ်ဖြစ်ပါ့မလဲဟဲ့၊ သူ့သားပါဆိုပြီး ကိုယ်ကဝင်ချဉ်းကပ်ရတာ၊ ခုမှစပြီး သံယောဇဉ်ချည်နှောင်





ရမှာ၊ ကိုယ့်ပုံစံက ချစ်မွေးမပေါက်ရင် ဘယ်လိုလုပ်မလဲ၊ အမြင်ကတ်စရာ ဖြစ်နေလို့ရပါ့မလား၊ နင်ဟာလေ"

"မမတာကလည်းဗျာ၊ ကျွန်တော် အလိုက်တသိ နေပါတယ်၊ အိမ်မှာလည်း ကိုအာလူးကို ကူညီလုပ်ကိုင်ပေးနေတာပဲ၊ ချက်ပြုတ်တာကအစ ကူညီတာပါ၊ ဦးမင်းကင်းကိုလည်း အရိပ်အကဲကြည့်ပြီး အဆင်ပြေအောင် နေပါတယ် မမတာရာ"

"ခုထိ ဦးမင်းကင်းပဲလားဟယ် တံခွန်ရယ် ... ဟင်၊ အဖေလေး ဘာလေး ပစ်ပျက်မခေါ်ဘူးလားဟယ်"

"ဟာ ... ရှက်စရာကြီးဗျာ ... မမတာကလည်း"

"ဒါ ရှက်စရာလား၊ သူများပစ္စည်းခိုးတာလည်း မဟုတ်ဘူး၊ မဟုတ်တရုတ်လုပ်တာမှ မဟုတ်တာ၊ ကိုယ့်အဖေမို့ အဖေခေါ်တာပဲဟာ၊ ဘာဖြစ်လဲ"

"သူကတောင် သူ့ကိုယ်သူ အဖေလို့မှမပြောတဲ့ဟာကို"

"အခု ... ဘယ်လိုခေါ်ဝေါ်ကြလဲ"

"ကျွန်တော်က ... ဦးပဲခေါ်တယ်"

"သူကရော"

"သူကတော့ မင်းနဲ့ငါပဲပေါ့"

"ကဲ ... ကဲ ... အိပ်ရာထဲကထွက် ရေချိုးတော့၊ မင်းကို အဝတ်အစားတချို့ လာပေးဦးမှပဲ၊ ရုံးတက်ရင် သပ်သပ်

ရပ်ရပ် ဖြစ်ရအောင်လေ၊ ကပိုကရို ဖြစ်ကတတ်ဆန်း ဝတ်မသွားနဲ့နော် တံခွန်၊ လူရှိသေ လေးစားအောင်နေထိုင်၊ ဘာပဲဖြစ်ဖြစ် မင်းက ဒီကုမ္ပဏီပိုင်ရှင် ဦးမင်းကင်းရဲ့သား လေ ... ဟုတ်တယ်မှုလား၊ မင်းကို လူတွေအထင်သေးမှာ မမတာ မကြိုက်ဘူး၊ အဝတ်အစားတချို့ဝယ်ပြီး လာပို့မယ် သိလား၊ တံခွန် ... ခုလိုအနေအထားမှာ မင်း ဦးမင်းကင်း ဆီကလည်း ဘာမှကူညီထောက်ပံ့မှု လိုချင်မှာမဟုတ်ဘူး လေ ... ဟုတ်တယ်မှုလား"

ဩော် ... မမတာ ... မမတာ။

မမတာ တစ်ယောက်စမျာ သူ့ကို ဦးမင်းကင်းသား အဖြစ်မှာ စိတ်တလှုပ်တရှားနဲ့ကို မြင်ချင်နေတာ။ မမျှော်လင့်ဘဲ မတော်တဆ သူဟာ ဒီဇာတ်လမ်းဇာတ်ကွက်တွေကနေ လွဲချော်ပြီး ဦးမင်းကင်းသား မဟုတ်ဘူးဆိုတာမျိုးများ ဖြစ်ခဲ့ရင် မမတာများ တောင် ရူးသွားမလားပင်။

"တံခွန်"

"မမတာ ... ကျွန်တော် စဉ်းစားနေတာ"

"ဘာကိုလဲ"

"ကျွန်တော့်ကို ဦးမင်းကင်းက ခေါ်တယ်ဆိုပေမယ့် သူ့ အလုပ်ထဲ ဝင်လုပ်လိုက်တာ ကောင်းပါ့မလားလို့၊ အတင်းပဲ တိုးဝင်ပတ်သက်ရာ ကျနေမလားလို့ပါ"





"ဘာဖြစ်လဲ၊ သူခေါ်လို့ ဝင်လုပ်တာပဲ တံခွန်ရယ်၊ ကိုယ်က တောင်းဆိုရတာလည်း မဟုတ်ဘူးလေ၊ ဒီအလုပ်တွေ မင်းနဲ့လည်း ပတ်သက်ထိတွေ့ထားသင့်ပါတယ်"

"တစ်မျိုးကြီး ဖြစ်နေတယ်၊ မြင့်မားတဲ့ အသိုင်းအဝိုင်း တစ်ခုထဲကို ဖွတ်ရောအတင်းရော ခပ်တည်တည်ကြီး ဝင်နေနေရသလို ဖြစ်နေတယ်၊ ကျွန်တော်က ခုလို ခပ်မြန်မြန်ကြီး အတင်းဝင်ပတ်သက်တာကို ဦးရဲ့ဇနီးလောင်းကလည်း လုံးဝမကြိုက်မှာ သေချာတယ်"

"ဘာဆိုင်လဲ၊ သူ မကြိုက်တာ မလုပ်ရဘူးလား ... ပြောစမ်း၊ ဇနီးလောင်းဆိုတာ ဘာသွေး ဘာသားမှ မတော်စပ်ဘူး တံခွန်၊ သူစိမ်းသက်သက်ပဲ"

"ဒါပေမဲ့ ဦးမင်းကင်း တစ်သက်လုံး ပေါင်းမှာလေ"

"သားအရင်းဆိုတာလည်း တစ်သက်လုံး တော်စပ်ရမှာပဲလေ၊ သွေးပါစပ်တာ၊ ဒီလိုတော်စပ်နေတဲ့ သွေးတွေကို ရေရောပြီး ကျဲပစ်လို့ မရဘူး တံခွန်၊ မင်းနေရာ မင်းယူတတ်စမ်းပါ၊ အားမရလိုက်တာ၊ တကယ်လို့များ အဲဒီ ပွင့်သစ်စဆိုတဲ့ မိန်းကလေးနဲ့ဆုံဖို့ ရှိလာခဲ့ရင် အပြောအဆို အနေအထိုင်ကအစ မင်းခံလိုက်ရတယ်ဆိုတာ လုံးဝမဖြစ်ပါစေနဲ့၊ ကိုယ့်နေရာကိုယ် ရအောင်ယူထား၊ မှာရတာလည်း အာပေါက်နေပြီ ... ဟင်း"

တံခွန်က သက်ပြင်းချမိရင်း ...

"ဦးလည်း သူ့ကို အရမ်းတောင်းပန်ရ ချော့ရနဲ့ ချာလပတ်ကို ရမ်းနေတာပဲ၊ ဦးကလည်း အဲဒီမိန်းကလေးကို အရမ်းကိုချစ်တာပဲ၊ သူ စိတ်ဆိုးနေတော့ ဒီရက်ပိုင်းတွေ ဦးမျက်နှာက ညှိုးပြီးကို ပျက်နေတာ"

"ဟွန်း ... လွန်လွန်းတယ်၊ သူက အရမ်းအလိုလိုက်မြှောက်စားထားမယ့်ပုံပဲ၊ ဟိုကလည်း ကိုယ့်နေရာကိုယ်ယူတတ်၊ ကိုယ့်အဆင့် ကိုယ်မြှင့်တတ်တဲ့ထဲက နေမှာပေါ့၊ မင်းပဲ အတုံးအအကြီးလို နေနေမှာ"

"မမတာကလည်း ဒီဘူတာပဲ ဆိုက်တာပဲ"

"ဒီဘူတာပဲ ရှိတာ၊ ဒီမဆိုက်ရင် ဘယ်ကိုဆိုက်ရမှာလဲ၊ ကဲ ... ကဲ ... ခပ်သွက်သွက်လေး ရေမိုးချိုး၊ မြန်မြန်အဝတ်လဲပြီး ကိုယ်က အရင်အဆင်သင့်ပြီးအောင်လုပ်စမ်း၊ အခု ငါများဖုန်းလှမ်းမဆက်မိရင် ဒီကောင်လေး ဘယ်အချိန်ကျမှ ထမလဲ မသိပါဘူး၊ သူ့ကို ဖုန်းပေးထားခဲ့မိတာ မှန်လိုက်လေနော်၊ ဖုန်းပေးထားမိပေလို့ လှမ်းနှိုးလို့လည်းရ၊ ပြောချင်တာလေးလည်း အချိန်မရွေး လှမ်းပြောလို့ရနေတာ၊ ညနေ ဘယ်အချိန်ပြန်ရောက်မလဲ၊ အဝတ်အစားအသုံးအဆောင်တချို့ လာပို့မယ်"

"ကျွန်တော် လာယူပါ့မယ်"





"လာမယူနဲ့၊ အဲဒီမှာ အခြေအနေ ဘယ်လိုလဲဆိုတာပါကိုယ်တိုင်ကြည့်ရှု အကဲခတ်လို့ ရတာပေါ့၊ နောက်ကျမှာလည်း စိတ်မပူနဲ့၊ လမ်းထဲက ကိုမောင်ထူးတက္ကစီခေါ်လာခဲ့မယ်လေ၊ အဲဒီမှာပဲထိုးပြီး စောင့်ခိုင်းထားပြီး အဲဒီကားနဲ့ပဲ ပြန်မှာပါ၊ ရုံးဆင်းပြီး ပြန်ပြီဆိုရင်သာ အိမ်ကိုဖုန်းဆက်လိုက်၊ ကြားလား တံခွန်"

"ဟုတ်ကဲ့ မမတာ"

"ဟွန်း"

မမတာရဲ့ ဟွန်းခနဲ အမြတ်ကာတ်သလို ငြူစူသံလေးကို တံခွန်က ချစ်စနိုးပြုံးရင်း ဖုန်းပိတ်၍ အပြေးအလွှားရေချိုးပြင်ဆင်ပြီး ဆင်းလာခဲ့ပါသည်။ တံခွန်ဆင်းလာပြီး ဆယ်မိနစ်လောက်နေမှ ဦးမင်းကင်းက အပေါ်ထပ်မှ ဆင်းလာသည်။ မနက်အစောစာကို ကိုအာလူးက ပေါင်မုန့်နှင့် ကြက်ဥကြော်ပေးထား၍ တံခွန်က ဝိုင်းကူပြင်ဆင်ကာ အတူစားသောက်ကြပါသည်။

"တံခွန်"

"ဗျာ"

"ငါ ညကစဉ်းစားနေတာ၊ အခု မင်းအမေလည်းမရှိတုန်း ငါကလည်း မင်းကို နီးနီးနားနား ခေါ်ထားကြည့်မယ် ဆိုတဲ့ စိတ်ကူးနဲ့ ခေါ်ထားရင်းက အိမ်မှာပဲ အလကားဖြစ်နေပြီး မင်းလည်း အလုပ်သွားရာမရှိတဲ့အတူတူ အပျင်းပြေ

ပဲဖြစ်ဖြစ် ယာယီသဘောမျိုး ရုံးကိုလိုက်ပြီး ခဏတဖြုတ် အလုပ်ဝင်ကြည့်ပါလား ဆိုပေမယ့် ပြန်စဉ်းစားတော့ မင်းအတွက် အလုပ်တစ်နေရာ သတ်သတ်မှတ်မှတ်ခန့်ပြီး ပုံမှန်ဝန်ထမ်းတစ်ယောက်လို ထားလိုက်မယ်လို့ စိတ်ကူးမိတယ်၊ မင်းအမေတို့ ဘာတို့ ကန့်ကွက်စရာရှိမယ် မထင်ပါဘူးနော်"

"အမေက ဘာမှကန့်ကွက်မှာ မဟုတ်ပါဘူးခင်ဗျာ"

"ဒါဖြင့် ဘယ်သူက ကန့်ကွက်မှာလဲ၊ အတာလား"

"မမတာကလည်း ပိုတောင်သဘောတူဦးမှာပါ၊ သူကလုပ်စေချင်မှာပါ"

"အေး ... ဒါဖြင့် မင်းကို ရေရှည်လုပ်လို့ အဆင်ပြေတဲ့ အလုပ်တစ်နေရာ စီစဉ်မယ်၊ ဒါနဲ့ မင်းကို တစ်ခုတော့မေးချင်သေးတယ် တဲ့ခွန့်"

"ဟုတ်ကဲ့"

"မင်းက ဘယ်လောက်ရိုးသားတဲ့ ကောင်ကလေးလည်း ဆိုတာ မင်းကို ကားနဲ့တိုးမိကတည်းက ငါသိထားပြီးသားပါ တဲ့ခွန်၊ မင်းကို ငါ သွေးသားတော်စပ်နိုင်တယ်ဆိုပြီး ငါ အသာတကြည်ကလေးပဲ အကြမ်းဖျဉ်းခေါင်းထဲထည့် လက်သင့်ခံထားလိုက်တာမှာ အဲဒီမင်းရဲ့ရိုးသားမှုကို သိထားတာကြောင့်လည်း တစ်ကြောင်းပါတယ်"





"ဟုတ်ကဲ့"

"စိတ်တော့မရှိနဲ့ကွာ၊ မင်းရဲ့အတာက မင်းလိုရိုးသားမှုမျိုး ရှိရဲ့လား၊ မင်းအပေါ်လည်း တော်တော်ကြီးကိုင်ခြယ်လှယ်သလားလို့"

"မမတာက ကျွန်တော့်အပေါ် ကြီးကိုင်တယ်လို့ ထင်ရပေမယ့် ကျွန်တော့်အပေါ် အမြဲတမ်းကောင်းပါတယ် ဦး၊ ပြီးတော့ မရိုးသားတဲ့စိတ်ထားလည်း မရှိပါဘူး"

"ဩော် ... ဩော်၊ ဒါနဲ့ မင်းအမေကကော မင်းထက် အသက်အများကြီး ကြီးပုံရတဲ့ ဒီအတာနဲ့ မင်းကိုသဘောတူသလား"

"အမေက သိပ်တော့ သဘောမကျပေမယ့် လက်ထပ်ဖို့တော့ မကန့်ကွက်ပါဘူး၊ အမေနဲ့ မမတာ သိပ်အဆင်မပြေကြတာကလည်း နှစ်ယောက်လုံးရဲ့ပုံစံက ကိုယ်သိ ကိုယ်တတ်၊ ကိုယ်ဖြစ်ချင်တာ ဖြစ်ရမှဆိုတဲ့ ဇွတ်တရွတ်အစွန်းရောက်ချင်တဲ့ သဘောထားမျိုးတွေ ရှိကြလို့ပါ"

မင်းကင်းက ခေါင်းကို အသာအယာ ညိတ်မိသည်။ မှန်သည်။ အတာ့အကြောင်း သူသိပ်မသိပေမယ့် နွယ်နွယ့်ကို သူသိသည်ပဲလေ။ နွယ်နွယ်ဟာ ငယ်ငယ်ကတည်းက ဘာကိုမှသိပ်ဂရုမစိုက်ချင်ပဲ ထင်ရာကို မျက်ကန်းတောတိုးလုပ်ချင်တဲ့စရိုက်။ သူလုပ်ချင်တာ သူလုပ်မှာပဲဆိုတဲ့ပုံစံ။ ဇွတ်တရွတ်ဆန်ဆန်။

“မင်းအမေပုံစံကိုတော့ ငါ ကောင်းကောင်းသိပါတယ်၊ အတာကလည်း ဒီလိုပဲဆိုရင်တော့ ဘယ်ပြေလည်ကြမလဲ ဟုတ်တာပေါ့၊ အတာ့ကိုလည်း ဟိုးငယ်ငယ်လေးတုန်းက သိခဲ့ပေမယ့် ကြီးမှ သူနဲ့တွေ့ဆုံဖြစ်တော့တာမှ မဟုတ်တာ၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့ပတ်သက်မှာဆိုတော့ ငါသေချာတော့ အကဲခတ်ချင်ပါသေးတယ်”

“မမတာ ညနေလာမယ်တဲ့ ဦး”

“ဘာလုပ်ဖို့လဲ”

“ဟို ... ကျွန်တော်ရုံးတက်ရမယ်ဆိုလို့ အဝတ်အစားလာပို့မှာပါ”

“သူကလည်း သူပဲ၊ မင်းအမေကျနေတာပဲ၊ မင်းရဲ့အရေးအရာကိစ္စအားလုံး သူချည်း အောက်ခြေသိမ်း ဖြစ်နေပါလားကွာ၊ မင်းကြည့်ရတာ သူနဲ့ရရင် မိခင်နှင့်တူသောဇနီးကို ရတယ်လို့ ပြောရမှာထင်တယ်”

တံခွန်က ရှက်စနိုး အရိုးခံလေး ပြုံးနေသည်။ မင်းကင်းက ဒီကောင်ကလေးအပေါ် မေတ္တာစိတ် သက်ရောက်ပါသည်။ ဩော် ... ကိုယ့်သွေးသားလို့လည်း ဆိုပေတာကိုး။

“မင်းထက် အသက်ဘယ်လောက်ကြီးလဲ”

“အဟင်း ... သူက ရှစ်နှစ်ကြီးတယ်လို့ ပြောပေမယ့် တကယ်က ဆယ်နှစ်လောက်ကြီးတာ ကျွန်တော် သိပါတယ် ဦး”





“ဩော် ... ဩော် ...၊ သူ့ကို မင်း သိပ်ချစ်သလား ... ဟုတ်လား”

“ဟုတ်ကဲ့၊ မမတာက ကျွန်တော့်ရဲ့အချစ်ဦးပါ”

မင်းကင်းက ခေါင်းလေးသာ ဖြည်းညင်းစွာ တညိတ်ညိတ်ပြုမိတော့သည်။

◆ ✤ ◆

မမျှော်လင့်ဘဲ တကယ်တမ်း ရောက်လာတာက ပွင့်သစ်စတို့သားအမိ ဖြစ်နေပါသည်။ ပွင့်သစ်စရော သူ့အမေပါ လာတော့ မင်းကင်းတစ်ယောက် ပျာနေသည်။ မင်းကင်းပျာတော့ အာလူးလည်းရောပြီး ပျာရကာ တံခွန်ပါ အဖျားခတ်ပြီး အပြေးအလွှား ပျာနေလေသည်။

“ဘာရယ်မဟုတ်ပါဘူးကွယ်၊ ဒီနားရောက်တာနဲ့ ဝင်လာတာပါ”

ဒေါ်စန္ဒီက ပြောပေမယ့် တမင်လာတာ ဘယ်သူကမသိဘဲနေပါအံ့။ ဒေါ်စန္ဒီ ဆိုတာ လာရိုးထုံးစံရှိသူမှ မဟုတ်တာ။ ဟိုးတစ်ရက်ကတော့ မင်းကင်းသည် ဖုန်းလည်းပိတ် လူလည်းအတွေ့မခံတော့တဲ့ ပွင့်သစ်စထံ အိမ်အထိ လိုက်ချသွားခဲ့ပါသည်။ အဲဒီနေ့ကလည်း ပွင့်သစ်စနဲ့ရော ဒေါ်စန္ဒီနှင့်ပါ တွေ့ခဲ့ပေမယ့် သူ့ကို စကားမပြောတဲ့ ပွင့်သစ်စကို မင်းကင်းက သေချာချော့မော့နစ်သိမ့် မပြုနိုင်ပါ။

"အဲဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော် အနူးအညွတ် လာတောင်းပန်တာပါ၊ ကျွန်တော့်မှာ ပြောစရာစကား မရှိသေးပါဘူး၊ လုံးဝရှေ့တိုးခွင့်မပြုတော့ဘူးဆိုလည်း မီးလေးနဲ့ မီးလေးမိဘတွေရဲ့ဆုံးဖြတ်ချက်ကိုပဲ နာခံလက်ခံရတော့မှာပါ"

"ဒါဖြင့် ... ဆိုလိုတဲ့သဘောက အခုပေါ်လာတဲ့ သားဆိုတဲ့ကောင်လေးက တ ... တကယ်ပဲ ကိုမင်းကင်းရဲ့သား တော်စပ်နေတယ်ဆိုတဲ့ သဘောလား"

"အဲ ... အဲသလိုတော့ ကျွန်တော် ဝန်မခံချင်သေးဘူး ခုချက်ချင်း ဘာမှတော့ သေသေချာချာ မပြောနိုင်ပါဘူး ခင်ဗျာ"

ပွင့်သစ်စသည် ခါးခါးသီးသီး ငိုညည်းသံနှင့် ...

"ဒီမိန်းမတစ်ယောက်နဲ့ ကိုယ် ဘယ်လောက်ထိ ပတ်သက်ခဲ့တယ် မပတ်သက်ခဲ့ဘူးဆိုတာ ကိုကိုကိုယ်တိုင် အသိဆုံးပေါ့၊ ဒီလောက် အဆုံးစွန်ထိ ကိုကို တကယ်ပတ်သက်မထားရင် ဒီကောင်ကလေးကိုလွှလိမ်ဆိုပြီး ကိုကို မောင်းထုတ်လိုက်ရုံပဲ မဟုတ်လား"

"ကိုယ် ... ဒီ ... ဒီကောင်လေးကို အဲသလိုတော့ မောင်း ... မောင်းမထုတ်နိုင်"





"ဘာ ... ရှင် ... ရှင် ရက်စက်လှချည်လား၊ ယုတ်မာလှချည်လား ... ဟင်၊ ခုချိန်မျိုးကျမှ ကျွန်မနဲ့ရွယ်တူ သားကြီးတစ်ယောက် ထပေါ်လာတဲ့ဖြစ်ရပ်မျိုးနဲ့မှ ကျွန်မဘဝကို အခြေကသိမ်းပြီး ရိုက်ချရသလား"

အဲဒီနေ့ကတော့ ပွင့်သစ်စဟာ အကြီးအကျယ်ပေါက်ကွဲခဲ့တာပါ။ ဒေါ်စန္ဒီမှာလည်း ပါးစပ်အဟောင်းသား မျက်ရည်ချာလည်လည်နှင့် ...

"ရှင့်သွေး ရှင့်သား ဟုတ်ရင်လည်း ဟုတ်နေနိုင်တယ်ဆိုတဲ့ သံသယမျိုးကို ခံစားနိုင်ခွင့် ကောင်လေးမှာရှိတယ်ပေါ့"

"အို ... မာမီ့စကားကလည်း ရှင်းလည်းမရှင်းဘူး"

"ဟဲ့ ... ခုဟာက ကိုမင်းကင်း ကိုယ်တိုင် သံသယတစ်ဝက်ပဲ ရှိနေသေးပုံလေ၊ ပုံစံကြည့်ရတာ သူ့လက်ထဲလည်း ကလေးက မွေးလာတာမဟုတ်တော့ ဘယ်လိုမဆို ဖြစ်နိုင်ချေရှိနေတဲ့သဘောပေါ့ သမီးရယ်၊ ပတ်သက်မှုကတော့ ရှိကိုရှိခဲ့ပြီ၊ ရှင့်ကလေး ဟုတ်မဟုတ်တော့ အဖြေရှာဦးမယ်ဆိုတဲ့သဘောပေါ့၊ ဟုတ်လား ကိုမင်းကင်း"

မင်းကင်းက ခေါင်းငိုက်စိုက်ချ ငိုင်တွေနေခဲ့ပြီးမှ...

"ဟုတ်ပါတယ်"

ပွင့်သစ်က အကျယ်ကြီး အော်ဟစ်ငိုယိုကာ ညှော်ခန်းကခုံတွေ စားပွဲတွေကိုပါ တိုးတိုက်တွန်းထိုးကာ အပြေးထွက်သွားခဲ့တဲ့နောက် မင်းကင်းလည်း အသက်မကြာတဲ့ ယောက္ခမလောင်းကို အားနာမျက်နှာပူကာ မြန်မြန်ထပြန်လာတာပါ။

ဒီကြားထဲကာလတွေမှာတော့ ဒေါ်စန္ဒီက ပွင့်သစ်စကို အတော်ကြီးနားချသွန်သင်ခဲ့ပြီ။ ဒီကိစ္စမှာ ခုချိန်ကစပြီး အလိမ္မာသုံးဖို့က အရေးတကြီး လိုအပ်နေပြီ မဟုတ်လား။ မင်းကင်းကို ပွင့်သစ်စ လုံးဝစွန့်လွှတ်နိုင်သလားဆိုတော့ အဲသလောက်ကြီး အသည်းနှလုံးက သံယောဇဉ်မပြတ်နိုင်တာကို ကိုယ်တိုင်သိကာ အဲဒီအခြေအနေ အဖြစ်အပျက်ကပဲ ပွင့်သစ်စရဲ့ဆုံးဖြတ်ချက်အတွက် အရေးကြီးဆုံးအချက် ဖြစ်နေပါသည်။

"သမီး ... ညည်း ကလေးလို စဉ်းစားဆုံးဖြတ်လို့ မရဘူး၊ နှလုံးသားကို သိပ်ဦးစားမပေးဘဲ အသိဉာဏ်လေး ရှေ့တန်းတင် စဉ်းစားဆုံးဖြတ်တော့။ အခုကိစ္စက အခုထ,ဖြစ်တဲ့ ဦးမင်းကင်းရဲ့အမှား အပြစ်မဟုတ်ဘူး၊ ဟိုးငယ်ငယ်က အပြစ်ဟောင်းပေါ်လာတာ၊ ညည်းဒက်ဒီက ဒီလိုအဖြစ်မျိုးအထိကို အမြော်အမြင်ကြီးကြီးနဲ့ ကြိုတွက်ထားတွေးထားမိလို့ကို ညည်းတို့ကို တော်တော်ခါးခါးသီးသီး သဘောမတူခဲ့တာပဲ၊ ဒီကြားထဲကမှ ဒီလိုတွေရှိနိုင်ပါတယ်ဆိုတာ သိရက်သားနဲ့မှ သမီး သူနဲ့ပတ်သက်ပြီး နောက်မဆုတ်နိုင်ခဲ့တာ မဟုတ်လား ...





အခုအချိန်မှာ သူ့သားပါဆိုတာကြီး ရုတ်တရက်ထ,ပေါ်လာပေမယ့် တစ်အချက်က ဒါဟာ သူ့သားတကယ်ဟုတ်တယ် မဟုတ်ဘူး ခုထိ မသေချာသေးဘူး၊ နှစ်အချက်အနေနဲ့ ဒီသူ့သားအစစ်ဖြစ်ပြီထား ဒီကောင်လေးအမေကို ဦးမင်းကင်းက လုံးဝပြန်မပေါင်းမှာကတော့ သေချာတယ် ...

သူ့သားဖြစ်နေလည်း တာဝန်ယူစရာရှိတဲ့အပိုင်းသာ သူတာဝန်ယူလိုက်မှာ၊ အသိုင်းအဝိုင်းထဲတော့ ဖွင့်ဟကြေညာပေးတာမျိုး သူလုပ်မှာ မဟုတ်ပါဘူး၊ တစ်ခုပဲစိတ်ကသိကအောက် ဖြစ်ကောင်းဖြစ်နိုင်တဲ့ကိစ္စဆိုရင် ပစ္စည်းဥစ္စာခန်းနဲ့ ပတ်သက်ပြီးပဲ ရှိလိမ့်မယ်၊ ဒါလည်း မပေးရမကမ်းရဘူးလို့ ကိုယ်တားမြစ်လို့ဖြစ်တဲ့ကိစ္စမျိုးလည်း မဟုတ်တော့ အလိမ္မာလေးနဲ့ပဲ ကြည့်ကျက်ပြီး ကိုင်တွယ်ရမှာပဲ သမီး ...

ဦးမင်းကင်းကို လုံးဝဖြတ်လိုက်တဲ့နည်းရယ်၊ မလျော့မတင်းစောင်းကြိုးညှင်းသလို အလိုက်သင့်နေလိုက်တဲ့နည်းရယ် ဒီနှစ်နည်းပဲရှိတာလေ သမီး"

သားအမိနှစ်ဦးသား တိုင်တိုင်ပင်ပင် ဆွေးဆွေးနွေးနွေးနှင့် နောက်ဆုံးတော့ ဦးမင်းကင်းရဲ့သားဆိုသူနှင့်ပါ အလိုက်အထိုက် တရင်းတနှီးနေဖို့ အဖြေထုတ်ပြီး အခုလိုရောက်လာကြတာပါ။ သူတို့ဘက်က တောင်းဆိုနိုင်သည်မှာ သားတစ်ယောက်ရှိတယ်ဆိုတဲ့ အခြေအနေကို မကြေညာဖို့ တားမြစ်ထားဖို့လောက်သာ မဟုတ်လား။

"သမီးကလည်း ခုတလော တော်တော်စိတ်ထိခိုက်နေတော့ စိတ်ပြေလက်ပျောက် ခေါင်းလည်းရှင်းရင်းလေ၊ ဒီနားက ရှော့ပင်းမောလ်ဆီ လာကြတာပါ၊ အပြန် ဒီကိုခဏဝင်ကြရအောင်ဆိုတော့ မီးလေးက မဝင်ချင်ဘူး လုပ်နေတာ၊ ဘာပဲဖြစ်ဖြစ် ကိုမင်းကင်းသားလည်း ကျွန်မတို့ မြင်ဖူးတွေ့ဖူးထားအောင်ဆိုပြီး ကျွန်မက သမီးပါ ဖွတ်ခေါ်ပြီး ဝင်လာတာ"

ဒေါ်စန္ဒီတို့သားအမိအတွက် အချိုရည် သစ်သီးပန်းကန် ကိတ် စသဖြင့် ဖွယ်ဖွယ်ရာရာ တန်းစီသယ်လာသော အာလူးနှင့် တံခွန် ရှေ့ဆင့်နောက်ဆင့် ရောက်လာလျှင် ...

"ဒါလား ... ကိုမင်းကင်း သား"

ဒေါ်စန္ဒီက တံခွန့်ကိုမော့ကြည့်ရင်း ထအံ့တသြမေးမိသည်။

"အာ ... ဟုတ် ... ဟုတ်ပါတယ်"

"ဩော် ... အင်း ... ထိုင်ပါဦး သား"

တံခွန်က ဒေါ်စန္ဒီ့စကားကြောင့် မင်းကင်းကို လှမ်းကြည့်လျှင် မင်းကင်းက ခေါင်းညိတ်ပြ၍ ဆက်တီတစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။ ဒေါ်စန္ဒီသည် သူ့ရှေ့ထိုင်နေတဲ့ ရုပ်သန့်သန့်လူငယ်လေးကို နှုတ်ခမ်းလေး မဟတဟနှင့် စိုက်ကြည့်နေမိသည်။





မျက်ခုံးမည်းနက်နက်လေးတွေနှင့် နှာတံက တောင်တန်းသွယ်လေးလို ဖြောင့်ဖြောင့်နှင့် ခပ်မတ်မတ်လေးဆင်းကာ မည်းမည်းရွှန်းရွှန်း မျက်ဝန်းတွေကအစ ဒါကိုမင်းကင်း မျက်နှာပေါ်က အခြေခံအသွင်အပြင်လက္ခဏာတွေပဲလေ။

ဆံပင်ပေါက်ပုံကအစ ဒီလောက်ဆင်နေတာ။ မျက်ခုံးမည်းနက်နက်လေးတွေနှင့် ... ခနဲကြည့်ရုံနှင့် အသေးစိတ် ဘာမှမသိရဘဲ "သူတို့က သားအဖလေ"ဆိုရင် မဖြစ်နိုင်ဘူးထင်မယ့်သူ တစ်ယောက်မှ မရှိနိုင်။ သားအဖဖြစ်နိုင်တဲ့ မျက်နှာအခြေခံ တည်ဆောက်ပုံတွေ ရှိကြသည်။ သံသယဝင်စရာ မရှိ။

ဒေါ်စန္ဒီက သက်ပြင်းတစ်ချက်ချရင်း ...

"အင်း ... သားကလည်း လူချောတစ်ယောက်ပဲ၊ ကျွန်မတို့လည်း အံ့အားတသင့်နဲ့ လက်ခံသာယုံကြည်လိုက်ရတယ်၊ ဘာပြောလို့ ပြောရမှန်းတောင် မသိပါဘူး၊ ဒါနဲ့ဟို ... ဒီသားက ဒီအိမ် ... ကိုမင်းကင်းဆီမှာ နေနေတာပေါ့"

"ဟုတ်ပါတယ်"

မင်းကင်းက ခေါင်းညိတ်လိုက်၍ ပွင့်သစ်စရဲ့မျက်နှာက တင်းသွားရပါသည်။ ဒါကိုရိပ်မိလိုက်တဲ့ တံခွန်က ကြားကအားတုံ့အားနာ အနေခက်ကာ ...

“ဟို ... ကျွန်တော်က အခုအခိုက်အတန့် ခဏနေနေတာ ပါခင်ဗျ”

“ဪ ... အေးပေါ့ကွယ်၊ အရင်တော့ သားအမေနဲ့နေ တာပေါ့”

“ဟုတ်ကဲ့ခင်ဗျ”

“အခုလို လာနေတော့ အမေက ! ”

“လောလောဆယ် အမေက နယ်ဘက်ခရီးသွားနေပါတယ်”

မင်းကင်းသည် ယောက္ခမလောင်း ဒေါ်စန္ဒီရဲ့မေးခွန်း တွေကို စိတ်ကျဉ်းကျပ်လာပါသည်။ သူ့ကိုမေးနေတာ မဟုတ်ပေ မယ့် သူ့စိတ်တော့ ကျဉ်းကျပ်ရတာပင်။

“ဟော ... ကားသံပါလားကွ၊ အာလူးရေ ကြည့်ပါဦး”

မြဲထဲကားသံကြောင့် မင်းကင်း လှမ်းပြောလိုက်ပြီး မကြာခင်ပင် အာလူးတောင် ထွက်မကြိုရသေးမီ ဧည့်ခန်းဝသို့ တစ်စုံတစ်ယောက် ရောက်လာသည်မို့ အားလုံးရဲ့အကြည့်တွေ ရောက်သွားရသည်။

“မမတာ”

တံခွန်က ထကြိုလိုက်၍ ပွင့်သစ်စက သူ့အကြည့် တွေကို ရုပ်သိမ်းလိုက်သော်လည်း ဒေါ်စန္ဒီကတော့ ခုမှမြင်ဖူးတဲ့ အမျိုးသမီးကို တံခွန်နှင့် ဘယ်လိုပတ်သက်ပါလိမ့်ဟု စိတ်ဝင် တစားနှင့် ဆက်လက်ငေးကြည့်နေမိသေးသည်။





အတာကလည်း ဧည့်ခန်းထဲက အနေအထားကို အကဲခတ်လိုက်ပါသည်။ သားအမိနှစ်ယောက်လုံးပါလား။ တံခွန့် ကိုလည်း ဘာတွေစစ်ဆေးမေးမြန်းနေပါလိမ့်။

“အတာ ... လာထိုင်လေ”

ဧည့်ခန်းဝမှာ ခြေစုံရပ်နေသလို ဖြစ်နေတဲ့ အတာ့ ကို ဦးမင်းကင်းက လှမ်းဖိတ်ခေါ်ရသည်။ တံခွန်က အတာ့နား ရောက်လာပြီမို့ အတာ့နားကပ်ကာ ...

“မမတာ ... ခြံထဲဆင်း စကားပြောရအောင်”

“ဘာလို့ပြောရမှာလဲ”

အတာက တိုးတိုးလေး တုံ့ပြန်လိုက်ပါသည်။

“ဒီမှာပဲပြောမယ်”

အတာက ဧည့်ခန်းထဲ လှမ်းဝင်လာသည်။ ပွင့်သစ်စ တို့သားအမိနှင့် မျက်နှာချင်းဆိုင် နေရာမှာပဲ ဝင်ထိုင်လိုက် ကာ ဦးမင်းကင်းဘက်လှည့်ရင်း ...

“တံခွန် လိုအပ်မယ့်ပစ္စည်းလေးတွေ လာပို့ပေးတာပါ ဦးမင်းကင်း”

“ဒီကောင့်လာယူခိုင်းရောပေါ့ အတာရယ်၊ ညနေစောင်း ကြီး ညည်းလာရတာ ဒုက္ခမရောက်ဘူးလား”

"ဟင့်အင်း ... ဒုက္ခမရောက်ပါဘူး၊ အတာတို့လမ်းက တက္ကစီကိုပဲ နာရီနဲ့ငှားလာတာမို့ သူစောင့်နေမှာပါ"

ထို့နောက်တော့ စကားဝိုင်းဟာ အိုးတိုးအမ်းတမ်း တိတ်ဆိတ်သွားလေသည်။ အတာကလည်း ပေထိုင်နေမည့်ပုံ၊ ဟိုသားအမိလည်း ထ,ပြန်ဦးမည့်ပုံမရ။ မင်းကင်းက ချောင်းတစ်ချက်ဟန့်ကာ ...

"အဟမ်း ... မိတ်ဆက်ပေးရဦးမယ်၊ ဒါက အတာတဲ့၊ သူ့အစ်ကို အပါက ကျွန်တော်နဲ့ ငယ်ငယ်ကလေးတည်းက သူငယ်ချင်းပါ၊ သိပ်ခင်ကြတာ"

ပွင့်သစ်စရော ဒေါ်စန္ဒီရော အတာ့ကို လှမ်းကြည့်ကြသော်လည်း ပြုံးပြရယ်ပြခြင်းတော့ မပြုမိကြ။ အတာကလည်း မပြုံးပါ၊ သူတို့ရဲ့မိတ်ဆက်ခြင်းမှာ တွေ့ရတာဝမ်းသာပါတယ်တွေ ဘာတွေလဲ မပါ။

"အတာ ... တံခွန် ... ဒါက ငါ့ရဲ့ဇနီးလောင်း ပွင့်သစ်စနဲ့ မိုးလေးအမေ ဒေါ်စန္ဒီတဲ့"

အတာ့ထံမှလည်း ဘာသံမှ ထွက်မလာ။ နှစ်ဖက်စလုံးဟာ တစ်ဖက်ကိုတစ်ဖက် အကဲခတ်လျက်သား။

ဒေါ်စန္ဒီတို့သားအမိ တွေးနေမိသည်မှာ ဒီမိန်းမက ဦးမင်းကင်းသား ဆိုတဲ့ တံခွန်နဲ့ ဘယ်လိုများပတ်သက်ပါလိမ့်။





မျက်နှာထားကလည်း ခပ်တည်တည်ခပ်တင်းတင်း။ လူပုံစံကြည့်တော့လည်း သိပ်ကြီးဂရိတ်ထဲကလည်း ဟုတ်ပုံမရ။ ဦးမင်းကင်း သူငယ်ချင်းညီမ ဆိုရုံတော့ ဘယ်ကပါ့မလဲ။ တံခွန်နဲ့တစ်နည်းတစ်ဖုံ ပတ်သက်နေဦးမှာ သေချာသည် ... စသဖြင့်ပင်။

အတာက တွေးနေမိသည်မှာလည်း ဒေါ်စန္ဒီတို့နှင့် မတိမ်းမယိမ်းပင်။

ဟိုတစ်နေ့က ဒေါသတကြီး မျက်ရည်လည်ရွဲနှင့် မုန်းတယ် မုန်းတယ် အော်ပြီး ထွက်သွားခဲ့တဲ့ ပွင့်သစ်စဟာ ဒီနေ့မှာတော့ အမေ့ကိုအဖော်ပြုကာ ချစ်ကြည်ရေးလမ်းစပြန်ဖော်လာပြီလေ။ အမေပါ စစ်ကူခေါ်လာတာ။ အတာ ဝင်ဝင်လာချင်းတုန်းကလည်း သူ့အမေက တံခွန့်ကို စကားလှမ်းပြောနေတာမြင်သည်။ ဘယ်လိုအကြံအစည် ဘယ်လိုလှုပ်ရှားမှုတွေနှင့်များ တံခွန့်ကို အဝေးလွင့်စေဖို့ အားထုတ်ကြမလဲမသိ။

သူတို့ တံခွန့်ကို ဘယ်နည်းနှင့်မှတော့ လိုလိုလားလားမရှိမှာ သေချာနေတာပဲ။ ပ,ထုတ်ချင်တဲ့ဆန္ဒပဲရှိမှာ။ ရိုးအေးပျော့ညံ့အားနာတတ်တဲ့ တံခွန်နဲ့တော့ မယှဉ်သာအောင် လည်ဝယ်ပါးနပ်မည့်ရုပ်ရည်ရှိသော သားအမိပဲ။ တကယ်တော့ ဦးမင်းကင်းလို ဂရိတ်ဘော့စ် ဟိုင်းဘော့စ်မျိုးကို ဒီကိစ္စကြောင့် စိတ်ဆိုးအဆက်ဖြတ်ပစ်ဖို့ဟာ မလွယ်ကူတဲ့ကိစ္စ မဟုတ်လား။

အချိုကလေးနဲ့ မြွေမသေတုတ်မကျိုးလေးနေရင်းက ချက်ကောင်းပေါ်မှ တံခွန့်ကို ကလော်ထုတ် လွှင့်ဝဲပစ်မယ့် ဓာတ်ညွှန်းတွေဟာ ပွင့်သစ်စမျက်နှာပြင်ပေါ် အထင်းသားပေါ်နေပါသည်။

တိတ်ဆိတ်အေးစက် ခြောက်ကပ်နေသော စကားဝိုင်းကို အာလူး အတော့အတွက် အအေးတစ်ဖန်ခွက် အသစ်လာထပ်ချမှ မင်းကင်းက စကားစရသွားသလို ...

"ဒေါ်စန္ဒီ သုံးဆောင်ပါဦးခင်ဗျာ၊ မီးလေး ... မီးလေးမာမီကို ယူပေးပါဦး၊ မီးလေးလည်း သောက်ဦး၊ စားလည်းစား၊ အတာ ... သောက်ဦး"

အတာက နာနာခံခံနှင့် အရင်ဦးဆုံး ကောက်ယူသောက်လိုက်၍ ပေကတ်ကတ်ပုံဖမ်းနေတဲ့ ပွင့်သစ်စကို အမေလုပ်သူကပဲ လှမ်းတို့အချက်ပေးကာ သောက်နိုင်းရလေသည်။ အတာက နံဘေးကပ်လျက်ခုံက 'တံခွန်နှင့် တီးတိုးလေး စကားပြောနေ၍ အူကြောင်ကြောင်မဖြစ်။ စိတ်မကြည်ဘဲ ခပ်တည်တည်ကြီး တိတ်ဆိတ်နေတဲ့ ပွင့်သစ်စနှင့် မင်းကင်းနဲ့တောင် မရင်းနှီးလှသေးတဲ့ ဒေါ်စန္ဒီသာ ကြောင်တက်တက် ဖြစ်နေသည်။

"မမတာ စကားကောင်းကောင်းပြောလို့ရအောင် ခြံထဲဆင်းမယ်လေ"





"ဘာလို့ဆင်းရမှာလဲ၊ သူတို့က ဧည့်ခန်းမှာအခန့်၊ ငါတို့က ခြံထဲရှောင်ပေးစရာ မလိုပါဘူး"

"ရှောင်ပေးတာ မဟုတ်ပါဘူး၊ ကိုယ်လည်း လွတ်လွတ်လပ်လပ် ပြောလို့ရတာပေါ့"

"ဒီမှာလည်းပဲ ပြောလို့ရပါတယ်၊ ငါက ဘာမှမဖြစ်ဘူး၊ သူတို့ပဲ ဖြစ်နေတာ"

"လာပါ မမတာရယ်၊ မျက်နှာပူစရာကြီး"

"ဘာကိုပူရမှာလဲ၊ ဘာပူစရာရှိလို့လဲ၊ မလာဘူး"

တတွတ်တွတ်လေးတွေ စကားပြောနေရင်း ကောင်လေးမျက်နှာက ကျဉ်းထဲကျပ်ထဲရောက်သလို ခပ်ညှိုးညှိုးလေးနှင့် အမျိုးသမီးရဲ့မျက်နှာကကျတော့ ခပ်တင်းတင်း အထက်စီးကနေ အုပ်ထိန်းသူ အရိပ်အယောင်မျိုး ပေါက်နေတာကို တွေ့ရင်းမြင်ရင်း ဒေါ်စန္ဒီသည် သိချင်စိတ်ကို ထိန်းမရ။

တံခွန့်ကိစ္စက သူတို့နှင့်လည်း ပတ်သက်နေပြီလေ။ အမေခရီးသွားနေသည်ဆိုတဲ့ တံခွန့်ရဲ့စကားကြောင့် ဒါဟာ အမေမဖြစ်နိုင်တာ အမေဖြစ်ဖို့တော့လည်း နည်းနည်းငယ်နေတာ တွေးမိပေမယ့် ပုံစံလည်း ခြယ်ခြယ်လှယ်လှယ် ရှိလှလေရာ ...

"ဒါနဲ့ ဒီကညီမက မောင်တံခွန်ရဲ့အမျိုးထင်တယ်၊ အဒေါ်ငယ်လား၊ တစ်ခုခုတော်တယ် ထင်တယ်နော်"

မအောင့်နိုင်ဘဲ ဖွင့်ဟစူးစမ်းလိုက်မိရာ ပွင့်သစ်စက လည်း သိချင်စိတ်နှင့် မျက်လွှာပင့် နားစွင့်မိသည်။ အတာက အောင့်သက်သက်မျက်နှာနှင့် ...

"ကျွန်မက တံခွန့်ချစ်သူပါ"

"ရှင် ... ဩော်"

သားအမိနှစ်ယောက်သား မင့်တက်သွားတဲ့မျက်ခုံး တွေ ပြန်ချပြီး ဘာမှမထူးဆန်းသယောင် ပိပိရိရိလေး လုပ်နေလိုက် ရပါသည်။

♦ ♣ ♦





၁၁

"ဟယ်လို ... အမိန့်ရှိပါခင်ဗျာ"

အာလူးက ဖုန်းကိုတရိုတသေ ထူးလိုက်လျှင် ...

"ကိုအာလူး"

"ဩော် ... မမီးလေး"

"ကိုကိုရှိလား"

"ရှိတယ် မမီးလေး၊ ခေါ်ပေးရမလား"

"မခေါ်နဲ့ ... မခေါ်နဲ့"

"ဘာလို့လဲ ... ဆရာ့ဖုန်း ခေါ်မရလို့လား မမီးလေး"

"ကျွန်မ ရှင့်ဆီပဲဆက်တာပါ ကိုအာလူးရယ်၊ ဒါကြောင့် အိမ်ဖုန်းကိုပဲ ဆက်တာပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော် ဘာများ ..."

"ဒီနေ့ နေ့လယ် ထရိတ်ဒါးစ်မှာ ကုန်သည်ကြီးများအသင်း အစည်းအဝေးရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ရှိတယ် မမမီးလေး"

"အင်း ... ဟိုနေ့က ဖိတ်စာတွေ့လို့လေ၊ အဲဒါ ကိုကိုမသွား ဘူးလား"

"သွားမှာပါ မမမီးလေး"

"ဘယ်တော့ သွားမှာလဲ"

"ခုပဲရေချိုးအဝတ်အစားလဲနေပါပြီ မမမီးလေး"

"ဪ ... ဪ၊ ဘယ်အချိန် ပြန်ရောက်မလဲ"

"အစည်းအဝေးချိန်ကတော့ နှစ်နာရီကြာမယ် မမမီးလေးရဲ့"

"အင်း ... အင်း ... ကောင်းပြီလေ"

"ကျွန်တော် ဆရာ့ကို ဘာပြောပေးရမလဲ မမမီးလေး"

"ဘာမှမပြောနဲ့ ကိုအာလူး၊ ဘာမှအရေးမကြီးဘူး"

"ဟုတ်ကဲ့"

"ဟိုကောင်လေးရော ရှိလား ကိုအားလူး"

"တံခွန်လား ရှိတယ်လေ မမမီးလေး၊ ဒီနေ့ ပိတ်ရက်ဆို တော့ သူကတော့ အိမ်မှာပဲပေါ့၊ ဘယ်သွားမလဲတော့မသိ ဘူး၊ ဆရာကသာ အစည်းအဝေးရှိလို့ သွားရမှာ"

"ကိုအာလူး ... ကိုကိုထွက်သွားပြီဆိုရင် ကျွန်မကိုဖုန်းဆက် လိုက်ပါ"





"မမမီးလေး ဘာလုပ်မလို့လဲ"

"ဘာလုပ်လုပ်ပေါ့ ကိုအာလူးရဲ့၊ ဟိုကောင်လေးလည်း ဘယ်မှမသွားစေနဲ့ဦး၊ သွားစရာရှိရင် နေ့လယ်မှသွားလို့ ပြောထားပါ၊ ဒါပဲနော်"

အာလူးက အူကြောင်ကြောင်နှင့် ဖုန်းကိုချလိုက်စဉ် မှာပင် မင်းကင်းက အပေါ်ထပ်မှ ဆင်းလာပါသည်။ ဧည့်ခန်းဖုန် စုပ်နေတဲ့ တံခွန့်ကိုကြည့်ကာ ...

"တံခွန် ... ထားလိုက်ပါကွာ၊ အာလူးလုပ်ပါလိမ့်မယ်၊ မင်းမှာ ထမင်းဟင်းတွေလည်းဝင်ချက်၊ အာလူးကလည်း သဘောကိုကျလို့၊ ငါ့မှာ အားလူးချက်ကျွေးနေတဲ့ အတူးနဲ့ အကပ်ကို စားနေရရာကနေ မင်းရောက်လာတာ ထမင်း ဆိုင် အိမ်ပေါ်ရွှေ့လာတဲ့အတိုင်းပဲဆိုတော့ ငါကလည်း အကြိုက်တွေ့နေ၊ မင်းမှာလုပ်ရကိုင်ရတာ မသက်သာပါ ဘူး၊ မင်း ဒီနေ့ သွားစရာလေး ဘာလေး ရှိသေးလား"

"ဟုတ် ... ဦး၊ မမတာဆီလည်း ခဏသွားပြီး ကျွန်တော့် အိမ်လည်း ခဏသွားမလို့ပါ၊ အိမ်ကလည်း ပိတ်ထားရတာ ဆိုတော့ သွားကြည့်ချင်လို့ပါ၊ ပြီးတော့ အမေကဖုန်းတွေ ဘာတွေ ဆက်ထားရင်လည်း ဆောအိမ်ကို ဆက်ထားမှာပါ ဦး၊ ဆက်ထားသေးလား ဘာသတင်းထူးသေးလဲ တစ်ခေါက် သွားကြည့်မလို့ပါ"

"အေး ... သွားလေ၊ ဂိုဒေါင်ထဲမှာ ဆူပါဆလွန်းတစ်စီး ရှိတယ်၊ ယူမောင်းသွား၊ အဲ ... မင်း ... မောင်းတတ်လား"

"ဟုတ် ... ကျွန်တော် သင်ထားပါတယ်၊ ဒါပေမဲ့ မယူ သွားချင်ဘူး ဦး၊ ကျွန်တော့်ဟာကျွန်တော် သွားပါ့မယ်"

"ကျွန်တော့်ဟာကျွန်တော် ဆိုတာ ဘယ်လိုမျိုးလဲ"

"ဟို ... ဘတ်စ်ကားနဲ့ပါ"

"မင်းကလည်း၊ ဘတ်စ်ကားနဲ့သွားရမှာများ အိမ်မှာအပိုရှိ နေတဲ့ကား မောင်းသွားလိုက်တာက ပိုအဆင်ပြေတာပေါ့၊ ဘာဖြစ်လို့ ယူမမောင်းချင်တာလဲ"

"မတော်တဆ ထိမိခိုက်မိရင် ကျွန်တော် ... ဟို ... လျော် ဖို့ပိုက်ဆံ မရှိဘူး ဦး"

မင်းကင်းက တံခွန့်ကို ခေါင်းတညိတ်ညိတ်နှင့် ရပ်ကြည့်နေမိပြီးမှ ခေါင်းတယမ်းယမ်း ခါမိပြန်ကာ ...

"ဒါနဲ့ မင်းက ငါ့သားဆို"

"ဗျာ"

"ငါ့သားပါဆိုတဲ့ကောင်ဆီက ငါက အလျော်ယူလို့ကောင်း ပါ့မလား၊ ယူကော ယူပါ့မလားကွ၊ စဉ်းစဉ်းစားစားလည်း ပြောဦးပေါ့ မင်းက ..."

"ကျွန်တော်က သားပါလို့ ဘယ်လိုပဲပြောပြော ဦးက ယုံကြည်မှ လက်ခံမှာ မဟုတ်ဘူးလား၊ မယုံ့တယုံနဲ့လည်း





လက်ခံမှာမို့လို့လား ဦးရာ၊ ဘာပဲဖြစ်ဖြစ် ဦးလည်း ခုချိန်ထိ အေး ... ဟုတ်ဘယ်လို့ လက်ခံစကားမှ ပြောသေးတာ မဟုတ်တာ၊ ဦး ဒီလောက်ကြီး အလွယ်တကူတော့ လက် သင့်ခံလိုက်မယ် မဟုတ်ဘူးဆိုတာ ကျွန်တော်နားလည်ထား ပါတယ်၊ လုံးလုံးငြင်းမရလို့သာ လက်ခံထားရတဲ့အနေ အထား မဟုတ်လား ဦး၊ ဒီအနေအထားလောက်နဲ့ ဦးရဲ့ ကားကို ကြိုက်သလိုယူမောင်း၊ ယူတိုက်ခွင့်မရှိဘူး ထင်ပါ တယ်"

"ဟေ့ကောင် ... မင်းကလည်းကွာ၊ ဖွ ... ဖွ၊ မောင်းတိုင်း တိုက်မှာမို့လားကွ၊ နိမိတ်မရှိ နမာမရှိ၊ မင်းကို ငါက အဲဒါလေးတွေ သဘောကျတာကွ တံခွန်ရ၊ မင်းက တကယ့်ကို Simple ဖြစ်တယ်၊ အဲဒီမင်းရဲ့ရိုးဂုဏ်လေးကို သဘောကျနှစ်သက်တာတစ်ခုနဲ့တင် မင်းနဲ့ငါ ဘာမှမတော် ရင်တောင် ငါ့ကားယူမောင်းလို့ မတော်တဆ တိုက်မိခဲ့ရင် အလျော်လုံးဝမယူဘူးဆိုတဲ့ စေတနာပေါက်တယ် ..."

နားလည်တယ်နော် တံခွန်၊ ဒီတော့ မင်း ဂိုဒေါင် ထဲကကား ယူမောင်းသွားပါ၊ ငါ့သားမို့ ပေးမောင်းတာ မဟုတ်ဘူး၊ မင်းက ဘယ်သူပဲဖြစ်ဖြစ် မင်းကို ငါချစ်ခင် တဲ့စိတ်ရှိလို့ ပေးမောင်းတာ"

တံခွန်က ငြိမ်သက်သွားရပါသည်။

"ဟော့ကောင် ... အာလူး၊ ငါ့အစ်ကို မြန်မာပြည်ပြန်လာ စရာရှိတယ်လို့ပြောပြီး မင်းကို အပေါ်ထပ်အခန်းပို ပြင် ဆင်ခိုင်းထားတာ သုံးရက်ရှိပြီ၊ အခုဝင်ကြည့်လိုက်တော့ ဘာမှမပြင်ဆင်ရသေးဘူး၊ ဒီနေ့ပြီးအောင်လုပ်၊ လာဖို့ရက် က နီးနေပြီ"

"ဟုတ်ကဲ့ပါ ဆရာ ... အဟီး"

"ကဲ ... ငါသွားပြီ တံခွန်"

ဦးမင်းကင်းက ထွက်ခွာသွားလျှင် တံခွန်သည် ရင်ထဲမှာ နွေးထွေးဖိုလှိုက်ပြီး ကျန်ရစ်ခဲ့ပါသည်။ ရှိန်းမြနွေးကျင် နေစေတဲ့ ဤပီတိကို ခံစားဖူးရတာနဲ့တင် သူ့ဘဝမှာ တော်တော် ကြီး ကျေနပ်စရာကောင်းလှပြီ။ ဦးညိုဝင်းရဲ့ကျေးဇူး။ မမတာရဲ့ ကျေးဇူး။ မရှိတော့ဘူးလို့ သိထားခဲ့တဲ့အဖေ၊ ရှိနေသေးတယ်ဆို တဲ့သတင်းဟာ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ သူ့အတွက် အခုကြုံတွေ့နေရသလောက်ဟာ အကျိုးအမြတ်တွေပဲလို့ သူ ခံစားကြည်နူးရသည်။

"ကိုတံခွန် ဘယ်တော့သွားမှာလဲ"

"ခုပဲသွားတော့မယ် ကိုအာလူး၊ နေ့လယ်မွန်းလွဲလောက် ပြန်ခဲ့မယ်၊ ပြန်ရောက်မှ ကိုအာလူးကို ပန်းပင်တွေရေ လောင်းပေးမယ်"





"အို ... ဒီပန်းပင်လေး နှစ်ပင်နဲ့တစ်မြစ်ကို ရေကူလောင်း နေစရာ မလိုပါဘူးဗျာ၊ ရပါတယ်၊ ဒါပေမဲ့ အခုတော့မသွား ပါနဲ့ဦးလား"

"ဘာဖြစ်လို့လဲဗျ"

"ဟိုလေဗျာ ... မမမီးလေး"

"မမီးလေး ဘာဖြစ်လဲ"

"မမမီးလေးက ကိုတံခွန်ကို အပြင်မသွားဘဲ အိမ်မှာရှိ အောင် တားထားပါတဲ့၊ သူလာမှာမို့လို့တဲ့"

တံခွန်သည် သူ့ကိုအပြင်တောင် မသွားခိုင်းဘဲ မပွင့်သစ်စ ဘာလာလုပ်မှာပါလိမ့်လို့ ရင်လေးကာ လန့်သလိုလို တောင် ခံစားလာရပါသည်။ ပွင့်သစ်စလို မတိမ်းမယိမ်း မိန်းက လေးတစ်ယောက်ကို လန့်လို့ဆိုလျှင် မမတာကတော့ သူ့ကို အားမလိုအားမရ ဆူဆဲ ဗျစ်တောက်တော့မှာ မလွဲပါ။

ဒါပေမဲ့ အဲဒီ ပွင့်သစ်စ ဆိုတဲ့ ဦးမင်းကင်းဇနီး လောင်းဟာ မမတာနဲ့ ဘာမှသိပ်မကွာတဲ့ သူသိ သူတတ် အစွာ ပလန်တန် ကြမ်းကြမ်းရမ်းရမ်း လွှမ်းလွှမ်းမိုးမိုး စရိုက်မျိုးပဲဆို တာ တံခွန် အကဲခတ်လို့ရသည်။ ဒီစရိုက်တွေကို ဖွင့်ထုတ်ပုံချင်း မတူညီရင်သာရှိမည်။ အခြေခံကတော့ တူတူပင်။

"ဘာလုပ်မလို့လဲဗျာ၊ ကျွန်တော် ကြောက်တယ်"

"အာ ... ကိုတံခွန်ကလည်း၊ ကြောက်စရာကိစ္စတော့ ဟုတ်ပုံမရပါဘူး၊ ကိုယ်က ယောကျ်ားလေးပဲဗျာ၊ ဘာ ကြောက်စရာရှိလဲ၊ အေးလေ ... ဒီလိုလည်း ပြောလို့မရပါ ဘူး၊ ကျွန်တော့်ဆရာဆိုလည်း ဒီလောက်အသက်ကြာရက် နဲ့တောင် သူ့ကို ကြောက်ရသေးတာပဲ"

"ဦးကတော့ ကြောက်မယ် မထင်ပါဘူးဗျာ၊ ချစ်တာနေမှာ ပါ၊ ချစ်လွန်းလို့ အလိုလိုက် အလျှော့ပေးထားတာနေမှာ ပေါ့"

"အင်းလေ ... ဖြစ်နိုင်ပါတယ်၊ ဟော ... ပြောရင်းဆိုရင်း လာပြီ၊ သူ့ကားဝင်လာပြီ ... ဟိုမှာ"

"ကိုအာလူး ... ခင်ဗျား ကျွန်တော့်နားပဲနေနော်"

"ဗျာ ... ကိုတံခွန်ကလည်း ဒီလောက်တောင်ပဲလားဗျာ"

နှစ်ယောက်သား အိမ်တံခါးပေါက်ဝမှာ ကျိတ်ကျိတ် ကျိတ်ကျိတ် ဖြစ်နေကြဆဲ ပွင့်သစ်စက ကားသော့တယမ်းယမ်း နှင့် ကားပေါ်က ဆင်းလာကာ ...

"ရှင်တို့က အိမ်ပေါက်ဝမှာ ဘာဖြစ်နေကြတာလဲ"

"ဘာ ... ဘာမှမဖြစ်ပါဘူး မမမီးလေး"

"ဒီမှာ ... ရှင်နဲ့ စကားပြောစရာရှိတယ် တံခွန်၊ ဧည့်ခန်း မှာ ထိုင်ရအောင်"

"ဟုတ်"





ပွင့်သစ်စက ဦးဆောင်ဝင်သွားကာ တံခွန်က နောက် မှခပ်ယို့ယို့နှင့် ဧည့်ခန်းထဲထိုင်မိကြသည်။ အာလူးက ဧည့်ခန်းထဲ ဖုန်ပဲစုပ်တော့မလို အရှုပ်တွေပဲ ရှင်းတော့မလို ဆွတတ ယောင် နန လုပ်နေစဉ် ...

"ကိုအာလူး"

"ဗျာ"

"ရှင် အဝေးသွားနေ၊ ကျွန်မတို့ ဆွေးနွေးစရာကိစ္စရှိလို့"

တံခွန်က အနေကျဉ်းကျပ်သွားရင်း ...

"ကို ... ကိုအာလူးပါ နားထောင်လို့ မရဘူးလား"

"ဘယ်ရပါ့မလဲ။ သူနဲ့ ဘာဆိုင်လို့လဲ၊ ရှင်ကဘာဖြစ်နေ တာတုန်း၊ ရှင့်ကို ကျွန်မက အနိုင်ကျင့်မှာမို့လို့လား"

"အဲသလို မဟုတ်ပါဘူး ခင်ဗျ"

တံခွန် ကြောက်သည်မှာ သူတို့စကားဝိုင်းထဲ သက် သေမရှိ ဘာမရှိနှင့် တကယ်တမ်း သူ မပြောတဲ့စကားတွေ ပြော ပါတယ်ဖြစ်မှာမျိုးကိုပင်။

"ရှင် ဘာသဘောနဲ့ ကိုအာလူးကို အနားခေါ်ထားချင်လဲ ကျွန်မ ရိပ်မိတယ်၊ ရှင် စိတ်ချ၊ ရှင့်ကို ကျွန်မ လုံးဝမလို လားပေမယ့် ကလိမ်ကကျစ်နဲ့ ကောက်ကျစ်တတ်တဲ့အကျင့် မျိုးတော့ ကျွန်မမှာ မရှိဘူး၊ ကျွန်မပြောတာတွေ လုံးဝေ့

ပတ်စေ့ ကိုကို့ကို ပြန်မတိုင်စေချင်လို့ မကြားရအောင် ရှောင်ခိုင်းတာ၊ ကိုအာလူးက လူကြည့်တော့ ရိုးသလို အ,သလို အလိုက်အထိုက်ရှိသလိုနဲ့ သူသိသမျှ တစ်လုံးမကျန် သူ့ဆရာကို အရင်းတိုင်း သတင်းပို့ ဖောက်သည်ချတဲ့သူရှင့်"

"ဒါဖြင့် မမမီးလေးက ..."

"ဘာ ... မမမီးလေးလဲ၊ မမပဲခေါ်"

"ဟုတ် ... ဟုတ်ကဲ့၊ မမက ဒါဆို ဦးမသိစေချင်တဲ့စကားမျိုးတွေ ကျွန်တော့်ကိုပြောမယ့် သဘောလား၊ ကျွန်တော်လည်း ဒီစကားတွေ ဦးကို ပြန်ပြောခွင့် မရှိဘူးဆိုရင်တော့ စောစောစီးစီးကတည်းက မမ မပြောပါနဲ့ခင်ဗျာ၊ ကျွန်တော်က ဦးအပေါ် မရိုးသားတဲ့ကိစ္စမျိုး ဘာမှမလုပ်ချင်လို့ပါ"

"အမယ်လေး ... သိပ်ပဏ္ဏာမယူစမ်းပါနဲ့ရှင်၊ နားကလောလိုက်တာ၊ ရှင့်ကိုလည်း ဘာမှမပိတ်ဘူး၊ နားထောင်ပြီးတဲ့နောက် ရှင် ပြန်ပြောသင့်တယ် ထင်တာတွေ ပြောချင်စိတ်ရှိတာတွေ ပြန်ပြော၊ ရတယ်"

"ဟုတ်ကဲ့ ... ဒါ ... ဒါဆိုရင်တော့ ..."

"ကဲ ... ကိုအာလူး ... မသွားသေးဘူးလား"

"ဟုတ်ကဲ့ပါ မမမီးလေး"





ကိုအာလူးထွက်သွားလျှင် ဧည့်ခန်းထဲမှာ တံခွန်နှင့် ပွင့်သစ်စ ကျန်ရစ်သည်။ ပွင့်သစ်စက ဒူးချိတ်လက်ပိုက် မတ်မတ်ထိုင်ကာ တံခွန့်ကို စေ့စေ့စိုက်ကြည့်နေပြီး တံခွန်ကတော့ ရင်ဆိုင်ကြည့်ဖို့ မဝံ့မရဲနှင့် မျက်လွှာချထားသည်။

"ရှင် တစ်ခွန်းတည်းပဲ မှန်မှန်ဖြေ၊ ရှင်က ကိုကို့သားအစစ်လား"

"ကျွန်တော်လည်း မသိဘူးလေ"

"ဘာ"

"သူများပြောတာ ကြားရပြီး အမေ့ကိုမေးတယ်၊ အမေက မငြင်းဘူး၊ ဒီကိုရောက်လာပြီး လာပြောတယ်၊ ဦးကလည်း မငြင်းဘူး၊ ဒါပေမဲ့ လုံးလုံးဖြစ်နိုင်ခြေမရှိဘဲတော့ ဦးက အိမ်ခေါ်ထားမှာ မဟုတ်ဘူးထင်တယ်ဗျ"

သူ့စကားက ရိုးရိုးရှင်းရှင်း အမှန်ပင်။

"ရှင့်ကို ဦးမင်းကင်းဆီကို ရှင့်အမေလွှတ်တာ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူးခင်ဗျ"

"မဟုတ်မှလွဲရော၊ ဒီကိစ္စတွေအတွက် ဓာတ်ဆရာက ရှင့်ချစ်သူကြီးများလား"

"........"

"ရှင်က သူစိမ်းရာ နာခံရအောင် သူက ဒီကိစ္စနဲ့ဘာဆိုင်လို့လဲ"

"မမတာက စိမ်းတာ မဟုတ်ပါဘူးဗျ၊ မမတာက အမြဲတမ်း ကျွန်တော့်ကို ကောင်းတဲ့အကြံဉာဏ် ပေးတာပါ"

"ဪ ... ထားပါတော့လေ၊ ခုကိစ္စမှာ သူက ဘယ်လို အကြံဉာဏ်ပေးထားတာတုံး။ ရှင့်ကို ဘာတွေညွှန်ကြားထားလဲ"

"ကိုယ့်အဖေကို သွားတွေ့ဖို့ပဲ အကြံပေးတာပါ၊ မသိခင်ကတစ်မျိုးပေါ့၊ အဖေဆိုတာ သိတဲ့နောက်တော့ ဘယ်လိုပင်ဖြစ်စေ ကိုယ်က သားတစ်ယောက်အနေနဲ့ သွားတွေ့သင့်တယ် ဆိုတာပါပဲ"

"ရှင်တို့ပြောပုံက အပိုင်ပဲ၊ သားဆိုတာ သေချာနေလိုက်တာ၊ ကိုကိုက အခု သူဟာ ရှင့်အဖေပါလို့ ပါးစပ်က ထုတ်ပြီး ဝန်ခံပြီလား"

"........."

"ဟင် ... ကိုကိုက ဝန်မခံဘူး မဟုတ်လား"

"ဒါပေမဲ့ လုံးဝမဟုတ်ဘူး၊ လုံးဝမပတ်သက်ဘူး၊ လုံးဝ အစီပွာယ်မရှိဘူး ဆိုရင်တော့ ကျွန်တော့်ကို ဒီအိမ်မှာလာနေဖို့တောင် ခေါ်ထားမှာ မဟုတ်တာ မမလည်း သိမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်က အဖေ ... အဲ ... ဦး ... ဦးမင်းကာင်း ဆုံးဖြတ်တဲ့စကားကို နာခံမှာပါ"





"သူက ဟုတ်တယ်ဆိုလည်း ရှင်က သူ့သားလုပ်လိုက်မယ်၊ သူက မဟုတ်ဘူးဆိုရင် ရှင်က သူ့သားမလုပ်တော့ဘူးပေါ့ ... ဟုတ်လား၊ ဦးမင်းကင်း ပါးစပ်က စကားတစ်ခွန်းက ဆုံးဖြတ်ချက်ပေါ့ ... ဟုတ်လား"

"ဦးက ကျွန်တော်ဟာ သူ့သား တကယ်ဖြစ်နေရက်နဲ့ မင်း ငါ့သားမဟုတ်ဘူးလို့ ပုတ်ထုတ်ငြင်းဆန်ပစ်မှာ မဟုတ်ဘူးလို့ ကျွန်တော် ယုံပါတယ် မမ၊ အခုတောင် ဘာမှ မသေချာသေးဘဲနဲ့ ကျွန်တော့်ကို အိမ်လာနေဖို့ ခေါ်ထားပြီး ကောင်းကောင်းဆက်ဆံ စောင့်ရှောက်နေတာပါ"

ဦးမင်းကင်းအပေါ် လေးစားမြတ်နိုးတဲ့လေသံက တံခွန့်စကားသံထဲမှာ ပျော်ဝင်နေပါသည်။ ပွင့်သစ်စက တကယ့်ကိုပဲရိုးသားဟန်ရှိတဲ့ ဒီလူရွယ်ကို အမြင်ကတ်စိတ်တောင် လျော့ချင်လာသလိုရှိ၍ ကိုယ့်စိတ်ကိုယ် သံပါတ်တင်းရသည်။ ဘာပဲဖြစ်ဖြစ် လူပျိုကြီးလို့ ကိုယ်ထင်ထားတဲ့ ယုံကြည်ထားတဲ့ ကိုယ့်ချစ်သူမှာ ရုတ်တရက် ဘွားခနဲထပေါ်လာတဲ့ လူလားမြောက်သားတစ်ယောက် ဖြစ်တာကြောင့် ကိုယ့်ရဲ့ရန်သူအဖြစ် မုန်းတီးအမြင်ကတ်မိတာတော့ ဝန်ခံရမှာပင်။

"အဲဒီတော့ ဒီဖြစ်ရပ် ဒီအခြေအနေတစ်ခုကတော့ ရှိကိုရှိနေပြီဖြစ်လို့ ဒါကို ဆန့်ကျင်ကန့်ကွက်ဖို့တွေ တို့စိတ်ထဲ မကျူးပါဘူး တံခွန်၊ တို့အဖို့က သားလူပျိုတစ်ယောက်ရှိနေ

တဲ့ ကိုကို့ကို လက်ထပ်မလား၊ ကိုကို့ကို လမ်းခွဲမလားဆိုတဲ့ အခြေအနေနှစ်မျိုးထဲက တစ်မျိုးကိုပဲ ရွေးချယ်ရတော့မှာပါ"

တံခွန်သည် သူ့နဂိုစိတ်ရင်းအတိုင်း အားနာကရုဏာသက်သလိုလို ဖြစ်လာမိကာ ပွင့်သစ်စကို စာစာနာနာငေးကြည့်နေမိပါသည်။

"အဲဒီတော့ တို့က တစ်ခုပဲ တံခွန့်ကို တောင်းဆိုချင်တာရှိတယ်"

"ဘာများလဲ မမ"

"တံခွန်ဟာ ကိုကို့သား ဟုတ်တယ် မဟုတ်ဘူးဆိုတာ ရာနှုန်းပြည့် သေချာချင်တယ်"

"အဲဒါကတော့ သေကိုသေချာရမှာပေါ့ မမရယ်"

"အဲသလိုသေချာဖို့ မင်း ဘာလုပ်မယ် စိတ်ကူးထားလဲ၊ ဘာနဲ့ confirm လုပ်ကြမှာလဲ၊ ပတ်သက်မှုရှိခဲ့တာတော့ ဟုတ်ပြီ၊ ပတ်သက်မှုမရှိဘဲနဲ့တော့ ကိုကိုလည်း ငြိမ်မနေဘူးပေါ့၊ ဒါပေမဲ့ သံသယအကျိုးဆိုတာ နေရာတိုင်းမှာ ခံစားခွင့်ရှိတယ်လို့ တို့ထင်တယ် တံခွန်၊ တံခွန့်အမေအပေါ် စော်ကားလိုစိတ် မရှိပါဘူး၊ ဒါပေမဲ့ ကိုကိုနဲ့ပတ်သက်ခဲ့ဖူးတာ မငြင်းနိုင်တာ တစ်ခုနဲ့တော့ တံခွန်ဟာ ကိုကို့သားပဲလို့ အတိအကျ မခိုင်လုံနိုင်ဘူး မဟုတ်လား"

တံခွန်က သက်ပြင်းချရင်း ...





"မမက ကျွန်တော့်အမေကို စော်ကားလိုစိတ် မရှိပါဘူးဆိုပေမယ့်လည်း ဒီစကားက စော်ကားတဲ့သဘောပဲ သက်ရောက်ပါတယ်၊ မမစကားအဓိပ္ပာယ်က အမေဟာ ဦးမင်းကင်းအပြင် တခြားလည်း ပတ်သက်ထားတဲ့သူ ရှိနိုင်တာပဲဆိုတဲ့ အဓိပ္ပာယ်ကို သက်ရောက်နေပါတယ်၊ ကျွန်တော့်အမေက ကျွန်တော့်ကိုမွေးပြီး ခုချိန်ထိ ကြားထဲကနှစ်ပေါင်းများစွာထဲမှာ သူ့ရဲ့ငယ်ရွယ်နုပျိုမှုတွေကို မျက်ကွယ်ပြုပြီး ဘာအားကိုးမှ ထပ်မရှာခဲ့တဲ့သူပါ၊ တစ်ယောက်တည်း လောကဓံကို ခြေကန်ရုန်းခဲ့တာပါခင်ဗျာ၊ လွတ်လပ်နေတဲ့ အခြေအနေ အားကိုးရာမဲ့နေတဲ့ အနေအထားမှာတောင်မှ ရှိခဲ့ဖူးတဲ့ တစ်မျက်နှာကနေ နောက်တစ်မျက်နှာ မပြောင်းတဲ့သူဟာ ဟိုးတုန်းကလို နှစ်ဦးနှစ်ဖက် ချစ်ခင်မပတ်သက်နေရချိန်မျိုးမှာ နောက်တစ်ယောက်နဲ့ ထပ်ပတ်သက်ဖို့ဆိုတာ ယုတ္တိမရှိတဲ့ စိတ်ကူးယဉ်မျိုးဖြစ်နေပါတယ်"

တံခွန့်အသံက စိတ်လိုက်မာန်ပါ တုန်ခတ်နေပါသည်။

"တို့ နားလည်ပါတယ်၊ ဒါပေမဲ့ အဲဒါက လူမှုရေးပိုင်းအရ မိန်းမတစ်ယောက်ကို သူ့အကျင့်ဗီဇကြည့်ပြီး ဖြစ်နိုင်ချေမှတ်ချက်ချတာမျိုးလေ၊ ရာနှုန်းပြည့်တိကျသေချာနိုင်တဲ့ကိစ္စ မဟုတ်ဘူးဆိုတာ မင်းလည်းသိမှာပါ ...

တရားရုံးလိုနေရာမျိုးမှာလည်း ဖြစ်နိုင်ချေကို အတည် မယူဘူး တံခွန်၊ သက်သေအထောက်အထား နိုင်လုံတာကိုပဲ အတတ်နိုင်ဆုံး မှန်ကန်အောင်ရွေးချယ်မှာ"

"အဲဒီ မမပြောတဲ့ သက်သေအထောက်အထားဆိုတာက ဘယ်မှာလဲ၊ လွန်ခဲ့တဲ့ ကျွန်တော့်တစ်သက်က ဖြစ်ခဲ့တဲ့ကိစ္စ တစ်ခုက သက်သေနိုင်လုံဖို့လည်း မလွယ်တော့ဘူးလေ"

"လွယ်ပါတယ် တံခွန်"

"ဗျာ"

"မင်းလည်းပဲ တကယ်နိုင်မာ သေချာချင်တယ်ဆိုရင် တို့ တောင်းဆိုမှုကို လိုက်လျောပါ၊ သွေးနဲ့ ဒီအဲန်အေ စစ် ကြည့်လိုက်ရင် ထွက်လာမှာပဲလေ၊ ဘာမှမခက်ပါဘူး၊ အဲဒါကို မင်းဘက်က လက်ခံဖို့ပဲလိုတယ်"

တံခွန်က တွေဝေစဉ်းစားသွားပါသည်။ မမတာဆိုရင် ဘာပြောမလဲ။

"ဘယ်လိုလဲ"

ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုစစ်ဆေးကြည့်လိုက်တာသာလျှင် အတိကျ အမှန်ကန်ဆုံးပဲ မဟုတ်လား။ စစ်ကိုစစ်ဆေးသင့်တာပဲလေ၊ မမတာလည်း ကန့်ကွက်စရာရှိမည် မထင်သလို ကန့်လည်း မကန့်ကွက်သင့်တာပါ။





"ကိုကိုက ဘယ်လိုစစ်ဆေးချက်နဲ့ ဆုံးဖြတ်မလို့လဲ မသိနိုင်ပေမယ့် ဒါတွေစစ်ဖို့သင့်တယ်ဆိုတာတော့ ကိုကိုလည်း စိတ်ထဲမှာ ရှိနေမှာပဲ၊ ဒီနေ့ မင်းအားလား တံခွန်"

တံခွန်က ခေါင်းအသာယမ်းရင်း ...

"ဒီနေ့တော့ ကျွန်တော်မအားဘူး မမ၊ ဒါပေမဲ့ ကျွန်တော် စစ်ပါမယ်"

◆✤◆

## ၁၂

"ဟိုသတ္တဝါလေးကို လွမ်းလိုက်တာ ဒေါ်လေးရယ်"

အတာက သက်ပြင်းတစ်ချက် လေးတွဲ့တွဲ့ချရင်း ပြောလိုက်ပါသည်။ ဒေါ်လေးက ထမင်းစားနေတဲ့ အတာ့ကို မီးပူတွေတိုက်နေရာမှ မျက်စောင်းတစ်ချက်ချိတ်ပြီးကြည့်ကာ ...

"ဘာလဲ ... ညည်း ထမင်းစားပြီးတဲ့ ပန်းကန်ကိုဆေးရမှာပျင်းနေလို့ ပန်းကန်ဆေးဖို့ သတိရနေတာ မဟုတ်လား"

"ဟား ... ဒေါ်လေးကလည်း ဆော်လိုက်တော့မယ်၊ ပန်းကန်ဆေးဖို့ သတိရတယ်ဆိုတော့ အခုဒီမှာ အတာခံစားနေရတဲ့ အလွမ်းတွေက သေးနုပ်သိမ်ငယ်မသွားဘူးလား၊ တကယ်ပဲ စိတ်တိုလိုက်တာ။ ငိုလိုက်ရ"

"ငိုတာက ညည်းဟာညည်း အစကတည်းက ငိုချင်နေတာ မဟုတ်လား"





"ဟုတ်တယ်"

အတာက ထမင်းပန်းကန်ကိုင်ကာ ဗေစင်ရှိရာသို့ ထ,သွားပါသည်။

"ဟဲ့ ... ညည်း ထမင်းစားတဲ့ ပန်းကန်လေးတစ်ကွက်တည်း ကောက်မဆေးနဲ့လေ၊ ဟင်းပန်းကန်တွေ လှယ်ဆေးဦး၊ ဆေးစရာရှိတာ အကုန်ရှာဆေး ... မိပျင်း"

"ဟာ ... ဒေါ်လေးကလည်း၊ ကောင်းကောင်းတောင် မလွမ်းရဘူး ... တကယ်ပဲ"

"လွမ်းတာက လွမ်းပေါ့၊ အပျင်းတော့ မထူနဲ့၊ တစ်ခါတည်း ဖြစ်များဖြစ်နိုင်ရင် ပန်းကန်တောင် ထည့်စားတဲ့ မျက်နှာတစ်ဖက်ပဲ ဆေးချင်တာ၊ မကောင်းတတ်လို့ နောက်ဘက်ပါ လှန်ဆေးရတယ်ဆိုတဲ့ အစားထဲက ... ဟွန်း"

အတာက ပန်းကန်တွေဆေးရင်း တံခွန့်ကိုတကယ်ပဲ အကြီးအကျယ် လွမ်းဆွတ်သတိရလာသည်။ သူသာရှိရင် ထမင်းအတူစားပြီးတိုင်း ...

"မမတာ ကျွန်တော့်ကိုပေး၊ ကျွန်တော်ဆေးမယ်"

ဆိုကာ အတင်းဆွဲယူသွားတတ်တဲ့ တံခွန်။ ချစ်စရာ။ အတာ့အပေါ် ညှာလည်းညှာတာ ရိုလည်းရိုသေသည်။ ဒါ့အပြင် သူ့ခမျာ ကြောက်လည်း ကြောက်ရှာသေးရဲ့။

အတာ သူ့ကို တကယ်ချစ်တာပါ။ ပန်းကန်မဆေးချင်လို့ သတိရရုံသက်သက် မဟုတ်ရပါ။ ခုလည်းပဲ သူ့ကိုကောင်းစားရှာစေချင်တာပါ။ အတာကပါ ဝင်မက်မောနေတာ မဟုတ်ရပါဘူး။ သို့ပေမယ့် ဦးမင်းကင်း ဇနီးလောင်းတို့သားအမိက သူ့ကိုကြည့်ရှုပုံက အထင်တကြီးမရှိ။

တံခွန့်ကိုတော့ သူတို့က မတော်ချင်လို့ မရတော့တဲ့အတွက် တော်စပ်ရတော့မယ့် ဆွေမျိုးတစ်ယောက်နှယ် စာရင်းသွင်းပုံရပေမယ့် ၊အတာ့ကိုတော့ သူတို့က တံခွန့်ကိုကပ်၍ အတင်းတိုးဝင်နေတဲ့ ဂျလည်မတစ်ယောက်လို့ သတ်မှတ်ကြောင်း အရိပ်အယောင်မျိုးပြတဲ့ မျက်ဝန်းတို့နှင့် စိမ်းတိမ်းတိမ်းကြည့်ကြတာ။

သူတို့ အဆင့်အတန်းနဲ့ သူတို့မို့ မဲ့ကာရွဲ့ကာ မကြည့်ကြတာပဲ တော်လှပြီ။

"ဂလွမ်"

"ဟဲ့ ... ကွဲပြီလား"

"မကွဲပါဘူး ဒေါ်လေးကလည်း၊ လူကိုအပြစ်ပြောဖို့ပဲကြည့်နေတယ်"

ဒေါ်လေးက ဗေစင်နားကို ထလျှောက်လာကာ ...

"ကွဲသံကြီးထွက်တဲ့ဟာကို"

"ဩော် ... မကွဲပါဘူးဆိုမှ ဒေါ်လေးကလည်း"





"ဟင် ... ဒီမှာ ကြွေပန်းကန်စ၊ ဘာမကွဲဘူးလဲ"

"အင်းလေ ... မကွဲဘဲ ပဲ့သွားတာ၊ ကွဲတာမှမဟုတ်တာကို၊ ပဲ့တာလေးပဲ"

"ဟောဒီ အတာတော့နော်၊ စိတ်နဲ့ လူနဲ့ကို မကပ်ဘူး"

"အဲဒါ ဝန်ခံပြီးသားပဲလေ၊ ဘာထူးဆန်းလို့လဲ"

ဒေါ်လေးက သူယုဉ်ပြောလို့ မနိုင်နိုင်တဲ့ အတာ့ကို မျက်စောင်းပဲချိတ်ကာ ထွက်သွားပါသည်။ အတာသည် ငိုချင်လာကာ မျက်ရည်တွေ မျက်ဝန်းထဲ အိုင်ဖွဲ့လာသည်။ အိမ်ရှေ့ကို ပြန်ထွက်လာကာ စာရင်းစာအုပ်ကို လှန်ကြည့်ရင်း ...

"ဒေါ်လေး"

"အေး"

"ဒီနေ့ပစ္စည်းလာရွေးမယ့် လူနှစ်ယောက် လာစရာရှိသေးတယ်၊ အဲဒါ ဒေါ်လေးတစ်ယောက်တည်းနဲ့ ဖြစ်လား"

"ဘာမဖြစ်စရာ အကြောင်းရှိလို့လဲ"

"ဟုတ်ဘူးလေ၊ ပြဿနာရှာမယ့်သူမျိုးတွေ မပါဘူးလို့ပြောတာပါ၊ ဒေါ်ခင်စန်းရီဆိုတာ စမ်းချောင်းကလာမယ်၊ ဦးဝင်းဇော်ရဲ့ခယ်မလေ သိတယ်မဟုတ်လား၊ သူက ဆွဲကြိုးလာရွေးမယ်နော် ဒေါ်လေး၊ အတိုးက(...)၊ ငွေရင်းက ဒီမှာ စာရင်းထဲမှာကြည့်နော်"

"အင်းပါ"

"နောက်တစ်ယောက်က ဟိုဘက်လမ်းက မိုးသူဇာဆိုတာ၊ သူကတော့ အတိုးပဲလာပေးရမှာ၊ အဲဒီကောင်မလေးက အိညက် အိညက်နဲ့၊ တကယ်လို့ အတိုးလာမပေးရင် မွန်းလွဲပိုင်းလောက်ကျ ခေါ်လေးလိုက်သွား၊ ရအောင်တောင်းခဲ့ သိလား ခေါ်လေး"

"အေးပါအေ ... ညည်းက တံခွန့်ဆီ သွားမလို့လား"

"ဟုတ်"

"တံခွန်က ဒီနေ့ ရုံးမသွားရဘူးလား"

"သူ ဒီနေ့ အိမ်မှာလုပ်ကိစ္စတစ်ခုရှိလို့ ရုံးမသွားဘူးတဲ့ တံခွန်ပြောတယ်၊ ဦးမင်းကင်းက အိမ်ကိစ္စတစ်ခုခု ခိုင်းထားတာ ဖြစ်မှာပေါ့"

"အင်း ... အင်း ... အဲဒါဆိုလည်း သွားလေ၊ ဖုန်းဆက်ကြည့်ပါဦး"

"ဟုတ်ကဲ့"

အတာက အိမ်လိုင်းဖုန်းနှင့် တံခွန့်ထံပေးထားတဲ့ ဖုန်းကလေးဆီ ဖုန်းခေါ်သည်။ ဖုန်းက ခေါ်သံတဆုံးထိ မြည်နေကာ တစ်ဖက်က မကိုင်ပါ။ အတာက နှစ်ကြိမ်ပြန်ခေါ်အပြီး စိတ်တိုလာသည်။ ဖုန်းတခြား လူတခြား ဖြစ်နေတာနေမှာပေါ့။ အတာ့ဖုန်းလာတာ သိရက်နဲ့တော့ မကိုင်ဘဲ တံခွန်မနေရဲပါ။

"ဆက်မရဘူး၊ လိုက်သွားတော့မယ်"





"အေး ... သွား"

အတာက ကြိုတင်စီစဉ်ထားတာ မဟုတ်၍ လမ်းထဲက အငှားကားကိုလည်း ရှာမနေတော့ပါ။ အကုန်အကျသက်သာအောင် ဘတ်စ်ကားပဲ စီးလိုက်တာပေါ့။ ဦးမင်းကင်းတို့လမ်းထိပ်နှင့် ခပ်လှမ်းလှမ်းမှာ ကားမှတ်တိုင်ရှိသားပဲ။ နည်းနည်းပဲ လျှောက်ရမှာပါ။ ကားဂိတ်ဆီသွားရင်းက လမ်းမှာတွေ့တဲ့ လမ်းဘေးအထမ်းသည်ဆီက တရုတ်ဆီးဝန်းသီးလေးတွေ ဝယ်လိုက်ပါသေးသည်။

အဲဒီဆီးပန်းသီးလေးတွေ တံခွန် သိပ်ကြိုက်တယ်လေ။ သူစားဖို့လေး တစ်ခုခုတော့ ပါသွားသင့်တာပေါ့။ နီးတကျက်ကျက် ဝေးတစ်သက်သက်ဆိုသလို မတွေ့ရတာ ကြာတော့လည်း တစ်သက်သက် လွမ်းရတာပင်။ အရင်လို ရက်ဆက်မှမတွေ့ဖြစ်တာ။ အဲသလို ခပ်ဝေးဝေး နေကြရမယ့်ကာလကလည်း ဘယ်လောက်တောင်လဲတောင်မသိ။

ဟိုတစ်နေ့ကပဲ တံခွန့်အိမ်ဘက် ခဏပြန်ကြတော့ တံခွန်တို့ရဲ့အိမ်နီးနားချင်း ဖုန်းရှိတဲ့အိမ်က တံခွန့်အမေ ခေါ်နွယ်နွယ် ဖုန်းဆက်ကြောင်း ပြောပြပြီး ပြန်ဆက်ခိုင်းပါသည်။ မိတ္ထီလာကို တံခွန် ဖုန်းလှမ်းခေါ်တော့ ပထမဦးစွာ ဆူခံလိုက်ရတာ နားတွေ ဆူပူတဲ့အထိ။ ဒါတောင် အိမ်မကပ်ဘူး ထင်ရုံရှိသေးသည်။ တခြားမှာ သွားနေကြောင်း ဖုန်းရှိတဲ့အိမ်ကလည်း မပြောလိုက်၍ ခေါ်နွယ်နွယ် သိမသွားသေး။

“မအေ မရှိတုန်း အိမ်ကပ်ပါဆိုတာ မင်း ဘာလဲ၊ မင်းဟာမကြီးအိမ်ပဲ သွားနေနေတာလား ဟုတ်လား၊ နင်အဲဒီမှာ တက်တောင်နေနေပြီလား”

“အာ … မနေပါဘူး၊ အမေကလည်း”

“ငါတောင် ပြန်မလာသေးဘူး၊ မင်းတို့ချင်း ယူလိုက်ကြရတဲ့ အဖြစ်မျိုးလည်း ရောက်နေဦးမယ်၊ ပြောကိုမပြောချင်ဘူး … တကတဲ”

“အမေကလည်းဗျာ၊ ဘာဖြစ်လို့ အဲဒီဖြစ်ရမှာလဲ၊ အဓိပ္ပာယ်မရှိတာ”

“နင် အဲဒီမှာ ညအိပ်လား တံခွန်”

“လုံးဝမအိပ်ပါဘူး အမေရယ်”

“သူကော နင့်ဆီလာအိပ်လား”

“ဟာ … အမေ ဘယ်လိုဖြစ်နေတာလဲ၊ ဘာတွေလျှောက်ပြောနေတာလဲဗျ”

“မင်းရော မင်းရည်းစားရော ငါ့လိုဘဝမျိုး မကြုံတွေ့ရစေချင်လို့ ပူနေရတာ၊ ရှင်းလား တံခွန်”

“ဟုတ်ကဲ့ပါ အမေရာ၊ မကြုံစေရပါဘူး”

“ည … ည … ဘယ်အချိန်ပြန်လဲ”

“ဟို … စော … အစောကြီး ပြန်ပါတယ်၊ ဒါတွေမေးမနေပါနဲ့ အမေရာ၊ ဘာမှမကောင်းတာ မဖြစ်ဘူး၊ အမေဗိုက်





ချူ၊ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့၊ အမေ့ကို ကျွန်တော်က စိတ်ပူနေတာ၊ အမေ ဘယ်တော့ပြန်လာမှာလဲ”

“အမေ ပြန်မလာနိုင်သေးဘူး တံခွန်၊ ကြီးကြီးက အခြေအနေ မကောင်းလှသေးဘူး၊ အမေ ဒီအတိုင်း ပစ်ထားခဲ့နိုင်ဖို့ မလွယ်ဘူး၊ အမေ နေရဦးမှာ၊ ကြာဦးမှာ အဲဒါကြောင့် မင်းအတွက် စိတ်ပူနေတာ”

“ကျွန်တော့်အတွက် အမေ ဘာမှစိတ်မပူပါနဲ့၊ ကျွန်တော် အရမ်းအဆင်ပြေတယ်”

“သား … ငွေလိုရင် ဘဏ်စာအုပ်က …”

ဘဏ်စာအုပ်က အမေနှင့် တံခွန် ဂျိုင့်အကောင့်ဖြစ်၍ တံခွန် ထုတ်သုံးနိုင်ပါသည်။

“မလိုဘူး အမေ၊ အမေထားခဲ့တဲ့ပိုက်ဆံ မကုန်သေးပါဘူး”

“ဟဲ့ … ဘယ်လိုသုံးနေလို့လဲ၊ ကြည့်ရတာတော့ အတော်အိမ်ချည်း စားနေလို့ ထမင်းစရိတ် လွတ်နေတယ် ထင်တယ်”

“အဟင်း ဟင်း”

“ရယ်မနေနဲ့၊ အလုပ်တွေလည်း လိုက်ရှာလျှောက်ဦး တံခွန်၊ သိပ်ကြေးများပြီး အလုပ်စံရွေးမနေနဲ့တော့၊ တော်ကြာ မိန်းမသာယူရော အလုပ်ကတော့ မရှိဘူးဆိုတာမျိုး အတောက ပြောနေမှာ ငါ မခံနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် ငါ့သားကို

ခုလို ရက်ရှည်တစ်ယောက်တည်းထားခဲ့ရတုန်း အဲဒီ အတာ တစ်ယောက် ရှိနေပေလို့လည်း ငါသိပ်မပူရတာ၊ ဘာပဲဖြစ် ဖြစ် သူကရှေ့ကဦးဆောင်စီမံခန့်ခွဲ ဖြေရှင်းပေးသွားမှာဆို တာ သိနေရတာလည်း ခေါင်းပေါ့သား သားရေ"

တံခွန့်ထံက လုံးစေ့ပတ်စေ့ ပြန်ကြားထားရသည့် စကားများ။ အမြင့်မှန်ရတဲ့စကားလေးတောင်ပါသေး။ သူ့အမေ က ပြန်လာဖို့ လိုသေးတယ်ဆိုတော့ တံခွန်လည်း ဟိုမှာပဲနေနေ ဖို့များသည့်။ ဟိုမှာနေနေတော့ ဝင်ချည်ထွက်ချည်နဲ့ လူကြီးမျက်စိ မနောက်စေနဲ့၊ အလုပ်လည်း သွားရပြန်ရသေးတာမို့ အလုပ်က ပြန်လာပြီးရင် ဇာတ်နိုင်သလောက် ပြန်မထွက်နဲ့၊ ကိစ္စရှိလို့ထွက် ရရင် ညဘက်အိမ်ပြန်နောက်မကျစေနဲ့ ဆိုတဲ့ စကားတွေဟာ အတာကိုယ်တိုင်ပဲ မှာထားတာတွေပါ။

တစ်လမ်းလုံး အတွေးနစ်မျောလာတဲ့ အတာဟာ ဦးမင်းကင်းတို့မြို့နယ်အတွင်းက ဆင်းရမယ့်မှတ်တိုင်ရောက်လျှင် ကမန်းကတန်း တိုးဆင်းလိုက်ရပါသည်။ နောက်ဘက်ကို ပြန် လျှောက်ရဦးမှာ။ မီးပွိုင့်တစ်ခုကို ဖြတ်ပြီးလျှင် ဟိုဘက်ဆိုနီးပြီ။ အဲဒီမီးပွိုင့်နားမှာ ကားလမ်းကူးဖို့ ဟိုဟိုဒီဒီ ကားအရှင်း ဝေ့ဝဲ ကြည့်လိုက်တဲ့ အတာသည် မီးပွိုင့်မှာ တန်းစီရပ်ထားတဲ့ မီးအနီ မိသောကားတန်းထဲက ကားတစ်စီးထဲမှာ တံခွန့်ကို လှမ်းမြင်လေ သည်။





"ဟင်"

ဒီလိုကားကောင်းကောင်း လှလှလေးထဲမှာ တံခွန် ဘယ်သူနဲ့ ပါလာပါလိမ့်လို့ ဘေးဆီကို ဆက်ကြည့်လိုက်မိတော့ မှ ...

"ဟင် ... ပွင့်သစ်စပဲ"

ပွင့်သစ်စက လက်ဟန်ခြေဟန်နှင့် စကားတတွတ် တွတ်ပြောရင်း စတီယာရင်ကို လက်တစ်ဖက်တည်းနှင့် ဆန့်တန်း ကိုင်ထားသည်။ ဟန်ပန်က အံပြည့်။ လှလည်းလှနေကာ အဆင့် ကလည်း မြင့်နေသည်။

"တံခွန်"

အတာက ချက်ချင်းပင် စိတ်ထဲမနှစ်မြို့ မချမ်းသာ ဖြစ်သွားကာ တံခွန့်နာမည်ကိုခေါ်လျက် ကားရှိရာဆီ အပြေးလှမ်း သွားပါသည်။ ပွင့်သစ်စဘက်သာ ပြုံးတုံ့တုံ့ကလေး ငဲ့ကြည့်နား ထောင်နေတဲ့ တံခွန့်ပုံစံလေးမှာ ချောမောပြီး ကြည့်ကောင်းလွန်း နေသည်။ ဖြူဝင်းရှင်းသန့်တဲ့ တံခွန့်ပုံစံလေးဟာ လမ်းမမှာ လျှောက်နေ၊ ဘတ်စ်ကားစီးနေတာထက် ကားကောင်းတစ်စီးထဲ ရောက်နေတော့ ပိုပြီးအရောင်ထွက် လင်းလက်တောက်ပလာသလို ပါပင်။

"တံခွန်"

အတာလည်း ကားနားအရောက် မီးပွိုင့်လည်းစိမ်း၊ ကားတွေလည်း လျှောခနဲအထွက်၊ တံခွန်တို့ကားကလည်း ကားတန်းထဲ ရောနှောမြောပါသွားပါသည်။

"တံခွန် ... တောက်၊ ငါ့တောင် မမြင်ဘူး"

အတာသည် ဝမ်းနည်းတုန်ခိုက်လာကာ လက်သီးလေးဆုပ်ပြီး ကားလမ်းကို စပ်မြန်မြန်ဖြတ်ကူးသည်။ ခြေလှမ်းကိုလည်း အပြေးတစ်ပိုင်း လျှောက်သည်။ သူတို့နှစ်ယောက် တစ်နေရာရာက ပြန်လာကြတာပဲနေမှာ။ ရှေ့မှာ သူတို့လမ်းပဲဆိုတော့ အိမ်အပြန်ဖြစ်လိမ့်မည်။ သူတို့ရောက်ပြီး မကြာခင်ရောက်နိုင်အောင် အတာသည် တကယ်မပြေးရုံတမယ်ပင်။ လျှောက်ရင်းက ဟောဟဲပင် ဆိုက်လာသည်။

သူတို့လမ်းထဲချိုးပြီးလည်း အတော်ကြီး လျှောက်ဝင်ရသေးတာဖြစ်ရာ အတာသည် ဇောနင့်ပါပေါင်း၍ ချွေးတွေကနစ်နေသည်။ ဇေထားတဲ့ ခြံတံခါးကို တွန်းဖွင့်ဝင်သွားလျှင် ခြံထဲမှာ ကိုအာလူး ရှိနေပါသည်။ ခုနတွေ့လိုက်တဲ့ ပွင့်သစ်စရဲ့ခဲရောင်ကားလေးကိုတော့ မတွေ့။ ပြန်သွားပြီ ထင်သည်။

"ဒီမှာ ... ဒီမှာ ... ကိုအာလူး"

"ဗျာ ... သြော် ... ဟိုအစ်မကြီး"

အတာ့မှာ ကိုယ့်ဟာနဲ့ကိုယ်မှ ဒေါသဖြစ်ရတဲ့ကြားထဲ မျက်နှာစူပုပ်ရကာ ...





"တံခွန့်ကို ခေါ်ပေးပါ"

"ကိုတံခွန် မရှိဘူး ခင်ဗျ"

"ရှင် ... ဟုတ်ရဲ့လား၊ ခုနပဲ ကျွန်မနားက ကားဖြတ်သွားတာ"

"တကယ်မရောက်သေးတာဗျ၊ ကျွန်တော်က ဘာဖြစ်လို့ ညာရမှာလဲ"

"သြော် ... ပွင့်သစ်စ ကားမောင်းပြီး ကျွန်မရှေ့ကဖြတ်သွားတာ"

"ဖြတ်တာကတော့ ဟုတ်မှာပေါ့ဗျာ၊ ဒါပေမဲ့ အိမ်ထဲမှ ဝင်မလာတာ"

"သူတို့က ရှေ့ကလေ"

"ရှေ့ကပေမယ့် ကြားမှာပဲ တစ်နေရာဝင်ချင် ဝင်သွားမှာပေါ့ အစ်မရာ"

"လမ်းမှာ ကျွန်မမှ မတွေ့ခဲ့တာ"

အတာသည် အသက်ရှူကျပ် မောဟိုက်လာသည်။ ပွင့်သစ်ကို ငဲ့ကြည့်ပြုံးတို့နေတဲ့ တံခွန့်ကို မြင်ယောင်ကာ ပြင်းထန်ဆူညံသော နှလုံးခုန်သံတွေနှင့် ရင်ထဲအောင့်လာလေသည်။

"ကျွန်မ ဖုန်းခဏသုံးလို့ ရမလား"

"သြော် ... ဟုတ်ကဲ့၊ ကျွန်တော် အပြင်ယူခဲ့မယ်၊ ဖုန်းကကောဒ်လက်စ်ပါ"

ကိုအာလူး ဖုန်းယူလာလျှင် အတာက ဆွဲယူပြီး ခလုတ်တွေ နှိပ်လိုက်ပါသည်။

"ဟယ်လို ... တံခွန်လား"

တစ်ဖက်ဟယ်လိုသံတောင် မစောင့်ဘဲ ဖုန်းဖွင့်နားထောင်လိုက်တာနှင့် ဦးအောင်မေးရင်း ...

"ခု ဘယ်မှာလဲ"

"မမတာ၊ ဒါ ... ဦးအိမ်ကဖုန်းနံပါတ်ကြီးပါလား"

"အေး ... ငါ့အိမ်ကဖုန်းနဲ့ ခေါ်တုန်းက နင် မကိုင်ဘူးလေ၊ ဒီအိမ်ကဖုန်းနဲ့ခေါ်မှ နင်ကိုင်တယ် မဟုတ်လား၊ နင် ဒါဘာအချိုးလဲ တံခွန်"

"ဗျာ ... ဟာ .. မမတာကလည်းဗျာ၊ ဘာတွေပြောနေတာလဲ"

"နင် အခု ဘယ်မှာလဲ"

"ကျွန်တော် အပြင်မှာပါ"

"အပြင် ဘယ်နေရာမှာလဲ"

"လမ်းထိပ်နားက စနက်ခ်ဆိုင်လေးမှာပါ"

"ငါ ဝင်လာတာ မတွေ့ခဲ့ပါဘူး"

"မမတာ ကားဂိတ်ဘက်က လျှောက်လာရင် လမ်းထိပ်ကို ကျော်ပြီးမှ ရောက်မှာလေ၊ အဲဒီတော့ ဘယ်တွေ့ပါ့မလဲ"

"နင်တို့ ဘာလုပ်နေတာလဲ"





"ဟိုလေ ... မုန့်ဆိုင်ပါဆို၊ မုန့်စားနေတာပေါ့ မမတာရဲ့"

မမတာဖုန်းမှန်း သိကတည်းက စားပွဲမှထ,ကာ ခပ်လှမ်းလှမ်းမှာ ခပ်အုပ်အုပ်သွားပြောနေတဲ့ တံခွန်သည် မမတာရဲ့ဒေါသသံကြောင့် ရှုံ့မဲ့မဲ့လေးနှင့် စိတ်ညစ်လာပါသည်။

"အေး ... ငါ အခုလာပြီ"

"မမတာ မလာနဲ့ ရတယ်၊ ကျွန်တော် လာမှာပေါ့၊ လာပြီ လာပြီ"

တံခွန်က ဖုန်းကို ကမန်းကတန်းပိတ်ကာ ပွင့်သစ်စရှိတဲ့ စားပွဲဆီ တလွှားလွှားလျှောက်လာရင်း ...

"မမ ... မမဘာသာ စားပြီးရင် ပြန်လိုက်တော့၊ ကျွန်တော် ကိုယ့်ဘာသာ လမ်းလျှောက်ပြန်သွားလိုက်တော့မယ်"

"ဘာအရေးကြီးကိစ္စပေါ်လို့လဲ၊ ဖုန်းဆက်တာ ကိုကိုလား"

"မဟုတ်ပါဘူး တခြားပါ"

"အင်း ... သွားနှင့်လေ၊ ကိုကို့ကို ပြန်မပြောနဲ့ဦးနော်"

"ဟုတ်ကဲ့ပါ"

တံခွန်က စကားပြတ်တာနှင့် အိမ်ရှိရာဆီ ဒုန်းစိုင်းသုတ်ခြေတင်လေသည်။ ဗိုက်ဆာလို့ဆိုပြီး ပွင့်သစ်စက ဒီဆိုင်ကို အရင်မောင်းချသွားတော့လည်း သူက ဘယ်လိုလုပ် ငြင်းမလဲ။ သူ့အတွက် အတင်းမှာခိုင်းလို့ မှာလိုက်ရတဲ့ အအေးတစ်ခွက်တောင် ခုတော့ မသောက်ဖြစ်ခဲ့ပေ။

လမ်းထဲ ပြေးသလောက်နီးနီး လျှောက်ဝင်လာတဲ့ တံခွန်သည် ရှေ့က ဒေါနှင့်မောနှင့် လာနေသော မမတာကိုလှမ်းမြင်သည်။ မမတာ မျက်နှာမှာ သိသိသာသာ နီမြန်းလျက်သား။ အနားရောက်လျှင် တရှူးရှူးနှင့် ဒေါသတွေပွနေရင်းက ...

"နင် ဘယ်သွားတာလဲ၊ ဘာလုပ်တာလဲ၊ ပြောစမ်း တံခွန်၊ နင်ပြော"

"မမတာကလည်း ဒီလောက် ဒေါသထွက်စရာ ဘာရှိလို့လဲဗျာ"

"နင် ပွင့်သစ်စရဲ့ ဒီလောက်ရင်းနှီးလား၊ ဟင် ...၊ ဒီနေ့ ဒီလိုသွားစရာရှိတယ်ဆိုတာလည်း မနေ့ကမှန်းဆက်တော့ မပြောဘူး"

"မပြောဖြစ်လိုက်လို့ပါ၊ သူနဲ့သွားတာ ဘာဖြစ်လို့တုန်း၊ ကိစ္စရှိလို့ သွားတာပါ မမတာရဲ့၊ အပျော်သွားတာမှ မဟုတ်တာ"

"နင်နဲ့ သူနဲ့မှာ အကြောင်းကိစ္စ ပတ်သက်စရာရော ဘာရှိလို့တုန်း၊ ဘာကိစ္စလဲ"

တံခွန်က စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကိုကုတ်ဖွရင်း ...

"ကျွန်တော့်ကို သူက ဒီအင်အေစစ်ပါဆိုလို့ စစ်မယ်ဆိုပြီး သွားတာ"





"ဘာ ... သူက စစ်ခိုင်းတိုင်း နင် လက်ခံစရာလား၊ သူက ဘာမိုလို့လဲ၊ သူက နင့်ကို ဦးမင်းကင်းသား မဖြစ်စေချင်နေတာ နင် မသိဘူးလား၊ ငါနဲ့တိုင်ပင်ပါဦးလား"

"ဒါ စစ်မှ သေချာရှင်းလင်းမှာလေ"

"အေးလေ ... ဘာပဲဖြစ်ဖြစ်ပေါ့၊ ငါ့ကိုမပြောဘဲ သူ့စကားနားထောင်ရအောင် သူက ဘာမို့လို့လဲ၊ နင်လိုက်လျောစရာလား၊ ကားပေါ်မှာ အကြည်ဆိုက်နေတာ ... ဟွန်း၊ ဟိုက ပြောတာကို ပြုံးပြီးနားထောင်နေတဲ့ရုပ်က"

အတာသည် စကားပြောရင်း စိတ်လှုပ်ရှားမှုအရှိန်နှင့် ရှိုက်သံပင်ပါလာကာ လူလည်း ကတုန်ကယင် ဖြစ်လာသည်။ တဆတ်ဆတ်တုန်မလို ခံပြင်းလာသည်။ နုနယ်ငယ်ရွယ် ချောမောလှပတဲ့ ရွယ်တူတန်းတူ ပွင့်သစ်စနှင့် တံခွန်ရင်းနှီးသွားတာ ပွင့်သစ်စစကားကို နားခံတာတွေဟာ အတာ့အသည်းကို ဓားနဲ့ခွဲဆားနဲ့ပက်နေသလိုပင်။

"မမတာ ... စိတ်လျှော့စမ်းပါဗျာ"

"မလျှော့ဘူး၊ လာ ... အိမ်ပြန်ပြီး နင့်အိတ်ပြင်တော့၊ နင့်ကို ငါ ပြန်ခေါ်သွားတော့မယ်၊ ကြာရင် နင် ပွင့်သစ်စ ကြော့ကွင်းမှာ မိသွားတော့မယ်"

"မိစရာလား မမကလည်း၊ အမိပွားယ်မရှိတာ၊ ကိုယ့်အဖေ တော်မယ့်သူရဲ့ အိမ်ထောင်ဖက်လောင်းမို့ ကျွန်တော်လည်း အလေးထား ဆက်ဆံရတာပေါ့"

"သူကလည်း အပိုင်အနိုင်၊ နင်ကလည်း စပ်ဖြီးဖြီးနဲ့၊ ကြာရင်"

"မမတာ ... အဖေ့ဧနီးလောင်းနော်၊ တော်ပါတော့ ဆက်မပြောပါနဲ့ဗျာ၊ မမတာက ပြန်ဆိုရင် အခုပြန်မယ်"

တံခွန်သည် စိတ်ပျက်လက်ပျက်နှင့် အိမ်ရှိရာဘက်သို့ တစ်ယောက်တည်း စိုက်စိုက်လျှောက်သွားလေရာ အတာသည် ကမန်းကတန်း မီအောင်ပြေးလိုက်ရင်း ...

"တံခွန် ... တံခွန်"

"တော်ပြီဗျာ၊ မမတာလွှတ်လို့ ကျွန်တော် ဒီကိုရောက်တာပါဗျ၊ ကိုယ့်ဟာကိုယ်ဆို မလာဘူး၊ အဖေမကလို့ အဘိုးဖြစ်ဖြစ် ဘာဖြစ်ဖြစ်၊ ပြန်ဆိုလည်း ပြန်ရုံပဲ၊ ကျွန်တော့်ကို အဲလို ဟိုစွပ်စွဲ ဒီစွပ်စွဲ ဟိုပေးစား ဒီပေးစား လုပ်တာ ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော်လည်း မမတာကလွဲလို့ ဘယ်မိန်းကလေးကိုမှ စိတ်တောင်မဝင်စားဘူး"

အတာ မျက်ရည်လည်လာကာ တံခွန့်လက်မောင်းကို အတင်းချိတ်လျှောက်ရင်း ...

"တံခွန် ... ပွင့်သစ်စက ငယ်ငယ်ချောချောလေးဆိုတော့ တံခွန်နဲ့ယှဉ်တွဲမြင်လိုက်တော့ မမတာ အသည်းတွေပူလောင်သွားလို့ပါကွယ်၊ တံခွန့်ကို စွပ်စွဲတာမဟုတ်ပါဘူး၊ တံခွန် စိတ်ဆိုးရင် တောင်းပန်ပါတယ်၊ တံခွန် ဒီမှာမနေချင်





တော့ရင်တော့ သဘောပါ၊ ဒါပေမဲ့ အခုကိစ္စကြောင့် မမတာကြောင့်တော့ အိမ်ကိုပြန်တာ မဖြစ်ပါစေနဲ့"

တံခွန်က ခြေလှမ်းတွေကို ခြဝမှာရပ်လိုက်ကာ မမတာကို ငုံ့ကြည့်လိုက်ပါသည်။ မမတာလေသံကို နားထောင်လိုက်လျှင် မမတာ ဘယ်လောက်ဝမ်းနည်း ပူလောင်သွားတယ်ဆိုတာ တံခွန် ရိပ်စားမိပါသည်။ ခပ်ကြမ်းကြမ်းသာ နေတတ်တဲ့ မမတာ ဝမ်းနည်းအားငယ်သွားတာလေးကိုက တစ်မျိုးသနားစရာကောင်းနေတာပါ။

တံခွန်က မမတာ့လက်ထဲက ဆီးပန်းသီး ကြွပ်ကြွပ်အိတ်လေးကို လှမ်းယူကာ မမတာလက်ကိုဆွဲပြီး ခြံထဲဝင်လာခဲ့ပါသည်။

♦ ♣ ♦

## ၁၃

မင်းကင်းက နာရီတစ်ချက်ကြည့်ကာ ကွန်ပျူတာမှ မျက်လုံးခွာပြီး ခါးအညောင်းဆန့်လိုက်ချိန်မှာ ဒေါက်ဒေါက်ဟု တံခါးခေါက်သံ ပေါ်လာကာ ခဏအကြာ တံခါးပွင့်ဟလာပြီး ...

"ဆရာ ... ညှော်သည်တစ်ယောက် လာပါတယ်၊ အပွိုင့်မဲန့်မရှိပါဘူး၊ ဆရာတွေ့မလား မေးပေးပါ ဆိုလို့ပါ"

"ဘယ်သူလဲ ဒေါ်ဖြူ"

"အတာတဲ့"

မင်းကင်းက မျက်ခုံးလေးတွန့်ရင်း ...

"ဪ ... လွှတ်လိုက်ပါ"

"ဟုတ်ကဲ့"

ခဏအကြာမှာ အတာ ဝင်လာပါသည်။





"အတာ ထိုင်၊ အရေးကြီးတာ ရှိတယ်ထင်တယ်"

"တောင်းပန်ပါတယ် ဦးမင်းကင်း၊ အသိပေးစရာလေးရှိလို့ ရုံးကိုခွင့်ပြုချက်မရသေးဘဲ လာလိုက်တာပါ"

"ဘာကိစ္စများလဲ ... ပြောလေ"

"အတာ လိုရင်းပဲ ပြောပါမယ်"

"ပြောပါ ... ပြောပါ"

"ပွင့်သစ်စက တံခွန့်ကို ဒီအဲန်အေစစ်ဖို့ ခေါ်သွားပါတယ်"

"ဘာ"

မင်းကင်းက မှီထိုင်နေရာမှ မတ်ခနဲ ကြွတက်လာရကာ ...

"ဘာပြောတာလဲ အတာ၊ ပြန်ပြောစမ်းပါဦး၊ ကိုယ့်လည်း မသိရပါလား"

"ဟုတ်ကဲ့၊ ဦးမင်းကင်းကို ပြန်မပြောဖို့ ပွင့်သစ်စက တံခွန့်ကို ပိတ်ထားပါတယ်"

"စစ်ခဲ့လား၊ ဒီအဲန်အေက ဒီမှာစစ်လို့ ရလို့လား"

"မစစ်ခဲ့ရပါဘူး၊ သူတို့ ရွှေဂုံတိုင်က 'SML'ဓာတ်ခွဲခန်းကြီးကို သွားတာပါ၊ အဲဒီက မျိုးဗီဇ ဒီအဲန်အေကို သူတို့လည်း မစစ်နိုင်ဘူး၊ သူတို့ကတစ်ဆင့် စင်ကာပူကိုပို့စစ်တာမျိုးလည်း ဝန်ဆောင်မှု မလုပ်ပေးပါဘူးလို့ ပြောပါတယ် ဦးမင်းကင်း၊ ဒါပေမဲ့ ပွင့်သစ်စက သူ့အသိ ဆရာဝန်တစ်

ယောက်ဆီ သွားစုံစမ်းတော့ မြို့ထဲက IHBC မှာရှိတဲ့ MMDC မှာ စစ်လို့ရတယ်တဲ့၊ သူတို့ကတစ်ဆင့် စင်ကာပူကို ပို့စစ်ပေးတာတဲ့"

အတာက ဦးမင်းကင်းကို စူးစူးကြည့်ရင်း ...

"ဒါတွေကို ဦးမင်းကင်းရဲ့ သဘောတူညီချက်မပါဘဲ ပွင့်သစ်စက မဆီမဆိုင် ဝင်လုပ်ပိုင်ခွင့် ရှိလို့လား၊ တံခွန်ကလည်း သူ့ကို အယောင်ဆောင်ပြီးလာသလို သူများက သံသယဝင်မှာ သိပ်စိုးရိမ်တာဆိုတော့ လိုက်သွားတယ်လေ၊ ခုတော့ မစစ်ခဲ့ရပေမယ့် ဒါကို ဦးမင်းကင်း ဆက်လုပ်စေမှာလား၊ မလုပ်စေဘူးလားလို့ပါ ...

ပြီးတော့ ... ဒါဟာ တံခွန်တစ်ယောက်တည်းကို စစ်ဆေးလို့ရတဲ့ကိစ္စမှ မဟုတ်တာ၊ ဦးမင်းကင်းပါ စစ်ရမှာ မဟုတ်လား၊ ဒါမှ တိုက်ကြည့်လို့ဖြစ်မှာပေါ့၊ ဦးမင်းကင်းကျတော့ မစစ်ဘဲ တံခွန်တစ်ယောက်တည်းက စစ်ဖို့ဆိုတာတော့ အဓိပ္ပာယ်မရှိဘူးလေ ဦးမင်းကင်း"

မင်းကင်းက နဖူးကို လက်ဝါးနှင့်ပွတ်၍ ချွေးစို့စို့ကို သုတ်မိကာ သက်ပြင်းလည်း တစ်ချက်ချလိုက်ပါသည်။

"အတာ ... ပွင့်သစ်စ အပေါ် ညည်းနားလည်ပေးလိုက်ပါ၊ သူ့ခမျာ လက်ထပ်ခါနီး ခင်ပွန်းလောင်းမှာ ရုတ်တရက် သားကြီး မယားကြီး ပေါ်လာတယ်ဆိုတာ ဘယ်လောက်





သွေးပျက်ဖို့ကောင်းတဲ့ကိစ္စလဲ၊ ဟုတ်တယ်မဟုတ်လား၊ ဒီအခြေအနေအဖြစ်အပျက်ကြီးကို တကယ်မမှန်စေချင်တာ သဘာဝကျပါတယ်၊ သူ စိတ်ဓာတ်ညံ့တာလည်း မဟုတ်ရှာပါဘူး၊ နားလည်ပေးဖို့ ငါက တောင်းဆိုပါတယ်"

"ဒါပေမဲ့ သူနဲ့ဘာဆိုင်လို့ စီစဉ်ညွှန်ကြားပြီး တံခွန့်ကို ဟိုခေါ်ဒီခေါ် ..."

"အေးပါ ... ဆက်မလုပ်စေရတော့ပါဘူး၊ တံခွန်လည်း ဒီအဲန်အေ မစစ်ရပါဘူး"

"ဟင်"

ဒါဟာ ဝန်ခံတာဝန်ယူသော စကားလားလို့ အတာက အံ့သြသွားပါသည်။

"ငါလည်း မစစ်ဘူး၊ တံခွန်လည်း စစ်ဖို့မလိုဘူး၊ ဒါဆိုရင် နင် ကျေနပ်တော့"

"ဒါ ... ဒါ ... ဦးမင်းကင်းက ..."

"ဒီအဲန်အေစစ်တယ်ဆိုတာက ပြဿနာအကြီးအကျယ် အထွတ်အထိပ်ရောက်ကြပြီး တရားရုံးတွေ ဘာတွေ ရင်ဆိုင်ကြရပြီဆိုတဲ့ ကိစ္စမျိုးကျမှ လိုအပ်ကောင်း လိုအပ်လိမ့်မယ် ထင်တယ်လေ၊ ခုကိစ္စမှာ ခုထိ ငါကလည်း ဘာမှ ငြင်းစကား မပြောဘူး၊ ငါ့သွေးသားပါလို့ အကြမ်းဖျဉ်း လက်ခံထားပြီပဲ ...

နောက် ငါက ငြင်းဦးတော့ တံခွန်ဆိုတဲ့ ကောင်လေးက မဖြစ်မနေ တရားရုံးတက်ပြီး ငါ့ကို အဖေဖော် စွဲဖို့အထိ လုပ်မယ့်ကလေး မဟုတ်ပါဘူး အတာ၊ န တံခွန့်အကြောင်း ပိုတောင်သိမှာပေါ့၊ သူ့ကို ငါတစ်ခွ ငြင်းလိုက်ရင် တံခွန်ဟာ ဝမ်းနည်းစိတ်မကောင်းတဲ့စိ မျိုးနဲ့ပဲ အသာတကြည် အေးအေးအေးဆေးဆေး နော ဆုတ်သွားမယ့် ကောင်လေးပါ ...

ငါကလည်း ခုချိန်ထိ သူ့ကိုငြင်းမထုတ်ဘူး၊ သူ လည်း ငြင်းတောင်မှ ရုံးရောက် ဘာရောက်အထိ တ တိုက်မယ့်ကလေး မဟုတ်ဘူး ဆိုမှတော့ ဘာအတွ စစ်ဖို့လိုသေးလဲ အတာ၊ စစ်စရာ အကြောင်းမရှိဘ တံခွန့်ကိုလည်း ညည်းပြောပေါ့၊ စစ်ဖို့ခေါ်ရင် လိုက် မလိုဘူးလို့၊ ငါလည်း မစစ်ပါဘူး အတာရယ်၊ ကျွတ် _ အဓိပ္ပာယ်မရှိတာပဲ"

"ဒေါက် ... ဒေါက်"

မင်းကင်းရဲ့စကားပြောလက်စတွင် တံခါးခေါက် နှင့်အတူ ဖျတ်ခနဲ တံခါးပွင့်ကာ ဝင်လာသူမှာ ပွင့်သစ်စ။ အ က ဝန်ထမ်းတစ်ယောက်ယောက်က လာခေါက်လျှင် အချိန် စောင့်ပြီးမှ ဝင်လာတတ်သော်လည်း ပွင့်သစ်စကတော့ ဒေါက် ခေါက်တာနှင့် ဒက်ခနဲဝင်ပြီပင်။





ဝင်ဝင်ချင်းပင် ပွင့်သစ်စက အတာ့ကိုမြင်ကာ ခြေ လှမ်းတုံ့ပြီး မျက်နှာထားကလည်း ပြောင်းလဲသွားရပါသည်။ မင်းကင်းကို လှမ်းကြည့်လိုက်ကာ ...

"ကိုကို ဧည့်သည်ချိန်းထားတာလား"

"မချိန်းပါဘူး၊ အတာက ဒီလိုပဲ ရောက်လာတာပါ၊ ထိုင် လေ မီးလေး"

ပွင့်သစ်စက ခါတိုင်းတော့ မင်းကင်းရဲ့ရှေ့ဘက် မှာပဲ ထိုင်တတ်ပေမယ့် ဒီတစ်ခါတော့ အတာနှင့်ယှဉ်ကာ မထိုင် လိုတာအပြင် အတာ့ကိုလည်း အကဲခတ်ချင်တာကြောင့် စားပွဲ ရှေ့ကကုလားထိုင်ပုကို မင်းကင်းဘက်ခြမ်းသို့ ဆွဲယူကာ မင်းကင်း ဘေး၌ အတာနှင့် မျက်နှာချင်းဆိုင် နေရာယူလိုက်ပါသည်။

"အရေးကြီးကိစ္စရှိလား၊ စကားပြောလို့ မပြီးသေးရင် မီးလေး ရှောင်ပေးဖို့ လိုလား"

"မလိုပါဘူး၊ ပြီးနေပါပြီ"

ပြီးနေပါပြီတဲ့။ ဒီတော့ အတာက ထပြန်ရမလိုပင်။ အတာသည် ဇနီးလောင်းငယ်ငယ်လေးကို မျက်နှာသာပေး မျက်နှာ သွေးလှတဲ့ ဒီဦးမင်းကင်းဟာ သူ့ယောက္ခမလောင်းလို့လည်း ပြောနိုင်တာမို့ ရှေ့ရေးအတွက် အတော်ရင်လေး စိတ်ရှုပ်ရပါ သည်။

အတာသည် တမင်ပင် ပွင့်သစ်စကို အမြင်ကတ် တတ်ရှိသည်နှင့် ...

"အခု တို့က တံခွန့်ကို ပွင့်သစ်စခေါ်သွားပြီး ဒီအဲန်အေစစ်ဖို့ ကြိုးစားတဲ့ကိစ္စကို မကျေနပ်လို့ လာပြောတာပါ"

ပွင့်သစ်စ မျက်နှာက နီရဲကာ ကွက်ခနဲပျက်သွားပါသည်။ ဖုံးထားပါတယ်ဆိုမှ။ စွက်စွက်ဖက်ဖက် ဝင်စီစဉ်ခြယ်လှယ်လွန်းတယ်လို့ ကိုကို အမျက်ထွက်သွားမှာ စိုးလို့ပါ။ ကိုကိုက မီးလေးကို အမြဲဦးစားပေး အလျှော့ပေး အလိုလိုက်တယ်ဆိုပေမယ့် ခုလို သူ့သွေးသားနဲ့ ပတ်သက်တဲ့ကိစ္စကျတော့ စိတ်ခုမှာစိုးသည်။

"အခု ဦးမင်းကင်းကို ပြောပြီးပါပြီ၊ နောက်ရက်တွေ တံခွန့်ကို အဲဒါစစ်ဖို့ဆိုပြီး ခေါ်မသွားပါနဲ့"

"မအတာက တံခွန့်ကိစ္စကို အရမ်းခြယ်လှယ်နေပါလား၊ ကျွန်မက တံခွန် သဘောတူလို့ ခေါ်သွားတာပါ၊ သူ့ကို ကျွန်မက ဖွတ်အတင်းဆွဲခေါ်လို့ ရပါ့မလား"

"ဟုတ်ပါတယ်၊ တံခွန်ကငြင်းရင် အစစ်မခံရဲဘူး ထင်မှာ စိုးတော့ ဘယ်ငြင်းပါ့မလဲ၊ စစ်မယ်လို့ပဲ သဘောတူမှာပေါ့"

"ဒါပေမဲ့ ဒါက စစ်ကိုစစ်မှပြီးမယ့် ကိစ္စလေ"

"စစ်စရာ မလိုပါဘူး၊ စစ်မယ်ဆိုရင်လည်း တံခွန်ရောဦးမင်းကင်းရော စစ်ရမှာ၊ ဦးမင်းကင်းကလည်း လုံးဝစစ်မှာ မဟုတ်ဘူး"





"ဟင် ... ကိုကို"

ပွင့်သစ်စက မင်းကင်းကို မျက်လုံးဝိုင်းလေးနှင့်ကြည့်လိုက်သည်။

"မီးလေး"

ဒီနေ့ ဦးမင်းကင်းထံ လာတာကိုက စစ်ဖို့တိုက်တွန်းရန် လာတာဖြစ်၍ ကိုယ်မတိုက်တွန်းရခင်ပင် မစစ်ဘူးဖြစ်နေတဲ့ အခြေအနေကို ပွင့်သစ်က ဒေါ်ပွရပါသည်။

"ရှင် ဘာဖြစ်လို့ ကိုကိုက စစ်မှာမဟုတ်ဘူးလို့ ရှေ့ပြေးလမ်းကြောင်းရတာလဲ၊ ရှင်နဲ့ ဘာဆိုင်လို့လဲ"

"ဩော် ... ခက်ပါဘိ၊ ကျွန်က ရှေ့ပြေးလမ်းကြောင်းလို့ အဲဒီလမ်းကို ဦးမင်းကင်းက နင်းလျှောက်မယ့်သူလား၊ ကျွန်မစကားကို သူက နားထောင်ပါ့မလား၊ စဉ်းစဉ်းစားစား ပြောပါဦး ပွင့်သစ်စရယ်"

"ကိုကို ... မစစ်ဘူးဆိုတာ တကယ်လား"

"မီးလေး .... ဟုတ်တယ်၊ ကိုကို မစစ်ဘူး"

"ဘာ ... ဘာဖြစ်လို့ မစစ်ရမှာလဲ၊ စစ်မှ သေချာသိမယ့် ကိစ္စကို၊ မီးလေး အခုလာတာ အဲဒီကိစ္စပြောဖို့ပဲ၊ ကိုကို့ ကိုပါစစ်ဖို့ လာပြောတာ"

"မီးလေး ... ဒီကိစ္စမှာ လူမှုရေးပိုင်းဆိုင်ရာ ငွေကြွက်စရာတွေ အများကြီးရှိပါတယ်ကွာ၊ စွတ်တရွတ် မလုပ်ပါနဲ့၊ ကဲ ... ရှင်းရှင်းပြောရရင် ကိုယ်တို့နှစ်ယောက် ဒီအဲန်အေ တိုက်စစ်ကြတာဟာ နွယ်နွယ့်ကို စော်ကားရာ သိက္ခာချရာလည်း ရောက်နေတယ်"

ပွင့်သစ်စက အတော့်ကို ဒိုင်းခနဲကြည့်ရင်း ...

"ဒါ ရှင့်အာဘော်ပေါ့လေ"

"ဘုရားရေ ... အသလွတ်ကြီး စွာလုရျည်လား၊ ဘာဆိုင်လို့ ကျွန်မအာဘော် ဖြစ်ရမှာလဲ၊ စွပ်စွပ်စွဲစွဲ"

"မီးလေး ... ပြောတာ သေချာနားထောင်ပါ၊ ပတ်လည်လှည့် ရမ်းမနေပါနဲ့၊ ခုလို စစ်ခြင်းဟာ ဒီမိန်းမဟာ ဒီယောကျ်ား တစ်ယောက်နဲ့ပဲ ပတ်သက်ဖူးတာ ဟုတ်ရဲ့လားဆိုတာ သံသယဝင်တဲ့သဘောပဲ မီးလေး၊ နွယ်နွယ်က ဒီလိုမိန်းမ စားမျိုးထဲမှာ မပါဘူး"

ပွင့်သစ်စရဲ့မျက်ဝန်းများသည် ပုလောင်ဆူဝေသော ခံစားချက်နှင့် ဝင်းဝင်းတောက်တောက် စူးရဲကာ မျက်ရည်တွေလည်း ချက်ချင်းရစ်လည်လာပါသည်။

"ဟော ... ကိုကိုက ငယ်ချစ်ဟောင်းကို နည်းနည်းလေးမှ အထိမခံတာကိုး"





"အာ ... ဘာငယ်ချစ်ဟောင်းလဲကွာ၊ မဟုတ်တာတွေ မပြောနဲ့ မီးလေးရာ"

ပွင့်သစ်စသည် သူ့ချစ်သူဖြစ်တဲ့ ဦးမင်းကင်းကိုလည်းပစ်ပစ်ခါခါ မပြောရက်လေရကား ဒေါသတွေက ရှေ့က အတာထံကိုသာ ပုံ၍ကျလေသည်။

"ဒီမှာ မအတာ၊ ရှင်က ပြဿနာကို သယ်ဆောင်လာတာပဲ"

"ဟင် ... ဘာဆိုင်လို့လဲ ကျွန်မနဲ့"

"ကျွန်မဘာသာ ကိုကို့ကို အေးအေးဆေးဆေး နားချရင် ဒီကိစ္စက ရှောရှောရှူရှူ ပြီးသွားနိုင်တာ၊ ရှင်က ရှင်နဲ့လည်း မဆိုင်တဲ့ကိစ္စတစ်ခုကို ကိုကို့ကို ဦးအောင်လာပြောတာက တော့ စည်းကျော်တဲ့သဘောပဲ"

"ပွင့်သစ်စ ..., ငါ့ညီမကလည်း ဦးမင်းကင်းနဲ့ ယူမှာမို့ သက်ဆိုင်တယ်ဆိုရင် ကျွန်မကလည်း တံခွန်နဲ့ယူမယ့်သူမို့ သက်ဆိုင်တယ်ရှင့်"

"သက်ဆိုင်ပါစေဦး၊ တံခွန်က သူ ဒီကိစ္စကိုမကျေနပ်ရင် မကျေနပ်ကြောင်း ကိုယ်တိုင်တောင် မပြောရဲဘူးလား၊ ဒါမှမဟုတ် တံခွန်က ကျေနပ်ပြီးသားကို ရှင်က ကန့်ကွက်တာလား"

"တံခွန်ကို ဦးမင်းကင်းကို မပြောပါနဲ့လို့ ပိတ်တာ ဘယ်သူလဲ"

ပင့်သစ်စက မျက်နှာကွက်ခနဲပျက်ကာ ဦးမင်းကင်းကို မသိမသာငဲ့၍ အကဲခတ်ရသည်။ ဦးမင်းကင်းက အကြီးအကျယ် စိတ်ရှုပ်နေဟန်ကလွဲ၍ သူ့အပေါ် ဒေါသဖြစ်ဟန်တော့ မရှိပါ။

"အဲဒါကြောင့် ကိုကို့ကို လာပြောတယ်ပေါ့၊ တမင် ရှင် အတို့အထောင်လုပ်တာပေါ့"

"ဘာမှ တို့စရာ ထောင်စရာ မလိုပါဘူး ပွင့်သစ်စရယ်၊ မင်း တံခွန်ကို မလိုလားဘူးဆိုတာ အားလုံးသိကြပါတယ်၊ ဘယ်လိုလားပါ့မလဲ၊ သားတစ်ယောက် ပေါ်လာရင် ဘယ်နှယ် ဘယ့်ညာဆိုတာ ရှင်တွက်ချက်မိမှာပေါ့၊ အဲဒါကြောင့် ကဖျက်ယဖျက်ချည်းပဲ လုပ်ချင်နေတာ အားလုံးနားလည်ကြတယ်"

"ရှင်မဆိုင်တာတွေ မပြောပါနဲ့၊ လာပြောချင်လည်း ကျွန်မကို ပြောလို့ရတယ်လေ၊ တံခွန့်ကို မစစ်ပါနဲ့ မစစ်စေချင်ဘူးဆိုတာမျိုး၊ အစစ်မခံဝံ့ဘူးပဲဖြစ်ဖြစ်ပေါ့"

"အစစ်မခံဝံ့စရာ ဘာအကြောင်းရှိလို့လဲ၊ စစ်ဖို့တောင် လိုက်သွားပြီးမှပဲဟာ၊ စစ်မရလို့သာ ပြန်ခဲ့တာ၊ စစ်လို့ရရင် အဲဒီနေ့က တံခွန်စစ်ခဲ့ပြီးပြီ၊ ဦးမင်းကင်းကသာ ယတိပြတ် မစစ်ဘူး မပြောရင် အခု တံခွန်လည်း စစ်ရမှာပဲ"





"အဲဒီစစ်တာ မစစ်တာတွေကို ကိုကိုနဲ့ပဲ ကျွန်မဆွေးနွေးမယ်၊ ရှင်နဲ့ မပြောတော့ဘူး မအတာ၊ ရှင့်ကိုတော့ တစ်ခုတည်းပဲ ပြောချင်တာပါ၊ နောက်ကို ကျွန်မချစ်သူ ကိုကို့ဆီကို ကျွန်မ မသိအောင် လာမတွေ့ပါနဲ့၊ ကိုကို့ရုံးခန်းကို မအတာ လာမယ်ဆိုရင် ကျွန်မသိချင်ပါတယ်"

"ဟင်"

"မီးလေး"

အတာ့ပါးစပ် အဟောင်းသား ဟသွားသလို မင်းကင်းကလည်း စိတ်ပျက်လက်ပျက် အော်ညည်းလိုက်ပါသည်။ အတာ့မျက်နှာက သွေးရောင်လျှမ်းတက်နီရဲလာသလို မင်းကင်းမျက်နှာကတော့ မည်းမှောင်ရှုံ့မဲ့ကာ ...

"မီးလေး ... ဘာတွေပြောနေတာလဲကွာ၊ ကဲ ... တော်တော့၊ တော်တော့၊ နှစ်ယောက်လုံးတော်တော့၊ အတာလည်း တော်လိုက်တော့"

"အတာလည်း တော်ရအောင် အတာက သူ့ကို ဘာများ မှိုချိုးမှျစ်ချိုး ပြောရသေးလို့လဲ ဦးမင်းကင်းရဲ့၊ တစ်ဖက်သတ်ကြီး သူကပဲ ပုတ်ခတ်ပြောဆိုလိုက်တာလေ ..."

ဒီမှာ ပွင့်သစ်စရဲ့၊ မင်းနဲ့ ဦးမင်းကင်း မတွေ့ခင် နှစ်ပေါင်းများစွာ ဟိုးငယ်ငယ်ကလေးတည်းက တို့နဲ့

ဦးမင်းကင်းက သိခဲ့ကြတာပါ၊ တို့အစ်ကို ကိုပါနဲ့ သူငယ်ချင်းတွေမို့လို့ အိမ်ကို ခဏခဏ ပါလာဖူးတာပါ၊ ပြောရရင် ကိုယ့်အစ်ကို သူငယ်ချင်း အစ်ကိုကြီးတွေဆီက မုန့်တောင်းစားလိုက်၊ စကားဝိုင်းထဲ ဝင်ဆော့လိုက် သူတို့က တို့ကို ချီပိုးလိုက်နေခဲ့တာပါ"

"အဲဒါ ဘာဖြစ်လဲ၊ အဲဒါက ကလေးဘဝ၊ အခုကလူကြီးဘဝ၊ ကျွန်မက ကိုကို့ကို အဲဒီဟိုးတုန်းက ငယ်သူငယ်ချင်း အသိုင်းအဝိုင်းတွေနဲ့ ပြန်ပတ်သက်မှာ ကြိုက်တာမဟုတ်ဘူး၊ ငယ်ငယ်က သူ့ငယ်ကျွမ်းဆွေတွေပါ ကြားညှပ်ပါလာမှာစိုးလို့ ဟိုးအတိတ်ထဲကလူတွေနဲ့ ပတ်သက်တာ မကြိုက်ဘူး ..."

ခုဟာက မရှောင်နိုင်တဲ့ ပတ်သက်မှုမျိုးနဲ့ ဝင်လာလို့သာ မတားသာလို့ ကြည့်နေတာ၊ ကိစ္စမှန်သမျှ ကျွန်မသိချင်တယ်၊ ကျွန်မ မပါဘဲ ခုလိုဆုံတွေ့တာမျိုးကို လုံးဝမလိုလားဘူး"

"ကဲ ... တော်ကြပါ ဆိုနေကွာ၊ တယ်ခက်ပါလား"

"တို့လို သိဟောင်း ကျွမ်းဟောင်း ငယ်တုန်းက ခင်မင်ပတ်သက်ဖူးတဲ့သူက မင်းမပါဘဲ လာတွေ့မိတာကို မကြိုက်ဘူးဆိုရင် မင်းလည်း ကိုယ်ချင်းစာတတ်ပါစေ၊ မင်းနဲ့





တံခွန်က အသက်ချင်း မတိမ်းမယိမ်း၊ မင်းက နှစ်နှစ်သုံးနှစ်ပဲကြီးမှာပါ၊ တံခွန့်ကို မနေ့ကလို နှစ်ယောက်တည်းခေါ်ထုတ်သွားတာမျိုးကိုလည်း တို့က လုံးဝမကြိုက်ဘူး"

"ဘာ"

"ဟုတ်တယ် ... အဲဒါပဲ၊ ပြောချင်နေတာ၊ မျက်နှာထောက်ပြီး အောင့်ထားတာ၊ ခုလို မင်းကတောင် မထောက်မထားပြောသေးတာပဲဆိုရင် တို့ကလည်း ဘာမှထောက်ထားစရာအကြောင်းမရှိဘူး၊ ကားရှေ့ခန်းမှာ နှစ်ယောက်ယှဉ်ထိုင်ပြီး စကားလက်ဆုံတွေ ကျသွားတာကို မြင်ရတာ တို့အတွက် လုံးဝအဆင်မပြေဘူး၊ သဘောပေါက်ပါလိမ့်မယ်နော်၊ သူများကို ပြောတတ်ရင် ကိုယ်လည်း ဆင်ခြင်တတ်ပါစေ"

မင်းကင်းက သက်ပြင်းကြီး မှုတ်ထုတ်ပြီး လက်နှစ်ဖက်သာမြှောက်မိတော့သည်။ သွားပြီ။ Mood ဝင်ကုန်ပြီ။ မိန်းမတွေများ Mood ဝင်သွားပြီဆိုရင် တားလို့ဆွဲလို့ကိုမရတော့ပါလား။ ပွလောင်ထန်ပြင်းကုန်လိုက်ကြတာ။ ကြောက်စရာကောင်းတဲ့ရုပ်ကြီးတွေကိုဖြစ်လို့။

သူတို့အဖြစ်ကလည်း တစ်ယောက်က လူကြီးနဲ့ကြိုက်ထားတော့ ကိုယ့်ရည်းစားကို လူကြီးမနဲ့ သဝန်တို။ နောက်

တစ်ယောက်က လူငယ်လေးနဲ့ ကြိုက်ထားတော့ သူ့ရည်းစားလေးကို လူငယ်မလေးနဲ့ သဝန်တို။ အလွဲတွေဖြစ်နေလိုက်တာ။

"ရှင် စဉ်းစားပြီးတော့လည်းပြော မအတာ။ ရှင်ကသာ ရှင်နဲ့မတိမ်းမယိမ်း ကိုကို့ကို စိတ်ကူးယဉ် အရောဝင်စရာ အကြောင်းရှိတာလေ၊ ကျွန်မက ကိုကို့လို လူကြီးလူကောင်း Gentleman နဲ့ ချစ်သူဖြစ်နေတာ၊ အဲဒီတံခွန်ကို စိတ်ကူးထဲ ထည့်ကြူစရာလား"

"မပြောနိုင်ဘူးလေ၊ ဘယ်အရာမှ တရားသေတွက်လို့မရတာ၊ မင်းရည်းစားက အဘိုးကြီးအိုဆိုတော့ တံခွန့်လို နုသစ်လတ်ဆတ်နေတဲ့ လူရွယ်ကလေးကို တစ်ရက်တလေ စိတ်ကူးယဉ်တွဲမစုတ်ဘူးလို့ ပြောလို့ရမလား"

"ဟင် ... ရှင် ... ရှင် ...၊ ကိုကို ..."

"ကဲ ... ကဲ ... ကဲ ... တော် ... တော် ... ဘယ့်နယ်ဗျာ ကျုပ်ကကြားက အဘိုးကြီးအို ဖြစ်ရသေးတယ်၊ တော်လိုက်ကြတော့ တစ်ခွန်းပဲ ပြောမယ်နော်၊ ပြဿနာဆက်ရှည်နေတဲ့သူ အလွန်ပဲ"

အတာနှင့် ပွင့်သစ်စ နှစ်ဦးသား မကျေမချမ်း နှုတ်ခမ်းကိုယ်စီ တင်းတင်းစေ့ကြသည်။ မျက်နှာထားတွေကတော့ ကျေအေးတယ်မဟုတ်။





"နောင်ဆိုရင် ဘာပဲဖြစ်ဖြစ် မဖြစ်မနေ ဆွေမျိုးစာရင်းဝင်ကြမယ့် သူတွေမို့လို့ ကျေးဇူးပြုပြီး ယဉ်ကျေးဖော်ရွေပေးကြစမ်းပါ"

ဤစကားက ဝန်ခံစကားလုံးလုံးမို့ ပွင့်သစ်စဦးခေါင်းက ငုံ့လျှိုးသွားပြီး မျက်ရည်ပေါက်လေးများ ပါးပြင်ပေါ်စီးသွယ်ကျလာပါသည်။

"မကြာတော့ဘူး၊ အားလုံး ပြောပြမယ်၊ မျက်နှာစုံညီပြောကြမယ်"

♦ ♣ ♦

## ၁၄

"ဘာ"

တဲခွန်က လန့်သွားရကာ ဖုန်းကိုပင် နားမှခွာလိုက်ရပါသည်။ ဦးမင်းကင်းက အမေ့ဆီလည်း ဖုန်းဆက်ဆက်သွယ်နိုင်းပြီး ဖြစ်နိုင်လျှင် တစ်ခေါက်လောက် ပြန်လာပေးပါလို့ တောင်းဆိုနိုင်းတဲ့အတွက် အမေ့ဆီ ဖုန်းလှမ်းဆက်ရတာပါ။

ဖုန်းစပြောသည်နှင့် အမေက တရစပ်ဟောက်နေတာ။

"နင် ငါ့ကိုပြောတော့ တစ်မျိုး ... ဟင်၊ အပျိုကြီးတွေဝရီး အိမ်မို့ အိပ်ချင်ရင်တောင် ဟိုကကန်ချမှာဆို ... ဟင်၊ ခုတော့ ဘယ်လိုလဲ၊ နင့်ကိုကန်မချဘဲ အဒေါ်အပျိုကြီးကန်ချပြီး နင်တို့က ပေါင်းသင်းနေထိုင်နေတာလား ပြောစမ်း၊ ငါ တစ်နေ့က ဖုန်းလှမ်းဆက်ရင်း မမြင့်ကို အတင်းအစ်အောက်မေးတော့မှ မင်းက အိမ်မှာလုံးဝကိုပြန်မအိပ်





တာဆို ... ဟင်၊ နေ့လည်းမပြန် ညလည်းမပြန်ဆို၊ အမေ့ကိုမပြောပါနဲ့လို့လည်း ပိတ်ထားသေးတယ်ဆို၊ ဒါဘာအချိုးလဲ၊ ခုချက်ချင်း ပြောစမ်း"

"အမေ ဘာတွေ ကိုယ်လိုရာ ဆွဲပြောနေတာလဲဗျာ"

"ဟဲ့ ... ဒါ ငါ့လိုရာ မဟုတ်ဘူး၊ မလိုရာ ... မလိုရာ၊ ငါမဖြစ်ချင်တဲ့ဟာ"

"ဒါဆိုလည်း မလိုရာဆွဲပြောမနေပါနဲ့ဗျာ၊ တော်ပါတော့၊ တစ်ခုမှ မဟုတ်ဘူး"

"ဒါဖြင့် မင်း နေ့စဉ် ညစဉ် ဘယ်မှာနေနေလဲ ပြော၊ ပီပီရိရိပြော"

"ကျွန်တော် ဦးမင်းကင်းအိမ်မှာ သွားနေနေတာ အမေ"

"ဘာ"

အမေ့ အဲဒီဘာကြီးက ကြောက်စရာ လန့်စရာ။ ...း လုံကြီးမားတဲ့အထုပ်ကြီးကို မြေပြင်ပေါ် အမြင့်က ပစ်ချလိုက်... အုန်းခနဲအသံမျိုးနှင့် တူသည်။

"မင်း ... ဘာ ... ဘယ်လို ..."

"အမေ ... ကျွန်တော် ဦးမင်းကင်းနဲ့ အဆက်အသွယ်ရနေတယ်၊ ဦးမင်းကင်းက ကျွန်တော့်ကို သူ့အိမ်မှာလာနေဖို့ ခေါ်ထားလို့ ကျွန်တော် အဲဒီကို ခဏယာယီသွားနေတာပါ"

"သူက ဘာဖြစ်လို့ ခေါ်ထားရတာလဲ"

"ဘာအတွက်လို့တော့ ကျွန်တော်လည်း သေချာမသိဘူး လေ အမေ၊ သူက နည်းနည်းလက်တွေ့ကျကျလေး ဖြေ ရှင်းမယ်ဆိုလား၊ ဟို ... သွေးက စကားပြောမလား ဘာ လားဆိုပြီး ခဏလာနေပါဆိုတာနဲ့ မမတာကလည်း နေ ဆိုတာနဲ့ ... အဲဒါ ..."

"လက်စသတ်တော့ ဒီဇာတ်လမ်းက မင်းရဲ့မမတာ ဇာတ် ဆရာ မဟုတ်လား၊ အဲဒီ မင်းကင်းကိုသွားဆက်သွယ်တာ မိတ်ဆက်တာကိုက မင်းရည်းစားကြီးရဲ့ အစီအစဉ် ညွှန် ကြားမှုတွေပဲ မဟုတ်လား ... ဟင်"

"အမေကလည်း ... တစ်ဆိတ်ရှိ မမတာပဲ ထိနိုက်ပြော ချင်နေတာပဲ"

"အခု မင်းကင်းက ဘာတဲ့လဲ"

"ဦးက အခု အမေ့ဆီ ဖုန်းဆက်ခိုင်းတာ"

"ဟင် ... ဘာတဲ့လဲ"

"အမေနဲ့လည်းတွေ့ပြီး စကားပြောစရာရှိတာ ပြောချင်လို့ တဲ့၊ မျက်နှာစုံညီ ပြောကြမယ်တဲ့၊ ဦးဆီလာတွေ့လိုက်ပါ လား အမေရယ်"

"အမယ်လေး တော်ခွန်ရယ်၊ ဦး ... ဦးနဲ့ သွေးသားသိတတ် နေလိုက်တာနော်၊ မင်းကင်းက ဒါဆို မင်းကို ယုံကြည် လက်ခံတဲ့ သဘောလား ... သား"





"အဲဒီပုံတော့ရတယ် အမေ၊ ဦးက ကျွန်တော့်အပေါ်လည်း အရမ်းကောင်းရှာပါတယ်၊ ဒါပေမဲ့ အမေ့ကိုကြို့တော့အသိ ပေးထားရဦးမယ်၊ ဦးက အခု လက်ထပ်ဖို့ အစီအစဉ်ရှိ တယ်"

"ဒီအသက်အရွယ်ကျမှ၊ အင်းပေါ့လေ ... သူတို့လို ငွေတွေ ဂုဏ်တွေ ပြည့်ဝနေတဲ့သူတွေအဖို့ ဘယ်အချိန်ဘာလုပ်လုပ် တင့်တယ်နေတာပါပဲသားရယ်၊ ဟိုးအရင်ကလည်း သူတို့ ညီအစ်ကိုတွေက အားလုံးရဲ့အပေါ်က အထက်လွှာရေပေါ် ဆီတွေပါလေ"

"ဦးရဲ့အစ်ကိုတောင် ဒီရက်ထဲ ကနေဒါကနေ ရောက်လာ တယ်တဲ့ အမေ"

"ဟင်"

"ဘာဏ်လုပ်ငန်းပညာရှင် ဆိုတာလေ၊ နိုင်ငံခြားမှာဘွဲ့ရတာ တဲ့၊ အလည်လာမှာထင်တယ်"

"သူ့မိသားစုရော ပါလား"

"မပါဘူးတဲ့ အမေ"

"အခု သားက အမေ့ကို ခဏပြန်လာပြီး အားလုံးမျက်နှာ စုံညီတွေ့ပြီး စကားပြောဖို့ လှမ်းခေါ်တာမဟုတ်လား"

"ဟုတ်တယ်လေ အမေ"

"အမေက ဒီရက်ပဲ နက်ဖြန်သန်ဘက် ပြန်လာတော့မှာပါ သားရယ်၊ ဒါပေမဲ့ မင်းကင်းအိမ်ကိုတော့ အမေမလာတွေ့တော့ပါဘူး သားရယ်၊ လာလို့လည်း မကောင်းပါဘူး၊ မျက်နှာချင်းတွေလည်း မဆိုင်ချင်တော့ပါဘူး၊ သူ့ဘက်မှာလည်း သူ့ဘဝနဲ့သူ သီးသန့်ဖြစ်နေပါပြီ။ အမေနဲ့ ခုလို ပြန်ဆုံကြတယ် ပြန်တွေ့ကြတယ် ဆိုတာလည်း သူနဲ့သက်ဆိုင်သူတွေသိရင် နှစ်သက်မှာ မဟုတ်ပါဘူး၊ သား ... မင်းကင်းကို အဲသလိုပဲ ပြောပြလိုက်ပါ ...

ဘာပဲဖြစ်ဖြစ် သူတို့ဘက်က အသာတကြည်လက်သင့်ခံမှုရှိတယ်ဆိုတာကိုပဲ အမေ ကျေးဇူးတင်ဝမ်းသာမဆုံးဘူး၊ ငါ့သားလေးမှာ ဖခင်ရင်းနဲ့ ဦးလေးတွေ ဘာတွေနဲ့ သိုင်းသိုင်းဝိုင်းဝိုင်းလေး ရှိသွားတာကို ကျေနပ်လှပါပြီ သားရယ်၊ ခုလို အလွယ်တကူလက်သင့်ခံလိမ့်မယ်တောင် ထင်မထားခဲ့ပါဘူး ...

လက်သင့်ခံမယ် မထင်လို့လည်း သားကို သူတို့နဲ့ ဝေးဝေးထားခဲ့တာပါ၊ မပတ်သက်စေချင်တာမျိုး၊ နာကြည်းမှုမျိုးလည်း မရှိပါဘူး၊ ကိုယ့်ဘဝ ကိုယ့်အဖြစ်နဲ့ကိုယ်ပဲလို့ မှတ်ပါတယ်လေ၊ သားကို ခုလို လက်ခံကြတယ်ဆိုတာ တစ်ခုနဲ့ပဲ အမေ့ရဲ့နာကျင်ခဲ့ရမှုတွေကို အမေသင်ပုန်းချေလိုက်နိုင်ပါတယ် ...





ခုလို အဆင်ပြေသွားတာ ကြားတော့ မင်းရဲ့ရည်းစားကြီး အတာလည်း ကျေးဇူးတင်ပါတယ်၊ သူ စိတ်မြန်လူမြန်တွေ ထလုပ်လို့ပဲ ခုလိုရုတ်တရက်ထပြီး အဆင်ပြေစရာအကြောင်း ပေါ်ပေါက်လာတာပဲလေ၊ ကျေးဇူးတင်စရာကောင်းပါတယ်လေ၊ မိန်းမသားပေမယ့် သတ္တိတို့ ဦးဆောင်နိုင်မှုတို့အပြည့်နဲ့ ငါ့သားလေးကလည်း ရိုးရိုးအေးအေးနဲ့ အတော့လိုမိန်းမမျိုးနဲ့ပဲ ဖြစ်မှာပါ"

"အဟင်း ... ဟင်း၊ အမေ အမြင်မှန်တွေတောင် ရလာပြီ"

"ဟုတ်တယ် သား၊ ကိုယ့်သားသမီးကမှ နှစ်နှစ်ကာကာချစ်တဲ့နောက်တော့ ဆိုးဆိုးဝါးဝါးလည်း မရှိဘဲနဲ့ဆိုရင် မိဘက သဘောတူပေးတာအပြင် မစွက်ဖက် မခြယ်လှယ်သင့်ပါဘူးလေ၊ ခုပဲ အမေ အဲဒါကို ခေါင်းထဲတွေးနေမိတာ၊ မင်းအဖေဆိုတဲ့သူဟာ အမေ့ကို သူ့စိတ်သူ့ကိုယ်နဲ့ ပစ်သွားခဲ့တာ မဟုတ်ရှာပါဘူး၊ သူ့အမေကသာ ဓွတ်အတင်း မကွဲ့ကွဲအောင် သူ့သားတွေကို နှိုင်ငံခြားပို့ပစ်လိုက်တာ၊ တစ်ယောက်တည်း ပို့လိုက်ရင်တောင် တစ်ခုခုကြောင့်ဆိုတာ လူသိမှာစိုးလို့ ညီအစ်ကိုသုံးယောက်လုံးကို ပို့ပစ်လိုက်တာလေ"

တုန်ယင်နေတဲ့ ဒေါ်နွယ်နွယ့် အသံက ခံစားချက်များ အသစ်ဖြစ်လာတာ သိသာသည်ဖြစ်၍ တံခွန်က အမေ့ကို သနားမိပါသည်။ သူ့ရင်ထဲလည်း မကောင်းပါ။

"အမှန်က ဘယ်သူမပြု မိမိမှုချည်းပဲ။ အမေမိုက်လုံးမကြီးရင် အမေဒုက္ခရောက်စရာအကြောင်းလည်း မရှိဘူး၊ ကိုယ့်အပြစ်နဲ့ကိုယ့်ကိုယ်၊ ဖြစ်ပြီးမှ သူများအပြစ်ဖို့နေတာဟာ အဓိပ္ပာယ်မရှိဘူး သား၊ အမေ အားလုံးကိုခွင့်လွှတ်ပါတယ်၊ ဒါကို သားကပဲ တစ်ဆင့်ပြောပြပေးပါ ...

အမေ ရောက်မလာတာဟာ ခွင့်မလွှတ်နိုင်တာ နာကြည်းနေသေးတာတွေကြောင့်လို့ ထင်ကြမှာစိုးလို့ပါ၊ ဘာကြောင့်မှ မဟုတ်ဘူး၊ အဟောင်းလည်း အသစ်မဖြစ်ချင်သလို အမေတို့ချင်း ပြန်တွေ့ဖို့လည်း မလိုအပ်ပါဘူး၊ အဓိက,က သားနဲ့ မင်းရဲ့အဖေရင်း ဆုံတွေ့မှုကြမယ်၊ သူကလည်း သူ့ရဲ့သားတစ်ယောက်အဖြစ် အသိအမှတ်ပြု လက်ခံတယ်၊ မင်းကို ဖခင်မေတ္တာ ဖခင်တစ်ယောက်ရဲ့ စောင့်ရှောက်မှု ပေးအပ်တယ်ဆိုရင် အားလုံးပြီးပြည့်စုံပါပြီ သားရယ်"

"ဟုတ်ကဲ့ အမေ၊ အမေ့အတွက်လည်း စက်ခဲပင်ပန်းမယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ဦးကို ကျွန်တော် ပြန်ပြောလိုက်ပါ့မယ်"

♦✤♦





ပွင့်သစ်စက ကားကို ရှေ့နားမှာတွေ့ရတဲ့ ဆိုက်ကားဂိတ်နား ဘေးကပ်ထိုးရင်း ...

"ဒီမှာရှင့် '......'လမ်းက ဘယ်ဟာပါလဲ၊ နီးပြီလား"

"ရှေ့တစ်လမ်းကျော်ပဲ အစ်မ"

"ဟုတ် ... ကျေးဇူးပါပဲ"

ပွင့်သစ်စက ဒီလိပ်စာကို ကိုအာလူးထံမှ ရခဲ့တာ။ ကိုအာလူးက တံခွန် သူ့အိမ်သူပြန်တာကို နှစ်ကြိမ်လိုက်ပို့ပေးဖူးပါသည်။ စကားစပ်ယူပြီး လှည့်ပတ်အစ်အောက်မေးလိုက်တော့ တံခွန့်လိပ်စာကို ရလာခဲ့တာ။

ဟိုတစ်ရက်က ဦးမင်းကင်းကို တံခွန်ပြောနေတဲ့ စကားများထဲမှာ တံခွန့်အမေဟာ တစ်ရက်နှစ်ရက်အတွင်း အိမ်ပြန်လာတော့မည်ဆိုတာ ပွင့်သစ်စ လှစ်ခနဲ ကြားလိုက်ရသည်။ ဦးမင်းကင်းထံကိုတော့ လာမတွေ့တော့ဘူး ဆိုတဲ့အချက်ကို ပွင့်သစ်က သဘောကျသော်လည်း ဒေါ်နွယ်နွယ်နှင့် ပွင့်သစ်စ တွေ့ချင်ပါသေးသည်။

လမ်းထဲမောင်းဝင်လာတဲ့ကားကို ပွင့်သစ်စက တိုက်နံပါတ်(၃၈)ဆိုတဲ့ရှေ့မှာ ရပ်လိုက်ပါသည်။ အောက်မှာမေးကြည့်

လိုက်ပြီးသော် သုံးလွှာမှာဆိုတာရော ဒေါ်နွယ်နွယ် ပြန်ရောက်သည်ဆိုတာရော သတင်းသိလိုက်ရပါသည်။ လေ့ကားမှတက်လာကာ တံခါးခေါက်လိုက်လျှင် "သားလား"ဆိုတဲ့ မေးသံပေါ်လာပြီးမှ တံခါးကို အတွင်းကဖွင့်လိုက်ပါသည်။

ပွင့်သစ်စသည် စိတ်အားကိုတင်းပြီး ဒေါ်နွယ်နွယ်ကို မလျော့လွန်း မတင်းလွန်း မျက်နှာထားနှင့် စူးစိုက်ကြည့်ကာ ...

"ဒေါ်နွယ်နွယ် ထင်တယ်၊ ကျွန်မက ဦးမင်းကင်းနဲ့လက်ထပ်မယ့် ပွင့်သစ်စပါ"

ဒေါ်နွယ်နွယ်က အံ့အားသင့်သွားပုံနှင့် တံခါးကိုတော့ ဖွင့်ပေးလိုက်ကာ ဆက်တီများဆီ လက်နှင့်ညွှန်ပြလိုက်ပါသည်။ ပြန်ရောက်တာ မကြာလှသေးသလို ဧည့်ခန်းအနားမှာတင် ခရီးဆောင်အိတ်တွေ ခြင်းတွေက ရှိနေဆဲ။

"အစ်မ ခုမှ ပြန်ရောက်တာထင်တယ်"

အန်တီ ခေါ်လောက်အောင်လည်းမရင့်၊ ခေါ်ရန်လည်းမသင့်၍ ပွင့်သစ်စက အစ်မလို့ပဲ နှုတ်ခွန်းဆက်သည်။ ဒေါ်နွယ်နွယ်က ခေါင်းသာညိတ်လိုက်ရင်း ဝင်ထိုင်ပါသည်။

*"ကျွန်မ ရောက်လာတာကို အံ့သြနေမလားတော့ မသိဘူး အစ်မနဲ့စကားပြောချင်တာလေး ရှိလို့ပါ"*

"ကျွန်မ ဒီနေ့ရောက်တာ ဘယ်လိုများ ..."





"တံခွန်က တစ်ရက်နှစ်ရက်အတွင်း သူ့အမေပြန်လာမယ် ပြောလို့ ရောက်လောက်ပြီလားလို့ မှန်းလာလိုက်တာပါ၊ ကျွန်မ ကံကောင်းသွားပေမယ့် အစ်မမှာတော့ ခရီးရောက်မဆိုက်ဖြစ်သွားတော့ ပင်ပန်းနေမလား အားတော့နာပါတယ်"

"ကိစ္စမရှိပါဘူး၊ လာရင်းကိစ္စကိုသာပြောပါ"

"ကျွန်မနဲ့ ဦးမင်းကင်း လက်ထပ်ခါနီးဆဲဆဲ အချိန်မှာ ဒီအရေးကိစ္စတွေ ပေါ်လာတာဆိုတော့ ကျွန်မတို့မှာ နည်းနည်းတော့ ကသီလင်တ စိတ်အနှောင့်အယှက်ဖြစ်ရတယ်ဆိုတာ အစ်မလည်း နားလည်မှာပါ၊ လိုရင်းပြောရရင်တော့ ကိုကို ... အဲ ... ဦးမင်းကင်းကလည်း တံခွန့်ကို သူ့သွေးသူ့သားအဖြစ်တော့ အကြွမ်းဖျဉ်း လက်ခံထားပါတယ်၊ ဒါကြောင့်လည်း တံခွန့်ကို သူ့အိမ်ခေါ်ထားတာပေါ့လေ"

ဒေါ်နွယ်နွယ်က ဓလေ့ဓဝါနှင့် ...

"ဟုတ်ကဲ့၊ ဒါနဲ့ အခု ဘယ်လိုပြဿနာတွေများရှိလို့လဲ၊ ကျွန်မကိုဒီထက်ရှင်းအောင်ပြောပါ၊ လိုရင်းဆိုပေမယ့် စကားက ဝေ့နေသလိုဖြစ်ပြီး အဓိပ္ပာယ်ကို ကျွန်မ မဖမ်းမိဘူး"

"တကယ်တမ်း ဒီလူတစ်ယောက်ရဲ့သားရင်း ဟုတ်ပါတယ်ဆိုတာကို ဘယ်လိုမှမငြင်းနိုင်အောင် သံသယဝင်မရအောင် ခိုင်လုံဖို့က တိကျတဲ့ ဒီအဲန်အေစစ်တာမျိုးလိုလုပ်ဖို့ လိုပါတယ်၊ မဟုတ်ဘူးလား အစ်မ"

ဒေါ်နွယ်နွယ်က ပွင့်သစ်စကို ငေးစိုက်ကြည့်နေပါသည်။ ကျောင်းမပြီး ဘွဲ့မရခဲ့ပေမယ့် ဒီအဲန်အေ ဆိုတာကိုတော့ ဗဟုသုတရှိသည်။ နားလည်သည်။ မျိုးရိုးဗီဇလက္ခဏာကို ယူဆောင်လာသော ခန္ဓာကိုယ် ဆဲလ်ထဲမှာပါဝင်တဲ့ပစ္စည်း။ ဒီမျိုးဗီဇကို စစ်ဆေးတိုက်ဆိုင်ခြင်းအားဖြင့် မျိုးဗီဇတူမတူကို ဘယ်လိုမှငြင်းကွယ်လို့မရနိုင်တော့။

"အဲဒီတော့"

"အဲဒီတော့ ဒီအဲန်အေစစ်ကြည့်လိုက်တာ အကောင်းဆုံးပဲဆိုတာကို ကာယကံရှင်မဟုတ်တဲ့ ကျွန်မက သေားလူအနေနဲ့ တရားမျှမျှတတလေး ပြောရတာပါ၊ ကာယကံရှင်တွေကျတော့ ပွင့်ပွင့်လင်းလင်း ပြောဖို့ရာ ပါးစပ်က အထွက်ခက်ကြမယ် မဟုတ်လား အစ်မရယ်"

ဒေါ်နွယ်နွယ်က မျက်နှာရိပ် ပြောင်းလဲသွားကာ ...

"အခုက တံခွန်က ဒါဟာ သူ့အဖေပါဆိုပြီး ဒီအဲန်အေစစ်ပြတောင်းဆိုချင်တာတော့ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အခု ဒီညီမက အစ်မဘက်ကို လာတောင်းဆိုသလို ပြောနေတာမို့လို့ကတစ်ချက်။ နောက်တစ်ချက်က တစ်သက်လုံးလုံး ဒီအတိုင်းငြိမ်နေခဲ့တယ် ဆိုတာကိုက ဒီဖအေက လက်ခံမယ် မခံဘူးဆိုတာကိုလည်း မျှော်လင့်ချက်မထားလို့ စိတ်မဝင်စားလို့ပဲ ..."





ဒီလို မင်းကင်းဆီ သွားတွေ့ကြတဲ့ကိစ္စဟာ ကျွန်မမရှိတုန်း ကလေးတွေ သူတို့ဟာသူတို့ စွန့်စွန့်စားစားရောက်သွားကြတဲ့ကိစ္စ၊ ကျွန်မရှိရင် မလွှတ်ပါဘူး၊ ရောက်သွားပြီးပြီ တစ်ဖက်ကလည်း လက်ခံပါတယ်ဆိုလို့သာ ကျွန်မဘာမှမကန့်ကွက်တော့တာ၊ မင်းကင်းတို့ဘက်က လက်ခံခြင်း မခံခြင်း၊ ဘယ်လိုရှိရှိ မရမက ကုတ်ကပ်စောဒကတက်မှာ မဟုတ်တဲ့အတွက် ဖွတ်စစ်ဆေးပြီး တိုက်ဆိုင်သက်သေပြဖို့ ကျွန်မတို့သားအမိမှာ စိတ်ကူးလုံးဝမရှိပါဘူး"

ဒေါ်နွယ်နွယ့်အသံက ပြောရင်း ပြောရင်းကမှ တုန်ယင်လာသည်။

"သူတို့အမေက စစ်ဘုရင်ရုပ်လေးတွေကို နေရာရွှေ့ချင်တိုင်း ရွှေ့ပစ်သလို ကစားသွားသမျှ ကျွန်မရော သူရောလည်စင်းခံရတာပဲဆိုပြီး ဒီကနေ့အထိ တံခွန့်အဖေကို လုံးဝအာဃာတမထားခဲ့ဘူး၊ ဒါပေမဲ့ ဒီစကားကြားရတော့ အသည်းက နာလာပြီ ညီမ။ ဒီစကားက မင်းကင်းကပြောခိုင်းတာလား"

"ဟို ... ကိုကို ... အဲ ... ကိုကို့အစ်ကိုကြီး ဦးမင်းဆက်လည်း မနက်ဖြန်ပဲ ရောက်လာတော့မှာဆိုတော့ သူတို့လူကြီးသူမတွေ ... ဟို ... တိုင်ပင် ..."

ပွင့်သစ်စသည် လိုချင်တာကိုသာ လာပြောရ။ မင်းကင်းအပေါ်မှာချည်းလည်း အပြစ်ပုံကျမနေစေချင်ရကား ပိုပြီး ဩဇာညောင်းမယ် ထင်ရသည့် မနက်ဖြန်မှရောက်မည့် အစ်ကို အကြီးဆုံးကိုပါ ဆွဲယူနာမည်တပ်ပစ်လိုက်တော့သပင်။

"ဩော်ဟော ... မင်းကင်းကရော ကိုမင်းဆက်ကရော ... တဲ့လား"

"အစ်မရယ် ဘာပဲဖြစ်ဖြစ်"

"တော်ပါတော့ ညီမ၊ အစ်မစိတ်ဒေါသတွေ မပေါက်ကွဲခင်ပြန်ပါတော့"

"ဒါဖြင့် ဒီကိစ္စက လိပ်ခဲတည်းလည်း ဒီလိုကြီးပဲ မတင်မကျ မျောနေရတော့မှာလား အစ်မ၊ ဟုတ်နိုးနိုး မဟုတ်နိုးနိုးနဲ့ သံသယတထင့်ထင့်နဲ့ပဲ နေသွားကြမှာလား"

"ဘယ်သူက သံသယရှိတာလဲ၊ မင်းကင်းလား၊ ကိုမင်းဆက်လား၊ ညီမကလား၊ တစ်စုံတစ်ယောက်က သံသယရှိနေရင် သံသယမရှိပါနဲ့လို့ တောင်းပန်ဖို့ လုံးလုံးမှစိတ်ကူးမရှိတဲ့အတွက် ဒီကိစ္စကို ရောက်တဲ့အရပ်မှာဖြတ်ပြီး နောက်ကြောင်းလှည့်ရုံပဲ"

"အစ်မကလည်း ဒီလိုတော့"





"တော်ပါပြီ၊ မင်းကင်းကိုရော ကိုမင်းဆက်ကိုရော ပြောလိုက်ပါ၊ ဒီနေ့ကစပြီးတော့မှ သဲသဲမဲမဲ စိတ်နာကြည်းသွားတာပါလို့၊ မျိုးဗီဇစစ်ယူရမယ့် အနေအထားစာရင်းထဲမှာ နွယ်နွယ့်ကို သွင်းလိုက်တာကိုလည်း ခွင့်မလွှတ်နိုင်ပါဘူးလို့၊ သူတို့အမေတင်မကဘဲ သူတို့ညီအစ်ကိုတွေပါ လူတစ်ဖက်သားအပေါ် နစ်နစ်နာနာ ရက်ရက်စက်စက် အတော်တွေးတတ် မြင်တတ် ဆက်ဆံတတ်တာပဲလို့ ...

တံခွန့်ကို သူ့အဖေရင်းနဲ့ တွေ့ဆုံဆက်သွယ်ခွင့်ရတော့လည်း ရှာပါစေလို့ တွေးထားမိပေမယ့် နတော့အတွေးကို ပြင်လိုက်ပါပြီ၊ ဒီလိုအဖေတွေ ဦးလေးတွေနဲ့ မပတ်သက်စေချင်တော့ပါဘူး ...

ဒီတော့ ညီမ ပြန်ပါ၊ တံခွန့်ကို အဲဒီမှာလည်း ဆက်မထားနိုင်တော့ဘူး၊ ပြန်ခေါ်ယူဖို့က ကျွန်မ တာဝန်ပါ"

ပွင့်သစ်စသည် ရုတ်ခြည်းရှုပ်ထွေးတင်းမာသွားတဲ့ အခြေအနေကြောင့် စိုးရိမ်လန့်ဖျပ်မိကာ ...

"အစ်မကလည်း ... ဒီလိုလည်း မဟုတ်သေး ..."

"ညီမ ပြန်ပါ၊ မင်းကင်းကို ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်ရှိတာရယ်၊ မင်းကင်းဟာ ကျွန်မအပေါ် စိတ်

ကောင်းရှိခဲ့တာကို သိတာရယ်တို့ကြောင့် မင်းကင်းမျက်နှာ ထောက်ပြီး ညီမကို ဒီထက်ဒေါသတကြီး မပြောဆိုချင်တော့ဘူး၊ ပြန်ပါ ညီမ"

ဒီလောက်အခါခါနှင်ထုတ်နေမှတော့ တစ်ကြိမ်မှ ဤလိုနှင်ထုတ်တာမျိုး မခံရဖူးတဲ့ ပွင့်သစ်စက အောင့်သက်သက်ဖြစ်လာပါသည်။ ဒေါ်နွယ်နွယ်ထံက ထောက်ခံချက်အပံ့အပိုးရမလားလို့ ဘယ်သူ့မှ မတိုင်မပင် တစ်ယောက်တည်း ဖွတ်လာခဲ့သော ပွင့်သစ်စသည် မမျှော်လင့်ဘဲ ဆိုးဝါးသွားတဲ့ အခြေအနေကြောင့် ဦးမင်းကင်း အပြစ်တင်မှာ စိတ်ဆိုးမှာကိုတော့ ကြောက်ပေသေးသည်။

ရင်တထိတ်ထိတ် စိတ်တထင့်ထင့်နှင့်ပင် ...

"ဒါ ... အစ်မ ... နောက်ဆုံးစကားလား"

"ဟုတ်ပါတယ်၊ ဒီနောက်မှာ ပြောစရာဘာစကားမှကို မရှိတော့ဘူး"

ပွင့်သစ်စက ထ,ပြန်ခဲ့ပါသည်။

ပွင့်သစ် ထွက်ခွာသွားသည်နှင့် ဒေါ်နွယ်နွယ်က တစ်စုံတစ်ရာကို စဉ်းစားနေမိအပြီး တယ်လီဖုန်းနံပါတ်တွေမှတ်သည့် စာအုပ်ကလေးမှာ အတာတို့အိမ်ဖုန်းနံပါတ်ကိုရှာသည်။ ထို့နောက်တော့ အောက်ကိုဆင်းခဲ့ကာ အိမ်ကိုလာတွေ့တဲ့တစ်ကြိမ်





ကလွဲပြီး တစ်ခါမှ ဖုန်းဆက်စကားမပြောဆိုဖူးသေးသည့် ချွေးမလောင်း အတာထံ ဖုန်းခေါ်လိုက်ပါသည်။

"ဟယ်လို"

"အတာလား"

"ဟုတ်ကဲ့ ... ဘယ်သူပါလဲ"

"အတာ ... တံခွန့်အမေ ဒေါ်နွယ်နွယ်ပါ"

"ရှင် ... ဩော် ... ဟုတ်ကဲ့၊ ဟုတ် ... အန်တီ၊ ဘာကိစ္စများရှိလို့လဲ"

"အတာ ... ခုနပဲ အန်တီ့ဆီကို ပွင့်သစ်စဆိုတဲ့ မင်းကင်းရဲ့ဇနီးလောင်း ရောက်လာပြီး စော်ကားမှုသက်ရောက်တဲ့ စကားမျိုးတွေ ပြောသွားတယ်၊ ဒီတော့ အန်တီ တံခွန့်ကို သူ့အဖေနဲ့ ဆက်မပတ်သက်စေချင်တော့ဘူး၊ အောက်ကျို့ခံပတ်သက်စရာလည်း ဘာအကြောင်းမှ မရှိဘူးဆိုတာ အတာလည်း သိမှာပါ ...

အဲဒီအိမ်ကိုတော့ အန်တီသွားဖို့ကတော့ မသင့်ဘူးထင်လို့ အတာပဲ တံခွန်ပြန်လာဖြစ်အောင် သွားခေါ်ပေးပါကွယ်၊ ချက်ချင်း တံခွန့်ကို ပြန်ခေါ်လာခဲ့ပါ"

"ဒီကောင်မလေး ဘာ ... ဘာတွေများ လာပြောသွားလို့လဲ အန်တီ၊ လုံးဝအချိုးမပြေတဲ့ကောင်မလေး၊ သူကများ

လူကြီးထိလာတက်ပြီး ... တောက်၊ ဒီကိစ္စမှာ အန်တီလည်း မပါဘဲနဲ့ အန်တို့ကိုလာပြောတယ်ဆိုတာ သက်သက်နိုင်ငံ ထက်စီးနင်း လာပြောသွားတာပဲ၊ သူ ဘာပြောလဲ ပြောပါ အန်တီ၊ ဒီမိန်းမ အတာနဲ့ ခုပဲတွေ့မယ်"

"ကျေးဇူးတင်ပါတယ် အတာ၊ အတာတို့ အိမ်ပြန်ရောက် လာရင် အန်တီ ပြောပြမှာပါ၊ အခုကတော့ တံခွန့်ကိုသာ အရင်သွားခေါ်ခဲ့ပါ၊ ဒါမှမဟုတ်လည်း ဖုန်းဆက်ပြီး အခု ပြန်ခဲ့ဖို့ ပြောပေးပါ၊ ဒီညနေပဲ ချက်ချင်းပြန်လာစေချင် တယ်၊ ဦးမင်းဆက်က နက်ဖြန်ရောက်လာမယ်ပြောတယ်၊ အန်တီ ဦးမင်းဆက် ရောက်လာတဲ့အထိ တံခွန့်ကိုမထား ချင်လို့ပါ ...

ပွင့်သစ်စကို အတာ မခံမရပ်နိုင်ဖြစ်တာလည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ သူ့ကို အတာဘာမှသွားမ ပြောဆိုဘူးလို့ ကတိပေးပါ"

"ဘာဖြစ်လို့လဲ အန်တီရဲ့"

"ရုတ်တရက် ကိုယ်ဘက်ကပဲ သွားစ,ပတ်သက်ကြပြီး ကိုယ်ကပဲ ပြဿနာတွေ အော်ကြီးဟစ်ကျယ်ဖြစ်ပြီး ပြန်ခဲ့ တာမျိုး မဖြစ်စေချင်ဘူး၊ အတာ နားလည်မှာပါ၊ ခေါ်နှယ် နှယ်က သဘောမတူတော့လို့ တံခွန် ပြန်ရမယ်ဆိုတာမျိုးပဲ





သိပါစေ၊ မင်းကင်းကိုလည်း သူ့ဇနီးလောင်းနဲ့ ပြဿနာ မဖြစ်စေချင်ဘူး၊ အနုနည်း အချိုသတ်နဲ့ပဲ တံခွန့်ကိုမဖြစ် မနေ ပြန်ခေါ်ခဲ့ပါ အတာ"

အတာက ခဏတော့ တိတ်သွားရပြီးမှ ...

"ဟုတ် ... အတာ နားလည်ပါပြီ"

"ကျေးဇူးတင်ပါတယ် အတာရေ"

"အတာ ... တံခွန့်ကို လက်ကိုင်ဖုန်း ပေးထားပါတယ်၊ ဖုန်းဆက်ခေါ်လည်း ရပါတယ်၊ အန်တီက သွားခေါ်ဆို လည်း ခေါ်လိုက်ပါမယ်၊ ဘယ်ဟာက ပိုအဆင်ပြေမလဲ မသိဘူး"

"အတာသာ အပန်းမကြီးရင် သွားခေါ်လိုက်တာက ပို အဆင်ပြေမယ် ထင်တယ်၊ ဖုန်းဆက်ရုံဆက်ရင် တော်ကြာ မင်းကင်းက နက်ဖြန်ပဲ ဦးမင်းဆက် ရောက်တော့မယ်ဆို ပြီး ပြန်မလွှတ်မှာလည်း စိုးတယ်၊ မသွားနဲ့လို့ပြောရင် တံခွန် ဖွတ်ထွက်သွားဖို့ ခက်တယ်လေ၊ အတာကိုယ်တိုင် သွားပြန်ခေါ်တာကတော့ ပိုပြီးအကျိုးသက်ရောက်မှုရှိတယ် လို့ ထင်တယ် ...

ဦးမင်းဆက် ပြန်ရောက်တဲ့အထိကို အန်တီက မထားချင်တော့တာ၊ တံခွန်ဟာ အဖေသေပြီဆိုတဲ့အသိနဲ့

ဒီလောက်ထိအောင်တောင် အရွယ်ရောက်လာခဲ့ပြီးပြီပဲ အတာရယ်၊ ဒီအဖေနဲ့ မပတ်သက်ရလို့ မဆက်ဆံရလို့ ဘာမှမဖြစ်ဘူးဆိုတာ တံခွန် ကောင်းကောင်းမွန်မွန်ကြီးပြင်း အရွယ်ရောက်လာတာက သက်သေပဲ မဟုတ်လား အတာ ...

မဖြစ်မနေ အသနားခံပြီး လိုက်အဖေဖော်ယူရတဲ့ အဖြစ်မျိုး အန်တီတို့သားအမိ အရောက်မခံချင်လို့ပါ"

♦ ✤ ♦





၁၅

"တံခွန်ရော စားပြီးသွားပြီလား"

"ကိုတံခွန် မရှိတော့ဘူးလေ ဆရာ"

မင်းကင်းက ဇွန်းခက်ရင်းကိုင်ရင်း ဇဝေဇဝါမော့ကြည့်ကာ ...

"မင်းစကားက ဘာလဲကွ"

"ကိုတံခွန် ပြန်သွားပြီလေ ဆရာ"

"ဘယ်လိုပြန်သွားတာလဲ"

"မအတာ ရောက်လာပြီး လာခေါ်သွားတာပဲ ဆရာ"

"အိတ်ယူသွားတာလား"

"ဟုတ်ကဲ့ ဆရာ၊ သူ့ပစ္စည်း အကုန်ယူသွားပါတယ်"

မင်းကင်းက မျက်မှောင်ကုတ်၍ ဇွန်းခက်ရင်းကို ပစ်ချကာ ...

"ဟာ ... ဒါဘာလဲကွ၊ မင်းကကော ငါ့ကို ပြန်ရောက်တာကြာပြီ၊ ခုချိန်ထိ ဘာဖြစ်လို့ ဘာမျှမပြောဘဲနဲ့ ငါက တံခွန်စားပြီးပြီလားမေးမှ ထပြောရတာလဲ"

"ဆ ... ဆရာ ... ဟို ... ကျွန် ... ကျွန်တော်က ဆရာသိပြီးမယ် ထင် ... ထင်"

"ဟ ... ငါမရှိတုန်း ပြန်သွားတာ ငါကဘယ်လိုလုပ်ပြီးတော့ သိပြီးမှာလဲ"

"ကျွန်တော်က ဆရာလာမှ ပြန်ပါလား ပြောမိလို့ မမတာက ဆရာ့ကို မစောင့်နိုင်ဘူးတဲ့၊ သူတို့ဘာသာ လှမ်းအကြောင်းကြားလိုက်မယ်ဆိုလို့ ကျွန်တော်က ခုလောက်ရှိရင် ဆရာ့ကို ဖုန်းဆက်ပြောပြီးလောက်ပြီပဲ ထင်လို့ပါ"

အင်း ... အာလူးအပြစ်မှ မဟုတ်တာလေ။ မင်းကင်းက ထောင်းခနဲ စိတ်တိုသွားတာကို ဖြေလိုက်ပါသည်။ တံခွန်တို့အတာတို့ လုပ်သွားပုံကို တအံ့တဩ နားမလည်နိုင်တဲ့စိတ်နှင့် ဒေါသဖြစ်သွားမိတာပါ။ စိတ်ဖြေလျှော့လိုက်ပေမယ့် တနုံ့နုံ့နှင့် အူကြောင်ကြောင် ခံစားချက်တစ်ခုက လူကို ကသိကအောက်ဖြစ်အောင် နှိပ်စက်ပါသည်။

ဒါ ... ဘာသဘောလဲ။

အရေးတကြီး ပြန်သွားရတဲ့ အကြောင်းတစ်ခုခုရှိလည်း သူ့ထံကခွင့်တောင်းပြီးမှ တလေးတစား ပြန်ရမှာပေါ့။





ဘယ်လိုမှ သူ့အပြန်ကို မစောင့်နိုင်အောင် အရေးတကြီးဖြစ်နေလျှင်တောင် အနည်းဆုံး အကျိုးအကြောင်းတော့ ဖုန်းလှမ်းဆက်ရမှာလေ။ ခုဆို ပြန်သွားတာတောင် ကြာလောက်ပြီ။ ခုထိကို သူ့ကို အရေးလုပ်ပြီး အကြောင်းမကြားတာက ဘာသဘောပါလိမ့်။

တံခွန်ပုံစံက အဲသလိုလုပ်တတ်တဲ့ စရိုက်မျိုး လုံးဝ မဟုတ်၍ ဒါဟာ အတာ့ရဲ့ဦးဆောင်မှု ခန့်ခွဲမှုပဲလား။ တံခွန့်ကို မင်းကင်းက အတော်သဘောကျသည်။ တံခွန်ဟာ အခြေခံစိတ်ထားလေးလည်းကောင်း၊ သိမ်မွေ့တည်ကြည်ပြီး ရိုးသားအေးချမ်းတဲ့ ကောင်ကလေးဖြစ်သည်။ ရုံးမှာခန့်ထားလိုက်ပြီး လုပ်တာကိုင်တာတွေ ကြည့်ရတာလည်း မဆိုးပါ။ လုပ်ရည်ကိုင်ရည် ရှိပါသည်။ သူ ခုထိ အလုပ်မရှိခဲ့တာဟာလည်း သူပြောတဲ့အတိုင်း အင်တာဗျူးတွေမှာ ရိုးသားပြီး ဖြောင့်မှန်လွန်းတဲ့ စကားအဖြောင့်တိုက်တွေကြောင့် အလုပ်ရှင်စိတ်ကြိုက် မဖြစ်ခဲ့တာကြောင့်သာ ဖြစ်ပါမည်။

ကိုယ်တို့မျိုးရိုးရဲ့တစ်ဆင့်ခံ Generation အဖြစ် တံခွန့်ကို မင်းကင်း သဘောကျသည်။ နိုင်ငံခြားတိုင်းပြည်တွေမှာအခြေချနေကြတဲ့ မင်းကင်းရဲ့ညီအစ်ကိုတွေဖြစ်ကြသော ဦးမင်းဆက်၊ ဦးမင်းစောတို့မှာလည်း ကလေးတွေ ကိုယ်စီရှိကြပါသည်။ ဦးမင်းဆက်မှာက သမီးနှစ်ယောက်။ ဦးမင်းစောမှာက သမီးတစ်ယောက် သားတစ်ယောက်။

ဦးမင်းဆက် ဦးမင်းစောတို့ရဲ့ သားသမီးတွေဟာ နိုင်ငံရပ်ခြားမှာ မွေးဖွားတဲ့သူနဲ့၊ ဒီမှာမွေးရုံမွေးပြီး ဟိုမှာအခြေချကြတဲ့သူနဲ့ သူတို့ရဲ့အခြေခံစရိုက်တို့မှာ မြန်မာမဆန်ကြတော့ပါ။ မိဘနဲ့သားသမီး ဆက်ဆံရေးကအစ သူတို့ရဲ့သိပ္ပံတွေးပုံဆုံးဖြတ်ပုံတွေကအစ အနောက်တိုင်းဆန်နေကြတာမို့ ဒီတူ,တူမတွေကို မင်းကင်း သဘောမတွေ့လှပါ။

အလည်အပတ်ရောက်တိုင်းလည်း ဦးလေးရယ် တူ,တူမတွေရယ်လို့ ရင်းနှီးမလာပါ။ ဒီတော့ တံခွန့်ကို မင်းကင်း အလွန်ပင် နှစ်သက်သဘောကျနေခဲ့တာ။ ဒါတွေကိုလည်း အစ်ကိုဖြစ်သူ မင်းဆက်ထံ တစ်ချိန်လုံး အီးမေးလ်ကတစ်ဆင့် လှမ်းပြောပြနေမိတာပါ။ နက်ဖြန်ပဲ မင်းဆက်က ရောက်လာတော့မည်။

မင်းကင်းက ထမင်းဆက်မစားနိုင်သေးဘဲ စားပွဲမှ ထကာ သူသိထားတဲ့ တံခွန့်လက်ထဲက လက်ကိုင်ဖုန်းနံပါတ်ဆီ လှမ်းဆက်လိုက်ပါသည်။

"ဟယ်လို"

"ဪ ... ဒါ ... တံခွန့်ဖုန်းလားလို့၊ တံခွန်ရှိလား"

"ဦးမင်းကင်းလား ... ကျွန်မ အတာပါ"

"ဪ ... အတာ၊ တံခွန်ရှိလား"

"တံခွန်တို့အိမ်က ကျွန်မ အခုပဲ ပြန်ခဲ့ပါတယ်"

"ဪ"





မင်းကင်းက စကားလုံးရွေးနေပြီးမှ ...

"ဒါနဲ့ တံခွန့်ကို မင်း လာခေါ်သွားတယ် ပြောတယ် အတာ"

"ဟုတ်ကဲ့"

"အဲဒါ ဘာလဲ၊ အပြီးခေါ်တာလား ဘာလုပ်တာလဲ၊ မင်းတို့ ငါ့ဆီလည်း ဘာမှဖုန်းဆက်ခွင့်တောင်းခြင်း အကြောင်းကြားခြင်း ဘာမှမလုပ်ပါလား၊ အာလူးကလည်း ငါသိပြီးပြီထင်လို့ဆိုပြီး ဘာမှမပြောဘူး၊ ငါ အခုထမင်းစားမလို့ တံခွန့်မေးတော့မှ သိရတယ်။ မင်းတို့လုပ်ပုံက မဟုတ်သေးဘူးထင်တယ် အတာ၊ အဲဒါ ဘာဖြစ်ကြတာလဲ၊ နည်းနည်းလေးများ ရှင်းပြကြစမ်းပါဦး"

"ဟုတ်ကဲ့ ... ဦးမင်းကင်းကို အတာတို့ အပြုအမူ မလေးစားရာကျသွားတဲ့အတွက် အတာပဲ တောင်းပန်ပါတယ်"

"တောင်းပန်တာ နောက်ထားပြီး အခြေအနေလည်း ရှင်းပြပါဦး၊ ဘာဖြစ်လို့ ကောက်ကာငင်ကာ ပြန်သွားကြတယ် ဆိုတာ"

"တံခွန့်အမေ ဒေါ်နွယ်နွယ်က အတာ့ဆီ ဖုန်းဆက်ပြီး ချက်ချင်းသွားခေါ်ပါ ဆိုလို့ပါ"

"သူက ပြန်ရောက်လာပြီလား"

"ဟုတ်ကဲ့ … ဒီနေ့ပဲ ရောက်ပါတယ်၊ ရောက်ရောက်ချင်း လိုပဲ သူ့ အတော့ကို ဖုန်းဆက်တာပါ၊ တံခွန့်ကို ချက်ချင်း သွားခေါ်ပါဆိုပြီး"

"နေပါဦး၊ တံခွန်ပြောတော့ ဟိုကနေလှမ်းပြီး သူဖုန်းဆက် တုန်းက အိုကေပဲဆို၊ ဒီနေ့ပဲပြန်ရောက် ဒီနေ့ပဲစိတ်အခန့် မသင့်စရာ ဘာရှိလို့လဲ၊ ဘာမှကို နားမလည်ဘူးကွာ။ ဒီမှာ အတာ၊ ငါ့ဆီကို မင်းတို့ကပဲ ဖွတ်ဝင်လာပြီး မိတ် ဆက်ကြတာပါ၊ အဲဒီအခါမှာ ငါ့ဘက်က မယဉ်ကျေးတဲ့ လူကြီးလူကောင်းမဆန်တဲ့ ချွတ်ယွင်းချက်များ ရှိခဲ့လား"

"လုံးဝမရှိပါဘူး ဦးမင်းကင်း၊ အဲဒီလို ဦးမင်းကင်းရဲ့ ချွေး ထွေးမှုကိုလည်း တံခွန့်အမေကို ကျွန်မတို့ သေချာရှင်းပြ ပြောပြခဲ့ကြပါတယ်၊ တကယ်တော့ ဒေါ်နွယ်နွယ်က နားလည်မှုလွဲမှားမှုတစ်ခုနဲ့ ဖွတ်ချက်ချင်း ပြန်ခေါ်လိုက် တာပါ၊ တံခွန်က ပြန်မလိုက်ချင်ပါဘူး၊ ဦးမင်းကင်းဆီ ဖုန်းဆက်ပြောဦးမယ်လို့ ပြောတာပါ၊ သူ့အမေကလည်း သူ့ခံစားချက်နဲ့ သူဆိုတော့ …"

"သူ့ခံစားချက်က ဘာလဲ၊ သူ့နားလည်မှုအလွဲက ဘာလဲ"

"အဲဒါတော့ အတာ မပြောပါရစေနဲ့ ဦးမင်းကင်း၊ သူက မပြောစေချင်လို့ပါ၊ ဒါပေမဲ့ နားလည်မှုလွဲတာ ဆိုရင်ပဲ ဦးမင်းကင်း ကျေနပ်ပါတော့၊ သူထင်သလိုက အမှန်မဟုတ် ပါဘူး"





"အမှန်မဟုတ်ဘဲနဲ့ သူထင်သလို ဆုံးဖြတ်လို့ရမလား"

"ဒါပေမဲ့ သူက မှန်တယ်ထင်ခဲ့လို့ပါ၊-အဲလိုထင်ခဲ့အောင် လည်း ပြောသူက ရှိခဲ့တယ်ဆိုပါတော့၊ အတာ ဒီလောက် ပဲ ပြောပါရစေ၊ ဒေါ်နွယ်နွယ်ကတော့ အခု တော်တော် စိတ်ခုသွားတာဆိုတော့ တံခွန်ဟာ အဖေမရှိဘဲ ဒီလောက် ထိ လူလားမြောက်ခဲ့ပြီးမှ အခုမှထပြီး အဖေလိုအပ်နေ စရာ အကြောင်းလည်း မရှိတော့ဘူး၊ သွားမပတ်သက်နဲ့ တော့ ဆိုတာလောက်အထိ ဆုံးဖြတ်လိုက်တာပါ။ ဒါပေမဲ့အတာရော တံခွန်ရော ဦးမင်းကင်းဟာ သူ့ အထင်အမြင်လွဲသလို မဟုတ်ကြောင်း သေချာရှင်းပြကြပါ တယ်"

မင်းကင်းက သက်ပြင်းတစ်ချက်ချလိုက်ပါသည်။

"တံခွန်ကဆိုရင် ဦးမင်းကင်း အိမ်မှာမရှိတုန်း အဲသလိုကြီး ပြန်လာခဲ့ရတဲ့အတွက် ဦးမင်းကင်း စိတ်ကွက်မှာကိုလည်း နိုးရိမ်နေတာပါ ဦးမင်းကင်းရယ်"

မင်းကင်းသည် ခေါင်းသာတညိတ်ညိတ်နှင့် ပြော စရာစကား မရှိတော့ဘဲ ဖြစ်နေလေသည်။

♦ ✤ ♦

ဒီနေ့အဖို့တော့ အတာဟာ အိမ်က သူ့ရဲ့အလုပ်တွေကိုပင်ပစ်၍ တံခွန့်အိမ်ကို မနက်စောစောကတည်းက ရောက်နေခဲ့တာပါ။ မျက်နှာကြောမတည့်ခဲ့ကြတဲ့ ယောက္ခမလောင်းနှင့်မနေ့ကတော့ အခြေအနေကောင်းမွန်ခဲ့ကြတယ် မဟုတ်လား။ ရင်းနှီးမှုလည်း အတိုင်းအတာတစ်ခုအထိ ရခဲ့တယ်မဟုတ်လား။ ဒီတော့ ဒါကိုလည်း သဘောနွေ့ အရသာတွေ့နေတာပါသည်။

"အတာရေ … မနက်နိုးကတည်းက သုန်မှုန်နေတာပါပဲ၊ သူ ရုံးမသွားရတော့ဘူးပေါ့ … တဲ့၊ သွားလည်းမသွားရဲပါဘူးဆိုပြီး မအေကို မဆန့်ကျင်စေဖူး ဆန့်ကျင်နေတာလေ၊ ကြည့်သာပြောပေတော့"

"တံခွန် … သံယောဇဉ်တွယ်ရင်လည်း တွယ်ချင်စရာပါ အန်တီ၊ အဲသလောက်ထိတောင် မမျှော်လင့်ထားဘဲနဲ့ တံခွန့်အပေါ် ဦးမင်းကင်းရဲ့ဆီးကြိုနွေးထွေးမှုက တကယ်ကို နှစ်နှစ်ကာကာ ဟက်ဟက်ပက်ပက်ရှိလွန်းတာပါ၊ ဘာမှ မမေးမစမ်း ဒေါ်နွယ်နွယ့်သား ဆိုတာနဲ့တင်ပဲ လက်ခံယုံကြည်လိုက်တာမျိုးပါ"





"အင်းလေ … မင်းကင်းက စိတ်သဘောထား ကောင်းတဲ့သူကိုး"

ဒါ့အပြင် နွယ်နွယ့်ဇာတ်ကြောင်းဖြစ်စဉ် အစအဆုံးကို အတိကျဆုံး အကုန်အစင် သိခဲ့သူဟာ မင်းကင်းပါ။ ဒါကြောင့်လည်း သူ ယုံယုံကြည်ကြည် နှစ်နှစ်ကာကာပဲ လက်ခံလိုက်တာပေါ့။

"မိနွယ် … နင့်ကို ငါ ခင်ပါတယ်ဟာ၊ ဒါပေမဲ့ ငါ့အမေအကြောင်း ငါအသိဆုံးပဲ မိနွယ်၊ နင် စိတ်တော့မကောင်းမဖြစ်နဲ့ပေါ့ဟာ၊ နင့်ကို ငါ့အမေက ချွေးမအဖြစ်လုံးဝလက်ခံမှာ မဟုတ်တာ ငါသိတယ်၊ ငါ နင့်ကိုဖျက်တာ မဟုတ်ဘူးနော်၊ သူငယ်ချင်းအရင်းမို့ မျက်နှာမပျက်ချင်လို့ သတိပေးတာပါဟာ"

"ငါ နင့်စိတ်သဘောထားကို သိပြီးသားပါ မင်းကင်းရယ်၊ ဒါပေမဲ့ ငါနောက်ဆုတ်ဖို့ မဆုံးဖြတ်နိုင်တော့ဘူးဟာ၊ အခု ငါက ငါ့ဘဝမှာ အချစ်ဆိုတာကို ပထမဆုံးအကြိမ် စတင်ခံစားဖူးတာပါ၊ နင့်လို ရည်းစားပလေဗွေထားဖူးတာလည်း မဟုတ်ဘူး။ ငါ့အတွက် ရှားရှားပါးပါး အဖိုးတန်အဦးအဖျား ခံစားချက်မပါဟာ၊ ငါ့ကို မဖျက်ပါနဲ့တော့နော်"

"နင် စိတ်ဒုက္ခခံစားရမှာ စိုးလို့ပါ မိနွယ်ရာ၊ ငါက နင့်ကိုခင်ပြီးသားပဲ၊ ငါမရှိးအဖြစ် ဝလက်ကမ်းမိပါ"

သူတို့နှစ်ယောက်ဟာ ကျောင်းမှာတတွဲတွဲ။ နှစ်ယောက်သား တိုင်တိုင်ပင်ပင် ပူးပူးကပ်ကပ်။ တကယ်တော့ မင်းကင်းက နွယ်နွယ်နှင့် မင်းဆက်အကြားက ကျေးစေတမာန်လေးလည်း ဖြစ်ခဲ့ရတာပါ။ တပူးတွဲတွဲရှိလှတဲ့ မင်းကင်းနှင့် နွယ်နွယ့်ကိုပင် ချစ်သူရည်းစား ထင်သူကထင်သည်။ ဒီတုန်းက တက္ကသိုလ်ကျောင်းသား ဖြစ်နေပြီဖြစ်သည့် မင်းဆက်က ကျောင်းနားတစ်ဝိုက် လာလေ့မရှိတော့ ဤဇာတ်လမ်းကို သိသူနည်းပါးခဲ့ပါသည်။

"တံခွန်ရယ်၊ စိတ်မကောင်း ဖြစ်မနေပါနဲ့၊ မနေ့က ဦးမင်းကင်းက မမတာဆီ ဖုန်းဆက်လာတယ်၊ ဘယ်လိုဖြစ်တာလဲ မေးတယ်လေ၊ မမတာက အခြေအနေကို ပြေပြေလည်လည် ပြောပြလိုက်ပါတယ်၊ တကယ်က ဒီအဲန်အေကို စစ်စရာမလိုဘူးလို့ ဦးမင်းကင်းက အပြတ်ပြောပြီးတာ အန်တီက မသိတာလေ၊ ပွင့်သစ်စက သိပြီးသားပဲဟာ၊ သိသိနဲ့တမင် အန်တီ့ကို လာစည်းရုံးတာပဲလေ ...

သူတို့နှစ်ယောက်အကြား ပြဿနာမရှိစေချင်လို့သာ အန်တီက အကြောင်းစုံ မရှင်းခိုင်းတာ၊ တို့ဘက်ကစေတနာ မေတ္တာပါပါတယ်ဟာ၊ ဦးမင်းကင်း ချက်ချင်းပဲ နားလည်သဘောပေါက်သွားမှာပါ၊ တစ်ခုခု ဖြစ်လာမှာပါကွယ်"





ဒေါ်နွယ်နွယ်ကတော့ သားဖြစ်သူ တံခွန့်ကို ကရုဏာသက်နေမိသည်။ မသိရသေးခင်ကကျတော့လည်း နေနိုင်ခဲ့တယ်ပေါ့။ ဖခင်သက်ရှိထင်ရှား ရှိနေသေးတယ်လို့ သိပြီးမှကျတော့လည်း သူ့ခမျာ တွေ့ချင်ရှာသည်မှာ မဆန်းပါ။

တကယ်တော့ နောက်ဆုံးမှာ ဘယ်သူမပြု မိမိမှုလို့သာ ကိုယ့်အပြစ်ပဲ ပုံချထားသည့် ဒေါ်နွယ်နွယ်မှာ သူ့ကြောင့်သာ သားလေးတံခွန် ခုလိုကြုံရရှာတာရယ်လို့ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်ချင်သလို ဖြစ်မိပါသည်။ ဒီလိုအဖြစ်မျိုးကြုံလာမိမယ်လို့လည်း ကြိုတင်မထင်ခဲ့မိဘူးပေါ့လေ။

မင်းကင်း ဆယ်တန်းမှာ ဂုဏ်ထူးနှစ်လုံးပါတဲ့အတွက် အောင်စာရင်းထွက်အပြီး တစ်ပတ်ဆယ်ရက်အကြာမှာ သူတို့ခြံထဲ ညစ်ပွဲလုပ်ပါသည်။ အဲဒီနေ့က မမျှော်လင့်ဘဲ ကျွန်ခဲ့ရတဲ့ အကုသိုလ်အဖြစ်အပျက်ပါပဲ။ မင်းကင်းရဲ့သူငယ်ချင်းတွေ အများစုကိုဖိတ်ခဲ့တဲ့ အဲဒီပွဲကို နွယ်နွယ်လည်း အဖိတ်ခံရကာ ရောက်ခဲ့ပါသည်။ နွယ်နွယ့်ကို ခြံဝင်းကြီးထဲက ချောင်ကျကျမှောင်လျှလျှ စားပွဲမှာ မင်းကင်းက နေရာချခဲ့တာပါ။

မင်းဆက်ကလည်း အဲဒီညက သူ့သူငယ်ချင်း တက္ကသိုလ်ကျောင်းသားတစ်စုနှင့် အိမ်ပေါ်ကလူကြီးတွေ မသိအောင် အရက်ခိုးသောက်နေခဲ့ကြတာ။ ဒီလိုကံကြမ္မာမျိုး ကြုံလာရမည် မထင်ပါ။ မမျှော်လင့်ဘဲ မင်းဆက် လက်ဆွဲခေါ်ရာ ခြံဝင်းကြီးရဲ့

ချောင်ကျသော အိမ်တန်းလျားလေးဆီ ချစ်သူမျက်နှာညှိုးမခံ အလိုလိုက်ကာ ပါလာရသော နွယ်နွယ်တစ်ယောက်ရဲ့ဘဝဟာ ရေတိမ်နစ်ခဲ့ရသည်ဆိုရင်တောင် ကိုယ့်အမှားမကင်း ကြည်ကြည် ဖြူဖြူနဲ့ ရေတိမ်ထဲ ဆင်းခဲ့တာပါ။

"ဘဲလ်သံကြားတယ်၊ ဧည့်သည်ထင်တယ်"

"အန်တီ ... နေ ... နေ ... အတာဖွင့်လိုက်မယ်"

တံခါးထဖွင့်တဲ့ အတာသည် တံခါးပြင်ဘက်မှာ အဦးဆုံးမြင်ရတဲ့ ပွင့်သစ်စကိုမြင်လျှင် မျက်နှာလေးတစ်ချက် တင်းသွားပါသည်။ ပွင့်သစ်စက မျက်နှာလေးပျက်ပျက်နှင့် ...

"မမတာ ... တံခါးမြန်မြန်ဖွင့်ပေးပါ၊ ကျွန်မက အစ်မကြီးကို တောင်းပန်ချင်လို့ အရင်တက်ကြည့်နှင့်မယ်ဆိုပြီး ရှေ့ကတက်လာတာ၊ နောက်မှာ ကိုကိုရော အစ်ကိုကြီး ဦးမင်းဆက်ရော ပါလာတယ်၊ မီးလေးကလည်း တံခွန့် အဖေကို ကိုကိုမှတ်လို့ ခုလိုဖြစ်နေမိတာပါ မမတာရယ်၊ ဦးမင်းဆက်မှန်း မသိလို့ပါ၊ ဖွင့်ပါ မမကြီးကို တောင်းပန် မလို့"

"ဟင်"

အတာသည် ကြားရသမျှကို ပါးစပ်အဟောင်းသား အံ့အားသင့်နေရင်းက လက်တွေက မသိလိုက်မသိဘာသာ ခပ် သွက်သွက်ပဲ တံခါးဖွင့်ပေးလိုက်မိပါတော့သည်။





"မမနွယ် ... မမနွယ်"

ပွင့်သစ်စသည် ဒေါ်နွယ်နွယ့်ထံ အပြေးရောက်ကာ လက်ဖျားနှစ်ဖက်လုံးကို ဆွဲယူဆုပ်ကိုင်ရင်း ...

"မမကြီးနွယ်နွယ် ... မီးလေး ... အဲ ... ကျွန်မကိုခွင့်လွှတ် ပါနော်၊ ဟိုနေ့ကစကားတွေက ကျွန်မသဘောထားပါ၊ အစ်ကိုကြီးတို့ ကိုကိုတို့ သဘောထား မပါပါဘူး၊ တံခွန့် ဖေဖေက အစ်ကိုကြီးဦးမင်းဆက် ဆိုတာလည်း ဒီမနက် လေဆိပ်မှာကြိုပြီး ပြန်လာမှ ကားပေါ်မှာသိရတာပါ၊ ကျွန်မက ဦးမင်းကင်းလို့ တစ်ချိန်လုံး ထင်နေတာပါ၊ သိရကတည်းက အစ်မကြီးဆီ အပြေးလာတောင်းပန်ဖို့ ကြံနေတာ ...

အစ်ကိုကြီးက အိမ်ရောက်တာနဲ့ အကြောင်းစုံသိပြီး တာနဲ့ သူ့ ခွင့်ရက်လည်း သိပ်မရတော့ နှစ်ရက်သုံးရက်နဲ့ ပြန်ရမှာ ချက်ချင်းပဲ သူကိုယ်တိုင် လိုက်တွေ့မယ်ဆိုတာနဲ့ တစ်ခါတည်း ပါလာခဲ့ရပါတယ်၊ ဟိုတစ်နေ့ကစကားမျိုး တွေ အစ်ကိုကြီးရော ကိုကိုရော မပြောခဲ့ပါဘူး၊ ကိုကိုက လည်း ငြင်းပစ်ခဲ့တာပါ၊ ကျွန်မသာ ကိုယ့်ခံစားချက်နဲ့ ကိုယ် ကိုယ်လက်ထပ်မယ့်သူရဲ့သားဆိုတာ မဟုတ်မှန်စေ လိုတဲ့ဆန္ဒနဲ့ မချော်လင့်ဘဲ အမှားအယွင်းများ ပေါ်လာမ လားလို့ တွေးမိတွေးရာတွေ လုပ်မိတာပါ မမကြီးရယ်"

ဒေါ်နွယ်နွယ်က သက်ပြင်းရှိုက်ကာ ...

"ကဲ ... ကဲ ... ကဲ ... အစ်မလည်း နားလည်ပါပြီ၊ ဒီလို ဖြစ်တတ်တဲ့သဘောတွေ ရှိတာလည်း နားလည်ပါတယ်၊ ဒါကြောင့် တံခွန့်ကိုသာ ပြန်ခေါ်လိုက်တယ်၊ မင်းကင်းကို တောင် ဘာကြောင့်ဆိုတာ မပြောခဲ့ပါဘူး"

"ကျေးဇူးတင်ပါတယ် မမရယ်၊ နောက်မှာလေ ကိုကိုရော အစ်ကိုကြီးရော ပါလာပါတယ်"

တံခွန်ရော အတာပါ ပါးစပ်လေးတွေ အဟောင်းသား အံ့အားတသင့် ရင်ခုန်တုန်လှုပ်မိကြလျက်သား။ လှေကားက ခပ်ဖြည်းဖြည်းတက်လာတဲ့ ခြေသံများတွင် အသက်ပြင်းပြင်း မရှူရဲအောင် အငိုက်မိငြိမ်သက်ကာ တံခါးဝမှာပေါ်လာမည့် လူရိပ်ကိုသာ မျှော်လင့်ဇောနှင့် ငေးကြည့်နေမိကြလေတော့သည်။

လမင်းမိုမို